**ယောဟန် ၁း၂၉-၃၄**
မိက္ခာ ၅း၂-၅ *“မနေ့၊ ယနေ့၊ နောင်ကာလအစဉ်အမြဲ . . . ”*

# ထာဝရခရစ်တော်

(ယခုလနေ့စဉ်ခွန်အားသည် Dan Ebert III ရေးသားသော “သားတော်ဘုရား” အကြောင်း ဖြစ်ပါသည်)။

ခရစ်တော်သည် လူ့ဇာတိမခံမီကတည်းက တည်းရှိတော်မူခဲ့ကြောင်း သမ္မာကျမ်းစာတစ်ခု လုံး၌ ရှင်းလင်းစွာဖော်ပြထားပါသည်။ ထို့ပြင် သမ္မာကျမ်းစာဖော်ပြချက်ဖြစ်သော အတိတ်ထာဝရ မှ ခရစ်တော်တည်ရှိခြင်းအကြောင်းသည် ခရစ်တော်၏သခင်ဘုရားဖြစ်ခြင်းက သက်သေတစ်ခုဖြစ်ပါ သည်။

ခရစ်တော်၏ထာဝရတည်ရှိမှုအကြောင်းနှင့်ပတ်သတ်၍ ဓမ္မဟောင်းထဲ၌အရှင်းလင်းဆုံး ဖော်ပြချက်ကို မိက္ခာအနာဂတ္တိကျမ်းတွင် တွေ့ရ၏ (မိက္ခာ ၅း၂)။ ဤကျမ်းပိုဒ်တွင် ခရစ်တော်သည် ယုဒပြည်ဗက်လင်၌ မွေးဖွားခြင်းခံရမည်ဟူသော ပရောဖက်ပြုချက်အပြင် ခရစ်တော်သည် အတိတ် ထာဝရမှတည်ရှိတော်မူသောသူဖြစ်ကြောင်း တိကျစွာဖော်ပြထားပါသည်။ သမ္မာကျမ်းစာက သူသည် ရှေးကပ်ကမ္ဘာမှစ၍ ပေါ်ထွန်းသောသခင်ဖြစ်သည်ဟု ဆိုခဲ့၏။ ကျွန်တော်တို့၌လူ့ဘဝစတင်သော အချိန်ရှိခဲ့သောကြောင့် ထာဝရအကြောင်းကို တွေးတောစဉ်းစားသောအခါ အနာဂတ်နှင့်သာ သက်ဆိုင်၍ တွေးတောထင်မှတ်ကြ၏။ သို့သော်လည်း ဘုရားသခင်နှင့်ဆိုင်လျှင် သူသည် ထာဝရ တည်ရှိသည်ဖြစ်သောကြောင့် အစမရှိအဆုံးမရှိ ဖြစ်တော်မူသောကြောင့် ထာဝရသည် အတိတ်နှင့် သော်၎င်း၊ အနာဂတ်နှင့်သော်၎င်း သက်ဆိုင်၏။

ခရစ်တော်၏ထာဝရဖြစ်တည်မှုအကြောင်းကို ယနေ့ကျွန်တော်တို့အနည်းအကျဉ်းသိလာ ကြ၏။ ဤအပြစ်သင့်သော ကမ္ဘာလောကကို ကယ်တင်ခြင်းငှါ မိမိကိုနိဗ္ဗာန်ဝပ်တော်မူရာ ကောင်းကင် ဘုန်းစည်းစိမ်ကို ထားခဲ့ပြီး ဤလောကသို့ ဆင်းကြွလာတော်မူခြင်း၌ ကိုယ်တော်၏ချစ်ခြင်းမေတ္တာ တော်ကို မြင်တွေ့ရပါသည် (၁ ပေ ၂း၂၄)။ သေးငယ်သောကျွန်ုပ်တို့၏ ဦးနှောက်ဖြင့် ထာဝရအတိတ် နှင့် ထာဝရအနာဂတ်အကြောင်းကို သဘောပေါက်နားမလည်နိုင်သကဲ့သို့ ထိုချစ်ခြင်းမေတ္တာတော် ကို အလုံးစုံနားလည်သဘောမပေါက်နိုင်ပါ။ သို့သော်လည်း အနည်းငယ်သိရှိမှုဖြင့် ကျွန်ုပ်တို့အတွက် ဘုရားသခင်ပြုတော်မူသောအရာကို ကျွန်တော်တို့လေးစားအသိအမှတ်ပြုရပါမည်။

ဤကယ်တင်ခြင်းချစ်ခြင်းမေတ္တာအကြောင်းကို ကျွန်တော်တို့ဘုရားသခင့်သားသမီးတို့က မဟောပြောလျှင်၊ နှုတ်ကပတ်တရားကို နာခံလိုက်လျှောက်ခြင်းမပြုလျှင်၊ ပျောက်ဆုံးဝိညာဉ်တို့က ဘယ်လိုမှသိရကြမည်မဟုတ်ပါ။ သမ္မာကျမ်းစာက ကျွန်ုပ်တို့အား ကြားနာသူသာမဟုတ်ဘဲ တကယ် လိုက်လျှောက်သောသူဖြစ်ခြင်းငှါ တိုက်တွန်းထားပါသည်။ ဘုရားသခင်၏ကောင်းကြီးမင်္ဂလာတို့ကို သိရှိခံစားကြမည်အကြောင်း ကျွန်တော်တို့သည် ဘုရားသခင်၏သန့်ရှင်းသောနှုတ်ကပတ်တော်ကို နာခံလိုက်လျှောက်အသက်ရှင်ကြရပါမည် (ယာကုပ် ၁း၂၂-၂၅)။

**ဆင်ခြင်ရန်** - ခရစ်တော်၏ထာဝရဖြစ်တည်မှုကို အဘယ်အရာက သက်သေခံပါသနည်း။
**ဆုတောင်းချက်**- အဘဘုရား၊ ကျွန်တော်တို့သည် ကိုယ်တော်၏မြတ်သောချစ်ခြင်းမေတ္တာကို ခံ ရသောကြောင့် ကျေးဇူးတင်ပါ၏။

သောကြာ၊ အောက်တိုဘာ (၂)

**ယောဟန် ၆း၃၂-၃၈**

ဟေဗြဲ ၁း၁-၄

*“ယေရှုသည် . . . မပြောင်းမလဲနေတော်မူ၏”*

## ဓမ္မသစ်ကျမ်း၌တွေ့ရသော ထာဝရခရစ်တော်

ခရစ်တော်၏ထာဝရတည်ရှိခြင်းအကြောင်းကို ဆက်လက်ဆင်ခြင်နှုလုံးသွင်းကြပါစို့။ ဓမ္မဟောင်းထက် ဓမ္မသစ်ကျမ်းက ယုံကြည်ချက်သွန်သင်ခြင်းတို့ကို ပို၍ရှင်းလင်းစွာဖော်ပြလေ့ရှိ၏။ ထာဝရအတိတ်မှ ခရစ်တော်တည်ရှိခြင်းအကြောင်း၌လည်း ထိုသို့ပင်ဖြစ်ပါသည်။ ဓမ္မသစ်ကျမ်း၌ ပို၍ရှင်းလင်းစွာ ခရစ်တော်ဘုရားဖြစ်ခြင်းအကြောင်းကို ထိုအချက်က ပို၍ပေါ်လွင်စေပါသည်။

ဗတ္တိဇံဆရာယောဟန်သည် ခရစ်တော်ကြွလာခြင်းအတွက် ကြိုတင်၍ရှေ့ပြေးအဖြစ် ဘုရားသခင်စေလွှတ်သောသူဖြစ်ပါသည်။ ခရစ်တော်သည် မိမိနောက်မှသာ ဤလောကသို့ပေါ်ထွန်းခဲ့သော်လည်း ခရစ်တော်သည် မိမိအရင်တည်ရှိတော်မူကြောင်း ဖော်ပြခဲ့ပါသည်။ ယောဟန်က သခင်ခရစ်တော်၏ထာဝရအတိတ်မှ တည်ရှိခြင်းအကြောင်းကို ဆိုလိုရည်ညွှန်းခြင်းဖြစ်ပါသည် (ယောဟန် ၁း၃၀)။

ယေရှုကိုယ်တိုင်ကလည်း မိမိ၏ထာဝရတည်ရှိခြင်းအကြောင်းကို ဖော်ပြခဲ့ပါသည်။ လူငါးထောင်ကိုကျွေးမွေးပြီးမှ ကပေနောင်မြို့သို့ လိုက်လာကြသောလူထုကို ယေရှုက ထိုတရားဟောပြောခဲ့ပါသည်။ ဤလူစုသည် သခင်ယေရှု ဤလောက၌အမှုတော်ဆောင်စဉ် အများဆုံးသောလူစုလူဝေးဖြစ်မည်ဟုထင်ရပါသည်။ မိမိသည် “အသက်မုန့်”ဖြစ်သည်ဟု သင်ကြားဟောပြောစဉ် ယေရှုက အတိတ်ထာဝရမှ ဘုရားသခင်နှင့်အတူ တည်ရှိခဲ့ကြောင်း ကြွေကြာခဲ့ပါသည်။ ထိုအချိန်တိုတိုဟောပြောစဉ်အတွင်း၌ မိမိသည် ကောင်းကင်မှကြွလာတော်မူသောသူဖြစ်ကြောင်း လေးကြိမ်တိုင်တိုင် ဖော်ပြခဲ့ပါသည်။ ထို့ကြောင့် ယေရှုသည် လူ့ဇာတိခံ လာသောသခင်ဘုရားဖြစ်သည်ဟူသောအချက်ကို မယုံကြည်သောယုဒလူတို့သည် အချင်းချင်းပြဿနာတတ်ကြ၏။ သူတို့က ယေရှုအား ယောသပ်၏သားဟုသာလက်ခံကြ၏။ ယေရှုက မိမိသည်ခမည်းတော်ဘုရားစေလွှတ်တော်မူသောသူဖြစ်ကြောင်းကို သုံးကြိမ်တိုင်တိုင်ဖော်ပြခဲ့ပါသည်။ ခမည်းတော်ဘုရားကို အဘယ်သူမျှမမြင်ဖူးကြောင်း သင်ကြားရင်း မိမိသည် အတိတ်ထာဝရမှခမည်းတော်နှင့်အတူ တည်ရှိကြောင်းကို ဖော်ပြခဲ့ပါသည် (ယောဟန် ၆း၃၂-၃၈၊ ၄၁-၅၀)။ ဤအချက်အားဖြင့် ယေရှုခရစ်တော်သည် မိမိ၏ဘုရားဖြစ်ခြင်းနှင့် အတိတ်ထာဝရမှတည်ရှိသောသူဖြစ်ကြောင်းကို ခိုင်မာစေခဲ့ပါသည်။

အခက်အခဲအားငယ်မှုကြုံတွေ့ရသောအချိန်၌ ဤတရားကကျွန်ုပ်တို့ကို ခွန်အားပေးပါစေသော်။ အဘယ်အခက်အခဲနှင့်ကြုံရကြုံရ ကျွန်တော်တို့သည် ကိုယ်တော်၏စကားကို နာခံလျက် အသက်ရှင်ရမည်အကြောင်း ခွန်အားပေးတော်မူသော ထာဝရဘုရား၏အစေခံကျွန်များ ဖြစ်ကြကြောင်းကို အစဉ်သတိပြုကြပါစို့။

**ဆင်ခြင်ရန်** - ကျွန်ုပ်တို့၏ ကယ်တင်ခြင်းအမှု၌ ခရစ်တော်၏ထာဝရတည်ရှိခြင်းတရားက အဘယ်အကျိုးကို ဖြစ်စေပါသနည်း။

**ဆုတောင်းချက်**- အဘဘုရား၊ ကိုယ်တော်သည် ကျွန်ုပ်တို့ကို ထိန်းကျောင်းတော်မူသော ထာဝရတည်တော်မူသော ဘုရားဖြစ်တော်မူ၏။

စနေ၊ အောက်တိုဘာ (၃)

**ယောဟန် ၁း၁-၅**

ကောလော ၁း၁၅-၂၀

*“အရာခပ်သိမ်းပြောင်းလဲနေသော်လည်း. . . ”*

## ခရစ်တော်၏အတိတ်ထာဝရဖြစ်တည်မှု

အတိတ်ထာဝရမှ သခင်ယေရှုခရစ်တော်တည်ရှိခြင်းအကြောင်းကို ကျွန်တော်တို့ဆင်ခြင်လေ့လာခဲ့ပြီးဖြစ်ပါသည်။ ဤသြဝါဒတရားကို ရှင်ယောဟန်ကလည်း ဖော်ပြခဲ့ပါသည်။ သူရေးသားသော ခရစ်ဝင်ကျမ်းအစ၌ ဤအကြောင်းဖြင့် အစဖွင့်ခဲ့ပါသည် (ယောဟန် ၁း၁-၃၀)။ ထို့ပြင် ရှင်ယောဟန်သြဝါဒစာပထမစောင်ထဲတွင်လည်း ခရစ်တော်၏ထာဝရတည်ရှိခြင်းအကြောင်းကို ဖော်ပြခဲ့ပါသည် (၁ ယော ၁း၁၊ ၂း၁၃)။

သမ္မာကျမ်းစာက ခရစ်တော်လူ့ဇာတိမခံမီ တည်ရှိခဲ့ခြင်းအကြောင်းသာမက အတိတ်ထာဝရမှ ခရစ်တော်ပြုသောအမှုနှင့် ဖြစ်တည်မှုကို သွန်သင်ဖော်ပြထားပါသည်။ တမန်တော်ပေါလုကလည်း အတိတ်ထာဝရမှ ခရစ်တော်တည်ရှိခြင်းအကြောင်းကို သွန်သင်ခဲ့ပါသည်။ ခရစ်တော်သည် ဖန်ဆင်းထားသောအရာအားလုံးအထက်၌ တည်ရှိတော်မူကြောင်း ဖော်ပြလျက် ခပ်သိမ်းသောအရာတို့သည် “ထိုသခင်အားဖြင့်၎င်း၊ ထိုသခင်အဖို့အလို့ငှါ၎င်း” ဖန်ဆင်းလျက် ဖြစ်ကြကြောင်း၊ ခပ်သိမ်းသောအရာတို့သည် တန်ခိုးတော်အားဖြင့်သာ တည်ကြကြောင်း ဖော်ပြခဲ့ပါသည် (ကောလော ၁း၁၅-၁၇)။

ယေရှုခရစ်တော်၌ခမည်းတော်ဘုရား၏ ဆက်နွယ်မှုကို ရှင်ယောဟန် အခန်းကြီး ၁ ထဲတွင် ဖော်ပြထားပါသည်။ “နှုတ်ကပတ်တော်” ဆိုသည်မှာ ခရစ်တော်ကို ရည်ညွှန်းခြင်းဖြစ်ကြောင်း ကျမ်းပိုဒ်အားဖြင့် ကျွန်တော်တို့သိရပါသည်။ ထိုနှုတ်ကပတ်တော်ကို အလင်းဟုခေါ်ခဲ့ပြီး ထိုနှုတ်ကပတ်တော်သည် လူ့ဇာတိကိုခံ၍ လူတို့တွင်တည်နေတော်မူကြောင်း ဖော်ပြခဲ့ပါသည် (ယောဟန် ၁း၁၊ ၄၊ ၁၄)။ ထို့နောက် ယောဟန်က “ထိုသခင်၏အကြောင်းကို သက်သေခံ၍ ကြွေးကြော်သည်” (ယောဟန် ၁း၁၅)ဟု ဆိုခဲ့ပါသည်။ ထို့ကြောင့် ခရစ်တော်သည် အစအဦး၌တည်ရှိတော်မူ၏။ သားတော်သည် အရာခပ်သိမ်းဖန်ဆင်းရှင်ဖြစ်သည်သာမက ဖန်ဆင်းထားသောအရာအားလုံးကို မိမိတန်ခိုးတော်အားဖြင့် ထိန်းသိမ်းစောင့်ရှောက်တော်မူလျက်ရှိကြောင်း ထင်ရှားလှပါသည် (ကောလော ၁း၁၇၊ နှိုင်း ဟေဗြဲ ၁း၁-၃)။

ခရစ်တော်၏ထာဝရတည်ရှိခြင်းအကြောင်းနှင့် ဘုရားဖြစ်ခြင်းအကြောင်းသည် အလွန်တိုက်ခိုက်ခြင်းခံရသည်ဖြစ်သောကြောင့် ဤသြဝါဒတရားတို့သည် သမ္မာကျမ်းစာ၏သွန်သင်ချက်ဖြစ်ကြောင်း ကျွန်တော်တို့ပြန်၍ နှလုံးသွင်းအမှတ်ရကြပါစို့။ သမ္မာကျမ်းစာ၏သွန်သင်ချက်တို့ကို ကောင်းမွန်စွာနားလည်မှသာ ကျွန်ုပ်တို့၏ယုံကြည်မှုသည် ခိုင်မာမြဲမြံခြင်းရှိမည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - သမ္မာကျမ်းစာသွန်သင်မှုတို့ကို ကျွန်တော်မည်သို့ရှင်းလင်းစွာ သိရှိနားလည်နိုင်မည်နည်း။

**ဆုတောင်းချက်**- အဘဘုရား၊ စကြဝဠာတစ်ခုလုံးကို ကိုင်တွယ်ထိန်းချုပ်တော်မူသော ကိုယ်တော်၏ တန်ခိုးတော်ဖြင့် ယုံကြည်သူတို့ကို ကွယ်ကာတော်မူသောကြောင့် ကျေးဇူးတင်ပါ၏။

တနင်္ဂနွေ၊ အောက်တိုဘာ (၄)
**ထွက် ၃း၁-၆**
ဖိလိ ၂း၆-၁၁

*"ယေရှုသည် အစဉ်ပြောင်းလဲခြင်းရှိတော်မမူ"*

---

## ဘုရားသခင်ခန္ဓာကိုယ်အားဖြင့် ပေါ်လွင်ဖော်ပြခြင်း

ကျွန်ုပ်တို့၏သခင်ဘုရားအကြောင်းကို ပို၍သိလျက် ကိုယ်တော်နှင့်အတူ ပို၍ရင်းနှီးစွာ လျှောက်လှမ်းနိုင်ခြင်းငှါ သမ္မာကျမ်းစာမှ သခင်ဘုရားအကြောင်း ဖော်ပြချက်တို့ကို ကျွန်တော်တို့ ဆက်လက်ကြိုးစားလေ့လာကြပါစို့။

ခရစ်တော်သည် ထာဝရဘုရားဖြစ်တော်မူသောကြောင့် အစအဦးကတည်းမှ တည်ရှိခဲ့ခြင်း အကြောင်းကို ကျွန်တော်တို့လေ့လာခဲ့ပါပြီ။ ဤအကြောင်းကို ဓမ္မဟောင်းထဲ၌ ဘုရားသခင်ခန္ဓာကိုယ် အားဖြင့် ကိုယ်ကိုပြခြင်း၌တွေ့ရပါသည်။ ဘုရားသခင်ကိုယ်ကိုပြခြင်းကို "theophany" ဟုခေါ်တွင်ကြ၏။ ထိုနည်းတူ ခရစ်တော်ကိုယ်ကိုပြခြင်းကို "christophany" ဟုခေါ်ကြပါသည်။ ဓမ္မဟောင်း ထဲ၌ ဘုရားသခင်၏ကောင်းကင်တမန် ကိုယ်ကိုပြခြင်းသည် ခရစ်တော်ကို ထင်ပြခြင်းဖြစ်ကြောင်း ယုံကြည်ခြင်းငှါ သက်သေများစွာရှိပါသည်။ ထိုဘုရားသခင်၏ကောင်းကင်တမန်သည် ဘုရားသခင် ဖြစ်တော်မူ၏။ ဤအချက်ကို ဟာဂရ သိခဲ့ပါသည် (ကမ္ဘာ ၂၂း၁၁-၁၂)။ အံ့ဘွယ်လောင်သော ချုံပုတ်အားဖြင့် မောရှေထံ ဘုရားသခင်၏ကောင်းကင်တမန်ပေါ်ထွန်းခြင်း၌လည်း ဤတရားကို တွေ့ရ၏ (ထွက် ၃း၂-၄)။

ဘုရားသခင်၏ကောင်းကင်တမန်သည် ထာဝရဘုရားဖြစ်တော်မူ၏ဟူသောအချက်နှင့် နောက်ဖော်ပြမည့်အချက်နှစ်ချက်တို့ကြောင့် ထိုဘုရားသခင်၏ကောင်းကင်တမန်သည် ခရစ်တော် အမှန် ကိုယ်ထင်ပြခဲ့ခြင်းဖြစ်ကြောင်း သေချာလှပါသည်။ ဘုရားသခင်၏ကောင်းကင်တမန်သည် ဘုရားသခင် ကိုယ်ထင်ပြတော်မူခြင်းဖြစ်ပါသည်။ သခင်ယေရှုသည် ဓမ္မသစ်ထဲ၌တွေ့ရသော မြင်နိုင်သောဘုရားသခင်၏ သဏ္ဌာန်တော်ဖြစ်ပြီး အဘယ်သူမျှ ဘုရားကိုမမြင်ဖူး၊ မိမိကို မြင်သောသူ သည် ဘုရားသခင်ကိုမြင်ကြသည်ဟု မိန့်တော်မူခဲ့ပါသည် (ယောဟန် ၁း၁၈)။ ခရစ်တော်သည် လူတို့အား ဘုရားသခင်ကို ဖူးမြော်မြင်တွေ့ကြခြင်းငှါ ဤလောကသို့ လူ့ဇာတိခံကြွလာတော်မူပြီ ဖြစ်သောကြောင့် ဘုရားသခင်၏ကောင်းကင်တမန် ကိုယ်ထင်ပြခြင်းကို ကျွန်တော်တို့မမြင်တွေ့ရ တော့ပါ။

ဘုရားသခင်၏ကောင်းကင်တမန်အနေဖြင့် ခရစ်တော်ကိုယ်ထင်ပြခြင်းတရားက အစအဦး ကပင်တည်ရှိတော်မူသော ဘုရားဖြစ်ကြောင်းကို သက်သေပြလျက်ရှိပါ၏။ ရှေးအခါ၌ လိုအပ်သော အချိန်တွင် ဘုရားသခင်၏လူတို့ထံ ဘုရားသခင်၏ကောင်းကင်တမန် ကိုယ်ထင်ပြသကဲ့သို့ ယနေ့၌ လည်း ကိုယ်တော်၏အလိုအတိုင်း နာခံလိုက်လျှောက်သောကျွန်ုပ်တို့ထံသို့ ကယ်တင်ရှင်သည် လိုအပ် သော အရာကို ချပေးသနားတော်မူ၏။ ဤဩဝါဒတရားအားဖြင့် ခွန်အားယူကြပါစို့။

**ဆင်ခြင်ရန်** - ဤမှန်ကန်သောဘုရားသခင်၏ ကောင်းကင်တမန်အကြောင်းက ကျွန်ုပ်တို့ကို အဘယ်အမှုသင်ပေးပါသနည်း။

**ဆုတောင်းချက်**- အဘဘုရား၊ သားသမီးတို့၏လိုအပ်ချက်ကို ဖြည့်ဆည်းပေးတော်မူသောကြောင့် ကိုယ်တော့်ကိုကျေးဇူးတင်ပါ၏။

တနင်္လာ၊ အောက်တိုဘာ (၅)

**၁ ပေ ၁း၃-၁၂**

တမန် ၃း၂၄-၂၆

*"တကိုယ်လုံး၌ချစ်ဘွယ်သော ဂုဏ်တော်အပေါင်းတို့နှင့် ပြည့်စုံတော်မူ၏"*

## ပရောဖက်တို့က ခရစ်တော်အကြောင်းကိုဟောခဲ့ကြ၏

သားတော်ဘုရားအကြောင်း စတင်လေ့လာစဉ် ကိုယ်တော်၏ထာဝရတည်ရှိခြင်း အကြောင်း ကို ကျွန်တော်တို့လေ့လာခဲ့ပါသည်။ သူသည် သခင်ဘုရားဖြစ်တော်မူ၍ အတိတ်ထာဝရမှ တည်ရှိ တော်မူသောကြောင့် သားတော်သည် ခမည်းတော်နှင့်အတူ ကောင်းကင်ဘုံ၌ ရှိတော်မူခဲ့ပါသည်။ ယခုအခါ လူသားတို့ကို ရွေးနှုတ်ကယ်တင်ခြင်းငှါ ဤလောကသို့သားတော် ဘုရားကြွလာတော်မူခြင်း အကြောင်း ဓမ္မဟောင်းပရောဖက်တို့၏ ဟောပြောချက်တို့ကို ဆက်လက်လေ့လာကြပါစို့။ ဤပရော ဖက်ပြုချက်မှန်ကန်မှုတို့က သမ္မာကျမ်းစာသည် သခင်ဘုရား၏ နှုတ်ကပတ်တော်ဖြစ်ကြောင်း ထင်ရှား စေပါသည်။

ပရောဖက်တို့က မေရှိယကြွလာတော်မူမည့်အကြောင်း သန့်ရှင်းသောဝိညာဉ်တော်၏ မိမိတို့ထံဖော်ပြချက်ကို အကုန်အစင်နားလည်သဘောပေါက်ခြင်းမရှိခဲ့ကြပါ။ ခရစ်တော်၏ပထမ အကြိမ် ကြွလာတော်မူခြင်းနှင့် ဒုတိယအကြိမ်ကြွလာတော်မူမည့်အကြောင်းကို အတူတကွ ဖော်ပြ လေ့ရှိပါသည်။ ယခုအချိန်တွင် ကျွန်တော်တို့သည် ထိုဓမ္မဟောင်းပရောဖက်ပြုချက်တို့ကို လေ့လာ သောအခါ ရှင်းလင်းစွာသိခဲ့ရပါသည်။ ထိုသို့သန့်ရှင်းသောဝိညာဉ်တော်ဖော်ပြသော အချက်တို့ကို ပြည့်စုံစွာနားမလည်ခဲ့ကြသော်လည်း ပရောဖက်တို့သည် ကယ်တင်ရှင်ကြွလာတော်မူမည်ကို လုံးဝ ယုံကြည်ခဲ့ကြ၏။ ထို့ကြောင့် ထိုတရားကို သမ္မာကျမ်းစာကြိုးစားလေ့လာခြင်းဖြင့် ရှာဖွေခဲ့ကြ၏ (၁ ပေ ၁း၁၀-၁၁)။

ဤလောက၌အမှုတော်ဆောင်ရွက်စဉ် ယေရှုခရစ်က မေရှိယအကြောင်း ပရောဖက်တို့၏ ဟောပြောချက်အပေါင်း မိမိပြည့်စုံစေကြောင်းကို ကြေငြာခဲ့ပါသည်။ ဓမ္မဟောင်းထဲမှ ပရောဖက်ပြု ချက်တို့သည် မိမိအားရည်ညွှန်းကြောင်းဖော်ပြခဲ့ပါသည် (လုကာ ၂၄း၄၄)။

တမန်တော်ပေတရုက ဤလောက၏အပြစ်များကို ယူဆောင်ခြင်းငှါ ခရစ်တော်ကြွလာမည့် အကြောင်း ပရောဖက်အပေါင်းတို့က ဟောပြောကြောင်းကို နှစ်ကြိမ်တိုင်တိုင်ဆိုခဲ့ပါသည်။ ဓမ္မဟောင်း ပရောဖက်ပြုချက်၏အဓိကအကြောင်းသည် ခရစ်တော်ကြွလာတော်မူမည့် အကြောင်း ဖြစ်သည်မှာ ထင်ရှားလှပါသည် (တမန် ၃း၂၄-၂၆၊ ၁၀း၄၃)။

သမ္မာကျမ်းစာပရောဖက်ပြုချက်တို့ကို သခင်ဘုရားပြည့်စုံစေခြင်းအကြောင်းက ဘုရား သခင်၏လူဖြစ်သော ကျွန်ုပ်တို့အားခွန်အားကို ဖြစ်စေပါသည်။ သမ္မာကျမ်းစာကို အချိန်ယူလျက် သေချာလေ့လာခြင်း၏အကျိုးကိုလည်း သိစေခဲ့ပါသည်။ သမ္မာကျမ်းစာသည် ကျွန်ုပ်တို့ဘုရား သခင်၏အကြောင်းကိုသိ၍ ကျွန်တော်တို့သည် ယုံကြည်ခြင်း၌ကြီးထွားမည်အကြောင်း ရေးသား ခြင်းဖြစ်ပါသည်။

**ဆင်ခြင်ရန်** - သမ္မာကျမ်းစာပရောဖက်ပြုချက်မှန်ကန်မှုအကြောင်းက အကျွန်ုပ်ကို ဘယ်အရာ သွန်သင်ပေးပါသနည်း။

**ဆုတောင်းချက်**- အဘဘုရား၊ ကိုယ်တော်၏ထာဝရအကြံအစည်တော်၌ ကျွန်ုပ်ကိုပါဝင်ပတ်သတ် စေတော်မူသောကြောင့် ကျေးဇူးတင်ပါ၏။။

အင်္ဂါ၊ အောက်တိုဘာ (၆)

**တမန် ၁၃း၂၆-၃၃**

ကမ္ဘာ ၁၂း၁-၄ *"သူသည် ငါချစ်ရာသခင်ဖြစ်တော်မူ၏"*

## အံ့ဖွယ်ဖွားမြင်တော်မူခြင်း

ဓမ္မဟောင်းပရောဖက်ပြုချက်၏ အဓိကအကြောင်းမှာ ကယ်တင်ရှင်ကြွလာတော်မူခြင်းပေတည်း။ ခရစ်တော်အကြောင်း ပရောဖက်ပြုချက်အပေါင်း၏ တိကျသေချာပြည့်စုံခြင်းအကြောင်းကို အသေးစိတ်ဖော်ပြမည်ဆိုလျှင် စာအုပ်တစ်အုပ်စာလိုပါလိမ့်မည်။ ထို့ကြောင့် ထိုပရောဖက်ပြုချက်တို့မှ အချို့အနည်းငယ်သာ ကျွန်တော်တို့လေ့လာကြပါစို့။

ကယ်တင်ရှင်အကြောင်း ဂတိတော်ကို အာဗြဟံထံပေးတော်မူခဲ့၏။ ကယ်တင်ရှင်သည် အာဗြဟံမျိုးဆက်မှကြွလာ၍ ထိုသခင်အားဖြင့် ဤလောကလူအပေါင်းကောင်းကြီးခံစားကြရမည်ဟု ဖော်ပြခဲ့ပါသည် (ကမ္ဘာ ၁၂း၃)။ ထိုအချိန်မှစ၍ဟေဗြဲလူမျိုးတို့သည် ထိုကယ်တင်ရှင်ကို စောင့်မျှော်ခဲ့ကြ၏။ နှစ်ကြာလာသည်နှင့်အမျှ ထိုကယ်တင်ရှင်အကြောင်းကို ဘုရားသခင်ကပို၍ ဖော်ပြခဲ့ပါသည်။ ဤသို့ဖြင့် အာဗြဟံထံပေးခဲ့သောဂတိတော်ကို ပြည့်စုံစေခြင်းငှါ ခရစ်တော်သည် စေလွှတ်ခြင်းခံခဲ့ကြောင်း ဓမ္မသစ်၌သေချာဖော်ပြခဲ့ပါသည် (တမန် ၁၃း၂၃)။

ဓမ္မဟောင်းပရောဖက်တို့က ကယ်တင်ရှင်သည် သာမန်လူသားဖြစ်မည်မဟုတ်ကြောင်း သိခဲ့ကြပါသည်။ ဟေရှာယက ခရစ်တော်သည် အပျိုကညာမှမွေးဖွားမည့်အကြောင်း ပရောဖက်ပြုခဲ့၏ (ဟေရှာ ၇း၁၄)။ ဤပရောဖက်ပြုချက်ပြည့်စုံခြင်းကို ခရစ်ဝင်ကျမ်း၌ဖော်ပြခဲ့ပါသည် (မဿဲ ၁း၂၀-၂၃)။ ပရောဖက်တို့က ကယ်တင်ရှင်သည် ဘုရားဖြစ်မည်အကြောင်း သိခဲ့ကြ၏။ အကြောင်းမှာ ခမည်းတော်သည်လည်း ဘုရားဖြစ်သောကြောင့်တည်း။ ဤပရောဖက်ပြုချက်ကို ဆာလံထဲတွင် ဒါဝိဒ်ကဖော်ပြခဲ့ပြီး ပေါလုကထိုပရောဖက်ပြည့်စုံမှုသည် ခရစ်တော်၌ဖြစ်ကြောင်း ကြွေးကြော်ခဲ့ပါသည် (ဆာလံ ၂း၇၊ တမန် ၁၃း၃၃)။

ခရစ်တော်အကြောင်း ပရောဖက်ပြုချက်၏အခြားအံ့ဘွယ်အချက်မှာ ခရစ်တော်မဖွားမြင်မီ နှစ်ပေါင်းရာချီ ကြိုတင်ဟောပြောခြင်းပေတည်း။ ထိုအထဲတွင် သူသည်ဗက်လင်မြို့၌ ဖွားမြင်မည်အကြောင်း ပါဝင်ခဲ့၏ (မိက္ခာ ၅း၂၊ လုကာ ၂း၄)။

ဤအချက်တို့ကို လေ့လာခြင်းဖြင့် လူ့စဉ်းစားတွေးခေါ်မှုနောက် လိုက်ခြင်း၏အန္တရာယ်နှင့် သမ္မာကျမ်းစာသေချာသင်ယူလေ့လာနာခံလိုက်လျှောက်ခြင်း အရေးကြီးမှုကို ကျွန်တော်တို့သိကြရပါမည်။ ကယ်တင်ရှင်ကြွလာတော်မမူမီ နှစ်ပေါင်းရာချီကတည်းမှ သမ္မာကျမ်းစာက ထိုအချက်တို့ကို တိကျစွာဖော်ပြခဲ့ပါသည်။ သို့သော်လည်း ကယ်တင်ရှင်အမှန်တကယ်ကြွလာသောအခါ အချို့အနည်းငယ်ကသာ သိမှတ်ကြ၏။ သမ္မာကျမ်းစာသွန်သင်ချက်ထက် လူ၏သွန်သင်ချက်ကို လိုက်လျှောက်ကြခြင်းကြောင့် ဘုရားသခင်၏ကောင်းကြီးမင်္ဂလာနှင့် လွဲခဲ့ကြရ၏။ ထို့ကြောင့် ထိုသို့မဖြစ်ခြင်းငှါ ခရစ်ယာန်ကျွန်တော်တို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို နှစ်သက်လေ့လာကြပါစို့။

**ဆင်ခြင်ရန်** - ယေရှုဖွားမြင်တော်မူခြင်းအကြောင်းမှ အဘယ်မြတ်သောသင်ခန်းစာ ကျွန်တော်သင်ယူရပါမည်နည်း။

**ဆုတောင်းချက်**- အဘဘုရား၊ နာခံသောကိုယ်တော်၏သားသမီးတို့ကို ချစ်ခြင်းမေတ္တာတော်အားဖြင့် ကိုယ်တော်ပြုစုကျွေးမွေးတော်မူပါ။

ဗုဒ္ဓဟူး၊ အောက်တိုဘာ (၇)

**ဟေရှာ ၅၃း၁-၆**

တမန် ၂၆း၁၉-၂၅

*"သူသည် ရှာရှန်အရပ်နှင်းဆီပွင့်ဖြစ်ပါ၏"*

## ဣသရေလနိုင်ငံတော်

ဓမ္မဟောင်းပရောဖက်တို့သည် ခရစ်တော်၏ပထမနှင့်ဒုတိယအကြိမ် ကြွလာတော်မူခြင်းအကြောင်းကို ဖော်ပြခဲ့ကြ၏။ ငြင်းပယ်နှိပ်စက်ခြင်းခံရသောကယ်တင်ရှင်ကဲ့သို့ရင်း၊ အောင်နိုင်သောရှင်ဘုရင်ကဲ့သို့ရင်း ကြွလာတော်မူသည်ကို မြင်ခဲ့ကြ၏။ မိမိလူတို့၏အပြစ်ကို ခွင့်လွှတ်ကယ်တင်မည့်ဝိညာဉ်ခေါင်းဆောင်ကဲ့သို့ရင်း၊ ရန်သူတို့ကိုအောင်နိုင်သော ဘုရားသခင်၏လူတို့၏ကြီးမြတ်သောခေါင်းဆောင်ကဲ့သို့ရင်း ဖော်ပြခဲ့ကြပါသည်။

ဟေဗြဲလူအများစုသည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို မိမိတို့နှစ်သက်ရာအချို့ကိုယူ၍ အချို့ကို ငြင်းပယ်တတ်ကြ၏။ ဣသရေလလူအများစုသည် မိမိတို့၏ရန်သူကို အောင်နိုင်ပြီး ဤလောကကမ္ဘာ၌ မိမိတို့နိုင်ငံကို တည်ထောင်ပေးမည့်ဘုရားသခင် ပေးသနားတော်မူမည့်ကယ်တင်ရှင် လူပုဂ္ဂိုလ်ကို မျှော်လင့်ခဲ့ကြ၏။ သူတို့၏အပြစ်များအတွက် ကယ်တင်ရှင်အသေခံမည့်အကြောင်း ပရောဖက်တို့၏ဟောပြောချက်ကို လျစ်လျူရှုခဲ့ကြ၏။ သမ္မာကျမ်းစာက ဤအချက်ကိုရှင်းလင်းစွာဖော်ပြခဲ့ပါသည်။ ပရောဖက်တို့က ကယ်တင်ရှင်ငြင်းပယ်ခံရခြင်း၊ ဤလောကလူသားတို့အပြစ်ကြောင့် ကားတိုင်ပေါ်၌အသေခံမည့်အကြောင်းကို ဟောပြောခဲ့ကြပါသည် (ဟေရှာ ၅၃း၃-၆၊ တမန် ၂၆း၂၂-၂၃)။

ယနေ့ များစွာသောလူများကဲ့သို့ပင် ဟေဗြဲလူတို့၏မျက်စိသည် သမ္မာတရားမသိခြင်းငှါ ပိတ်ထားခြင်းခံခဲ့ရကြ၏။ သမ္မာကျမ်းစာကို လေ့လာခဲ့ကြသော်လည်း မိမိတို့နှစ်သက်သောအရာကိုသာ လေ့လာရှာဖွေခဲ့ကြ၏။ ထို့ကြောင့် သမ္မာကျမ်းစာဖော်ပြသော ထိုကယ်တင်ရှင်ကို မသိနားမလည်ခဲ့ကြပါ (ယောဟန် ၅း၃၉-၄၀)။ ယောဟန် ၅း၃၉ ထဲတွင် ယေရှုက ယုဒခေါင်းဆောင်တို့အား ကျမ်းစာလေ့လာသောအခါ ဘုရားသခင်ဖော်ပြချက်ကိုမရှာဘဲ မိမိတို့အလို နှစ်သက်သောအရာကို ရှာကြသောကြောင့် ထိုသို့မိန့်တော်မူခြင်းဖြစ်ပါသည်။ နှုတ်ကပတ်တော်ကို နှစ်သက်သဘောင်ရှိသော သူတို့အဖို့ သခင်ယေရှုထံမှ ပြစ်တင်ရှုတ်ချခြင်းဖြစ်ပါသည်။ ဤအချက်ကို သင်ယူလျက် သမ္မာကျမ်းစာကို သတိကြီးစွာလေ့လာသင်ယူရမည်အကြောင်း သတိပြုကြပါစို့။

**ဆင်ခြင်ရန်** - ယုဒလူတို့သည် အဘယ်ကြောင့် ယေရှုကို ကယ်တင်ရှင်အဖြစ် မသိမှတ်ကြပါသနည်း။

**ဆုတောင်းချက်**- အဘဘုရား၊ ကိုယ်တော်၏နှုတ်ကပတ်တော်သည် အမှန်ရှာသောသူတို့အား အလင်းကိုပေးတော်မူ၏။

ကြာသပတေး၊ အောက်တိုဘာ (၈)

**ဆာလံ ၄၁း၅-၉**

မသဲ ၂၇း၁-၁၀ *“. . . ကွင်းပြင်၌ ပေါက်သောနှင်းပွင့်ဖြစ်ပါ၏”*

# ရှင်ဘုရင်သည် ကြွလာတော်မူ၏

ခရစ်တော်ကြွလာတော်မူမည့်အချိန်သည် ဣသရေလတို့အလွန်မျှော်လင့်လျက်ရှိသော အချိန်ဖြစ်မည်ဟု ဖော်ပြထားပါသည်။ များစွာသော ယဇ်ပရောဟိတ် နှင့် ဘာသာရေးခေါင်းဆောင်တို့က မေရှိယ ကြွလာမည့်အချိန် နီးပြီဟု ထင်မှတ်ယုံကြည်ခဲ့ကြ၏။ သို့သော်လည်း ဣသရေလလူတို့သည် သမ္မာကျမ်းစာ ဖော်ပြသော မေရှိယမဟုတ်ဘဲ၊ မိမိတို့အလိုရှိသော မေရှိယကို မျှော်လင့်ခဲ့ကြ၏။

ကယ်တင်ရှင် ကြွလာတော်မမူမှီကတည်းက ဇာခရိသည် မြည်းကိုစီးလျက်တယ်တင်ရှင်သည် ယေရုရှလင်မြို့သို့ဝင်ရောက်မည်အကြောင်း ကြိုတင်ဟောထားခဲ့ပါသည် (ဇာခရိ ၉း၉)။ သို့သော်လည်း ပရောဖက်ပြုချက်အသေးစိတ်ကို ပရောဖက်က ရှင်းလင်းစွာ နားမလည်ခဲ့ကြောင်း ထင်ရှားလှပါသည်။ သူတို့၏ ရှင်ဘုရင်သည် ကြွလာတော်မူသောကြောင့် လူတို့သည် ဝမ်းမြောက်ကြကြောင်း ဟောထားခဲ့ပါသည်။ ထိုရှင်ဘုရင်သည် စစ်တိုက်ခြင်းငှါ မြင်း၊ မြင်းလှည်းစီးမည်မဟုတ်၊ အာဏာစက်နှင့်တကွ ကြွလာမည်မဟုတ်ခဲ့ပါ။ ထိုသခင်သည် နှိမ့်ချစွာမြည်းကို စီး၍ကြွလာမည်ဖြစ်၏။ ဇာခရိသည် သန့်ရှင်းသောဝိညာဉ်တော်ဖော်ပြသောဗျာဒိတ်တော်ကို သစ္စာရှိစွာ ရေးသားမှတ်တမ်းတင်ခဲ့ပါသည်။ ထိုဘုရားသခင်၏ နှုတ်ကပတ်တော်သည် ကျမ်းစာအတိုင်း ယေရုရှလင်မြို့သို့ ခရစ်တော်ဝင်ရောက်သောအခါ ပြည့်စုံခြင်းရှိခဲ့၏ (မသဲ ၂၁း၅-၇)။

ကြီးမြတ်သော ရှင်ဘုရင်အပေါ်၌ သစ္စာရှိကြရမည်ဖြစ်သော်လည်း၊ မိမိ၏တပည့်တော်ဆယ့်နှစ်ပါး၌ပင် တဦးကသစ္စာဖောက်မည်ဟု ကျမ်းစာဖော်ပြခဲ့ပါသည် (ဆာလံ ၄၁း၉)။ ထိုသူမှာ ယုဒရှင်ကာယုတ်ပေတည်း။ ယေရှုက မိမိသစ္စာဖောက်ခံရမည့်အကြောင်းကို ကျမ်းစာချက်အတိုင်း ဖော်ပြခဲ့ပါသည် (ယောဟန် ၁၃း၁၈)။ အသပြာမည်မျှဖြင့် ရောင်းစားခြင်းခံရမည်ကို အတိအကျဖော်ပြခဲ့ပါသည် (ဇာခရိ ၁၁း၁၂-၁၃၊ မသဲ ၂၇း၉)။

လူ့ဇာတိခံလာသောအနန္တတန်ခိုးရှင်ဘုရားသည် မိမိမိတ်ဆွေ၏ သစ္စာဖောက်ခြင်းကို ခံခဲ့ရပါသည်။ ဤအမှုကို ကြိုသိခဲ့သော်လည်း၊ ဤလောကလူသားတို့အပြစ်အတွက် အသေခံခြင်းငှါ ကြွလာတော်မူခဲ့၏။ ထာဝရအသက်ကယ်တင်ခြင်းကို ခရစ်တော်၌သာ တည်သည်ဖြစ်သောကြောင့်၊ သမ္မာကျမ်းစာက အပြစ်သားအားနောင်တရ၍ သခင်ယေရှုကို လက်ခံခြင်းငှါ ယနေ့နိုးဆော်လျက်ရှိပါ၏ (ယောဟန် ၁၄း၆)။

**ဆင်ခြင်ရန်** - ယုဒအား မိမိကိုသစ္စာဖောက်ခြင်းငှါ အဘယ့်ကြောင့်ခရစ်တော်ခွင့်ပြုပါသနည်း။

**ဆုတောင်းချက်**- အဘဘုရား၊ အကျွန်ုပ်၏အပြစ်အခအတွက် အသေခံတော်မူသောယေရှုကြောင့် ကိုယ်တော့်ကိုကျေးဇူးတင်ပါ၏။

သောကြာ၊ အောက်တိုဘာ (၉)

**ဟေရှာ ၅၃း၇-၁၂**

မသဲ ၂၇း၃၂-၄၄

*"မထီမဲ့မြင်ပြုခြင်းကိုခံ၍၊ လူတို့တွင် အယုတ်ဆုံး သောသူဖြစ်၏"*

## ကားတိုင်၌အသေခံခြင်းအကြောင်း ပရောဖက်ပြုချက်များ

ကားတိုင်ပေါ်၌ ယေရှုအသေခံခြင်းအကြောင်းကို ဓမ္မဟောင်းပရောဖက်တို့က အသေးစိတ်ဖော်ပြခဲ့ကြပါသည်။ ထိုအသေခံခြင်း၌ စုံလင်ခြင်းရှိခဲ့သော ပရောဖက်ပြုချက် ၅၀ ကျော်ရှိသော်လည်း၊ အနည်းငယ်သာ ကျွန်တော်တို့ဆင်ခြင်လေ့လာကြပါစို့။

ပရောဖက်တို့က သခင်ယေရှု၏ဝတ်စုံပိုင်းဖြတ်ကြမည့်အကြောင်းကို ကြိုတင်ဟောခဲ့ကြပါသည်။ သို့သော်လည်း ယေရှု၏အရိုးကိုမူ ပိုင်းဖြတ်ခြင်းမပြုဘဲ၊ စာရေးတံချကြမည်အကြောင်း ဖော်ပြခဲ့ပါသည် (ဆာလံ ၂၂း၁၈၊ ယောဟန် ၁၉း၂၄)။

ကားတိုင်ပေါ်၌ ခရစ်တော်တင်သတ်ခြင်းခံရပြီး စစ်သူရဲတို့ကဝေဒနာခံစားမှု သက်သာစေရန် ဆေးခါးနှင့်ရောသော ပုန်းရည်ကို သောက်ရန်ပေးကြ၏။ သို့သော်လည်း သခင်ယေရှုက မသောက်ခဲ့ပါ (မသဲ ၂၇း၃၄)။ ထို့နောက် ယေရှုသည် ပရောဖက်စကားကို စုံလင်စေခြင်းဖြင့် ဆာလံ ၆၉း၂၁ "ရေငတ်သည်" ဟု မိန့်တော်မူ၏ (ယောဟန် ၁၉း၂၈)။ ထိုအခါ ရေမြှုပ်တထွေးကို ပုန်းရည်နှင့်ပြည့်စေပြီးလျှင် ကျူလုံးဖျား၌တတ်၍ ကိုယ်တော်အားသောက်စိမ့်သောငှါ ပေးကြ၏ (မသဲ ၂၇း၄၈)။

သမ္မာကျမ်းစာက ကယ်တင်ရှင်သည် သူခိုးတို့နှင့်အတူ အသေခံ၍ လူကုံတန်ကဲ့သို့ သင်္ဂြိုလ်ခြင်းခံရမည်ဟု ပရောဖက်ပြုခဲ့ပါသည်။ သူခိုးနှစ်ဦးအလယ်၌ အမှန်ကားတိုင်ပေါ်၌တင်သတ်ခြင်းခံရခဲ့၏။ သို့သော်လည်း သေဆုံးပြီးနောက် လူချမ်းသာ၏သင်္ချိုင်းတွင် သင်္ဂြိုလ်ခြင်းခံရခဲ့ပါသည် (ဟေရှာ ၅၃း၉၊ မသဲ ၂၇း၃၈၊ ၅၇-၆၀)။

ကားတိုင်ပေါ်၌ သခင်ယေရှုမိန့်တော်မူသောစကားတို့သည်လည်း ဓမ္မဟောင်းပြုချက်တို့၌ ပါဝင်ခဲ့ပါသည်။ ခမည်းတော်ဘုရားထံ သခင်ယေရှုကြွေးကြော်ချက်ကို ကြိုတင်ဖော်ပြခဲ့ပါသည် (ဆာလံ ၂၂း၁၊ မသဲ ၂၇း၄၆)။ နောက်ဆုံးတွင် ရွေးနုတ်ခြင်းအမှုအတွက် ကာရနီကုန်းကားတိုင်၌ အမှုပြီးစီးသောအခါ သခင်ယေရှုက ". . . အကျွန်ုပ်စိတ်ဝိညာဉ်ကို ကိုယ်တော်လက်၌ အကျွန်ုပ်အပ်ပါ၏" (လုကာ ၂၃း၃၆)။ ကြွေးကြော်လျက် ဓမ္မဟောင်းပရောဖက်ပြုချက်ကို စုံလင်စေတော်မူခဲ့၏။ ဤအချက်ကို ဆာလံဆရာက ကြိုတင်ဟောထားခဲ့ခြင်းဖြစ်၏ (ဆာလံ ၃၁း၅)။

ကယ်တင်ရှင်ခရစ်တော်သည် အမှန်ထာဝရဘုရားဖြစ်တော်မူ၏။ ဤအချက်ကို ကိုယ်တော်၏ အတိတ်ထာဝရမှတည်ရှိကြောင်းနှင့် သမ္မာကျမ်းစာပရောဖက်ပြုချက်မှန်ကန်မှု၌ တွေ့ရှိကြရပါသည်။ လောကီလူသားတို့သည် သမ္မာကျမ်းစာကို မယုံကြည်ကြသော်လည်း ကျွန်တော်တို့မူကား ကယ်တင်ရှင်ကိုချစ်သောအချစ်ကို ဖော်ပြလျက် သမ္မာတရားကို နာခံလိုက်လျှောက်၍ အသက်ရှင်ကြရပါမည်။

**ဆင်ခြင်ရန်** - ခရစ်တော်အကြောင်း သမ္မာကျမ်းစာပရောဖက်ပြုချက်တို့သည် အရေးကြီးပါသလား။

**ဆုတောင်းချက်**- အဘဘုရား၊ အကျွန်ုပ်အပေါ် ထားရှိသော ကိုယ်တော်၏ထာဝရချစ်ခြင်းမေတ္တာတော်ကြောင့် ကိုယ်တော်ကိုကျေးဇူးတင်ပါ၏။

စနေ၊ အောက်တိုဘာ (၁၀)

**ဖိလိ ၂း၅-၁၁**

မသဲ ၁း၁၈-၂၃ *"ငြိမ်ဝင်သောသူဖြစ်၏"*

## လူ့ဇာတိခံတော်မူခြင်း

သားတော်ဘုရား ဤလောကသို့ကြွလာတော်မမူမီအကြောင်းများကို သမ္မာကျမ်းစာအားဖြင့် ကျွန်တော်တို့လေ့လာဆင်ခြင်ခဲ့ပြီးဖြစ်ပါသည်။ သူသည် အတိတ်ထာဝရက ခမည်းတော်နှင့်အတူ တည်ရှိသော သခင်ဘုရားအမှန်ဖြစ်တော်မူ၏။ သူသည် ဓမ္မဟောင်းပရောဖက်တို့ ဟောကြားသော ကြွလာတော်မူမည့်ကယ်တင်ရှင်ဖြစ်ပါသည်။ ယခုအခါ ဆက်လက်၍ ထိုထာဝရဘုရား အနန္တတန်ခိုး ရှင်ဖြစ်တော်မူသော သားတော်ဘုရားသည် မည်သို့လူ့ဇာတိခံယူ၍ ဤလောက၌ ကျင်လည်ကြောင်း ကို ဆင်ခြင်လေ့လာကြပါစို့။

"လူ့ဇာတိခံခြင်း" ဟူသော စကားလုံးသည် လာတင်စကားလုံးဖြစ်၍ "လူ့အသွေးအား ပိုင်ဆိုင်ခြင်း" ဟုအဓိပ္ပာယ်ရပါသည်။ ယနေ့ အင်္ဂလိပ်အသုံးအနှုန်းတွင် လူသားဖြစ်လာခြင်းဟူ၍ ဖြစ်ပါသည်။ ထာဝရဘုရားသခင်သည် ဤလောကလူသားတို့ကို အလွန်ချစ်တော်မူသောကြောင့် မိမိကိုယ်ကို ဤလောကသို့ကြွလာ၍ လူ့ဇာတိခံတော်မူခြင်းဖြစ်ပါသည်။ သမ္မာကျမ်းစာ၏ရှင်းလင်းသော သွန်သင်ဖော်ပြချက်မရှိလျှင် ဤအမှုသည် သံသယဝင်စရာကောင်းလှသောအမှု ဖြစ်ပါလိမ့်မည်။

ရှင်ယောဟန်ခရစ်ဝင်ကျမ်းအဖွင့်တွင် ထိုထာဝရဘုရားနှုတ်ကပတ်တော်သည် လူ့ဇာတိကို ခံယူ၍ လူတို့နှင့်အတူ တည်တော်မူကြောင်းဖော်ပြခဲ့ပါသည် (ယောဟန် ၁း၁၄)။

ဖိလိပ္ပိဩဝါဒစာက ဘုရားအမှန်ဖြစ်တော်မူသောခရစ်တော်သည် မိမိ၏ကောင်းကင်ဘုံရှိ ဘုန်းအသရေတော်ကိုစွန့်၍ လူ့ဇာတိခံလာကြောင်းကို အတည်ပြုခဲ့ပါသည်။ အရာခပ်သိမ်း၏ အထက်၌ရှိတော်မူသောသူသည် လူတို့ကို ကယ်တင်ခြင်းငှါ ခမည်းတော်၏အလိုကိုလိုက်၍ အစေခံကျွန်အဖြစ်ကြွလာတော်မူခဲ့ပါသည် (ဖိလိ ၂း၆-၇)။

ဤလူ့ဇာတိခံခြင်းအကြောင်းကို ခရစ်ယာန်တိုင်း သိထားကြပါသည်။ ထို့ကြောင့် ကယ်တင်ခြင်း၏ တန်ခိုးကြီးမှုနှင့်ဘုရားသခင်၏နက်နဲလှသော ချစ်ခြင်းမေတ္တာကို ကျွန်တော်တို့အစဉ်သတိရကြရပါမည်။ ကျွန်ုပ်တို့ခံရသောကယ်တင်ခြင်းသည် ဘုရားသခင်ပေးသနားတော်မူသော လက်ဆောင်ဖြစ်ပါသည်။ ယုံကြည်ခြင်းအားဖြင့် ကျွန်တော်တို့ရရှိပိုင်ဆိုင်ကြခြင်းဖြစ်၍ ကျွန်တော်တို့ပြုသောကောင်းမှုကြောင့်မဟုတ်ပါ။ ကယ်တင်ခြင်းရပြီးနောက် ကျွန်တော်တို့သည် မိမိကိုယ်ကို မပိုင်တော့ကြောင်း သမ္မာတရားကရှင်းလင်းစွာ ဖော်ပြထားပါသည်။ ကျွန်တော်တို့သည် ဘုရားသခင်အပိုင်ဖြစ်၍ ဘုရားသခင်၏ချစ်ခြင်း၊ ဖြောင့်မတ်ခြင်းနှင့်ယှဉ်သော အသက်တာဖြင့် အသက်ရှင်ကြရပါမည်။ "ဘုရားသခင်သည် ငါတို့ကို ရှေးဦးစွာချစ်တော်မူသောကြောင့် ငါတို့သည် ဘုရားသခင်ကို ချစ်ကြ၏" (၁ ယော ၄း၁၉)။ ဤချစ်ခြင်းမေတ္တာကိုပြသလျက် ကျွန်ုပ်တို့အတွက် ယေရှုထားခဲ့သော အသက်တာပုံသက်သေကို လိုက်လျှောက်လျက် အသက်ရှင်ကြပါစို့။

**ဆင်ခြင်ရန်** - လူ့ဇာတိခံခြင်းဆိုသည်မှာ အဘယ်နည်း။

**ဆုတောင်းချက်**- အဘဘုရား၊ ခရစ်တော်သည် အကျွန်ုပ်ကိုချစ်တော်မူသည်နည်းတူ သူတစ်ပါးအား အကျွန်ုပ်ချစ်မည်အကြောင်း မစတော်မူပါ။

တနင်္ဂနွေ၊ အောက်တိုဘာ (၁၁)

**လုကာ ၂း၂၁-၃၂**

ဟေရှာ ၄၂း၁-၉

*"ထိုသူသည် ငါတို့အနာရောဂါဝေဒနာများကို ယူတင်ဆောင်ရွက်လေ၏"*

## မေရှိယ၏လူ့ဇာတိနှင့်ဆိုင်သော ဘိုးဘွားစဉ်ဆက်

ရှင်မသဲနှင့်ရှင်လုကာခရစ်ဝင်ကျမ်းတို့တွင် ယေရှုခရစ်တော်၏လူ့ဇာတိနှင့်ဆိုင်သော ဘဝစဉ်ဆက်မှတ်တမ်းကို တွေ့ရပါသည်။ ရှင်မသဲခရစ်ဝင်ကျမ်းတွင် ရှင်ဘုရင်ဒါဝိဒ်နှင့်အာဗြဟံမှ ဆင်းသက်ကြောင်း ဖော်ပြခဲ့ပါသည်။ ယေရှုသည် ရှင်ဘုရင်ဖြစ်ကြောင်းနှင့် အာဗြဟံမျိုးဆက်မှ ဆင်းသက်လာကြောင်း ဖော်ပြခြင်းဖြစ်ပါသည်။ ထို့ကြောင့် ယေရှုသည် မေရှိယဖြစ်၍ အာဗြဟံမှ ဆင်းသက်မည့်မင်္ဂလာနှင့်ဆိုင်သော ဂတိတော်စုံလင်ခြင်းဖြစ်တော်မူ၏ (မသဲ ၁း၁-၁၇)။ ရှင်လုကာခရစ်ဝင်ကျမ်းတွင် အာဒံမှဆင်းသက်လာသောသူ လူသားအမှန်ဖြစ်ကြောင်း ဖော်ပြခဲ့ပါသည် (လုကာ ၃း၂၃-၃၈)။

သမ္မာကျမ်းစာက ယေရှုသည် အခြားလူသားများကဲ့သို့ပင် မိန်းမမှမွေးဖွားလာသောသူဖြစ်ကြောင်း ဖော်ပြခဲ့ပါသည်။ သို့သော်လည်း ယေရှု၏မွေးဖွားခြင်းသည် အခြားလူတို့နှင့်မတူချေ။ အကြောင်းမှာ အမေရှိသော်လည်း အဖေမရှိပါ။ ခရစ်တော်သည် လူသားမိခင်မှမွေးဖွားသောလူသား သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ပဋိသန္ဓေယူသောကြောင့် ထာဝရတည်သောဘုရားဖြစ်တော်မူ၏။ ယေရှု၏လူ့ဇာတိမိခင်သည် အခြားသောမိခင်နှင့်မတူဘဲ သူသည်အပျိုကညာဖြစ်ခဲ့ပါသည် (မသဲ ၁း၁၈-၂၀)။ သမ္မာကျမ်းစာထဲတွင် မာရိသည် ယေရှု၏လူ့ဇာတိမိခင်သာဖြစ်သည်ဟု ဖော်ပြခဲ့ပါ သည်။ မာရိအား "ဘုရားသခင်၏မိခင်" ဟုခေါ်ခြင်းသည် သမ္မာကျမ်းစာနှင့်မညီ၊ မထိမ့်မြင်ပြုခြင်း ဖြစ်ပါသည်။ ထာဝရဘုရားဖြစ်တော်မူသော ခရစ်တော်၌ အစမရှိဖြစ်သောကြောင့် မိခင်မရှိပါ။ မာရိသည် သန့်ရှင်းသောအသက်တာပိုင်ရှင်၊ ဘုရားသခင်၏မျက်နှာသာပေးခြင်းခံရသော အံ့ဖွယ် ပုဂ္ဂိုလ်ဖြစ်သော်လည်း သူသည်လူသားဖြစ်၍ ကျွန်တော်တို့နည်းတူ ကယ်တင်ရှင်ကိုလိုအပ်သောသူ ဖြစ်ပါသည်။ သူသည် ဘုရားမဟုတ် "ဘုရားသခင်၏မိခင်" လည်းမဟုတ်ပါ။

ယခု ကျွန်တော်တို့ဆင်ခြင်သောအကြောင်းသည် အသစ်သောတရားမဟုတ်ပါ။ ကျွန်တော်တို့ သိကျွမ်းရင်းနှီးသော သမ္မာကျမ်းစာ၏သွန်သင်ချက်ဖြစ်ပါသည်။ သို့သော်လည်း ထိုသို့ရင်းနှီးကျွမ်းဝင်ခြင်းကြောင့် ထိုသမ္မာတရား၏ တန်ခိုးအကျိုးကို လျစ်လျူမရှုသင့်ပါ။ အပြစ်၏အခကို ပေးဆပ်ခြင်းငါ အပြစ်ကင်းသောမိမိကိုယ်ကို ပေးဆပ်စတေးတော်မူသော ဘုရားသခင်၏ကြီးမြတ်သော ချစ် ခြင်းမေတ္တာကိုအမှတ်ရကြပါစို့။ ထိုသို့အမှတ်ရခြင်းဖြင့် ကျွန်ုပ်တို့ကိုဖန်ဆင်း၍ ကယ်တင်တော်မူသော ဘုရားသခင်ထံ အသစ်တဖန် ဆက်ကပ်ကြပါစို့။

**ဆင်ခြင်ရန်** - လူ့ဇာတိခံခြင်းအကြောင်းနှင့်ပတ်သတ်သော အချက်တို့ကို ရေးမှတ်ကြည့်ပါလော့။

**ဆုတောင်းချက်**- အဘဘုရား၊ အကျွန်ုပ်အပေါ် ထားရှိသော ချစ်ခြင်းမေတ္တာတော်ကိုနာခံခြင်းအားဖြင့် တုံ့ပြန်လိုပါ၏။[

တနင်္လာ၊ အောက်တိုဘာ (၁၂)

**လုကာ ၂း၃၉-၅၂**
ဟေရှာ ၄၂း၁၀-၁၆

*“. . . ဒဏ်ခတ်တော်မူခြင်းကိုငင်း၊ . . . ခံရသောသူဖြစ်သည်”*

## ယေရှု၏ငယ်စဉ်ဘဝ

သခင်ယေရှုခရစ်တော်သည် အခြားသောကလေးငယ်များနည်းတူ မွေးဖွားလာခဲ့သောသူဖြစ် ပါသည်။ သူ၏ မိခင်မာရိကအဝတ်ဖြင့်ရစ်ပတ်၍ နွားစားခွက်ထဲ၌ သိပ်ထားခဲ့ပါသည် (လုကာ ၂း၇)။ နွားစားခွက်ထဲ၌ သူငယ်ယေရှုသိပ်ထားလျက်ရှိသော ပန်းချီကားချပ်တို့သည် အမှန်မဟုတ်ပါ။ ထိုပန်းချီတွင် သူငယ်၏ခေါင်း၌ရင်း၊ ခန္ဓာကိုယ်မှရင်း အလင်းဖြာထွက် သယောင်ဆွဲထားတတ်ကြ၏။ ထိုပန်းချီတို့သည် သမ္မာကျမ်းစာနှင့်ကိုက်ညီခြင်းမရှိပါ။ ခရစ်တော် သည် ကျွန်ုပ်တို့ကို ချစ်တော်မူသောကြောင့် ကောင်းကင်ဘုံစည်းစိမ်ကိုထားခဲ့ပြီး၊ အခြားသော ကလေးငယ်များနည်းတူ ဤလောကသို့ မွေးဖွားလာခဲ့ခြင်းဖြစ်ပါသည်။

ပုံမှန်ရက်လအချိန်အတိုင်း ယေရှုသည်ကြီးပြင်းလာခဲ့ပါသည်။ သူ၏ငယ်စဉ်ဘဝ၌ မည်မျှလောက် သူ၏ဘုရားဖြစ်ခြင်းပေါ်လွင်သည်ကို ကျွန်တော်တို့မသိကြသော်လည်း၊ သူသည် ပုံမှန်အတိုင်း ကြီးထွားကြီးပြင်းလာခဲ့ကြောင်း သိကြရ၏ (လုကာ ၂း၄၀)။ အခြားဆယ့်နှစ်နှစ်သားများကဲ့သို့ပင်။ ယေရှုသည် ၁၂နှစ်ရောက်သောအခါ သူ၏မိဘတို့က ဗိမာန်တော်သို့ ခေါ်ဆောင်ခဲ့ကြ၏ (လုကာ ၂း၄၁-၄၂)။ သမ္မာကျမ်းစာအရ ခရစ်တော်သည် ဗတ္တိဇံမင်္ဂလာမခံမီတိုင်အောင် မိမိ၏ဘုရားဖြစ်ခြင်းတန်ခိုးကို မပြခဲ့ဟုထင်ရပါသည်။ ဤတန်ခိုးအာဏာသည် ခမည်းတော်၏ဘုန်းတော်ထင်ရှားစေခြင်းငှါရင်း၊ လူတို့ကို ကယ်တင်ခြင်းငှါရင်း ရည်ရွယ်သည်ဖြစ်သောကြောင့် မှတ်သွင်းတော်မူခြင်းမခံရသော ကျမ်းပယ်၌တွေ့ရသည့် ခရစ်တော်၏ငယ်စဉ်ဘဝ၌ ဘုရား၏တန်ခိုးအသုံးပြုမှုမှာ လက်ခံနိုင်ဖွယ်မရှိပါ။

ကလေးငယ်ခရစ်တော်သည် ပုံမှန်ခန္ဓာကိုယ်ပိုင်ဆိုင်သော်လည်း၊ သူ၌ရှိသောဘုရားဉာဏ်သည် ထင်ရှားခဲ့ပါသည်။ သခင်ယေရှုသည် အသက် ၁၂ နှစ်သာရှိသောအချိန်၌ပင် ခမည်းတော်၏အမှုတော်မြတ်၌ပါဝင်ပြီး၊ ဗိမာန်တော်၌ရှိသော ကျမ်းတတ်ပုဂ္ဂိုလ်တို့ကပင် သူ၏သမ္မာကျမ်းစာသိကျွမ်းခြင်းနှင့် ဘုရားသခင်နှင့်ဆိုင်သောအမှု၌ နားလည်သဘောပေါက်မှုရှိခြင်းကို အံ့သြခဲ့ကြ၏ (လုကာ ၂း၄၃-၄၉)။

ဤအမှုကိုကြည့်ခြင်းအားဖြင့်၊ လူတို့အပေါ်ထားရှိသော ဘုရားသခင်၏ကြီးမြတ်သော မေတ္တာတော်ကို ကျွန်တော်တို့ပြန်၍ အမှတ်ရကြပါသည်။ အနန္တတန်ခိုးရှင်၊ ကြီးမြတ်တော်မူသောသူ၊ မိမိ၏နှုတ်တော်အားဖြင့် စကြဝဠာတစ်ခုလုံးကို ထိန်းချုပ်တော်မူသောဘုရားသခင်သည် အကျွန်ုပ်တို့အား အပြစ်မှကယ်တင်ခြင်းငှါ လူ့ဇာတိကိုခံလာခဲ့၏။ ထိုချစ်ခြင်းမေတ္တာတော်က အကျွန်ုပ်တို့အား ဘုရားသခင်ထံပို့၍ ဆက်ကပ်၍၊ အမှုတော်ပို၍ဆောင်ရွက်ခြင်းငှါ နိုးဆော်မှုဖြစ်စေခဲ့ပါသည်။

**ဆင်ခြင်ရန်** - ကလေးသူငယ်ခရစ်တော်သည် အခြားကလေးငယ်တို့နှင့်မည်သို့ ခြားနားခြင်းရှိပါ သနည်း။

**ဆုတောင်းချက်**- အဘဘုရား၊ အကျွန်ုပ်ကိုချစ်တော်မူသော ကိုယ်တော်၏ကြီးမြတ်သောချစ်ခြင်းမေတ္တာတော်ကြောင့် ကျေးဇူးတင်ပါ၏။ ကိုယ်တော်၏စကားကို နာခံလိုက်လျှောက်ခြင်းဖြင့် အကျွန်ုပ်ဝမ်းမြောက်မှုကို ဖော်ပြလိုပါ၏။

အင်္ဂါ၊ အောက်တိုဘာ (၁၃)

**ယောဟန် ၁း၁၀-၁၇**

တရား ၂၆း၁၅-၁၉ *"မိမိအသရေကိုစွန့်၍"*

## သခင်ဘုရား၏လူ့ဇာတိအဖြစ်တော်

ယောဟန် ၁း၁၄ ထဲတွင်၊ "နှုတ်ကပတ်တော်သည်လည်း လူ့ဇာတိအဖြစ်ကိုခံယူ၍၊ . . . ငါတို့တွင် တည်နေတော်မူသည်. . . " ဟု ဖော်ပြထားပါသည်။ ကျွန်ုပ်တို့အတွက် သခင်ယေရှု၏ ကြီးမြတ်သောစတေးမှုကို တစ်ခါတစ်ခါရံလျစ်လျူရှုတတ်ကြ၏။ ကျွန်ုပ်တို့အတွက် ကယ်တင်ခြင်း အမှုပြုခြင်းငှါ ကြီးမြတ်တော်မူသောဘုရားသည် လူ့ဇာတိကိုခံတော်မူကြောင်း သမ္မာကျမ်းစာက ရှင်းလင်းစွာ ဖော်ပြခဲ့ပါသည်။

သခင်ယေရှု၏ခန္ဓာကိုယ်သည် အခြားလူသားတို့နှင့် အတူတူဖြစ်သည်သာမက၊ လူသား၏ မပြည့်စုံခြင်းနှင့် အခက်အခဲများကိုလည်း သူကြုံတွေ့ခံစားခဲ့ပါသည်။ တောထဲ၌ မိမိ၏လူတို့ကို ကျွေးမွေး၍ ဂုဏ်တော်ပြည်သို့ပို့ဆောင်သောဘုရား၊ တောင်ပေါ်၌ လူငါးထောင်သောသူကို ကျွေးမွေး သောဘုရား၊ "ငါသည် အသက်မုန့်" ဖြစ်၏ဟု မိန့်တော်မူသောဘုရားသည် သင်နှင့်အကျွန်ုပ်နည်းတူ ဆာလောင်မွတ်သိပ်ခြင်းကို ခံစားခဲ့ရ၏ (မသဲ ၂၁း၁၈)။ သခင်ယေရှု၏ခန္ဓာကိုယ်သည်လည်း မောပန်းခြင်းရှိ၍ အနားယူဖို့လိုအပ်ခဲ့ပါသည် (ယောဟန် ၄း၆)။ ယုံကြည်သူအပေါင်းထံ အသက် စမ်းရေကို ပေးမည်ဟုမိန့်တော်မူသောသူကိုယ်တိုင်သည် လူသားအနေဖြင့် ရေငတ်ခြင်းကိုခံစားခဲ့ ပါသည် (ယောဟန် ၄း၇-၉)။ နောက်ဆုံးတွင်၊ လူသားဖြစ်သောသခင်ယေရှုသည် သင်နှင့်အကျွန်ုပ် အပြစ်များအတွက် သေခြင်းဝေဒနာကို ခံစားခဲ့ရ၏ (၁ ကော ၁၅း၃)။

ခရစ်တော်သည် လူ့ဇာတိကိုခံသောကြောင့် ခန္ဓာကိုယ်နှင့်ဆိုင်သော အခက်အခဲသာမက စိတ်ပိုင်းဆိုင်ရာအခက်အခဲကိုလည်း ကြုံတွေ့ခဲ့ရပါသည်။ အပြစ်ပြုခြင်းငှါ ဘုရားသခင်ကိုသွေး ဆောင်၍မရပါ (ယာကုပ် ၁း၁၃)။ သို့သော်လည်း ယေရှုသည် လူသားအနေဖြင့် လူတို့ကြုံတွေ့ရသော ဖြားယောင်းသွေးဆောင်ခြင်းကို ကြုံတွေ့ခဲ့ရပါသည်။ ထိုသွေးဆောင်မှုအတိုင်း ပြုခြင်းသည် အပြစ် ဖြစ်ပါသည်။ သွေးဆောင်ခြင်းနှင့်အပြစ်၏ခြားနားမှုကို ကျွန်တော်တို့သိထားကြရပါမည်။ ခရစ်တော် သည် စာတန်၏သွေးဆောင်မှုကိုခံခဲ့ရ၏ (မသဲ ၄း၁)။ သို့သော်လည်း ထိုသွေးဆောင်မှုအတိုင်း မပြုခဲ့ပါ။ ထိုသို့သွေးဆောင်ခြင်းကို ခံရသော်လည်း အပြစ်လုံးဝမပြုခဲ့ပါ (ဟေဗြဲ ၄း၁၅)။ ထို့ကြောင့် စုံလင်သောပူဇော်သက္ကာအဖြစ် မိမိကိုယ်ကို ဆက်ကပ်စတေးနိုင်ခဲ့သည်သာမက မိမိသားသမီးတို့၏ ဒုက္ခပြဿနာတို့ကို နားလည်ကိုယ်ချင်းစာပေးနိုင်တော်မူ၏။

**ဆင်ခြင်ရန်** - သွေးဆောင်ခြင်းနှင့်အပြစ်၏ခြားနားမှုကို သင်ဆင်ခြင်ပါလော့။

**ဆုတောင်းချက်**- အဘဘုရား၊ အကျွန်ုပ်၏နေ့စဉ်အခက်အခဲကို နားလည်သဘောပေါက်ပေးတော် မူသောကြောင့် ကျေးဇူးတင်ပါ၏။

ဗုဒ္ဓဟူး၊ အောက်တိုဘာ (၁၄)
**၁ ယော ၃း၁-၈**
၁ ပေ ၂း၁၃-၂၁ *"အစေခံကျွန်၏သဏ္ဌာန်ကို ယူဆောင်လျက်"*

## လူ့ဇာတိခံတော်မူခြင်း၏ရည်ရွယ်ချက်

ခရစ်တော်ဤလောကသို့ ကြွလာရခြင်းအကြောင်းများထဲမှ အဓိကအချက်မှာ အပြစ်သားကယ်တင်ခြင်းအတွက် ခမည်းတော်၏အလိုတော်ကိုဆောင်ရွက်ခြင်းငှါ ဖြစ်ပါသည်။ ထို့ကြောင့် သမ္မာကျမ်းစာထဲတွင် ဤလောက၏အပြစ်အတွက် မိမိကိုယ်ကို စတေးပူဇော်ခြင်းငှါ သခင်ယေရှု ကြွလာတော်မူကြောင်း ရှင်းလင်းစွာဖော်ပြထားပါသည်။ လူများတို့အတွက် မိမိအသက်ပေးခြင်းငှါ ကြွလာတော်မူခဲ့၏ (မာကု ၁၀း၄၅)။ ထိုသို့ မိမိကိုယ်ကိုပူဇော်ခြင်းဖြင့် ဤလောက၏အပြစ်ကို ယူဆောင်ရန်ဖြစ်ပါသည် (ဟေဗြဲ ၉း၂၆၊ ၁ ယော ၃း၅)။ ဤသည်ကား သခင်ယေရှုကြွလာတော်မူခြင်း၏ရည်ရွယ်ချက်ပေတည်း။ ဤလောက၌ပြုသမျှသောအမှုတို့သည် သမ္မာကျမ်းချက်ကို ပြည့်စုံစေရန်နှင့် မိမိသည်အပြစ်အတွက် စုံလင်ပြည့်စုံသောယဇ်ပူဇော်သက္ကာဖြစ်ကြောင်း သက်သေပြရန် ဖြစ်ပါသည်။

သခင်ယေရှု၏အလိုဆန္ဒသည် ခမည်းတော်ဘုရား၏အလိုတော်ကို ဆောင်ရွက်ရန်နှင့် ခမည်းတော်ပေးအပ်သောတာဝန်ကို ကျေပွန်စွာပြီးစီးဆောင်ရွက်ရန်ဖြစ်ပါသည် (ယောဟန် ၄း၃၄)။ ထိုအချက်ကို သခင်ယေရှုက မိမိ၏ဆုတောင်းချက်၌ဖော်ပြတော်မူခဲ့၏ (မသဲ ၂၆း၃၉)။

မည်သူကမျှ ဘုရားသခင်ကိုမမြင်စဖူး၊ သို့သော်လည်း ခရစ်တော်က ဤလောကသို့ကြွလာတော်မူလျက် ဘုရားသခင်ကိုထင်ရှားပြသတော်မူခဲ့၏။ သခင်ယေရှုက ဖိလိပ္ပုအား မိမိကိုမြင်ရသောသူသည် ခမည်းတော်ကိုမြင်ရကြောင်း မိန့်တော်မူခဲ့၏ (ယောဟန် ၁၄း၉)။

သခင်ယေရှုသည် ခရစ်ယာန်တို့လိုက်လျှောက်ရန် ပုံသက်သေထားရှိရန် ကြွလာတော်မူခဲ့၏။ ခရစ်တော်သည် လောကီလူတို့အတွက် ပုံသာဓကပေးထားသည်ဟု အချို့သောလူတို့က မှားယွင်းစွာထင်မှတ်ထားကြ၏။ သမ္မာကျမ်းစာက ခရစ်တော်သည် မိမိအသေခံခြင်းဖြင့် အပြစ်ကြွေးကို ပေးဆပ်လျက် ပျောက်သောသူတို့ကိုကယ်တင်ခြင်းငှါ ကြွလာခဲ့ကြောင်း ဖော်ပြခဲ့ပါသည်။ သို့သော်လည်း သူ၏အသက်တာသည် ယုံကြည်ခြင်းအားဖြင့် ဘုရားသခင်၏သားသမီးဖြစ်လာကြသော ယုံကြည်သူတို့ အတုယူလိုက်လျှောက်ခြင်းငှါ သာဓကထားခဲ့ခြင်းဖြစ်ပါသည်။ ကျွန်တော်တို့သည် ခရစ်တော်ကိုယုံကြည်ခြင်းအားဖြင့် ကယ်တင်ခြင်းခံရ၏။ သို့သော်လည်း ကယ်တင်ခြင်းခံရပြီးနောက်တွင် ယေရှု၏အသက်တာကို အတုယူ၍နေထိုင်ကြရပါမည် (၁ ပေ ၂း၂၁)။

သားတော်သည် ဘုရားဖြစ်တော်မူ၏။ သို့သော်လည်း သူသည်လူတို့၏ကယ်တင်ခြင်းကို အဓိကထားတော်မူ၏။ မိမိ၏ကောင်းကင်ဘုန်းစည်းစိမ်ကို ထားခဲ့ပြီး ကျွန်ုပ်တို့အပြစ်အတွက် အသေခံခြင်းငှါ လူ့ဇာတိခံတော်မူခဲ့ခြင်းဖြစ်၏။ ဤသည်ကား လူတို့တွင် အကြီးမြတ်ဆုံးသော ချစ်ခြင်းမေတ္တာနှင့် နှိမ့်ချခြင်းအသက်တာပေတည်း (ဖိလိ ၂း၅-၈)။

**ဆင်ခြင်ရန်** - အကျွန်ုပ်နေ့စဉ်အသက်တာ၌ ခရစ်တော်၏နောက်ကို လိုက်နေပါသလား။
**ဆုတောင်းချက်**- အဘဘုရား၊ အကျွန်ုပ်၏ကယ်တင်ခြင်းနှင့်ထာဝရအသက်အတွက် မိမိကိုယ်ကို စတေးပူဇော်တော်မူသော ခရစ်တော်ကြောင့် ကျေးဇူးတင်ပါ၏။

ကြာသပတေး၊ အောက်တိုဘာ (၁၅)

**၂ ကော ၅း၁၁-၂၁**
ကောလော ၁း၁၅-၂၀

*". . . သားတော်ကိုဘုရားသခင်သည် စေလွှတ်တော်မူ၏"*

## အမျိုးကညာမှဖွားမြင်ခြင်း

ခရစ်တော်လူ့ဇာတိခံမွေးဖွားခြင်းအကြောင်းကို ကျွန်တော်တို့ဆင်ခြင်လေ့လာခဲ့ပြီးဖြစ်ပါသည်။ အပြစ်မှကျွန်တော်တို့ကို မိမိ၏အသက်တာနှင့်သေခြင်းအားဖြင့် ကယ်တင်ခြင်းငှါ ဘုရားသခင်သည် လူ့ဇာတိကိုခံခဲ့ပါသည်။ ခရစ်တော်သည် လူသားဖြစ်သော်လည်း အပြစ်နှင့်ကင်းစင်သောသူဖြစ်ပါသည်။ ယခုအခါ ယေရှုခရစ်တော်၏ဘုရားဖြစ်ခြင်းအကြောင်းကို ဆင်ခြင်ကြပါစို့။ ခရစ်တော်သည် ကောင်းကင်ဘုံကိုထားခဲ့ပြီး လူ့ဇာတိခံလာခဲ့သော်လည်း သူသည်ဘုရားဖြစ်လျက်ရှိပါ၏။ ထို့ကြောင့် လူ့ဇာတိကိုခံလာသော ဘုရားယေရှုခရစ်တော်သည် ဘုရားတရာမှာတရာ၊ လူသားတရာမှာတရာဖြစ်တော်မူ၏။

သမ္မာကျမ်းစာအခြားသွန်သင်ချက်တို့ထက် ခရစ်တော်ယေရှု၏ပုဂ္ဂိုလ်နှင့်ဆိုင်သောသွန်သင်ချက်၌မှားယွင်းသောသွန်သင်ချက်များ များစွာတွေ့ရပါသည်။ အကြောင်းအရင်း သိသာထင်ရှားလှပါသည်။ ခရစ်တော်သည် လူသားစစ်စစ်၊ ဘုရားစစ်စစ်ဖြစ်တော်မမူလျှင် သူ၏ကိုယ်စားအသေခံခြင်းက ကျွန်ုပ်တို့၏ကယ်တင်ခြင်းကို ရယူပေးနိုင်မည်မဟုတ်ပါ။ မှားယွင်းသောသွန်သင်ချက်ထဲတွင် ထင်ရှားသောသွန်သင်ချက်မှာ ယေရှုခရစ်သည် ထူးခြားသောလူသားဖြစ်သော်လည်း ဘုရားမဟုတ်ပါဟူ၍ဖြစ်ပါသည်။ သို့သော်လည်း သမ္မာကျမ်းစာက ယေရှုခရစ်တော်သည် ဘုရားအမှန်ဖြစ်၍ လူသားလည်းအမှန်ဖြစ်သည်ဟု ရှင်းလင်းစွာဖော်ပြထားပါသည်။

ခရစ်တော်၏ဘုရားဖြစ်ခြင်းအကြောင်း သက်သေတစ်ခုမှာ သူ၏မွေးဖွားခြင်းပင်ဖြစ်ပါသည်။ သူသည် လူ့ခန္ဓာကိုယ်ကို လူသားမိခင်မာရိထံမှရရှိပြီး လူသားဖြစ်ပါသည်။ သူသည် ပရောဖက်ပြုချက်အတိုင်း (ကမ္ဘာ ၃း၁၅) မိန်းမအမျိုးမှဖွားမြင်ခဲ့ပါသည်။ ခရစ်တော်၌လူသားဖြစ်ခြင်း၊ လူ့ဇာတိရှိသော်လည်း သူသည်ဘုရားလည်းဖြစ်တော်မူ၏။ သူသည် သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးအားဖြင့် ပဋိသန္ဓေတည်သည်ဖြစ်သောကြောင့် အာဒံ၏အပြစ်ဇာတိကိုမခံရဘဲ အပြစ်ကင်းသောသူဖြစ်တော်မူ၏ (ဟေဗြဲ ၇း၁၄၊ လုကာ ၁း၃၅၊ ၂ ကော ၅း၂၁)။ ထို့ကြောင့် လူတို့၏အပြစ်အတွက် ထိုက်တန်သောပူဇော်သက္ကာဖြစ်တော်မူ၏။

အံ့ဘွယ်ချစ်ခြင်းမေတ္တာတော်၏အမှုပေတည်း။ အနန္တတန်ခိုးရှင်ဘုရားသခင်သည် မိမိ၏ကောင်းကင်ဘုံနန်းတော်ကို ထားခဲ့ပြီးကျွန်ုပ်တို့အပြစ်အတွက် အသေခံခြင်းငှါ လူ့ဇာတိကိုခံတော်မူခဲ့၏။ ဤကြီးမြတ်သောချစ်ခြင်းမေတ္တာကို နားလည်သဘောပေါက်ခြင်းဖြင့် ကျွန်တော်တို့သည် ဘုရားသခင်ကို ပို၍ချစ်ကြရပါမည်။ စစ်မှန်သောချစ်ခြင်းသည် သမ္မာကျမ်းစာ၌တွေ့ရသော ဘုရားသခင်၏ ပညတ်တော်တို့ကိုလိုက်လျှောက်ခြင်း၌ ပေါ်လွင်ရပါမည်။ မြတ်သောအသွေးတော်ဖြင့် ရွေးနှုတ်ခြင်းခံရသော ဘုရားသခင်၏သားသမီးဖြစ်ကြသောကြောင့် ကျွန်တော်တို့သည် ဘုရားသခင်၏နာမတော်ထင်ရှားစေခြင်းငှါ အသက်ရှင်ကြရပါမည်။ သမ္မာကျမ်းစာက ကျွန်တော်တို့သည် နာခံခြင်းမရှိလျှင် ဘုရားသခင်ကို မချစ်နိုင်ဟုရှင်းလင်းစွာဖော်ပြထားပါသည် (၁ ယော ၁း၆)။

**ဆင်ခြင်ရန်** - အဘယ့်ကြောင့် ခရစ်တော်သည် လူသားနှင့်ဘုရားဖြစ်ဖို့လိုအပ်ပါသနည်း။
**ဆုတောင်းချက်**- အဘဘုရား၊ ယေရှုအား အကျွန်ုပ်၏နေ့စဉ်အသက်တာ၌ လက်တွေ့ကျကျချစ်နိုင်မည်အကြောင်း မစတော်မူပါ။

သောကြာ၊ အောက်တိုဘာ (၁၆)

**ယော ၁၇း၁-၁၀**

ဆာလံ ၁၂၃ *“. . . မိန်းမဝမ်း၌ပဋိသန္ဓေယူ၍”*

## စုံလင်သောသခင်ဘုရားဖြစ်တော်မူခြင်း

သမ္မာကျမ်းစာက ယေရှုခရစ်တော်၏လူ့ဇာတိအသက်တာ၌ ဘုရားသခင်၏ဇာတိအဖြစ်တော်၏ ပြည့်စုံခြင်းအပေါင်း ကိန်းဝပ်တော်မူ၏ဟု ရှင်းလင်းစွာဖော်ပြထားပါသည်။ ဆိုလိုသည်မှာ ဘုရားသခင်၌ရှိတော်မူသော အလုံးစုံသည် ခရစ်တော်၌လည်း ရှိတော်မူသည်ဟူ၍ဖြစ်ပါသည်။ သူသည် ဘုရားသခင်၏အစိတ်အပိုင်းတစ်ခုမျှသာမဟုတ်ဘဲ ဘုရားဖြစ်ခြင်းအလုံးစုံ သူ၌ရှိတော်မူ၏ (ကောလော ၂း၉)။ ခရစ်တော်သည် ဘုရားသခင်၏ဇာတိအဖြစ်တော်၏ သဏ္ဌာန်တော်ဖြစ်ပါသည်။ ယေရှုခရစ်တော်သည် ဘုရားသခင်ပေတည်း (ဟေဗြဲ ၁း၃)။

ကျမ်းစာထဲတွင် ယေရှုခရစ်တော်က ဘုရား၏ဂုဏ်နှင့်သဘော၊ သဘာဝ အလုံးစုံပိုင်ဆိုင်ထားကြောင်း ဖော်ပြထားပါသည်။ ထိုဘုရားသခင်နှင့်ဆိုင်သောဂုဏ်ပုဒ်အချို့ကို လေ့လာကြပါစို့။

သမ္မာကျမ်းစာက ခရစ်တော်သည် ထာဝရတည်တော်မူ၏ဟု ဆိုထားပါသည်။ သူ၌အစမရှိ အဆုံးမရှိပါ။ ဗတ္တိဇံဆရာယောဟန်က ခရစ်တော်သည် မိမိနောက်မှဤလောကသို့ ကြွလာသော်လည်း သူသည်မိမိအရင်ရှိတော်မူခဲ့သည်ဟု ဖော်ပြခဲ့ပါသည် (ယောဟန် ၁း၁၅)။ ယုဒဘာသာရေးခေါင်းဆောင်တို့က ယေရှုအား အသက်ငါးဆယ်တောင်မပြည့်ဘဲလျက် ဘယ်နည်းအားဖြင့် အာဗြဟံကို မြင်တွေ့ခဲ့သည်ဟု ဆိုသနည်းဟုမေးကြသောအခါ ယေရှုက အာဗြဟံအရင်မိမိရှိတော်မူခဲ့သည်ဟု မိန့်တော်မူခဲ့၏ (ယောဟန် ၈း၅၈)။ မိမိ၏ဆုတောင်းချက်၌ ယေရှုက ဤကမ္ဘာမတည်မရှိမီ မိမိသည် ခမည်းတော်နှင့်အတူ ဘုန်းအသရေတော်ခံစားခဲ့ရကြောင်း ဖော်ပြခဲ့ပါသည် (ယောဟန် ၁၇း၅၊ ၂၄)။

ဤကမ္ဘာ၌ရှိခဲ့စဉ် ခရစ်တော်သည် အနန္တတန်ခိုးရှင်ဘုရား၏ တန်ခိုးတော်ကို ဖော်ပြခဲ့ပါသည်။ မိမိသည် သဘာဝတရားအပေါ်၌ တန်ခိုးအာဏာရှိခဲ့၏ (မသဲ ၈း၂၃-၂၇)။ ဤသဘာဝတရား၏ တန်ခိုးတို့ကို မိမိကိုယ်တိုင် ဖန်ဆင်းတော်မူသည်ဖြစ်သောကြောင့် ထိုအမှုသည် အံ့ဩစရာမကောင်းလှပါ။

လာဇရုနှင့်အရာရှိ၏သမီးတို့အား ပြန်၍အသက်ရှင်စေခြင်းအားဖြင့် ယေရှုသည် သေခြင်းအပေါ်၌မိမိတန်ခိုးရှိတော်မူသည်ကို ပြသခဲ့ပါသည် (မသဲ ၉း၁၈၊ ၂၃-၂၆၊ ယောဟန် ၁၁း၄၃-၄၄)။ ဤကြီးမြတ်သောတန်ခိုးပြတော်မူခြင်းဖြင့် မိမိသည်ဘုရားဖြစ်ကြောင်း သက်သေသည်သာမက မိမိနောက်လိုက်တို့အား ထာဝရနှင့်ဆိုင်သောမျှော်လင့်ခြင်းကို ယေရှုပေးတော်မူ၏။ ကျွန်တော်တို့သည်လည်း နောက်ဆုံးရှင်ပြန်ထမြောက်ခြင်းကို မျှော်ကြည့်ရင်း ယနေ့အသက်ရှင်နေကြခြင်းဖြစ်ပါသည်။

**ဆင်ခြင်ရန်** - မိမိသည် ဘုရားဖြစ်တော်မူကြောင်း ခရစ်တော်က မိမိ၏အမှုတော်အားဖြင့် မည်သို့သက်သေပြပါသနည်း။

**ဆုတောင်းချက်**- အဘဘုရား၊ ယေရှုသည် အကျွန်ုပ်၏ကယ်တင်ရှင်ဖြစ်တော်မူ၍ ထာဝရအသက်ပိုင်ဆိုင်သောကြောင့် ကိုယ်တော့်ကိုကျေးဇူးတင်ပါ၏။

စနေ၊ အောက်တိုဘာ (၁၇)

**မသဲ ၈း၁-၁၃**

ဆာလံ ၉၀း၁-၆

*သူသည် ဘုရားသခင်၏ဇာတိအဖြစ်တော်၏*
*ပုံသဏ္ဍာန်ဖြစ်တော်မူ၏*

# ယေရှု၏တန်ခိုးတော်ထင်ရှားခြင်း

မိမိသည် ဘုရားအမှန်ဖြစ်ကြောင်း ဖော်ပြတော်မူသောခရစ်တော် ဤလောက၌ပြုခဲ့သော အမှုတော်အကြောင်းကို ကျွန်ုပ်တော်တို့ဆက်လက်ဆင်ခြင်လေ့လာကြပါစို့။ သမ္မာကျမ်းစာသမိုင်း တစ်လျှောက်၌ ခရစ်တော် ဤလောက၌ကျင်လည်စဉ် အမှုတော်ဆောင်သောအချိန်၌ စာတန်သည် အလွန်တက်ကြွစွာ ပေါ်ပေါ်ထင်ထင်လှုပ်ရှားခဲ့ကြောင်း ကျမ်းတတ်ပုဂ္ဂိုလ်တို့ သဘောတူညီခဲ့ကြ၏။ ဂါဒရပြည်သို့ ယေရှုရောက်လာသောအခါ နတ်ဆိုးစွဲသောလူတစ်ဦးသည် ချဉ်းကပ်လာခဲ့၏။ ဤနတ်ဆိုးအပေါ်၌ ယေရှုတန်ခိုးအာဏာရှိတော်မူသည်သာမက လူတို့က သူသည် ဘုရားသခင်၏ သားတော်ဖြစ်ကြောင်း သိကြပြီး ကြောက်ရွံ့ခြင်းရှိကြ၏ (မာကု ၅း၉-၁၃)။ ရှင်မသဲထဲတွင် ဤအဖြစ် အပျက်ကိုပို၍ပြည့်စုံစွာဖော်ပြလျက် နတ်ဆိုးတို့သည် သခင်ယေရှုခရစ်တော်၏ စီရင်ခြင်းခံရကြ မည်ကို သိမှတ်ခဲ့ကြကြောင်း တွေ့ရပါသည် (မသဲ ၈း၂၉)။ ကပေနောင်မြို့ရှိ တရားစရပ်တွင် နတ်ဆိုးစွဲသောလူတစ်ဦးက ယေရှုကိုလာတွေ့ခဲ့၏။ ဤဝိညာဉ်ဆိုးကလည်း ဘုရားသခင်၏သန့်ရှင်း သောသူ ယေရှုသည် နတ်ဆိုးတို့အပေါ်၌ တန်ခိုးအာဏာရှိတော်မူ၍ သူတို့ကို ဖျက်ဆီးတော်မူနိုင် ကြောင်း သိမှတ်ပါ၏ (လုကာ ၄း၃၃-၃၄)။

အနာရောဂါအပေါ် ယေရှုတန်ခိုးအာဏာရှိတော်မူခြင်းကို များစွာတွေ့ရပါသည်။ ကုသ၍ မရသော ဆယ့်နှစ်နှစ်လုံးလုံး သွေးသွန်းရောဂါမိန်းမတစ်ဦးသည် သခင်ယေရှု၏အဝတ်ကိုထိရုံမျှ ဖြင့် အနာငြိမ်းခြင်းခံရခဲ့ပါသည် (မာကု ၅း၂၅-၃၄)။ နူနာရောဂါသည် အလွန်ရွံ့စရာကြောက်စရာ ကောင်းသော ရောဂါဖြစ်ပါသည်။ ဤရောဂါခံစားရသောသူသည် ဖြည်းဖြည်းချင်းသေခြင်းကို ခံရကြ သည်သာမက အသက်ရှင်စဉ် မိသားစုနှင့်လူတို့၏ငြင်းပယ်ခြင်းကို ခံရကြ၏။ ထိုကာလ၌ကုသ၍ မရသောရောဂါဖြစ်သော်လည်း ယေရှုကနူနာစွဲသောသူတို့ကို အနာငြိမ်းစေခဲ့ပါသည် (မသဲ ၈း၁-၄)။

ခရစ်တော်၏အနာရောဂါငြိမ်းစေခြင်းအမှုတော်၌ ကျွန်ုပ်တော်တို့အချက်နှစ်ချက် မှတ်သားဖို့ လိုအပ်ပါသည်။ ပထမအချက်မှုကား ယေရှုသည် မိမိ၏တန်ခိုးအားဖြင့် အနာကိုငြိမ်းစေတော်မူ၏။ သူသည် ဘုရားဖြစ်တော်မူသောကြောင့် အဘယ်သူ၏အကူအညီ၊ မစခြင်းမျှမလိုအပ်ပါ။ ဒုတိယ အချက်မှုကား မိမိထံလာသောသူအပေါင်းတို့ကို မိမိ၏အလိုတော်အတိုင်း အနာငြိမ်းစေတော်မူခဲ့၏ (မသဲ ၁၂း၁၅)။ ဤအနာရောဂါငြိမ်းခြင်းသည် သူတို့၏ယုံကြည်ခြင်း၌မတည်မှီပါ။ သူတို့ချဉ်းကပ်လာ သော အနန္တတန်ခိုးရှင်ဘုရားသခင်၏တန်ခိုး၌သာ တည်ပါသည်။

**ဆင်ခြင်ရန်** - သခင်ယေရှု၏အနာရောဂါငြိမ်းစေခြင်းအမှုတော်က အဘယ်သက်သေကိုပြပါ သနည်း။

**ဆုတောင်းချက်**- အဘဘုရား၊ ယေရှုအမှုတော်ဆောင်စဉ် အပြစ်သားတို့အပေါ် ထားရှိသော ကိုယ်တော်၏ချစ်ခြင်းမေတ္တာတော်ကြောင့် ကျေးဇူးတင်ပါ၏။

တနင်္ဂနွေ၊ အောက်တိုဘာ (၁၈)

**ယောဟန် ၉း၁၇-၃၈**

ဆာလံ ၉၅း၁-၇

*"ထိုနှုတ်ကပတ်တော်သည် ခပ်သိမ်းသော အရာတို့ကို ဖန်ဆင်းတော်မူ၏"*

## ခရစ်တော်၏ဘုရားဖြစ်ခြင်းလက္ခဏာများ

သခင်ယေရှုခရစ်တော်၏ဘုရားဖြစ်ခြင်းအကြောင်းကို ဆက်လက်ဆင်ခြင်လေ့လာသည့်အတိုင်း၊ သမ္မာကျမ်းစာက ဘုရားပြုတော်မူသောအမှုတို့ကို ခရစ်တော်ပြုသောအမှုဟု ဖော်ပြထားကြောင်း သတိပြုကြပါစို့။ ဖန်ဆင်းခြင်းသည် ဘုရားသခင်ပြုသောအမှုဖြစ်ပါသည်။ ထိုအံ့ဘွယ်ဖန်ဆင်းခြင်းအမှုကို သားတော်ဘုရားက ပြုတော်မူခဲ့၏ (ဟေဗြဲ၁း၁၀) ။ ဘုရားသခင်သည် အရာခပ်သိမ်းကိုဖန်ဆင်းသည် သာမက၊ ထိန်းသိမ်းစောင့်ရှောက်တော်မူ၏။ သဘာဝတရားစကြာဝဠာတခုလုံး လည်ပတ်မှုသမျှတို့သည် ဘုရားသခင်၏ ထိန်းသိမ်းကွယ်ကာမှုတန်ခိုးကြောင့်ဖြစ်ကြပါသည်။ ဤဘုရားပြုသောအမှုကို သားတော်ယေရှုခရစ်တော်ပြုသောအမှုဟု ဖော်ပြထားပါသည် (ဟေဗြဲ၁း၃၊ ကောလော ၁း၁၇)။

နောက်ဆုံး၌ လူအပေါင်းတို့သည် တရားသူကြီးဖြစ်တော်မူသော ဘုရားသခင်ရှေ့၌ရပ်ကြမည်ဖြစ်ကြောင်းကျွန်တော်တို့သိထားကြပါသည်။ ဤစီရင်ခြင်းအမှုကို ခရစ်တော်ပြုပါလိမ့်မည် (ယောဟန် ၅း၂၂) ။ သမ္မာကျမ်းစာထဲတွင် ယေရှုခရစ်တော်အား ဘုရားအဖြစ်ဝတ်ပြုကိုးကွယ်ခဲ့ကြောင်းတွေ့ရပါသည်။ သူသည် ဘုရားဖြစ်တော်မူသောကြောင့် မိမိခံထိုက်သော ထိုဝတ်ပြုကိုးကွယ်မှုကို လက်ခံခဲ့ပါသည်။ နူနာအနာငြိမ်းစေခြင်း အမှု၌၊ ထိုရောဂါခံစားနေသောသူသည် လာ၍ ယေရှုကိုပြက်ဝပ်ကိုးကွယ်ခဲ့ပါသည်။ သခင်ယေရှုက ထိုကိုးကွယ်မှုကို လက်ခံ၍ထိုသူကို ကျန်းမာစေခဲ့ပါသည် (မသဲ ၈း၁-၃)။

ရှင်ယောဟန်ခရစ်ကျမ်းထဲတွင် မွေးရာပါမျက်ကန်းအကြောင်းကို တွေ့ရပါသည်။ ယနေ့ဆေးပညာတိုးတက်သောကာလ၌ပင်။ မွေးရာပါမျက်ကန်းမျက်စိအမြင်ပြန်ရအောင် မလုပ်နိုင်ကြပါ။ ထိုသူကို ယေရှုကျန်းမာစေသောအခါ၊ ယုဒဘာသာရေးခေါင်းဆောင်တို့သည် အမျက်ထွက်၍ တရားစရပ်မှ နှင်ထုတ်ခဲ့ကြ၏။ မိမိအားဝတ်ပြုကိုးကွယ်သော ထိုသူထံယေရှုလာခဲ့ပြီး၊ ထိုသူက ယေရှုသည် အမှန်ဘုရားဖြစ်သည်ကို သိမှတ်ခဲ့ပါသည် (ယောဟန် ၉း၃၂-၃၈)။

မိမိ၏တပည့်တော်နှင့်နောက်လိုက်များတို့က သခင်ယေရှုကို ဝတ်ပြုကိုးကွယ်ခဲ့ကြ၏။ မှတ်သားဖွယ်နှစ်ကြိမ်ဟူမူကား၊ မုန်တိုင်းကို ယေရှုငြိမ်သက်စေတော်မူသောအချိန်နှင့် ရှင်ပြန်ထမြောက်ပြီးမှ မိန်းမတို့က သခင်ယေရှုကိုသိမှတ်၍၊ ဝတ်ပြုကြသောအချိန်တို့ဖြစ်ပါသည် (မသဲ ၄း၃၃၊ ၂၈း၉)။

အရေးကြီးသောအချက်ဟူမူကား၊ ခရစ်တော်က ထိုဝတ်ပြုကိုးကွယ်မှုကို လက်ခံခြင်းပေတည်း။ ဘုရားသခင်သာ ခံထိုက်သောဝတ်ပြုကိုးကွယ်ခြင်းကို ခရစ်တော်လက်ခံခြင်းအားဖြင့် မိမိသည် ဘုရားသခင်ဖြစ်တော်မူကြောင်းဖော်ထုတ်ခြင်းဖြစ်ပါသည် (မသဲ ၄း၁၀)။

**ဆင်ခြင်ရန်** - ဝတ်ပြုကိုးကွယ်မှုခရစ်တော်လက်ခံခြင်းသည် အဘယ်အရာ၌အရေးပါသနည်း။

**ဆုတောင်းချက်**- အဘဘုရား၊ အကျွန်ုပ်ကို ကယ်တင်ခြင်းငှါ မိမိ၏ကောင်းကင်ဘုံရှိ ဘုန်းအသရေစည်းစိမ်ကို ထားခဲ့တော်မူသော ယေရှုကြောင့် ကိုယ်တော့်ကိုကျေးဇူးတင်ပါ၏။

တနင်္လာ၊ အောက်တိုဘာ (၁၉)

**လုကာ ၂း၈-၂၀**
ဟေရှာ ၉း၆-၇

*"ကြည့်ရှုလော့။ သတို့သမီးကညာသည် ပဋိသန္ဓေစွဲယူ၍"*

## သိုးထိန်းများ

ဘုရားသခင်၏ထာဝရသားတော်ယေရှုခရစ်တော်သည် မိန်းမအမျိုးမှ မွေးဖွားလာခဲ့ပါသည်။ လူသည် လူသားစစ်စစ်ဖြစ်သော်လည်း ဘုရားစစ်စစ်လည်းဖြစ်တော်မူ၏။ ဤသည်ကား ဘုရားသခင်၏ အံ့ဘွယ်ကျေးဇူးတော်ပေတည်း။ ယခုအခါ ဤလောက၌ ကျင်လည်စဉ်ဘဝဖြစ်သော ခရစ်တော်၏အသက်တာကို ကျွန်တော်တို့ဆက်လက်ဆင်ခြင် လေ့လာကြပါစို့။ လူသားတို့ကယ်တင်ခြင်းအတွက် ဘုရားသခင်၏အစီအစဉ် တစ်ခုပြီးတစ်ခု ပြည့်စုံစေတော်မူခြင်းကို လေ့လာကြပါစို့။ ရှေးဦးစွာ အမှုတော်မဆောင်ရွက်မီ သခင်ယေရှု၏ဘဝကို ဆင်ခြင်လေ့လာကြရပါမည်။

သခင်ယေရှုဘဝအသက်တာကို ကြည့်လျှင် များစွာသောပရောဖက်ပြုချက်များ အံ့ဘွယ်ပြည့်စုံခြင်းကို မြင်တွေ့ရမည်ဖြစ်ပါသည်။ သမ္မာကျမ်းစာက ကယ်တင်ရှင်သည် ယုဒပြည်ဗက်လင်မြို့၌ဖွားမြင်မည်ကို ကြိုတင်ဖော်ပြခဲ့ပါသည်။ အမှန်ပင် ထိုအရပ်သည် ယေရှုမွေးဖွားရာနေရာဖြစ်ခဲ့ပါသည် (မိက္ခာ ၅း၂၊ မသဲ ၂း၁)။

ကောင်းကင်တမန်သည် သိုးထိန်းတို့ထံ ပေါ်ထွန်း၍ယေရှုမွေးဖွားခြင်းသတင်းကို ကြေငြာခဲ့ပါသည်။ ထို့နောက် ကောင်းကင်ဗိုလ်ခြေအပေါင်းတို့သည် ကောင်းကင်တမန်နှင့်အတူ ဘုရားသခင်၏ဘုန်းတော်ကို ချီးမွမ်းလျက် သီချင်းသီဆိုခဲ့ကြပါသည် (လုကာ ၂း၈-၁၄)။

ဤအံ့ဩစရာကောင်းလှသောသတင်းကို ကြား၍ အံ့ဩခြင်းရှိကြသောသိုးထိန်းတို့သည် ထိုအံ့ဘွယ်အဖြစ်အပျက်ကို ကိုယ်တိုင်သွားကြည့်ကြခြင်းငှါ ဆုံးဖြတ်ခဲ့ကြ၏။ သူတို့သည် ဗက်လင်မြို့သို့ရောက်ပြီး သူငယ်ခရစ်တော်ကို မာရိနှင့်ယောသပ်တို့နှင့်တကွ ဖူးတွေ့ကြပြီး ဝတ်ပြုကိုးကွယ်ခဲ့ကြ၏။ ထို့နောက် မေရှိယကိုစေလွှတ်တော်မူခြင်းဖြင့် မိမိ၏ကတိတော်ကို ပြည့်စုံစေတော်မူသော ဘုရားသခင်အား ချီးမွမ်းလျက် သူတို့၏သိုးများရှိရာသို့ ပြန်သွားခဲ့ကြ၏။ လမ်းတစ်လျှောက်၌ ထိုအဖြစ်အပျက်ကို လူတိုင်းထံဟောပြောခဲ့ကြ၏ (လုကာ ၂း၁၅-၂၀)။

ဤအဖြစ်အပျက်မြင်ကွင်းကို ပြန်လည်ဆင်ခြင်ခြင်းအားဖြင့် ခရစ်ယာန်တိုင်း၏ စိတ်နှလုံးထဲ၌ နိုးဆော်မှုတစ်စုံတစ်ရာဖြစ်ပျက်ပါစေသော်။ သိုးထိန်းတို့သည် ကောင်းကင်တမန်၏သတင်းစကားကို ယုံကြည်ခဲ့ကြ၏။ သူငယ်ခရစ်တော်ကို မြင်တွေ့ခဲ့ကြပြီးမှ ထိုအကြောင်းကိုလူတိုင်းထံ ပြောကြားခဲ့ကြကြောင်း သမ္မာကျမ်းစာ၌ဖော်ပြထားပါသည်။ သူတို့သည် ပညာတတ်မဟုတ်ကြသော်လည်း ထိုကယ်တင်ခြင်းသတင်းကောင်းကို ဟောပြောခဲ့ကြ၏။ ကျွန်တော်တို့သည်လည်း ဤသတင်းကောင်းကို အလေးအမြတ်ထား၍ ပျောက်ဆုံးသောသူတို့ထံ ဟောပြောကြရပါမည်။

**ဆင်ခြင်ရန်** - သိုးထိန်းတို့သည် သတင်းကောင်းဟောပြောခြင်းငှါ အရည်အချင်းပြည့်မှီကြပါသလား။

**ဆုတောင်းချက်**- အဘဘုရား၊ ခရစ်တော်နှင့်ဆုံတွေ့ခွင့်ရ၍ အကျွန်ုပ်အသက်တာပြောင်းလဲခြင်းသို့ ရောက်သောကြောင့် ကိုယ်တော့်ကိုကျေးဇူးတင်ပါ၏။

အဂၤါ၊ ေအာက္တိုဘာ (၂၀)

**လုကာ ၂း၂၂-၃၈**

ကမၻာ ၁၇း၉-၁၄ *“ေယ႐ႈဟူေသာအမည္ျဖင့္မွည့္ရမည္”*

---

## ဗိမာန္ေတာ္၌သူငယ္ေတာ္ခရစ္ေတာ္

ေယ႐ႈသည္ ရွစ္ရက္ေျမာက္ေသာအခါ အာျဗဟံထံဘုရားသခင္ျပဳေတာ္မူေသာ ပဋိညာဥ္အတိုင်း အေရဖ်ားလွီးျခင္းမဂၤလာကို ခံခဲ့ပါသည္ (ကမၻာ ၁၇း၉-၁၂)။ ထိုအခ်ိန္မွစ၍ ေယ႐ႈဟူေသာအမည္ကို တရား၀င္မွည့္ေခၚခဲ့ၾက၏ (လုကာ ၂း၂၁)။

သူငယ္ခရစ္ေတာ္အေရးဖ်ားလွီးျခင္းခံၿပီးေနာက္ ရက္ေပါင္း ၃၃ ရက္ေျမာက္တြင္ မာရိႏွင့္ ေယာသပ္က သူ႔ကိုဗိမာန္ေတာ္သို႔ေခၚခဲ့ၾက၏။ ပညတ္ေတာ္တရားအတိုင္း ဘုရားသခင္ထံဆက္ကပ္ ခဲ့ၾက၏ (ထြက္ ၁၃း၂)။ ထိုအခ်ိန္၌ မိခင္သစ္ ပညတ္တရားအတိုင္း မာရိသည္ ယဇ္ပူေဇာ္ျခင္းကို ျပဳခဲ့ပါသည္။ သူျပဳေသာယဇ္ပူေဇာ္ျခင္းကို ၾကည့္ျခင္းျဖင့္ သူတို႔သည္ ဆင္းရဲေသာသူျဖစ္ေၾကာင္း သိႏိုင္ပါသည္။ သိုးကိုမတတ္ႏိုင္ေသာ ဆင္းရဲေသာသူတို႔သည္ ခ်ိဳးႏွစ္ေကာင္(သို႔)ခိုႏွစ္ေကာင္ကို ပူေဇာ္တတ္ၾက၏ (၀တ္၁ ၂း၈)။ ထို႔ေၾကာင့္ ဘုန္းအသေရရွိေတာ္မူေသာဘုရားသခင္ ေယ႐ႈခရစ္ေတာ္ သည္ အလြန္ဆင္းရဲေသာမိသားစု၌ ကၽြန္ေတာ္တို႔ျမင္ေတြ႕ခဲ့ရၾက၏။ “သခင္ေယ႐ႈခရစ္ေတာ္သည္ စည္းစိမ္ရွိေသာ္လည္း . . . ဆင္းရဲျခင္းကိုခံေတာ္မူ” (၂ ေကာ ၈း၉) ၏ဟူေသာ က်မ္းခ်က္ကို ကၽြန္ုပ္တို႔အား အမွတ္ရေစခဲ့ပါသည္။

ဗိမာန္ေတာ္၌ ေယ႐ႈအားရွိေမာင္အမည္ရွိေသာ ပုဂၢိဳလ္ထံသို႔ေခၚေဆာင္ခဲ့ၾက၏။ ထိုသူ သည္ ေမရွိယၾကြလာေတာ္မူမည္ကို ေမွ်ာ္လင့္လ်က္ဘုရားေရွ႕၌ သန္႔ရွင္းေသာအသက္တာျဖင့္ အသက္ရွင္ခဲ့ေသာသူျဖစ္ပါသည္။ ထိုဂတိေတာ္ႏွင့္ဆိုင္ေသာကယ္တင္ရွင္မျမင္ရမခ်င္း ေသမည္ မဟုတ္ဟု သန္႔ရွင္းေသာ၀ိညာဥ္ေတာ္၏ ဂတိေပးေတာ္မူျခင္းကို ခံရေသာသူလည္းျဖစ္၏။ သူငယ္ ေယ႐ႈကို ျမင္ေတြ႕ေသာအခါ လက္ျဖင့္ခ်ီ၍ သူသည္ေမရွိယျဖစ္ေၾကာင္း ေႂကြးေၾကာ္ခဲ့ပါသည္။ ေဟရွာ ယ၏ပေရာဖက္ျပဳခ်က္ကို ကိုးကား၍ ခရစ္ေတာ္သည္ တစ္ပါးလူမ်ိဳးတို႔ထံ ကယ္တင္ျခင္းယူေဆာင္ ေပးမည္ဟု ေဟာခဲ့ပါသည္။ ထို႔ျပင္ ေယ႐ႈကားတိုင္ေပၚ၌ တင္သတ္ျခင္းခံရျခင္းကို ျမင္၍ မာရိခံရ မည့္နာက်င္ျခင္းေ၀ဒနာကိုလည္း ႀကိဳတင္ေဟာေျပာခဲ့ပါသည္ (ေဟရွာ ၄၂း၆၊ လုကာ ၂း၃၄-၃၅)။ သစၥာရွိေသာသူတို႔၌ စာရင္း၀င္ေသာအျခားပုဂၢိဳလ္တစ္ဦးမွာကား မုဆိုးမအႏၷျဖစ္ပါသည္။ သူ သည္လည္း ေယ႐ႈကိုျမင္ေတြ႕ရေသာအခါ ဘုရားသခင္အားခ်ီးမြမ္းခဲ့ပါသည္။ က်န္ရွိေသာမိမိ၏ဘ၀ အခ်ိန္တစ္ခုလုံးကို ဗိမာန္ေတာ္တို႔လာၾကေသာသူတို႔ထံ ေယ႐ႈသည္ ခရစ္ေတာ္ျဖစ္ေတာ္မူေၾကာင္း ေဟာေျပာျခင္းျဖင့္ အသုံးျပဳခဲ့ပါသည္ (လုကာ ၂း၃၆-၃၈)။

ခရစ္ေတာ္ေမြးဖြားျခင္းသတင္းကို လူအနည္းငယ္ကသာ ၾကားသိခဲ့ၾက၏။ ထိုအထဲမွ သစၥာ ရွိေသာသူအခ်ိဳ႕က ထိုသတင္းကိုေဟာေျပာေႂကြးေၾကာ္ခဲ့ၾကပါသည္။ ဘုရားသခင္အတြက္ အသက္ရွင္၍ ကိုယ္ေတာ္ၾကြလာေတာ္မူမည့္အခ်ိန္ကို ေစာင့္ေမွ်ာ္ေသာလူအနည္းစု၊ သစၥာရွိေသာသူအခ်ိဳ႕ထဲ၌ ကၽြန္ေတာ္တို႔ပါ၀င္ၾကပါသလား။

**ဆင္ျခင္ရန္** - မာရိႏွင့္ေယာသပ္သည္ ေယ႐ႈကိုအဘယ္ေၾကာင့္ ဗိမာန္ေတာ္သို႔ ေခၚေဆာင္ၾက ပါသနည္း။

**ဆုေတာင္းခ်က္**- အဘဘုရား၊ ေယ႐ႈႏွင့္အတူ သြားလာအသက္ရွင္ျခင္း၏ ေပ်ာ္႐ႊင္၀မ္းေျမာက္ ျခင္းေက်းဇူးေၾကာင့္ ေက်းဇူးတင္ပါ၏။

ဗုဒ္ဓဟူး၊ အောက်တိုဘာ (၂၁)

**မသဲ ၂း၁-၁၂**

ဒံ ၁း၁-၅

*"သူသည်ကြီးမြတ်သောသူဖြစ်လိမ့်မည်"*

# အရှေ့ပြည်မှပညာရှိများ

ယေရှုမွေးဖွားပြီး ရက်အနည်းငယ်ကြာပြီးမှ အရှေ့ပြည်မှပညာရှိတို့သည် ယေရှုကိုဝတ်ပြုကိုးကွယ်ခြင်းငှါ လာခဲ့ကြကြောင်း သမ္မာကျမ်းစာက ဖော်ပြထားပါသည်။ ဤပညာရှိတို့၏အကြောင်းကို ကျွန်တော်တို့များများမသိကြပါ။ သမ္မာကျမ်းစာမှသိနိုင်သောအချက်ဟူမူကား သူတို့သည် ကြွယ်ကြည့်တတ်သောသူ၊ ဆေးပညာနှင့်အခြားသိပ္ပံအတတ်ကို တတ်မြောက်သောတစ်ပါးအမျိုးသားဖြစ်ကြမည်ဟု ထင်ရပါသည်။ (ထိုသို့သောပညာရှိတို့ထံ၌ ဗာဗုလုန်မြို့၌အဖမ်းခံရစဉ် ဒံယေလပညာသင်ကြားခဲ့ဖူးပါသည်)။ သူတို့သည် ကြွယ်ကြည့်တတ်သောသူဖြစ်ကြသောကြောင့် ပေါ်ထွန်းလာမည့်ရှင်ဘုရင်ရှိကြောင်း သိကြသဖြင့် သခင်မွေးဖွားရာအရပ်တိုင်အောင် ထိုကြယ်ကိုလိုက်ခဲ့ကြကြောင်း သိရပါသည်။ ဟေရုဒ်မင်းကြီးကိုရှောင်ရှားခြင်းငှါ အိပ်မက်ထဲ၌သတိပေးတော်မူသော ဘုရားသခင်၏စကားကိုနာခံလျက် အခြားလမ်းဖြင့်ပြန်သွားခဲ့ကြ၏ (မသဲ ၂း၁၂)။

ဤပညာရှိတို့၏အကြောင်းကို ကျွန်တော်တို့အနည်းကျဉ်းသာသိကြ၏။ သို့သော်လည်း ထိုသူတို့သည် ကယ်တင်ရှင်ကြွလာတော်မူစဉ်အချိန်၌ အနည်းငယ်သာရှိခဲ့ကြသော ဘုရားသခင်ထံသစ္စာရှိသောသူနှင့် ဘုရားသခင်ကိုချစ်သောသူတို့၌ ပါဝင်ကြပါသည်။ ရှိမောင်နှင့်အန္နတို့သည် အခြားသောသူများအမှုကိစ္စအမျိုးမျိုးဆောင်ရွက်စဉ် ဗိမာန်တော်၌သစ္စာရှိစွာစောင့်နေခဲ့ကြကြောင်း သိမှတ်ပါလော့။ ဤပညာရှိတို့သည် မိမိလူမျိုးတို့တွင် ယုံကြည်သောသူအနည်းစုဖြစ်ကြကြောင်း သိမှတ်ရပါသည်။ သစ္စာရှိသောဒံယေလအကြောင်းကို အမှတ်ရစေပါ၏။ သူသည်မိသားစု၊ အိမ်နှင့်အနာဂတ်တို့ ပျောက်ဆုံးခဲ့သော်လည်း ဤလောကီအရာတို့နှင့် မိမိကိုယ်ကို မညစ်ညူးစေခြင်းငှါ ဆုံးဖြတ်ချက်ချခဲ့ပါသည် (ဒံ ၁း၈)။ ထိုနည်းတူ အချို့သောသစ္စာရှိသောသူတို့သည် သူငယ်တော်ယေရှုခရစ်တော်ကို ဖူးမြော်မြင်တွေ့ခွင့်ရခဲ့ကြ၏။

ယနေ့ ခရစ်ယာန်တို့သည်လည်း ဘုရားသခင်၏အမှုကို အလေးမထားသောလောကီလူတို့အကြား၌ အထီးကျန်မှုကို ခံစားတတ်ကြ၏။ သို့သော်လည်း အထက်ကလူတို့ထက် ကျွန်တော်တို့သည် ပို၍အထီးကျန်ကြမည်မဟုတ်ပါ။ ဤရှေးအခါက သစ္စာရှိသောပုဂ္ဂိုလ်များကဲ့သို့ ဘုရားသခင်ကြွလာတော်မူသောအခါ သစ္စာရှိစွာစောင့်နေလျက် မြင်တွေ့ပါစေသော်။

**ဆင်ခြင်ရန်** - ပညာရှိတို့လာရောက်ခြင်းက ဘယ်အရာကိုပြပါသနည်း။

**ဆုတောင်းချက်**- ကောင်းကင်ဘုံရှိအဘ၊ အနည်းငယ်သောသစ္စာရှိသူတို့တွင် ကျွန်တော်ပါဝင်လိုပါ၏။

ကြာသပတေး၊ အောက်တိုဘာ (၂၂)

**မသဲ ၂း၁၃-၁၈**

ဆာလံ ၄၈း၁-၁၀ *"အမြင့်ဆုံးသောဘုရား၏သားတော်"*

## အဲဂုတ္တုပြည်သို့ရှောင်တိမ်းခြင်း

ကယ်တင်ရှင်ကိုစောင့်မျှော်လျက် သူငယ်ခရစ်တော်မွေးဖွားလာသောအခါ သိမှတ်ခြင်းရှိကြသော သစ္စာရှိသောလူအချို့အကြောင်းဖြင့် ကျွန်တော်တို့ခွန်အားရခဲ့ကြပါလိမ့်မည်။ သို့သော်လည်း ရန်သူစာတန်က မေရှိယကြွလာပြီး ပြုမည့်အမှုတော်အားဖြင့် မိမိအားထာဝရကျဆုံးစေမည်ကို သိခဲ့ပါသည်။ ထိုဘုရားသခင်၏အစီအစဉ်ကို ဖျက်ဆီးခြင်းငှါစာတန်သည် ဟေရုဒ်ကိုအသုံးပြု၍ သူငယ်ယေရှုရှိသောနေရာကို ပညာရှိတို့ထံမှသိရှိရန် ကြိုးစားခဲ့ပါသည် (မသဲ ၂း၁၂)။

များစွာသောရှင်ဘုရင်များကဲ့သို့ပင် ဟေရုဒ်သည် မိမိ၏အာဏာကိုထိခိုက်နိုင်မည့်အကြောင်း၌ အလွန်အာရုံစူးစိုက်ခဲ့ပါသည်။ ထိုစိုးရိမ်စိတ်ကို စာတန်သည်အသုံးပြု၍ သူငယ်ယေရှုကို သတ်ခြင်းငှါ ကြိုးစားခဲ့ပါသည်။ ပညာရှိတို့သည် အခြားလမ်းဖြင့်မိမိတို့ပြည်သို့ ပြန်သွားခဲ့ကြသောကြောင့် ဟေရုဒ်သည် ဗက္ကလေဟမ်မှ ဝေးလံသောနေရာကို... 

ဟေရုဒ်သည် ဗက္ကလေဟမ်ရှိနှစ်နှစ်အောက် ကလေးငယ်ယောကျာ်းအပေါင်းကို သတ်ခြင်းငှါ အမိန့်ထုတ်ခဲ့ပါသည် (မသဲ ၂း၁၆)။ ထို့ကြောင့် ကောင်းကင်တမန်က မာရိနှင့်ယောသပ်အား သူငယ်လွတ်မြောက်ခြင်းအတွက် အဲဂုတ္တုပြည်သို့ထွက်သွားရန် သတိပေးခဲ့ပါသည် (မသဲ ၂း၁၃-၁၄)။ ကလေးယောကျာ်းများသတ်ခြင်းငှါ ဟေရုဒ်အမိန့်ထုတ်ခြင်းက ဓမ္မဟောင်းပရောဖက်ပြုချက်ကို စုံလင်စေခဲ့ပါသည် (မသဲ ၂း၁၇-၁၈၊ ယေရမိ ၃၁း၁၅)။ သူငယ်နှင့်အတူ မာရိနှင့်ယောသပ်သည် အဲဂုတ္တုပြည်သို့ထွက်သွားခဲ့ပြီး ဟေရုဒ်သေသည်အထိ နေခဲ့ကြ၏။ ဤသည်လည်း ဓမ္မဟောင်းပရောဖက်ပြုချက်စုံလင်ခြင်းပေတည်း (မသဲ ၂း၁၅၊ ဟောရှေ ၁၁း၁)။ ထို့ကြောင့် ခရစ်တော်၏ဘဝအစ၌ပင် မေရှိယနှင့်ပတ်သတ်၍ ပရောဖက်ပြုထားချက်များ စုံလင်လာကြသည်ကိုတွေ့ရပါသည်။

ကလေးငယ်များ ရက်စက်စွာသတ်ဖြတ်ခြင်းပြီးနောက် များမကြာမီဟေရုဒ်သည် သေခဲ့၏။ ထိုအခါ ဘုရားသခင်၏ကောင်းကင်တမန်က ယောသပ်အားဣသရေလပြည်သို့ပြန်သွားရန် လုံခြုံပြီဖြစ်ကြောင်း အသိပေးခဲ့ပါသည်။ ထိုသို့ပြန်သွားကြစဉ် ဟေရုဒ်၏သားသည် ရှင်ဘုရင်ဖြစ်ကြောင်းသိကြသဖြင့် ဂါလိလဲပြည်သို့သွား၍ နာဇရက်မြို့၌နေထိုင်ခဲ့ကြ၏။ ဤအချက်သည်လည်း ခရစ်တော်နှင့်ပတ်သတ်သော ပရောဖက်ပြုချက်ပြည့်စုံခြင်းဖြစ်ပါသည် (မသဲ ၂း၁၉-၂၃)။

ဘုရားသခင်၏ဂတိတော်မှန်ကန်မှု သစ္စာရှိသောသူဖြစ်တော်မူခြင်းကို တွေ့ရပါသည်။ ကျွန်ုပ်တို့၏ယုံကြည်ခြင်းနှင့်ကယ်တင်ခြင်းသည် ဘုရားသခင်၏ထာဝရနှုတ်ကပတ်တော်၌ အခြေခံခြင်းဖြစ်ပါသည်။

**ဆင်ခြင်ရန်** - သူငယ်ခရစ်တော်ကို စာတန်သည်အဘယ့်ကြောင့် ဖျက်ဆီးလိုခဲ့ပါသနည်း။

**ဆုတောင်းချက်**- အဘဘုရား၊ ကိုယ်တော်၏ဂတိတော်အပေါင်းတို့သည် ထာဝရတည်တော်မူကြ၏။

သောကြာ၊ အောက်တိုဘာ (၂၃)

**လုကာ ၂း၄၁-၅၂**

ထွက် ၂၃း၁၄-၁၇ *“နာမတော်မူကား အံ့ဩဘွယ် . . . ”*

## ဗိမာန်တော်၌ယေရှု

အဲဂုတ္တုပြည်သို့ရှောင်တိမ်းသောအချိန်မှ ယေရှုအသက် ၁၂ နှစ်အထိ ကယ်တင်ရှင်၏လုပ်ရှားမှုကို များများမသိခဲ့ရပါ။ သမ္မာကျမ်းစာက သူငယ်သည်ကြီးပွား၍ဉာဏ်ပညာသတ္တိနှင့်ပြည့်စုံ၏ဟု ဖော်ပြထားပါသည် (လုကာ ၂း၄၀)။ ဤအချက်အပြင် ကျွန်တော်တို့ဘာမှမသိရပါ။

ပဿခါပွဲဆင်နွှဲတိုင်း မာရိနှင့်ယောသပ်တို့သည် ဗိမာန်တော်တို့သွားရောက်တတ်ကြ၏။ ယောကျာ်းတို့သည် ဗိမာန်တော်သို့မဖြစ်မနေသွားရမည်ဖြစ်သော်လည်း မိန်းမတို့မူကား ထိုသို့မဟုတ်ပါ။ ယေရုရှလင်မြို့သို့သွားခြင်းသည် ဝေးလံသောခရီးကိုနှင်၍ ပင်ပန်းသောခရီး၊ အကုန်အကျများသော ခရီးဖြစ်ပြီး မာရိနှင့်ယောသပ်တို့သည် ဆင်းရဲကြသော်လည်း အမြဲတမ်းသွားရောက်ခဲ့ကြ၏ (လုကာ ၂း၄၁)။

ယောသပ်နှင့်မာရိသည် ဆွေမျိုး၊ မိတ်ဆွေတစ်စုနှင့် အိမ်အပြန်ခရီး၌ ယေရှုအတူပါသည်ဟု ထင်မှတ်ခဲ့ကြ၏။ တစ်ရက်ခရီးနှင်ပြီးမှ ယေရှုသည်သူတို့အုပ်စုနှင့်မပါလာကြောင်း သိမှတ်ခဲ့ကြ၏။ ထို့ကြောင့် ပြန်သွားလျက်ယေရှုကို ရှာဖွေခဲ့ကြပါသည် (လုကာ ၂း၄၂-၄၅)။

သုံးရက်လိုက်ရှာကြပြီးမှ ဗိမာန်တော်၌ ယုဒဘာသာကျမ်းတတ်ပုဂ္ဂိုလ်တို့နှင့် ကျမ်းစာဆွေးနွေးနေကြသည်ကို သွားတွေ့ခဲ့ကြ၏။ ဤသူငယ်၏သမ္မာကျမ်းစာသိကျွမ်းမှုကြောင့် လူတို့သည် အံ့ဩခြင်းရှိခဲ့ကြပါသည် (လုကာ ၂း၄၆-၄၇)။

မိခင်၏မေးမြန်းခြင်းခံရသောအခါ ခမည်းတော်ဘုရားပြင်ဆင်တော်မူသောအမှုကို စုံလင်စေရမည်ဖြစ်ကြောင်း ပြန်ဖြေခဲ့ပါသည် (လုကာ ၂း၄၈-၄၉)။ မာရိနှင့်ယောသပ်သည် ယေရှု၏အဖြေကို နားမလည်ကြပါ။ သို့သော်လည်း ယေရှုသည် သူတို့နှင့်အတူပြန်လိုက်ခဲ့ပြီး နာခံခြင်းရှိလျက် ခမည်းတော်ဘုရားရှေ့နှင့် လူရှေ့၌ ကောင်းမွန်စွာကြီးပြင်းခဲ့ပါသည် (လုကာ ၂း၅၁-၅၂)။

သားသမီးတို့သည် မိဘစကားကိုနာခံရမည်အကြောင်း တွေ့ရပါသည်။ မာရိနှင့်ယောသပ်သည် အမှန်မှာ မိမိ၏မိဘမဖြစ်သော်လည်း သူတို့ကယေရှုကိုနားလည်သဘောမပေါက်ခဲ့ကြသော်လည်း ယေရှုသည် သူတို့၏စကားကို နာခံမှုရှိပါသည်။ သားသမီးတို့သည် မိဘစကားကိုနာခံကြရမည်ဖြစ်ပါသည်။ ဤသည်ကား ခရစ်တော်ပြသထားသော သာဓကပေတည်း။

**ဆင်ခြင်ရန်** - ယနေ့ဖတ်ရသောကျမ်းချက်မှ အဘယ်သင်ခန်းစာသင်ယူပါသနည်း။

**ဆုတောင်းချက်**- အဘဘုရား၊ ယေရှုပြသထားသောအသက်တာကို လိုက်လျှောက်ခြင်းငှါ မစတော်မူပါ။

စနေ၊ အောက်တိုဘာ (၂၄)

**လုကာ ၁း၅-၁၇**

မာလခိ ၄း၅-၆

*“. . . တိုင်ပင်ဘက်. . . ”*

## တိတ်ဆိတ်ခြင်းကာလနှစ်ပေါင်း ၄၀၀ ကျော်ပြီးဆုံးခြင်း

နောက်ဆုံးသောပရောဖက်က ဣသရေလထံဘုရားသခင်၏ နှုတ်ကပတ်တော်ဟောပြောသောအချိန်မှ ယခုအခါ နှစ်ပေါင်း ၄၀၀ ကြာခဲ့ပြီဖြစ်ပါသည်။ ဘုရားသခင်၏လူတို့သည် ဤလောကီလူတို့ကဲ့သို့ ဆိုးသွမ်းမိုက်မဲခြင်းရှိလာခဲ့၏။ နောက်ဆုံးတွင် ယုဒလူတို့သည် ရုပ်တုကိုးကွယ်ခြင်းမှကင်းလွတ်ခဲ့ကြပြီး ဘုရားတရား၌ကိုင်းရှိုင်းလာကြပါသည်။ သို့သော်လည်း ဘာသာရေးဟန်ဆောင်မှုကြီးဖြစ်၍ ဖာရိရှဲ၊ ဇဒ္ဒုကဲနှင့်ကျမ်းပြုဆရာတို့သည် သူတို့တွင် အဓိကလူများဖြစ်လာကြ၏။ ဖာရိရှဲတို့သည် ပညတ်တရားကိုအထူးလိုက်လျှောက်ကြပြီး ဝါကြွားခြင်းရှိကြ၏။ ဇဒ္ဒုကဲတို့သည် လမ်းမှားသောသူဖြစ်၍ ကျမ်းစာသွန်သင်ချက်ဖြစ်သော နောင်ဘဝကို ငြင်းပယ်ကြ၏။ ကျမ်းပြုဆရာတို့သည် သမ္မာကျမ်းစာကိုနှစ်သက်သည်ဟု ဆိုကြသော်လည်း၊ ဘုရားသခင်၏နှုတ်ကပတ်တော်မဟုတ်သော၊ လူတို့၏ရေးသားသောကျမ်းတို့ကို အချိန်ကုန်လေ့လာခဲ့ကြ၏။ ပညတ္တိကျမ်း၌ ထပ်၍ပေါင်းထည့်ကြပြီး လူတို့မလိုက်လျှောက်နိုင်သော၊ ခဲယဉ်းသောပညတ်ဖြစ်လာခဲ့ပါသည်။

နေရာတကာ၌ ဆိုးသွမ်းမိုက်မဲမှုရှိသော်လည်း ဘုရားသခင်ထံသစ္စာရှိသောလူအချို့ ရှိခဲ့ကြ၏။ ဤပုဂ္ဂိုလ်တို့သည် ဓမ္မဟောင်းကျမ်းကို နှစ်သက်လေ့လာကြပြီး ဂတိတော်နှင့်ဆိုင်သော မေရှိယကို စောင့်မျှော်ခဲ့ကြပါသည်။ ထိုသူတို့အထဲတွင် ယဇ်ပုရောဟိတ်ဇာခရိနှင့် သူ၏ဇနီးဧလိရှဗက်တို့ပါဝင်ခဲ့ကြပါသည်။ ဇာခရိသည် သားအတွက်အနှစ်နှစ်ဆုတောင်းခဲ့ပါသည်။ သို့သော်လည်း အဖြေမရ။ ယခုအခါအသက်ကြီးပြီဖြစ်၍ မျှော်လင့်ချက်မရှိတော့ပေ။ သို့သော်လည်း ဗိမာန်တော်၌ ဘုရားသခင်၏ဝတ်ကို သစ္စာရှိစွာဆောင်ရွက်နေခဲ့ပါသည် (လုကာ ၁း၅-၁၀)။

ထိုသို့ဗိမာန်တော်၌ အမှုဆောင်ရွက်နေစဉ် ကောင်းကင်တမန်သည် ဇာခရိထံပေါ်ထွန်း၍ သူ၏ဆုတောင်းသံကို ဘုရားသခင်နားညောင်းလျက် သူ၏မိန်းမသည်သားယောကျာ်းမွေးမည်ဟု မိန့်တော်မူ၏။ ထိုသားကိုယောဟန်ဟုမှည့်ရမည်ဟုဆိုခဲ့ပါသည်။ သူသည် သန့်ရှင်းသောဝိညာဉ်တော် နှင့် မွေးစကပင်ပြည့်ဝ၍ လူများတို့ကိုဘုရားသခင်ထံခေါ်ဆောင်မည်ဟု မိန့်တော်မူ၏ (လုကာ ၁း၁၁-၁၇)။

ဇာခရိထံ ကောင်းကင်တမန်ပေါ်ထွန်းခြင်းက ဓမ္မဟောင်းနှင့်ဓမ္မသစ်အကြား နှစ်ပေါင်းများစွာတိတ်ဆိတ်မှုကို ပြီးဆုံးစေခဲ့ပါသည်။ ဇာခရိ၊ သူ့မိန်းမနှင့်သစ္စာရှိသောသူအချို့တို့သည် သူတို့ပတ်ဝန်းကျင်၌ရှိကြသော ဟန်ဆောင်သောသူနှင့် ဘုရားတရားမလိုက်စားသောသူတို့အကြား၌ အထီးကျန်စွာ နေခဲ့ကြလိမ့်မည်မှာ သံသယရှိစရာမလိုပါ။ သို့သော်လည်း ဘုရားသခင်သည် သစ္စာရှိတော်မူသည်ဖြစ်၍ မိမိနောက်လိုက်သောသူတို့ကို အစဉ်ကောင်းကြီးပေးတော်မူ၏။ ရှေးကနည်းတူ ယခုဖောက်ပြန်ပျက်ဆီးနေသောကာလတွင် ကျွန်တော်တို့လည်း သစ္စာရှိကြပါစို့။

**ဆင်ခြင်ရန်** - ဇာခရိအသက်တာမှ ကျွန်တော်ဘာသင်ယူရပါသနည်း။

**ဆုတောင်းချက်**- အဘဘုရား၊ အခြားသူတို့သည် ကိုယ်တော်ကိုစွန့်ပစ်ကြသော်လည်း ကျွန်တော်သည် သစ္စာရှိသောသူဖြစ်လိုပါ၏။

တနင်္ဂနွေ၊ အောက်တိုဘာ (၂၅)
**လုကာ ၁း၅၇-၆၆**
ဆာလံ ၉၉း၁-၅

*"... ထာဝရအဘ..."*

## မတ္တိဓံဆရာယောဟန်မွေးဖွားခြင်း

ယောဟန်မွေးဖွားသောအချိန်သည် ဝမ်းမြောက်စရာကောင်းသောအချိန်ဖြစ်ခဲ့၏။ ဤအသက်ကြီးသောလင်မယားတို့၌ သားဖွားမြင်လာမည်ဟု အဘယ်သူကမျှမျှော်လင့်မထားခဲ့ပါ (လုကာ ၁း၅၇-၅၈)။ ယုဒထုံးတမ်းအစဉ်အလာတစ်ခုမှာ မွေးဖွားပြီးမှ ရှစ်ရက်မြောက်သောနေ့ အရေး ဖျားလှီးခြင်းမင်္ဂလာခံသောအချိန်၌ အမည်မှည့်တတ်ကြ၏။ ထိုအချိန်တွင် ဆွေမျိုး၊ အိမ်နီးချင်းတို့ သည် စုဝေးလျက် ကလေးကို အဖေဇာခရိအမည်အတိုင်း မှည့်ခြင်းငှါ ဆိုကြ၏။ သို့သော်လည်း ဧလိရှာဘက်က သူ့သားကိုယောဟန်ဟုခေါ်ရမည်အကြောင်း ဆိုခဲ့ပါသည်။ ဇာခရိသည် အစဉ်ဘုရား သခင်၏ဂတိတော်ကို သံသယဝင်ခဲ့သောကြောင့် စကားမပြောနိုင်ဘဲရှိသည်ဖြစ်သောကြောင့် ဇာခရိ က ဗိမာန်တော်၌သူကြုံတွေ့ခဲ့သောအမှုများကို ဧလိရှာဘက်ထံ စာဖြင့်ရေးသားပေးခဲ့မည်ဟု ထင်ရပါ သည်။ သို့သော်လည်း ဆွေမျိုး၊ သူငယ်ချင်းတို့က သူတို့၏မိသားစု၌ ထိုသို့သောအမည်မရှိသော ကြောင့် ကန့်ကွက်ခဲ့ကြ၏။ ထိုအခါ ဇာခရိကစာရေးလျက် သား၏နာမည်သည် ယောဟန်ဟုခေါ်ရ မည်ဟု ရေးခဲ့ပါသည် (လုကာ ၁း၅၉-၆၃)။

ထိုခဏချင်းတွင် ဇာခရိသည် စကားပြောနိုင်လာ၍ဘုရားသခင်ကို ချီးမွမ်းခဲ့ပါသည်။ လူတိုင်း ထိုအဖြစ်အပျက်ကြောင့် အံ့သြခဲ့ကြပြီး ထိုသတင်းသည် ချက်ချင်းပျံ့နှံ့ခဲ့ပါသည်။ ကြားသိသောသူအပေါင်းတို့က ဤသူငယ်ပေါ်၌ဘုရားသခင်၏လက်တော်တည်မည်ဟု သိမှတ်ထားကြ၏ (လုကာ ၁း၆၄-၆၆)။

ဇာခရိသည် သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝလျက် ပရောဖက်ပြုခဲ့ပါသည်။ ကယ်တင်ခြင်းနေ့ရက် ကျရောက်လုပြီ။ ပရောဖက်တို့ဟောခဲ့သည်အတိုင်း ကယ်တင်ရှင်ကြွလာတော်မူမည်ဟု ကြွေးကြော်ခဲ့ပါသည် (လုကာ ၁း၆၇-၇၀)။ ထိုသူငယ်ယောဟန်သည် ပုံမှန်အတိုင်းကြီးထွား၍ ဝိညာဉ်အရာ၌လည်း ကြီးပွားခြင်းရှိသည်ဟူသောအချက်မှအပ ယောဟန်၏ငယ်စဉ်ဘဝအကြောင်းကို မသိရပါ။ နောက်တွင် မိမိ၏အမှုမစတင်မီအချိန်ထိ တောထဲ၌နေထိုင်ခဲ့သည်ဟု သိခဲ့ရပါသည် (လုကာ ၁း၈၀)။

သင်ယူရမည့်အရေးကြီးသောအချက်မှာ ဇာခရိသည်ယုံကြည်ခြင်းရှိသော ပုဂ္ဂိုလ်ဖြစ်သည်ဟူ၍ဖြစ်ပါသည်။ သူသည် ဘုရားသခင်၏ဂတိတော်ကို သံသယဝင်ခဲ့သော်လည်း စကားမပြောနိုင်ဘဲရှိခဲ့သော်လည်း ကိုးလလုံးလုံးဘုရားသခင်၏အမှုတော်ကို သစ္စာရှိစွာဆောင်ရွက်ခဲ့ပါသည်။ ဘုရားသခင်အပေါ် ခိုင်မာသောယုံကြည်ကိုးစားမှုရှိခြင်း၊ နာခံမှုရှိခြင်းသည် ကျွန်တော်တို့လိုအပ်သောအရာပင်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ကျွန်ုပ်အတွက် အရေးကြီးသောယနေ့သင်ခန်းစာသည် အဘယ်နည်း။
**ဆုတောင်းချက်**- အဘဘုရား၊ ကိုယ်တော်သည် အစဉ်သစ္စာရှိတော်မူ၏။ အကျွန်ုပ်သည် ပြန်၍ သစ္စာရှိလိုပါ၏။

တနင်္လာ၊ အောက်တိုဘာ (၂၆)

**လုကာ ၃း၁-၁၄**

ဟေရှာ ၄၀း၁-၅

*“. . . ငြိမ်သက်ခြင်းအရှင်. . . ”*

## ဗတ္တိဇံဆရာယောဟန်ဟောသောတရား

ယောဟန်သည် တောထဲ၌နေထိုင်ခဲ့ပြီး ဘုရားသခင်မိမိထံ စကားပြောတော်မူစဉ် တကိုယ်တည်းရှိခဲ့သည်ထင်ရပါ၏။ သူဟောပြောသောတရားသည် မိမိထံတွင် ကြံစည်သောတရား မဟုတ်၊ ဟောပြောမည့်အချိန်လည်း မိမိနှစ်သက်သောအချိန်ကို ရွေး၍ပြောသည်မဟုတ်၊ ဘုရားသခင်ပေးတော်မူသောတရားကို ဘုရားသခင်ချိန်းချက်သောအချိန်၌ ဟောခဲ့ခြင်းဖြစ်ပါသည် (လုကာ ၃း၂)။

သူဟောပြောသောတရားကို အရိုးရှင်းဆုံးဖော်ပြလျှင် “နောင်တရ၍ ဗတ္တိဇံခံလော့” ဟူ၍ ဖြစ်ပါသည်။ ဤသည်ကား အပြစ်ကိုဝန်ခံခြင်းနှင့် ကြွလာတော်မူမည့်ကယ်တင်ရှင်ကို လက်ခံခြင်း ပင်ဖြစ်ပါသည် (လုကာ ၃း၃)။

ယောဟန်အကြောင်းကို ဟေရှာယ၏ပရောဖက်ပြုချက်တွင် ဖော်ပြခဲ့ပါသည်။ သူသည် မေရှိယကြွလာတော်မူခြင်းအတွက် မိမိတို့စိတ်နှလုံးပြင်ဆင်ကြခြင်းငှါ လူတို့ကိုနှိုးဆော်သော တောထဲမှအသံဟုဖော်ပြခဲ့ပါသည် (လုကာ ၃း၄-၆၊ ဟေရှာ ၄၀း၃-၅)။

ယောဟန်သည် အပြစ်ခွင့်လွှတ်ခြင်းခံရကြခြင်းငှါ လူတို့အားအမှန်တကယ်နောင်တရကြ ရန် တိုက်တွန်းခဲ့ပါသည်။ မိမိပေးသောဗတ္တိဇံကို ခံလိုကြသောလူထုကြီးအား ယောဟန်က ဖြောင့်မတ် သောအသက်တာဖြင့် အသက်ရှင်ရန်နှင့် နောင်တရခြင်းနှင့်ယှဉ်သော အသီးကို ပြကြရန်တိုက်တွန်း ခဲ့ပါသည် (လုကာ ၃း၈)။ ယောဟန်အကြောင်းကိုပို၍ ကြားသိကြသောအခါ သူဟောပြောသောတရား ကို ကြားနာခြင်းငှါ၊ ဗတ္တိဇံခံခြင်းငှါ လာကြ၏။ များစွာသောလူတို့အား ယောဟန်သည် ဗတ္တိဇံမပေး ခဲ့ပါ။ ထိုသို့သောလူထုကြီးကို “အချင်းမြွေဆိုးအမျိုးတို့” (လုကာ ၃း၇)ဟု ဆိုခဲ့ပါသည်။ သူတို့အား ကျရောက်လာမည့်စီရင်ခြင်းမှ လွတ်မြောက်ကြခြင်းငှါ စစ်မှန်သောနောင်တရခြင်းကို အသက်တာ၌ ပြကြခြင်းငှါ သတိပေးခဲ့ပါသည်။

မိမိထံလာသောသူအပေါင်းတို့၏အပြစ်ကို ယောဟန်ကဖော်ထုတ်ခဲ့ပါသည်။ အာဗြဟံနှင့် ဆက်နွယ်မှုရှိတိုင်း ကယ်တင်ခြင်းရမည်မဟုတ်ကြောင်း သတိပေးခဲ့၏။ လူချမ်းသာတို့နှင့် အခွန်ခံ များ၊ စစ်သူရဲတို့အား မမှန်မကန်ရရှိသောအမြတ်ကို ပြန်ပေးကြရန် ရိုးသားဖြောင့်မတ်စွာနေထိုင် ကြရန် တိုက်တွန်းခဲ့ပါသည်။ ရှင်ဘုရင်ကိုလည်း ရှုတ်ချ၍အပြစ်ကိုဖော်ထုတ်လျက် ဟန်ဆောင်သော သူဟုဆိုခဲ့ပါသည် (လုကာ ၃း၈-၂၀)။

ယောဟန်ဟောသောတရားနှင့် ယနေ့ထင်ရှားကျော်ကြားသောတရားဟောချက်တို့သည် အလွန်ခြားနားခြင်းရှိကြ၏။ အပြစ်ကိုအမှန်ဝန်ခံခြင်းနှင့် စစ်မှန်သောနောင်တရခြင်းအသက်တာ ပြခြင်းသည်သာလျှင် ဘုရားသခင်၏သတင်းကောင်း၏အသီးဟု ဆိုရပါမည်။ ထိုတရားသည် ကျော် ကြားထင်ရှားခြင်းမရှိပါ။

**ဆင်ခြင်ရန်** - ယောဟန်ဟောပြောသောတရားသည် လူတို့အကြိုက်ဖြစ်ခဲ့ပါသလား။ အဘယ့် ကြောင့်နည်း။

**ဆုတောင်းချက်**- အဘဘုရား၊ ကိုယ်တော်၏အမှုကို ကိုယ်တော်၏နည်းလမ်းအတိုင်း ဆောင်ရွက် ခြင်းငှါ အကျွန်ုပ်အားမစတော်မူပါ။

အင်္ဂါ၊ အောက်တိုဘာ (၂၇)

**လုကာ ၃း၁၅-၂၀**

ဆာလံ ၁၀၅း၁-၄

*“ငါသည် လမ်းခရီး. . ဖြစ်တော်မူ၏”*

## ဗတ္တိဇံဆရာယောဟန်၏အကြောင်း

ယောဟန်သည် ပို၍ကျော်ကြားလာခဲ့ပြီး၊ လူတို့က ဂတိတော်နှင့်ဆိုင်သောမေရှိယဖြစ်မည်ဟု ထင်မှတ်လာကြ၏။ သို့သော်လည်း၊ သူကရှင်းလင်းစွာမိမိသည်ထိုဂတိတော်နှင့် ဆိုင်သော ပုဂ္ဂိုလ်မဟုတ်ကြောင်း ရှင်းပြခဲ့ပါသည် (လုကာ ၃း၁၅-၁၆)။

ဗတ္တိဇံဆရာယောဟန်၏အမှုတော်မူကား မေရှိယကြွလာတော်မူမည့်အကြောင်း ကြေငြာရန်ဖြစ်ပါသည်။ ယေရှုက လာတွေ့တော်မူသောအခါ၊ ယောဟန်က ယေရှုသည်ထိုခရစ်တော်၊ ဤလောကကိုကယ်တင်မည့်ကယ်တင်ရှင်ဖြစ်ကြောင်း သေချာဖော်ပြခဲ့ပါသည် (ယောဟန် ၁း၂၉၊ ၃၅-၃၆)။

ယောဟန်ပေးသောဗတ္တိဇံသည် နောင်တရခြင်းနှင့်ဆိုင်သော လက္ခဏာဖြစ်ပါသည်။ အပြစ်ကင်းသောခရစ်တော်က ယောဟန်က မိမိကိုဗတ္တိဇံပေးရန်ဆိုသည်ကို ကျွန်တော်တို့အံ့သြခဲ့ကြပါသည်။ ဤအမှုကိုတိုက်ရိုက်ရှင်းပြသောအချက် သမ္မာကျမ်းစာ၌မတွေ့ရပါ (မသဲ ၃း၁၃-၁၇)။ ယောဟန်ကိုယ်တိုင်ကလည်း သခင်ယေရှုအား မိမိဗတ္တိဇံပေးမည်မှာ မသင့်တော်ဟုခံစားခဲ့ပါသည်။ သို့သော်လည်း ယေရှုကမိမိဗတ္တိဇံခံခြင်းသည် ဖြောင့်မတ်ခြင်းအပေါင်း စုံလင်စေခြင်းငှါ ဖြစ်သည်ဟု မိန့်တော်မူ၏ (မသဲ ၃း၁၅)။ ဤအမှု၌ ကယ်တင်ခြင်းအစီအစဉ်ကို ယေရှုနာခံခြင်းရှိကြောင်း ပြသတော်မူ၏။ မိမိကိုယ်ကို အပြစ်သားတို့နှင့်တကွ ရေတွက်ဝင်စေခြင်းဖြစ်ပါသည် (ဟေရှာ ၅၃း၁၂)။ ထိုအခါ ဝိညာဉ်တော်သည် ခရစ်တော်အပေါ်သို့ဆင်းသက်လာ၍ ခမည်းတော်ဘုရားက သူသည်မိမိ၏သားတော် ဂတိတော်နှင့်ဆိုင်သော မေရှိယနှင့်ကယ်တင်ရှင်ဖြစ်ကြောင်း မိန့်တော်မူခဲ့ပါသည် (မသဲ ၃း၁၆-၁၇)။ ခရစ်တော်သည် ဗတ္တိဇံမင်္ဂလာခံခြင်းဖြင့် မိမိအမှုတော်ကို စတင်ခဲ့ပြီး ဗတ္တိဇံဆရာယောဟန်၏အမှုတော်ပြီးဆုံးခဲ့ပါသည်။

ယေရှု၏အမှုတော်စတင်ပြီးနောက်ပိုင်း၌သာ ယောဟန်သည် သစ္စာရှိသောတရားဟောခြင်းကြောင့် မိမိအသက်ကိုစတေးပေးဆပ်ခဲ့ကြောင်း သိရပါသည်။ ထိုအကြောင်းကို နောက်ပြန်ပြောပြဖော်ပြခြင်းဖြစ်ပါသည်။ သို့သော်လည်း ရှင်းလင်းစွာ ဖော်ပြခဲ့ပါသည်။ ဟေရုဒ်သည်မိမိဆန္ဒမရှိသော်လည်း လည့်ကွက်ထဲဝင်မိသောကြောင့် ယောဟန်၏ခေါင်းကို ဖြတ်ခဲ့ရ၏။ ထိုသို့ကြံစည်သောသူသည် သူ၏ညီဖိလိပ္ပု၏ခင်ပွန်း ဟေရောဒိဖြစ်ပါသည်။ ယောဟန်က သူမနှင့်ပတ်သတ်သော ရှင်ဘုရင်၏မကောင်းပြုကို ဖော်ထုတ်ခဲ့သောကြောင့်ဖြစ်ပါသည်။

ယောဟန်သည် အပြစ်ကိုသစ္စာရှိစွာဖော်ထုတ်၍ ဖြောင့်မတ်ခြင်းတရားကိုဟောလျက်နောက်ဆုံးတွင် ထိုသို့အသက်ပေးရ၏။ ကျွန်တော်တို့သည် ယောဟန်ကဲ့သို့သတ္တိရှိသော တရားဟောဆရာ မဖြစ်ကြသော်လည်း သူအသက်ပေးဟောပြောခဲ့သော သမ္မာတရားအတိုင်း ကျွန်တော်တို့အသက်ရှင်ကြပါစို့။ သစ္စာရှိမည်အကြောင်း ဘုရားသခင်သနားတော်မူပါစေသော်။

**ဆင်ခြင်ရန်** - ယောဟန်၏အမှုတော်ကား အဘယ်နည်း။

**ဆုတောင်းချက်**- အဘဘုရား၊ ကိုယ်တော်ပေးအပ်သောတာဝန်၌ ကျွန်တော်သစ္စာရှိသောသူဖြစ်လိုပါ၏။

ဗုဒ္ဓဟူး၊ အောက်တိုဘာ (၂၈)
**မသဲ ၄း၁-၁၁**
တရား ၈း၁-၅

*“. . . သမ္မာတရားဖြစ်တော်မူ၏၊*
*အသက်လည်းဖြစ်တော်မူ၏”*

## တောထဲ၌ယေရှု

ဓမ္မဟောင်းနှင့်ဓမ္မသစ်ကျမ်းအကြား တိတ်ဆိတ်ငြိမ်သက်ခြင်း နှစ်ပေါင်း ၄၀၀ သည် ဗတ္တိဇံဆရာယောဟန်မွေးဖွားမည့်အကြောင်းအား ဇာခရိထံကောင်းကင်တမန်ပြောကြားခြင်းဖြင့် ပြီးဆုံးခဲ့ပါသည်။ ခရစ်တော်ဗတ္တိဇံမင်္ဂလာခံခြင်းနှင့်တကွ ယောဟန်၏အမှုတော်သည် အဆုံးသတ်သို့ ရောက်၍ သခင်ယေရှုခရစ်တော်က မိမိအမှုတော်ကိုစတင်ဆောင်ရွက်ခဲ့ပါသည်။

ထိုသို့သခင်ယေရှုအမှုတော်မစတင်မီ အရေးကြီးသောအဖြစ်အပျက်တစ်ခုရှိခဲ့ပါသည်။ သခင်ယေရှုသည် စာတန်၏သွေးဆောင်ခြင်းကို ရင်ဆိုင်ကျော်ဖြတ်ခဲ့ပါသည်။ ယေရှုသည် အရင်က သွေးဆောင်ခြင်းမခံရခဲ့ဟု ကျွန်တော်တို့မထင်သင့်ပါ။ အကြောင်းမှာ စာတန်၏အဓိကရည်ရွယ်ချက်သည် ဘုရားသခင်၏ကယ်တင်ခြင်းအစီအစဉ် ဖျက်ဆီးရန်ဖြစ်သောကြောင့် သမ္မာကျမ်းစာ၌ မဖော်ပြသော ခရစ်တော်၏အသက်တာ၌ စာတန်သည်ထိုသွေးဆောင်မှုကို ပြုခဲ့မည်ဟုထင်ရပါသည်။

ယခုခရစ်တော်သည် စတင်အမှုတော်ဆောင်ရွက်သည်ဖြစ်သောကြောင့် သူသည်အပြစ်ကင်းစင်ခြင်း၊ ဘုရားဖြစ်ခြင်းကိုသက်သေပြခြင်း ဖြစ်ပါသည်။ စာတန်သည် မိမိ၏ကျဆုံးခြင်းကို သေချာသိခြင်းငှါ ဘုရားသခင်၏သားတော်သွေးဆောင်ခြင်းအမှုပြုခြင်းငှါ ခွင့်ပြုချက်ရယူခဲ့ခြင်းဖြစ်ပါလိမ့်မည်။ ထို့ကြောင့် ထိုသို့ပြုခြင်းငှါ သန့်ရှင်းသောဝိညာဉ်သည် ခရစ်တော်ကိုတောသို့ခေါ်ဆောင်ခြင်းဖြစ်ပါသည် (မသဲ ၄း၁၊ လုကာ ၄း၁)။

ရက်ပေါင်း ၄၀ က ဣသရေလလူတို့ နှစ်ပေါင်း ၄၀ တောထဲ၌ တောလည်ခြင်းကို အမှတ်ရစေပါသည်။ မောရှေဖော်ပြချက်အရ ထိုသို့တောလည်ခြင်းသည် ဘုရားသခင်၏ပညတ်တရားကို ဣသရေလလူတို့နာခံမည်၊ မနာခံမည်ကို စစ်ကြောခြင်းငှါဖြစ်ပါသည် (တရား ၈း၂)။ ယေရှုသည် ရိုးသား၍ အပြစ်ကင်းကြောင်းကို စာတန်မာရ်နတ်၏သွေးဆောင်ခြင်းများတို့ကို ဘုရားသခင်၏ နှုတ်ကပတ်တော်အခြေခံ၍ တုန့်ပြန်တိုက်ခိုက်ခြင်းဖြင့် သက်သေပြတော်မူခဲ့၏ (မသဲ ၄း၄)။ ဤသွေးဆောင်ခံရခြင်းအားဖြင့်လည်း ကျွန်ုပ်တို့၏ယဇ်ပုရောဟိတ်အကြီးသည် ကျွန်ုပ်တို့၏အားနည်းချက်တို့ကို သိနားလည်ကိုယ်ချင်းစာ၍ တောင်းလျှောက်ပေးခြင်းငှါ ဖြစ်ပါသည် (ဟေဗြဲ ၂း၁၇-၁၈)။

သခင်ယေရှု၏အမှုတော်စတင်စဉ် စာတန်၏တိုက်ခိုက်ခြင်းခံရခြင်းမှာ ကြီးမြတ်သော အောင်နိုင်ခြင်းဖြင့် အဆုံးသတ်မည်ဖြစ်သောကြောင့် ဤအပြစ်ကိုအောင်နိုင်ခြင်းအမှုကို ဘုရားသခင်က မိမိ၏နှုတ်ကပတ်တော် နာခံလိုက်လျှောက်သောသူတို့ထံ ပေးအပ်တော်မူ၏။ ကျွန်တော်တို့ သစ္စာရှိကြပါစို့။

**ဆင်ခြင်ရန်** - တောထဲ၌ သွေးဆောင်ခြင်းကို ယေရှုအဘယ့်ကြောင့်ခံခဲ့ပါသနည်း။
**ဆုတောင်းချက်**- အဘဘုရား၊ အကျွန်ုပ်၏ သခင်ယေရှုခရစ်တော်အားဖြင့် အောင်နိုင်ခြင်းသည် အကျွန်ုပ်အတွက်ဖြစ်သောကြောင့် ကျေးဇူးတင်ပါ၏။

ကြာသပတေး၊ အောက်တိုဘာ (၂၉)

**လုကာ ၄း၁-၄**

ဆာလံ ၂၄ *"ငါသည် ခမည်းတော်၌ရှိတော်မူ၏"*

## ယေရှုပထမအကြိမ်သွေးဆောင်ခံရခြင်း

သခင်ယေရှုသည် တောထဲ၌ ရက်ပေါင်း ၄၀ လုံးလုံးအစာရှောင်ခဲ့ပြီး၊ သွေးဆောင်ခြင်းအဆက်မပြတ်ခံခဲ့ရပါသည်။ ရက်ပေါင်း ၄၀ လွန်သောအခါ ယေရှုသည် ပင်ပန်း၍ ငတ်မွတ်ခြင်းရှိပြီး၊ စာတန်သည်လာ၍သွေးဆောင်မှုပြုလေ၏ (လုကာ ၄း၂)။ ခွန်အားယူစရာမှတ်သားကြပါစို့။ ကျွန်တော်တို့အလုပ်ပင်ပန်းသော်ငင်း၊ ခန္ဓာကိုယ်အားနည်းသောအခါ၌ငင်း စာတန်သည် အခွင့်ကောင်းယူ၍ ကျွန်ုပ်တို့အားနည်းသောအချိန်၌တိုက်ခိုက်တတ်၏။ ထိုသို့သောအချိန်တွင် ကျမ်းစာဖတ်ခြင်းနှင့်ဆုတောင်းခြင်းဖြင့် ဘုရားသခင်ထံမှ ခွန်အားကို ကျွန်တော်တို့ရယူကြရပါမည်။

သခင်ယေရှုသည် အလွန်မွတ်သိပ်ခြင်းရှိ၍ ထိုအချိန်၌စာတန်က တိုက်ခိုက်ခဲ့ပါသည်။ စာတန်၏ပထမသွေးဆောင်မှုသည် ခန္ဓာကိုယ်၏ပုံမှန်လိုအပ်မှုအရာဖြင့် သွေးဆောင်ခြင်းဖြစ်ပါသည်။ သခင်ယေရှု၏မွတ်သိပ်မှုကို အခွင့်ကောင်းယူ၍ စာတန်က ယေရှုအား မိမိ၏ဘုရားသားဖြစ်ခြင်းကို ကျောက်ခဲအားမုန့်ဖြစ်စေခြင်းဖြင့် သက်သေပြရန်သွေးဆောင်ခဲ့ပါသည် (လုကာ ၄း၃)။ ခမည်းတော်ဘုရားက ယေရှုသည် မိမိ၏သားတော်၊ မိမိချစ်မြတ်နိုးသောသူဖြစ်ကြောင်း မိန့်တော်မူခဲ့ပြီဖြစ်၏ (မသဲ ၃း၁၇)။ ထို့ကြောင့် ဘုရားသားတော်ဖြစ်ကြောင်း သက်သေထပ်၍ပြစရာမလိုပါ။ ခမည်းတော်၏အလိုတော်ကို လိုက်လျှောက်ဖို့သာလိုအပ်ပါ၏။ မိမိ၏မွတ်သပ်မှုကို မိမိ၏တန်ခိုးဖြင့်ဖြေရှင်းခဲ့လျှင် ခမည်းတော်ဘုန်းတော်မထင်ရှားဘဲ မိမိ၏ဘုန်းသာထင်ရှားမည်ဖြစ်ပါသည်။ ထို့ပြင် အဘယ်လူသားကမျှ ကျောက်ခဲကိုအစားအစာသို့မပြောင်းလဲနိုင်ကြသောကြောင့် လူသားကိုယ်စား သွေးဆောင်ခံရခြင်းသည် အရာမရောက်ဖြစ်ခဲ့ပါလိမ့်မည်။ သမ္မာကျမ်းစာက ယေရှုသည်လူသားခံရသော သွေးဆောင်ခြင်းမျိုးစုံခံရသော်လည်း အပြစ်ကင်းစင်၏ဟု ဖော်ပြထားပါသည် (ဟေဗြဲ ၄း၁၅)။

ကျွန်တော်တို့ကြုံတွေ့ရသကဲ့သို့ သခင်ယေရှုသည် သွေးဆောင်ခြင်းကိုကြုံတွေ့ခဲ့ရ၏။ ယေရှုက ဘုရားသခင်၏နှုတ်ကပတ်တော်တန်ခိုးကို အသုံးပြုလျက် အသက်တာ၌ခန္ဓာကိုယ်လိုအပ်ချက်သည် အဓိကမဟုတ်ကြောင်း စာတန်အားသိစေတော်မူ၏ (တရား ၈း၃)။ စာတန်သည် ဘုရားသခင်၏လူတို့အား ခန္ဓာကိုယ်နှင့်ဆိုင်သောအရာ ပျော်မွေ့ခြင်းအမှုကိုအဓိကထားရန် သွေးဆောင်လှည့်ဖြားတတ်၏။

ထို့ကြောင့် ခရစ်တော်က စာတန်အားသမ္မာကျမ်းစာကိုးကားလျက် ဘုရားသခင်သည် မိမိ၏နာခံသောသားသမီးတို့ကို မိမိအချိန်၊ မိမိနည်းလမ်းအတိုင်း ခန္ဓာကိုယ်လိုအပ်သောအရာများကို ထောက်ပံ့ပေးတော်မူကြောင်း မိန့်တော်မူခြင်းဖြင့် ချေပခဲ့ပါသည်။

**ဆင်ခြင်ရန်** - ကျွန်ုပ်တို့၏ခန္ဓာကိုယ်အားနည်းမှုကို စာတန်ကမည်သို့အခွင့်ကောင်းယူ အသုံးချတတ်ပါသနည်း။

**ဆုတောင်းချက်**- အဘဘုရား၊ အကျွန်ုပ်လိုအပ်မှုများကို ကိုယ်တော်၏နှုတ်ကပတ်တော်အားဖြင့် ဖြည့်ဆည်းပေးတော်မူသောကြောင့် ကျေးဇူးတင်ပါ၏။

သောကြာ၊ အောက်တိုဘာ (၃၀)

**မသဲ ၄း၅-၇**

ဆာလံ ၉၁း၁-၁၂

*“ခမည်းတော်သည် ငါ၌ရှိတော်မူသည်”*

## သမ္မာကျမ်းစာလွဲမှားစွာအသုံးပြုခြင်း

သခင်ယေရှုအား အပြစ်ပြုခြင်းငှါ စာတန်၏ပထမအကြိမ်ကြိုးပမ်းမှု မအောင်မြင်ခဲ့ပါ။ ထိုအခါ အခြားသွေးဆောင်မှုအသုံးပြုခဲ့၏။ ယေရှုအား ဗိမာန်တော်ထိပ်သို့ခေါ်ဆောင်ခဲ့ပါသည်။ ကျမ်းတတ်ပုဂ္ဂိုလ်တို့က ဤနေရာသည် ကေဒြုန်ချိုင့်ဝှမ်းကိုလှမ်းမြင်ရသော တောင်ဘက်မုဒ်ဦးဖြစ်မည်ဟု ထင်မှတ်ကြ၏။ ထိုဗိမာန်တော်အထွဋ်အထိပ်မှ အောက်ခြေချိုင့်ဝှမ်းသည် မီတာ ၁၅၀ခန့်မြင့်ပါသည်။ စာတန်က ခရစ်တော်အား အလွန်မိုက်မဲသောအမှုပြုရန် စေခိုင်းခဲ့ပါသည်။ မိမိကိုယ်ကိုဘုန်းထင်ရှားစေခြင်းငှါ၊ ခမည်းတော်ကိုစစ်ကြောရန်ဖြစ်ပါသည်။ စာတန်က ဆာလံ ၉၁း၁၁-၁၂ ကို တဝက်တပျက်ကိုးကား၍ သမ္မာကျမ်းစာအား လွဲမှားစွာအသုံးပြုခြင်းဖြင့် ယေရှုကိုစိန်ခေါ်ခဲ့ခြင်းဖြစ်ပါသည်။ ရှေးဒေင်ဥယျာဉ်ထဲ၌ ဘုရား၏နှုတ်ကပတ်တော်ကို လွဲမှားစွာအသုံးပြုလျက် လူသားကိုအပြစ်ထဲသို့ကျဆုံးစေခဲ့ကြောင်းကို သိကြပါ၏။ ဤသမ္မာကျမ်းစာလွဲမှားစွာ အသုံးပြုခြင်းနည်းလမ်းသည် လူတို့အားသွေးဆောင်ခြင်း၌ စာတန်အပြောင်မြောက်ဆုံးအသုံးပြုသောနည်းလမ်းဖြစ်ပါသည်။

ယနေ့၌လည်း၊ များစွာသောမှားယွင်းသည့်ဘာသာတရားနှင့် သွန်သင်ချက်တို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်အား အရှေ့အနောက်မကြည့်ဘဲ လိုရာဆွဲ၍ အဓိပ္ပာယ်ဖွင့်ဆိုကြသောကြောင့် ပေါ်ပေါက်လာခြင်းဖြစ်ပါသည်။ ဝမ်းနည်းစရာကောင်းသည်မှာ၊ များစွာသော စစ်မှန်သည့်ယုံကြည်သူများပင်လျှင် ဤနည်းဖြင့်လှည့်စားခြင်းခံရကြ၏။ မိမိ၏ယုံကြည်ချက်ကို ထောက်ခံပံ့ပိုးခြင်းငှါ နှုတ်ကပတ်တော်ကိုမိမိလိုရာဆွဲအနက်ဖွင့်ခြင်းသည် အလွန်ကြောက်စရာကောင်းလှပါသည်။

ဆာလံ ၉၁ သည် အမှန်မှာ “အမြင့်ဆုံးသောဘုရား၏ ကွယ်ကာရာဌာနတော်၌နေသောသူ” (ဆာလံ ၉၁း၁) အဖို့ ဂတိတော်ဖြစ်ပါသည်။ လက်တွေ့ကျကျပြောရလျှင်၊ ဤကျမ်းပိုဒ်တို့သည် နောက်ဆုံးကာလ၌ ကြုံတွေ့ရမည့်အကြောင်း ပရောဖက်ပြုချက်ဖြစ်ပါသည်။ သို့သော်လည်း၊ ဝိညာဉ်ရေးရာခွန်အားအတွက် ဤဂတိတော်တို့သည် ဘုရားသခင်၏လူတို့အပေါင်းအတွက်ဖြစ်ပါသည်။ ဘုရားသခင်၏ကွယ်ကာရာဌာနတော်၌ နေခြင်းဆိုသည်မှာ ဘုရားသခင်၏စကားကို နာခံလိုက်လျှောက်ခြင်းဖြစ်ပါသည်။ စာတန်က ခရစ်တော်အား ဘုရားသခင်၏အလိုတော်နှင့်မကိုက်ညီသောအမှုပြုခြင်းငှါ ခိုင်းစေခဲ့ခြင်းဖြစ်၏။ ထို့ပြင် နာခံခြင်း၌ အခြေခံသောဂတိတော်ကို မှားယွင်းစွာကိုးကားအသုံးပြုခဲ့၏ (မသဲ ၄း၅-၆)။ ယေရှုက ကျမ်းစာကိုကိုးကားပြီး၊ “ဘုရားသခင်ထာဝရဘုရားကို သင်သည်အစုံအစမ်းမပြုရဟု ကျမ်းစာလာပြန်သည်” (မသဲ ၄း၇၊ တရား ၆း၁၆) ဟု တုန့်ပြန်ခဲ့ပါသည်။

သမ္မာကျမ်းစာကို မှားယွင်းစွာအသုံးပြု၍ မသိနားမလည်သောသူတို့ကို လမ်းမှားသို့ခေါ်ဆောင်နေသောသူတို့၏ရန်မှ မိမိကိုယ်ကို ကွယ်ကာရန် သမ္မာကျမ်းစာကောင်းကောင်း သိကျွမ်းခြင်း၏အရေးပါမှုကို တွေ့ရပါသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်ကို ကြိုးစားလေ့လာသင်ယူသောသူဖြစ်ကြပါစို့။

**ဆင်ခြင်ရန်** - ဘုရားသခင်၏နှုတ်ကပတ်တော်ကို ကျွန်တော်ကြိုးစားသင်ယူလေ့လာပါသလား။

**ဆုတောင်းချက်**- အဘဘုရား၊ အကျွန်ုပ်လမ်းခရီးတည်ကြည်ဖြောင့်မတ်ခြင်းငှါ ကိုယ်တော်ကို ပထမနေရာ၌ ထားမည်အကြောင်း မစတော်မူပါ။

စနေ၊ အောက်တိုဘာ (၃၁)

**မသဲ ၄း၈-၁၁**

ဆာလံ ၉၃ *"ငါ့ကိုမြင်သောသူသည် ခမည်းတော်ကိုမြင်၏"*

## တောထဲ၌အောင်မြင်ခြင်း

စာတန်သည် သခင်ယေရှုကိုသွေးဆောင်၍ နှစ်ကြိမ်ရှုံးနိမ့်ခဲ့ပါသည်။ ထိုအခါ နောက်တကြိမ်ထပ်၍ ကြိုးစားခဲ့၏။ နာခံခြင်းဖြင့်ရရှိသော ပျော်ရွှင်ငြိမ်သက်ခြင်းကို ဖျက်ဆီးခြင်းငှါရင်း၊ ကျွန်တော်တို့ကိုအပြစ်ထဲသို့ သွေးဆောင်ခေါ်ဆောင်နေသော စာတန်ကို ကျွန်တော်တို့အထူး သတိထားကြရမည်ဖြစ်ကြောင်း သတိပေးခြင်းဖြစ်ပါသည် (၁ ပေ ၅း၈)။

ဤနောက်ဆုံးသွေးဆောင်မှုသည် ဤလောကကမ္ဘာနိုင်ငံများကို ယေရှုထံပေးမည်ဟူ၍ ကမ်းလှမ်းခြင်းဖြစ်ပါသည်။ ခမည်းတော်က ခရစ်တော်၌တည်သောနိုင်ငံတော်အကြောင်း ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ထိုနိုင်ငံတော်၌ စာတန်ဝင်ရောက်ပတ်သတ်မှုလုံးဝရှိမည်မဟုတ်ပါ။ မာရ်နတ်က ဤလောကီလူ့ကမ္ဘာနိုင်ငံတို့ကို သခင်ယေရှုအား ပြသခဲ့ပါသည်။ ဤနိုင်ငံများအပေါ်၌ အပြစ်တရားကြောင့် စာတန်တန်ခိုးအာဏာရှိပါ၏။ သို့သော်လည်း ခမည်းတော်၏အစီအစဉ်ကို ခရစ်တော်စုံလင်စေတော်မူလျှင် မိမိအဆုံးသတ်မည်ကို စာတန်ကောင်းကောင်းသိပါသည်။ ထို့ကြောင့် မိမိအစွမ်းရှိသလောက် ထိုသို့ကြိုးစားခြင်းဖြစ်ပါသည်။ ဤလောကီနိုင်ငံများရရှိရန် မိမိအားကိုးကွယ်ခြင်းငှါ စာတန်က ယေရှုအားဆိုခဲ့ပါသည် (မသဲ ၄း၈-၉)။ သခင်ယေရှုက ထပ်၍သမ္မာကျမ်းစာဖြင့် တုန့်ပြန်ခဲ့ပါသည်။ စာတန်၏သွေးဆောင်မှုအပေါင်းကို၊ ခရစ်တော်သာဧကထားခဲ့သည်အတိုင်း၊ သမ္မာကျမ်းစာဖြင့် တွန်းလှန်ချေဖျက်နိုင်ကြောင်း တွေ့ရပါသည် (မသဲ ၄း၁၀)။ သခင်ယေရှု၏အဖြေကား၊ မိမိကိုယ်တိုင်သည် ဘုရားဖြစ်တော်မူ၏ဟူ၍ဖြစ်ပါသည်။ လေ့လာပြီးသောအချက်၌ ယေရှုက ဝတ်ပြုကိုးကွယ်ခြင်းကို လက်ခံခဲ့ကြောင်း တွေ့ခဲ့ရပြီးဖြစ်ပါသည်။ ယခုအခါ၊ စာတန်ကိုဝတ်ပြုခြင်းငှါ ငြင်းပယ်ခဲ့ပါသည်။ အကြောင်းမှာ ဘုရားသခင်သာလျှင် ဝတ်ပြုကိုးကွယ်ခြင်းကို ခံထိုက်သောသူဖြစ်၏။

အပြစ်ကင်းစင်သောပူဇော်ခြင်းမဖြစ်မြောက်အောင် စာတန်၏ဆိုးသွမ်းသောအကြံအစည်သည် ကျဆုံးခဲ့ပါသည်။ နောက်ဆုံးတွင်၊ စာတန်သည် ထွက်သွားခဲ့ပါသည် (မသဲ ၄း၁၁)။ စာတန်၏ကြိုးစားအားထုတ်မှုသည် မဖြစ်မြောက်ခဲ့ပါ။ ခရစ်တော်၏အပြစ်ကင်းစင်ခြင်းအကြောင်းကို ဓမ္မသစ်ထဲတွင် အထပ်ထပ်ဖော်ပြခဲ့ကြ၏။ ကောရိန္တုအသင်းတော်ထံသို့ ပေါလုက "ဘုရားသခင်သည် အပြစ်နှင့်ကင်းစင်သောသူကို ငါတို့အတွက်ကြောင့် အပြစ်ရှိသောသူဖြစ်စေတော်မူ၏" (၂ ကော ၅း၂၁)ဟု ရေးသားခဲ့ပါသည်။ ဤချစ်ခြင်းမေတ္တာတော်က ကျွန်ုပ်တို့အား ဘုရားသခင်၏ နာမတော်ဘုန်းတော်ထင်ရှားစေခြင်းငှါ သန့်ရှင်းသောအသက်တာနှင့် အသက်ရှင်ရန်နှိုးဆော်လျက်ရှိပါ၏။

**ဆင်ခြင်ရန်** - သခင်ယေရှုသည် စာတန်၏တိုက်ခိုက်မှုကို မည်သို့အောင်နိုင်ခဲ့ပါသနည်း။

**ဆုတောင်းချက်**- အဘဘုရား၊ ကိုယ်တော်၏နှုတ်ကပတ်တော်ကို ကျွန်တော်တန်ဖိုးထားမြတ်နိုး၍၊ သန့်ရှင်းသောအသက်တာဖြင့် အသက်ရှင်ခြင်းငှါ ကွယ်ကာလမ်းပြရှင်အဖြစ် အသုံးပြုလိုပါ၏။

တနင်္ဂနွေ၊ နိုဝင်ဘာ (၁)

**ယောဟန် ၂း၁-၁၁**

ဆာလံ ၂၇း၁-၆

*"ထာဝရဘုရားမြွက်ဆို၍၊ မြွက်ဆိုတော်မူသည်အတိုင်းဖြစ်၏"*

## ရေကိုစပျစ်ရည်ဖြစ်စေတော်မူခြင်း

(ဤလနေ့စဉ်ခွန်အားသည် J.C.Ryle ရေးသားသော သခင်ခရစ်တော်ပြုသော အံ့ဘွယ်အမှုများအကြောင်း) ဖြစ်ပါသည်။

ယနေ့ကျမ်းပိုဒ်အားဖြင့် သခင်ယေရှုခရစ်တော်၏အနန္တတန်ခိုးတော်အကြောင်းကို သိရပါသည်။ မင်္ဂလာဆောင်ပွဲတစ်ခု၌ စပျစ်ရည်ကုန်ဆုံးသောကြောင့် ဧည့်သည်များအဖို့ မိမိ၏အလိုတော်အတိုင်း ယေရှုကရေကို စပျစ်ရည်အဖြစ်သို့ပြောင်းလဲစေတော်မူသော အံ့ဘွယ်အမှုကိုတွေ့ရပါသည်။

မည်သို့ ဤအံ့ဘွယ်အမှုကို ပြုသနည်းဟူသောအချက်ကို လေ့လာကြပါစို့။ ယေရှုက စပျစ်ရည်ဖြစ်စေခဲ့သောရေများထည့်ထားသည့်ပုံးများကို ထိခြင်းမပြုခဲ့ပါ။ ရေကိုစပျစ်ရည်ဖြစ်ခြင်းငှါ အမိန့်ပေးခြင်း၊ ခမည်းတော်ဘုရားထံဆုတောင်းခြင်းတို့ မတွေ့ရပါ။ ယေရှုက ထိုသို့ဖြစ်ရန်အလိုရှိသဖြင့် ထိုသို့အမှန်ဖြစ်လာခဲ့ခြင်းဖြစ်ပါသည်။ သမ္မာကျမ်းစာထဲ၌ အဘယ်ပရောဖက်၊ တမန်တော်ကမှ ထိုသို့အံ့ဖွယ်အမှုပြုသည်ကို မတွေ့ရပါ။ ထိုသို့ အံ့ဖွယ်အမှုပြုသောသူသည် အခြားမဟုတ်၊ အမှန်ဘုရားသာလျှင်ဖြစ်တော်မူလိမ့်မည်။

ထိုသို့ အလိုတော်၏အနန္တတန်ခိုးတော်သည် ယနေ့ယုံကြည်သူသားသမီးတို့၌လည်း ဘုရားသခင်ဖော်ပြတော်မူကြောင်းသိခြင်းသည် အလွန်စိတ်ချမ်းသာစရာကောင်းလှပါသည်။ ကိုယ်တော်သည် ကျွန်တော်တို့နှင့်အတူ ခန္ဓာကိုယ်အားဖြင့်ရှိတော်မမူ။ ထိုသို့မမြင်ရသော်လည်း၊ စိတ်ပျက်အားငယ်စရာမလိုပါ။ မကိုင်မထိရသော်လည်း လုံခြုံစိတ်ချစွာ ကိုယ်တော်ကိုယုံကြည်ကိုးစား၍ရပါသည်။ ကယ်တင်ခြင်းအမှု၌၄င်း၊ နေ့စဉ်လိုအပ်သောအရာနှင့် ဝိညာဉ်ခွန်အားများအတွက်လည်း ကိုယ်တော်အလိုရှိတော်မူလျှင် အမှန်တကယ်ဖြစ်၍ ကျွေးမွေးပြုစုတော်မူတတ်၏။ ပြုသောအမှုနည်းတူ၊ ခရစ်တော်၏အလိုတော်သည် အနန္တတန်ခိုးရှိပါ၏။ "အကျွန်ုပ်အား ပေးတော်မူသောသူတို့သည် . . . အကျွန်ုပ်နှင့်အတူ ရှိနေစေခြင်းငှါ အကျွန်ုပ်အလိုရှိပါ၏" (ယောဟန် ၁၇း၂၄) ဟု ခမည်းတော်ထံတောင်းလျှောက်သောယေရှု၏အလိုတော်သည် ကောင်းကင်နှင့်မြေကြီး၌ အနန္တတန်ခိုးရှိသောအလိုတော်ဖြစ်ပါသည်။ ဤအံ့ဖွယ်အမှုကိုပြုသောသူအား ယုံကြည်ကိုးစားသောသူတို့သည် မင်္ဂလာရှိကြ၏။

**ဆင်ခြင်ရန်** - ဘုရားသခင်ကြံစည်သမျှသောအရာသည် ပြည့်စုံပါလိမ့်မည် (ကိုးကားချက် - ဒံ ၄း၃၅)။

**ဆုတောင်းချက်**- အဘဘုရား၊ အကျွန်ုပ်ဘဝ၌ ကိုယ်တော်၏အလိုဆန့်ကျင်ခဲ့သောအချိန်များအတွက် အကျွန်ုပ်ကိုခွင့်လွှတ်တော်မူပါ။

**ယောဟန် ၄း၄၃-၅၄**

ယေဗြ ၁၂း၄-၁၃

*"သင်၏အနာရောဂါရှိသမျှတို့ကိုလည်း ပျောက်စေတော်မူ၏"*

## အမတ်တဦး၏သား၏အနာရောဂါကို ငြိမ်းစေတော်မူခြင်း

နာကျင်ခြင်းဝေဒနာက လူတယောက်ထံကြီးမားသောအကျိုးကို ဖြစ်စေနိုင်ပါသည်။ မိမိ၏သားအတွက် စိတ်ပူပန်ခြင်းရှိသောကြောင့် အကူအညီတောင်းရန် အမတ်တဦးသည် ခရစ်တော်ထံသို့ ရောက်လာခဲ့၏။ ထိုသို့ခရစ်တော်ထံရောက်သဖြင့် အဖိုးမဖြတ်နိုင်သောအကျိုးကို ရရှိခဲ့ပါသည်။ နောက်ဆုံးတွင်၊ သူနှင့်သူ၏ အိမ်သားအပေါင်းတို့သည် ယုံကြည်ခြင်းသို့ရောက်ခဲ့ကြ၏ (ယောဟန် ၄း၅၃)။ ဤအရာအားလုံးသည် သူ့သားနာမကျန်းဖြစ်ခြင်းနှင့်ဆက်နွယ်ကြောင်း အောက်မေ့ကြပါစို့။ သူ၏သားနာမကျန်းမဖြစ်ခဲ့လျှင်၊ ထိုအမတ်သည် အပြစ်၌ကျင်လည်ရင်း အသက်ဆုံးရှုံးခဲ့ပါလိမ့်မည်။

ဝေဒနာရောဂါသည် ဘုရားသခင်၏ဆေးဝါးတလက်ပင်ဖြစ်ပါသည်။ ကျွန်တော်တို့ ဒုက္ခဝေဒနာခံစားသောအခါ စိတ်ထဲ၌သိမှတ်ရမည်မှာ ဘုရားသခင်က အလိုရှိသောအရာ၊ ရည်ရွယ်ချက်ရှိသောကြောင့် ဖြစ်သည်ကိုင်း၊ သင်ယူစရာရှိသောကြောင့်ဟူ၍၎င်း သိထားကြပါစို့။ ဤဒုက္ခဝေဒနာခံစားခြင်းကျောင်းတော်ကြီး၌ သင်ယူရသောသင်ခန်းစာလောက် ကြီးမားသောသင်ခန်းစာမရှိပါ။

ခရစ်တော်၏စကားသည် မိမိကိုယ်တိုင်တည်ရှိခြင်းနှင့်တူညီပါသည်။ ယေရှုသည် လူနာကိုကြည့်ခြင်းငှါ ကပေရနောင်မြို့ထိမသွားခဲ့ပါ၊ စကားအားဖြင့် "သင်၏သားသည် အသက်ချမ်းသာရပြီ" (ယောဟန် ၄း၅၀)ဟုသာ မိန့်တော်မူ၏။ ထိုစကားနှင့်အတူ အနန္တတန်ခိုးရှိတော်မူ၏။ ထိုအချိန်၌ လူနာသည် ကျန်းမာခြင်းသို့ရောက်ခဲ့ပါသည်။ ခရစ်တော်သည် စကားသာပြော၍၊ ကျန်းမာခြင်းဖြစ်ပွားခဲ့ပါသည်။ ခရစ်တော်က သေစေတတ်သောရောဂါကို အမိန့်ပေး၍ရပ်တန့်စေတော်မူ၏။

ဤအမှုသည် စိတ်သက်သာစရာအကြောင်းပေတည်း။ ခရစ်တော်၏နှုတ်မှထွက်လာသော ဂရုဏာတော်၊ ကျေးဇူးတော်နှင့်ငြိမ်သက်ခြင်းဂတိတော်တို့သည် အလွန်ကြီးမြတ်လှပါသည်တကား။ ခရစ်တော်၏စကားကို ယုံကြည်ခြင်းဖြင့် စွဲကိုင်သောသူသည် မိမိ၏ခြေကိုကျောက်ပေါ်၌ တင်ထားသောသူပေတည်း။ ခရစ်တော်မိန့်တော်မူသောစကားသည် အမှန်ဖြစ်ပါလိမ့်မည်၊ ခရစ်တော်တာဝန်ယူသောအမှုသည် ဘယ်တော့မှမပြည့်စုံဘဲနေမည်မဟုတ်ပါ။ သခင်ယေရှု၏စကားကို ယုံကြည်သောအပြစ်သားသည် ထာဝရလုံခြုံခြင်းသို့ရောက်ပါလိမ့်မည်။ အသက်ရှင်ခြင်းစာအုပ်၌ အမည်နာမရေးထွင်းထားခြင်းခံရသည်ထက်ပို၍ လုံခြုံသောအရာမရှိနိုင်ပါ။

**ဆင်ခြင်ရန်** - ကျန်းမာလျက် ငရဲသို့သွားနေခြင်းထက်၊ နာမကျန်းဖြစ်ပြီး ခရစ်တော်ပိုင်ဆိုင်ခြင်းကသာ၍ကောင်း၏။

**ဆုတောင်းချက်**- အဘဘုရား၊ အကျွန်ုပ်၏နာမကျန်းဖြစ်ခြင်းမှ ကိုယ်တော်သွန်သင်ပေးသောသင်ခန်းစာကိုသင်ယူလိုပါ၏။

အင်္ဂါ၊ နိုဝင်ဘာ (၃)

**လုကာ ၅း၁-၁၁**

မသဲ ၈း၁၈-၂၂

*ငါးများကပင်*
*ကိုယ်တော်စကားကိုနာခံကြ၏”*

## ငါးများအံ့သြဖွယ်ရာပမ်းမိခြင်း

သခင်ယေရှုသည် ကောင်းသောအမှုပြုခြင်း၌ အစဉ်အသင့်ရှိတော်မူတတ်၏။ သခင်ယေရှုသည် တရားဇရပ်နှင့်ဘုရားကျောင်းကြီးတို့၌မဟုတ်ဘဲ၊ တောထဲ၌လူတို့ထံတရားဟောတတ်၏။ တရား ဟောဆရာအတွက် ပြုလုပ်ထားသောပလ္လင်မှမဟုတ်ဘဲ၊ တံငါသည်လှေပေါ်မှ ဟောပြောခဲ့ပါသည် (လုကာ ၅း၁-၃)။ လူတို့သည် တရားဟောချက်နားထောင်ခြင်း၌ စောင့်တတ်ကြ ၏။ အဆင်ပြေသည် ဖြစ်စေ၊ မပြေသည်ဖြစ်စေ၊ ဘုရားသခင်၏အမှုတော်ကို ဆောင်ရွက်ကြရပါမည်။

ခရစ်တော်၏အစေခံကျွန်တို့သည် မိမိတို့၏သခင်ထံမှသင်ခန်းစာယူကြရပါမည်။ ကျွန်တော်တို့သည် နှုတ်ကပတ်မျိုးစေ့ကိုကြဲရန် အခွင့်ကောင်းအခါကောင်း အဆင်ပြေသောအချိန်ဟူ၍မစောင့်နေသင့်ပါ။ အချိန်ရှိတိုင်းဆောင်ရွက်ရပါမည်။ မဟောမပြောဘဲနေစဉ် လူတို့သည် ပျက်စီးခြင်းသို့ရောက်လျက်နေကြ၏။ ပျင်းရိသောသူသည် ဆင်ခြေပေး၍ အပြင်၌ခြင်္သေ့ရှိသည်ဟု ဆိုတတ်၏ (သုတ္တံ ၁၅း၁၉၊ ၂၂း၁၃)။ ဘယ်နေရာဘဲရှိရှိ အချိန်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ စကားအားဖြင့်၎င်း၊ စာရေးခြင်းအားဖြင့်၎င်း ဘုရားသခင်၏အမှုတော်ကို ကျွန်တော်တို့အစဉ်ကြိုးစားဆောင်ရွက်ကြရပါမည်။ ကျွန်တော်တို့မရပ်တန့်သင့်ပါ။

သံသယမရှိဘဲ နာခံသောသူအား သခင်ယေရှုကောင်းကြီးပေးကြောင်း ခွန်အားယူကြပါစို့။ သခင်ယေရှုအား ရှိမှန်အားအမိန့်ပေး၍ (လုကာ ၅း၄) နာခံသောအစေခံက ထိုစကားအတိုင်း ဆောင်ရွက်ခဲ့ပါသည် (လုကာ ၅း၅)။ လုကာ ၅း၆ က မိမိစကားကို နာခံသောသူကို မည်သို့ ကောင်းကြီးပေးသည်ကို ဖော်ပြခဲ့ပါသည်။

ဤအဖြစ်အပျက်မှကျွန်တော်တို့ လက်တွေ့သင်ယူစရာသင်ခန်းစာရှိပါသည်။ ခရစ်တော်၏စကားကို သံသယမဝင်ဘဲ အစဉ်နာခံလိုက်လျှောက်ကြပါစို့။ ဆောင်ရွက်ရမည့်အမှုသည် တစ်ခါတစ်ရံခက်ခဲ၍ မဖြစ်နိုင်ဟုထင်ရသောအရာဖြစ်နိုင်ပါသည်။ သို့သော်လည်း နောက်မဆုတ်ဘဲ ဆောင်ရွက်ကြရပါမည်။ ယေရှုက “သွားလော့” ဟုမိန့်တော်မူလျှင် တည့်တည့်မတ်မတ်သွားကြရပါမည်။ ယေရှုက “ဆောင်ရွက်လော့” ဟု မိန့်တော်မူလျှင် သတ္တိရှိစွာမယိမ်းမယိုင် ကြိုးစားဆောင်ရွက်ရပါမည်။ အမြင်အားဖြင့်မဟုတ်ဘဲ ယုံကြည်ခြင်းဖြင့် ရှေ့ဆက်လျှောက်လှမ်းရပါမည်။ နောက်ဆုံး၌အဖြေကို တွေ့ရမည်ဖြစ်ပါသည်။ ထိုသို့ပြုခြင်း၌ ဘယ်သောအခါမျှ ရှုံးနိမ့်ခြင်းရှိမည်မဟုတ်ပါ။ နောက်ဆုံးတွင် ကြီးမြတ်သောဆုလာဘ် ကျွန်တော်တို့ဆွတ်ခူးရရှိမည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - နာမခံခြင်းသည် ဆင်ခြေအမြဲပေးတတ်၏။ ဘုရားသခင်က စိတ်နှလုံးရည်ရွယ်ချက်ကို သိတော်မူ၏ (၁ ကော ၄း၅)။

**ဆုတောင်းချက်**- အဘဘုရား၊ ကိုယ်တော်၏စကားနာမခံခြင်း၌ ကျွန်တော်ဆင်ခြေမပေးဘဲ ဝန်ခံမည်အကြောင်း မစတော်မူပါ။

## ကပေရနောင်မြို့၏ တရားစရပ်၌ညစ်ညူးသောနတ်စွဲသောသူ

နတ်ဆိုးတို့ကပင် သခင်ယေရှုကိုသိကြကြောင်း ရှင်းလင်းစွာသိရပါသည် (မာကု ၁း၂၄)။ ကျမ်းပြုဆရာနှင့်ဖာရိရှဲတို့က လျစ်လျူရှု၍မသိကြသောအချိန်၌ သူတို့သည်ခရစ်တော်ကိုသိကြ၏။ သို့သော်လည်းထိုသိခြင်းသည် ကယ်တင်ခြင်းအတွက်မဟုတ်ပါ။ ဤသိခြင်းသည် ယုံကြည်ခြင်း၊ မျှော်လင့်ခြင်း (သို့)ချစ်ခြင်းမပါဘဲ ချစ်ခြင်းဖြစ်ပါသည်။ ထိုနတ်ဆိုးစွဲသောသူတို့သည် ဆိုးယုတ်သောသူ ဘုရားနှင့်လူတို့ကို ဆန့်ကျင်သောသူတို့ဖြစ်ကြ၏။ ခရစ်ယာန်ယုံကြည်ချက်နှင့် တရားတို့ကို သာမာန်ယုံကြည်ခြင်းက ကယ်တင်ခြင်းမပေးနိုင်ပါ။ ထိုသို့သောယုံကြည်ခြင်းသည် စာတန်၏ယုံကြည်ခြင်းကဲ့သို့သာဖြစ်ပါသည်။ သူတို့သည် ယေရှုအားခရစ်တော်ဖြစ်ကြောင်း ယုံကြည်သိခဲ့ကြပါ၏။ ထိုခရစ်တော်က တစ်နေ့တွင် သူတို့ကိုစီရင်လိမ့်မည်အကြောင်းလည်း သိကြ၏။ အချို့ခရစ်ယာန်တို့သည် စာတန်၏ယုံကြည်ခြင်းထက်တောင်မှ ယုံကြည်ခြင်းမရှိကြပါ။ ထာဝရညှင်းဆဲခြင်းခံရာငရဲရှိသည်ကိုပင် လူတစ်ချို့သည်မယုံကြပါ။ ထိုသို့သောသံသယစိတ်သည် မိမိကိုယ်ကျိုးကိုသာရှာသောသူတို့၏စိတ်နှလုံး၌ရှိတတ်၏။ နတ်ဆိုးတို့၌သစ္စာမရှိခြင်း၊ ဖောက်ပြန်ခြင်းမရှိပါ (ယာကုပ် ၂း၁၉)။

မသန့်ရှင်းသောခရစ်ယာန်တို့၏အသိတရားကို သတိပြုကြပါစို့။ အလွန်ကြောက်စရာကောင်းသော်လည်း ယနေ့နောက်ဆုံးကာလတွင် များစွာတွေ့ရတတ်၏။ ကျွန်တော်တို့သည် သမ္မာကျမ်းစာကို ဦးနှောက်အသိဖြင့်ကောင်းစွာသိ၍ ကျမ်းပိုဒ်တို့ကိုအလွတ်ရ၍ သွန်သင်ချက်တို့ကိုဟောပြောနိုင်ကြသော်လည်း ကျွန်ုပ်တို့၏စိတ်နှလုံး၊ ဆန္ဒနှင့်အသိဉာဏ်တို့ကိုမလွှမ်းမိုးဘဲ ရှိတတ်ပါသည်။ ထိုအခါ ကျွန်တော်တို့သည် နတ်ဆိုးတို့ထက်ပို၍ ကောင်းသောသူမဖြစ်ကြပါ။

ထို့ကြောင့် ကျွန်ုပ်တို့၏ယုံကြည်ခြင်းသည် စိတ်နှလုံးမှလာသောယုံကြည်ခြင်း၊ ဦးနှောက်အသိဉာဏ်နှင့်ပေါင်းစပ်သောယုံကြည်ခြင်းဖြစ်ဖို့ လိုအပ်ပါသည်။ “ငါသိပါတယ်၊ ငါသိပါတယ်” ဟုဆိုလျက် နောက်ဆုံး၌ငရဲကိုရောက်နိုင်ပါ၏။ ထို့ကြောင့် ကျွန်ုပ်တို့၏အသိဉာဏ်က ကျွန်ုပ်တို့အသက်တာ၌အသီးသီးပါစေသော်။ “ခရစ်တော်သည် ကယ်တင်ရှင်ဖြစ်၏” ဟုဆိုခြင်းနှင့် “ခရစ်တော်သည် အကျွန်ုပ်၏ကယ်တင်ရှင်နှင့်သခင်ဖြစ်တော်မူ၏” ဟုဆိုခြင်းသည် ခြားနားလှပါ၏။ စာတန်က ပထမအချက်ကိုဆိုနိုင်သော်လည်း စစ်မှန်သောခရစ်ယာန်ကသာလျှင် ဒုတိယအချက်ကို ဆိုနိုင်၏။

**ဆင်ခြင်ရန်** - ယုံကြည်ခြင်းမရှိလျှင် ကျွန်တော်တို့သည် နတ်ဆိုးထက်ပို၍ဆိုး၏။ ဦးနှောက်အသိအားဖြင့်သာ ယုံကြည်ခြင်းရှိလျှင် နတ်ဆိုးတို့နှင့်အတူတူ ဖြစ်ကြပြီး အသက်တာပြောင်းလဲခြင်းနှင့်ဆိုင်သော ယုံကြည်ခြင်းရှိမှသာလျှင် နတ်ဆိုးတို့နှင့် ခြားနားခြင်းရှိ၏။

**ဆုတောင်းချက်**- အဘဘုရား၊ အကျွန်ုပ်ယုံကြည်ခြင်းက အကျွန်ုပ်အသက်တာကိုအမှန်ပြောင်းလဲစေပါစေသော်။

ကြာသပတေး၊ နိုဝင်ဘာ (၅)
**မာကု ၁း၂၉-၃၄၊ လုကာ ၄း၃၆-၄၁**
ဟေဗြဲ ၁၀း၁-၁၄

*သခင်ဘုရားအဖို့ အလွန်ခက်ခဲသောအမှုဟူ၍ ရှိပါသလား*

# ရှိမုန်၏ယောက္ခမ၏အဖျားရောဂါငြိမ်းစေခြင်း

အခက်အခဲဒုက္ခကြုံတွေ့သောအခါ ကျွန်တော်တို့သည် ရှိမုန်၏ယောက္ခမ၏ မိတ်ဆွေများကဲ့သို့ ယေရှုကို ပထမဦးစွာ ချဉ်းကပ်ကြရပါမည် (မာကု ၁း၃၀)။ ထိုအရာထက်ကောင်းသော ပို၍ကောင်းသောဆေးဝါးမရှိပါ။ တန်ဆာပလာတို့ကို သတိကြီးစွာအသုံးပြုရပါမည်။ နာမကျန်းဖြစ်လျှင် ဆရာဝန်နှင့်ပြရပါမည်။ ပစ္စည်းဥစ္စာနှင့် မိမိသိက္ခာကို ကွယ်ကာရန် ရှေ့နေကိုတိုင်ပင်ရပါမည်။ မိတ်ဆွေသူငယ်ချင်း၏ အကူအညီရယူရပါမည်။ သို့သော်လည်း ပထမဦးဆုံးပြုရမည့်အရာကား သခင်ယေရှုအား မစခြင်းအတွက် ချဉ်းကပ်ဆုတောင်းရပါမည်။ ယေရှုထက်အဘယ်သူကမှ ပို၍မကြင်နာ၊ မစာနာနိုင်ပါ။ သမ္မာကျမ်းစာက များစွာသာဓကပေးထားပါသည် (ကမ္ဘာ ၃၂း၁၁၊ ၄ ရာ ၁၉း၁၉၊ ယောဟန် ၁၁း၃၊ ဆာလံ ၅၅း၂၂၊ ၁ ပေ ၅း၇၊ ဖိလိ ၄း၆)။

အနာရောဂါခံစားသောအခါ ယေရှု၏အနန္တတန်ခိုးကိုမြင်ရတတ်ပြီး နတ်ဆိုးတို့ကပင် ယေရှု၏အမိန့်ကို နာခံကြ၏။ နတ်ဆိုးတို့ကို ယေရှုကအမိန့်ပေး၍ သူတို့သည်ထွက်သွားတတ်ကြ၏ (မာကု ၁း၂၅၊ ၂၆၊ ၃၄)။ အနာရောဂါကိုလည်း အမိန့်ပေး၍ နာမကျန်းသောသူတို့အပေါ် လက်တင်သောအခါ သူတို့၏ရောဂါသည် ချက်ချင်းပျောက်၍အနာငြိမ်းခဲ့ကြ၏ (မာကု ၁း၃၁၊ ၃၄)။

ဤသို့သော အံ့ဖွယ်အမှုတို့ကို ခရစ်ဝင်ကျမ်းတို့တွင် ခဏခဏတွေ့ရပါသည်။ သို့သော်လည်း ကျွန်တော်တို့သည် စဉ်းစားဆင်ခြင်မရှိဘဲ ဖတ်သာဖတ်၍ ထိုအမှုကသင်ပေးသောသင်ခန်းစာတို့ကို မလေ့လာတတ်ကြပါ။ ကျွန်တော်တို့သင်ယူရမည့်သင်ခန်းစာဟူမူကား အပြစ်ကြောင့်ဤလောကဦ့ဝင်ရောက်ခဲ့သော မကောင်းမှုတိုင်းအတွက် အမှန်ကျန်းမာစေတော်မူသောသူသည် ခရစ်တော်ပင်ဖြစ်ကြောင်း သိရှိရန်ဖြစ်ပါသည်။ စာတန်ယူဆောင်လာသောစိတ်နှလုံးပြဿနာ အမျိုးမျိုးအတွက် အကောင်းဆုံးသောကုသဆေးသည် ခရစ်တော်ပင်ဖြစ်ပါသည်။

သခင်ယေရှုက အနာငြိမ်းစေသောအခါ စုံလင်ပြည့်စုံသောအနာငြိမ်းခြင်းကို ဖြစ်ပွားစေခဲ့ပါသည်။ ဖျားနာရောဂါငြိမ်းသွားသည်သာမက ရှိမုန်၏ယောက္ခမသည် သူတို့ကိုပြုစုခဲ့ပါသည် (မာကု ၁း၃၁)။ ဖျားနာခြင်းပျောက်ကွယ်ပြီးမှ ကျန်ရှိတတ်သောအားနည်းခြင်း၊ ခွန်အားမရှိခြင်း စသည့်အချက်များကို ဤအနာငြိမ်းခြင်း၌ မတွေ့ရပါ။ ချက်ချင်းဖျားနာငြိမ်းသည်သာမက သူသည် အားရှိ၍ အလုပ်လုပ်နိုင်ကြောင်း တွေ့ရပါသည်။ အပြစ်၏ချုပ်နှောင်ခြင်းခံရသောသူတို့အပေါ် ခရစ်တော်ပြုသောအမှုသည်လည်း ထိုနည်းတူဖြစ်ပါသည်။ အပြစ်သားသည် အပြစ်လွတ်ခြင်းခံရသည်သာမက အသစ်သောစိတ်နှလုံးဝိညာဉ်ရရှိကြပြီး ဘုရားသခင်အလိုတော်ကိုလိုက်၍ နေထိုင်နိုင်သောအသက်တာ ပိုင်ဆိုင်ကြ၏။

**ဆင်ခြင်ရန်** - (၁ ပေ ၅း၇ ကိုဖတ်ပါ)။
**ဆုတောင်းချက်**- အဘဘုရား၊ ခန္ဓာကိုယ်နှင့်ဝိညာဉ်ကိုပါ ကျန်းမာစေနိုင်သော ကိုယ်တော်၏ တန်ခိုးတော်ကြောင့် ကိုယ်တော့်ကိုချီးမွမ်းပါ၏။

သောကြာ၊ နိုဝင်ဘာ (၆)

**မာကု ၁း၄၀-၄၅၊ မသဲ ၈း၂-၄၊ လုကာ ၅း၁၂-၁၅**

တော ၅း၁-၄

*“တဦးကသာ ကိုယ်တော်အား ကျေးဇူးတင်စကားပြောခဲ့၏”*

## ရွေးကောက်ခြင်းခံရသောဏ္ဍသရေလ

အနူရောဂါသည် ကျွန်တော်တို့သိပ်မသိကျွမ်းသောရောဂါဖြစ်ပါသည်။ ကျမ်းစာသမိုင်းတွင်မှု တွေ့ရများသောရောဂါဖြစ်ပါသည်။ ဤရောဂါသည် အရေပြားသာမဟုတ်ဘဲ အသွေးအသားနှင့်အရိုးကိုပါ ထိခိုက်ဖျက်ဆီးတတ်သောရောဂါဖြစ်ပါသည်။ ယခုထုံးတမ်းစဉ်လာတွင် နူနာစွဲသောသူကိုမသန့်ရှင်းသောသူဟုသတ်မှတ်၍ ဣသရေလလူထုထဲမှ ဖယ်ရှားခြင်းခံရတတ်၏။ တသီးတခြားနေထိုင်ရပါသည်။ အဘယ်သူကမျှ မထိရ၊ မပြုစုရပါ။ နူနာစွဲသောသူသည် အလွန်သနားစရာကောင်းလှပါ၏။

ကျွန်တော်တို့၌နူနာရောဂါကဲ့သို့သော အရာတစုံတခုရှိပါသည်။ ထိုအရာမှာ အပြစ်ဟူသောရောဂါဖြစ်၍ ကျွန်ုပ်တို့၏မွေးရာပါရောဂါဖြစ်ပြီး အရိုးနှင့်ရိုးတွင်းခြင်ဆီထိအောင် သေလောက်သောအဆိပ်ကိုသင့်စေပါ၏။ အနူရောဂါကဲ့သို့ပင် ဤအပြစ်ရောဂါသည် ကျွန်ုပ်တို့၏ဇာတိ၊ စိတ်နှလုံး၊ လိုအင်ဆန္ဒ၊ အသိဉာဏ်စသည်တို့ကို အဆိပ်သင့်စေခဲ့ပါသည်။ ထို့ပြင် ကျွန်တော်တို့ကို ရွံရှာမုန်းတီးစရာဖြစ်စေလျက် ဘုရားသခင်နှင့်ဝေး၊ ကောင်းကင်ဘုန်းအသရေနှင့်ဝေး ကင်းဝေးစေခဲ့ပါသည်။ ထို့ပြင် အနူရောဂါထက်ပိုဆိုးသည်မှာ ဤအပြစ်ရောဂါသည် လူတိုင်းနှင့်မကင်းလွတ်သော ရောဂါဖြစ်ပါသည် (ဟေရှာ ၆၄း၆)။

သခင်ယေရှုသည် လိုအပ်သောသူကိုအနာငြိမ်းစေနိုင်ပြီး ငြိမ်းစေခြင်းငှါလည်း အလိုရှိတော်မူ၏ (မာကု ၁း၄၁-၄၂)။ သခင်ယေရှုက နူနာစွဲသောသူ၏တောင်းလျှောက်မှုကို လက်ခံ၍ (မာကု ၁း၄၀-၄၁) အနာငြိမ်းစေခဲ့ပါသည်။ ချက်ချင်းအနာငြိမ်းခဲ့ပါသည် (မာကု ၁း၄၁-၄၂)။ ထိုအချိန်ခဏတွင် ထိုသေစေနိုင်သောရောဂါသည် ပျောက်ကင်း၍ သူသည်လုံးဝကျန်းမာခြင်းသို့ ရောက်ခဲ့ပါသည်။ လက်တော်ကိုဆန့်၍စကားပြောခြင်းဖြင့် သခင်ယေရှုကရောဂါကိုပျောက်ကင်းစေပြီး ယခုသူ့ရှေ့တွင်ရပ်နေသောသူသည် အနူမဟုတ်တော့ဘဲ ကျန်းမာသန်စွမ်းသောလူတစ်ဦးပင်ဖြစ်ပါသည်။

ထိုသို့မိမိကိုယ်ကို ကျန်းမာကြောင်း သိရှိခဲ့သော ထိုပုဂ္ဂိုလ်၏ခံစားချက်ကို မည်သူသိနိုင်မည်နည်း။ နံနက်နေထွက်တိုင်း အသက်ရှင်ခြင်းထက်သေခြင်းကိုသာ တောင့်တခဲ့သော အနူရောဂါစွဲလျက် ဝေဒနာခံစားခဲ့သော်လည်း ယခုညနေစောင်းနေဝင်ချိန်တွင် သူသည်ရောဂါဝေဒနာကင်းဝေးလျက် လူတို့နှင့်ဝင်ဆံ့ပြီး မျှော်လင့်ခြင်း၊ ဝမ်းမြောက်ခြင်းအပြည့်ဖြင့် နေရခဲ့ပါသည်။ ဝိညာဉ်နှင့်ဆိုင်သောအနူရောဂါသည်လည်း ထိုသို့ဖြစ်ပါသည်။ အဘယ်စိတ်ဒဏ်ရာ၊ ဝေဒနာမျှ သခင်ယေရှုမကုသနိုင်သောရောဂါမရှိပါ။ ကျွန်ုပ်တို့၏ကြီးမြတ်တော်မူသော သမားတော်က အကုန်အစင်ကုသပျောက်ကင်းစေတော်မူနိုင်၏။

**ဆင်ခြင်ရန်** - ခရစ်တော်သည် ကယ်တင်ခြင်းငှါ အလိုရှိတော်မူ၏။ အပြစ်သားတို့သည် ကယ်တင်ခြင်းအတွက် ခရစ်တော်ထံမချဉ်းကပ်လိုကြချေ (မသဲ ၂၃း၃၇၊ ယောဟန် ၅း၄၀)။

**ဆုတောင်းချက်**- အဘဘုရား၊ အကျွန်ုပ်၏ဝိညာဉ်ရေးရာအနူရောဂါကို ယေရှု၏အသွေးတော်ဖြင့် သန့်ရှင်းစင်ကြယ်စေတော်မူပါ။

စနေ၊ နိုဝင်ဘာ (၇)

**မာကု ၂း၁-၁၂၊ မသဲ ၉း၂-၈၊ လုကာ ၅း၁၇-၂၆**

ဆာလံ ၁၃၉း၁-၆

*ကိုယ်တော်၏စကားတော်အားဖြင့်*
*ထိုသူသည် ချက်ချင်းကျန်းမာခြင်းသို့ရောက်ခဲ့၏*

## လက်ခြေသေသောသူကျန်းမာစေခြင်း

ဒုက္ခဝေဒနာက လူ၏အသက်တာ၌ ကြီးမြတ်သောကောင်းကြီးမင်္ဂလာဖြစ်စေတတ်၏။ လက်ခြေသေသောသူ၊ အိမ်မှသူတပါးက ထမ်း၍ထုတ်ခြင်းကိုခံရသော၊ အားနည်းသောသူသည် ကိုယ်စိတ်နှစ်ဖြားပျော်ရွှင်ဝမ်းမြောက်စွာ မိမိအိမ်သို့ပြန်သွားခဲ့ပါသည်။ အဘယ်သူက ထိုသို့ဘုရားသခင်ကိုချီးမွမ်းလျက် နေမည်ကိုထင်ထားကြပါမည်နည်း။ ဤသည်ကား သူ၏အသက်တာ၌ ထာဝရအသက်စတင်ခံစားရခြင်းဖြစ်ပါသည်။

ဒုက္ခဝေဒနာခံရစဉ် မြည်တမ်းခြင်းမပြုရန်သတိပြုကြရပါမည်။ ဒုက္ခတိုင်းသည် ဘုရားသခင်နှင့် ကျွန်တော်တို့နီးစပ်ခြင်းငှါ နှိုးဆော်သောအရာဖြစ်ပါသည်။ သတိရလွမ်းဆွတ်မှုက ဂရုဏာတော်ကိုသိမြင်စေ၏။ ဆုံးရှုံးခြင်းက စစ်မှန်သောအမြတ်ကိုသိစေတတ်၏။ ဖျားနာခြင်းက ဝိညာဉ်သမားတော်ထံခေါ်ဆောင်တတ်ပြီး ဤလောကီအရာတို့နှင့်ကင်းဝေးစေလျက် သမ္မာကျမ်းစာသို့ ပို့ဆောင်တတ်၏။ များစွာသောလူတို့က ဆာလံ ၁၁၉း၇၁ ကို ကိုးကားမြွက်ဆိုကြ၏။

သခင်ယေရှုသည် လူတို့၏စိတ်နှလုံးအတွေးကို သိမြင်တော်မူ၏ (မာကု ၂း၈)။ အဘယ်အရာမျှ ခရစ်တော်ထံဖုံးကွယ်၍မရကြောင်း အစဉ်သိမှတ်ကြပါစို့။ ဆာလံ ၁၃၉ ကို လေ့လာဆင်ခြင်သိမှတ်ကြပါစို့ (ဟေဗြဲ ၄း၁၃၊ ဆာလံ ၁၃၉း၄)။ ဤသမ္မာတရားက ကျွန်ုပ်တို့စိတ်နှလုံးကို နိုးကြားခြင်းရှိစေပါစေသော်။ ခရစ်တော်သည် ကျွန်ုပ်တို့ကိုအစဉ်သိမြင်တော်မူ၏။ ကျွန်ုပ်တို့၏အပြုအမူ၊ အပြောအဆို၊ အတွေးအမြင်ကို ခရစ်တော်ကနေ့စဉ်ဖတ်ရှုတော်မူ၏။ ဤတရားက ဆိုးသွမ်းသောလူတို့ကို သတိပေး၍အပြစ်မှကင်းဝေးပါစေသော်။ ပြုသောအမှုတို့သည် ဖုံးကွယ်၍မရပါ။ တနေ့တွင် နောင်တမရပါက ဖော်ထုတ်ခြင်းခံရမည်ဖြစ်ပါသည်။ ဟန်ဆောင်သောသူတို့ ကြောက်ရွံ့ခြင်းရှိကြလော့။ လူတို့ကိုလှည့်ဖြား၍ ရသော်လည်း၊ ခရစ်တော်ကိုလှည့်ဖြား၍မရပါ။ စစ်မှန်သောယုံကြည်သူတို့သည် ဤတရားကြောင့် စိတ်ချမ်းသာခြင်းရကြ၏။ ချစ်ခြင်းမေတ္တာနှင့်ပြည့်စုံသောသခင်က အစဉ်မျက်စိအောက်၌ထားပြီးသူတို့ကို မှန်ကန်ဖြောင့်မတ်စွာ ကွယ်ကာစောင့်ထိန်းတော်မူသည်ကို သတိရအောက်မေ့ကြရပါမည် (ယောဟန် ၂၁း၁၇)။

သခင်ယေရှု၌ အပြစ်ကိုခွင့်လွှတ်နိုင်သော ယဇ်ပုရောဟိတ်တန်ခိုးရှိတော်မူ၏ (မာကု ၂း၅၊ ၁၀)။ အဘယ်ကောင်းကင်တမန်၊ လူသား၊ အသင်းတော်ကောင်စီ၊ အဘယ်အမှုတော်ကမှ အပြစ်သား၏အပြစ်ဝန်ထုပ်ဝန်ပိုးကို ဖယ်ရှား၍ ဘုရားသခင်နှင့်သင့်မြတ်အောင် မစွမ်းဆောင်နိုင်ပါ။ အပြစ်ကိုခွင့်လွှတ်ခြင်းငှါ ဘုရားသခင်အလိုရှိကြောင်း၊ တတ်နိုင်တော်မူကြောင်း ဟောပြောနိုင်ကြသော်လည်း သူတို့က အပြစ်လွှတ်ခြင်းမပြုနိုင်ပါ။ ထိုအပြစ်လွှတ်နိုင်သောအခွင့်ကို သားတော်ယေရှုခရစ်ပိုင်တော်မူ၏။

**ဆင်ခြင်ရန်** - အကျွန်ုပ်တို့ကို အစုံအလင်သိတော်မူသောယေရှုသည် ကျွန်ုပ်တို့ကို အလုံးစုံခွင့်လွှတ်တော်မူနိုင်၏။

**ဆုတောင်းချက်**- အဘဘုရား၊ အကျွန်ုပ်၏စိတ်နှလုံးကို စစ်ကြော၍အလုံးစုံခွင့်လွှတ်တော်မူပါ။

တနင်္ဂနွေ၊ နိုဝင်ဘာ (၈)
**ယောဟန် ၅း၁-၁၅**
ဆာလံ ၁၁၉း၆၅-၇၁

*"ထာဝရဘုရားကိုမျှော်လင့်သောသူတို့မူကား အားပြည့်ကြလိမ့်မည်"*

## ဖမသေသ ဒရေကန်၌ ရောဂါစွဲသောသူ

ခရစ်တော်၏ဂရုဏာတော်နှင့်သနားကြင်နာမှုသည် အလွန်ကြီးမြတ်လှပါသည်တကား။ ယေရှုသည် လူတို့အကြား၌တုံးလုံးလဲလျောင်းနေသော သနားစရာလူနာကိုမြင်တော်မူ၏(ယောဟန် ၅း၆)။ လူများတို့က လျစ်လျူရှု၍မမြင်ကြသော်လည်း ယေရှုကသူ့ကို ဂရုပြုလျက်မြင်တော်မူ၏။ ထို့ပြင် အလုံးစုံကိုသိတော်မူသောဘုရားဖြစ်သည်နှင့်အညီ သူ့ကိုကောင်းကောင်းသိတော်မူပြီး (ယောဟန် ၅း၆)၊ ရောဂါခံစားနေရသော အချိန်ကာလကိုလည်းသိ၍ သနားတော်မူ၏။ သနားကြင်နာ သောစိတ်ဖြင့် သူ့ကိုယေရှုစကားပြောတော်မူ၏။ ထို့ပြင် ချက်ချင်းသူ၏ရောဂါကို ငြိမ်းစေတော်မူပြီး အိမ်သို့ပျော်ရွှင်စွာပြန်သွားစေခဲ့ပါသည်။

ဤအမှုသည် များစွာသောသခင်ယေရှုခရစ်တော်၏ သနားကြင်နာမှုကိုပြသော သာဓကများထဲမှတစ်ခုသာဖြစ်ပါသည်။ သူသည်လူတို့ထံမထိုက်တန်သော သနားကြင်နာခြင်းနှင့် ချစ်ခြင်းမေတ္တာကိုပြတော်မူတတ်၏။ သူသည် "ဂရုဏာနှင့်မွေ့လျော်သော" သူဖြစ်တော်မူ၏ (မိက္ခာ ၇း၁၈)။ သခင်ယေရှုသည် လူတို့ကိုကယ်တင်ခြင်းငှါရင်း၊ အစဉ်အသင့်ရှိတော်မူ၍ လူတို့လိုချင်သည်ထက်ပို၍ကောင်းသောအမှုကို ပြုလိုတော်မူ၏။

အနာရောဂါငြိမ်းစေခြင်းခံရခြင်းမှ သင်ယူရမည့်သင်ခန်းစာကို ထိုသူအားယေရှုမိန့်တော်မူသောစကား၌ တွေ့ရပါသည်။ ထိုစကားမှာ "သာ၍ဆိုးသောဘေးနှင့်ကင်းလွတ်မည်အကြောင်း နောက်တဖန် ဒုစရိုက်ကိုမပြုနှင့်" (ယောဟန် ၅း၁၄) ဟူ၍ဖြစ်ပါသည်။

နာမကျန်းဖြစ်ခြင်းနှင့် ဝမ်းနည်းစရာကောင်းသောအမှုသည် ကျွန်ုပ်တို့ထံ ဘုရားသခင်ပြောသော စကားသံဖြစ်ပါသည်။ ပြန်လည်ကျန်းမာသောအခါ ကျွန်ုပ်တို့သည် အပြစ်ကိုပို၍မုန်းတီးလျက် ဘုရားသခင်အတွက်ပို၍သန့်ရှင်းသောအသက်တာဖြင့် နေထိုင်ကြရမည်ဖြစ်ပါသည်။ တခါတရံ ကျွန်တော်တို့ကျန်းမာလာသောအခါ နေမကောင်းဖြစ်စဉ်ဆုတောင်းခဲ့သောအချက်နှင့် ပြုသောဂတိစကားများကို မေ့လျော့တတ်ကြ၏။ ပြန်၍ကျန်းမာလာသောအခါ ပို၍သတိထားကြရပါမည်။ ရောဂါပျောက်ကင်းသောသူတိုင်း ဤစကားကိုသတိပြုလျှင် အလွန်ကောင်းပါလိမ့်မည် - "ပို၍ဆိုးသောဘေးနှင့်ကင်းလွတ်မည်အကြောင်း နောက်တဖန်ကျွန်တော်ဒုစရိုက်မပြုဘဲနေမည်"။

**ဆင်ခြင်ရန်** - ဘုရားသခင်၏သနားကြင်နာခြင်းကို ကျွန်တော်ပွားများစေပါသလား (သို့) ဘုရားသခင်၏အမြတ်ဒေါသကို ကျွန်တော်ပြုစုနေပါသလား။

**ဆုတောင်းချက်**- အဘဘုရား၊ ကျွန်တော်ကြုံတွေ့ရသောအရာတိုင်း၌ ကိုယ်တော်၏စကားကို ကျွန်တော်ကြားသိလိုပါ၏။

တနင်္လာ၊ နိုဝင်ဘာ (၉)

**လုကာ ၆း၁-၁၁၊ မသဲ ၁၂း၁-၁၃၊ မာကု ၂း၂၃-၃း၅**

မသဲ ၂၃း၁၅-၂၄ *"ဥပုသ်နေ့သည် လူ့အဘို့ဖြစ်၏"*

## ဥပုသ်နေ့၌ သခင်ဘုရားအနာငြိမ်းစေတော်မူခြင်း

သခင်ယေရှုက မှားယွင်းသော်အနက်ဖွင့်ခြင်းမှငင်း၊ လူတို့၏ထုံးတမ်းစဉ်လာမှငင်း ဥပုသ်နေ့ကို လွတ်မြောက်သန့်ရှင်းစေခဲ့ပါသည်။ ဖာရိရှဲတို့၏ နေ့ရက်နှင့်ဆိုင်သောစောင့်ထိန်းရမည့် ထုံးတမ်းစဉ်လာဝန်ထုပ်ဝန်ပိုးကြီးကို ယေရှုကဖယ်ရှားပစ်တော်မူ၏။

ယနေ့ဖတ်ရသော ကျမ်းပိုဒ်၏အခြေခံလျက်၊ သခင်ယေရှုက ဥပုသ်နေ့တွင် မဖြစ်မနေလို အပ်သောအမှုနှင့်ဂရုဏာတော်အမှုတို့ကို ပြုနိုင်ကြောင်း ခွင့်ပြုထားပါသည်။ ဥပုသ်နေ့၌ စပါးအသီး အနှံကို တပည့်တော်တို့က လက်ဖြင့်ဆွတ်၍ပွတ်စားသည်ကို ယေရှုကအပြစ်မတင်ခဲ့ပါ။ ဤအမှု သည် သမ္မာကျမ်း၌ခွင့်ပြုထားပါသည် (တရား ၂၃း၂၅)။ သူတို့သည် ဆာလောင်မွတ်သိပ်၍ အစား အစာလိုအပ်ကြသောကြောင့် အပြစ်မတင်ရပါ (မသဲ ၁၂း၁)။ ဥပုသ်နေ့၌ နာမကျန်းသောသူကို အနာငြိမ်းစေခြင်းအမှုကို ယေရှုပြုတော်မူ၏။ ထိုသူသည် အနာရောဂါဝေဒနာခံစားနေခဲ့ပါသည်။ ထိုသို့သောအခြေအနေတွင်၊ အနာရောဂါသက်သာငြိမ်းစေခြင်းအမှုသည် ဘုရားသခင်၏ ပညတ်တော်ကိုချိုးဖောက်ရာ မရောက်ပါ။ ကောင်းသောအမှုပြုခြင်းမှ အနားမယူရပါ။

ထိုသို့ ဥပုသ်နေ့၌ မဖြစ်မနေလိုအပ်သောအမှုနှင့် ဂရုဏာတော်အမှုပြုခြင်းအခွင့်ရှိကြောင်း သခင်ယေရှု၏ဖော်ပြချက်ကို ဘယ်လိုမှငြင်းပယ်၍မရပါ။ ပညတ်တော်ချိုးဖောက်ရာ ရောက်သည်ဟု မိမိနှင့်မိမိ၏တပည့်တော်တို့အား အပြစ်တင်သောဖာရိရှဲတို့ကို ယေရှုကဒါဝိဒ်ပြုသောအမှု (လုကာ ၆း၃-၄)၊ ဗိမာန်တော်၌ ရှိသောယဇ်ပုရောဟိတ်တို့အကြောင်း (မသဲ ၁၂း၅)နှင့် တရိစ္ဆာန်အပေါ် သူတို့ကိုယ်တိုင်ဂရုစိုက်မှု (မသဲ ၁၂း၁၁) စသည်တို့ကို ပြောပြတော်မူခဲ့၏။ ထို့ပြင်၊ ချစ်ခြင်းမေတ္တာ ဖြင့် ပြုရသော တာဝန်ဝတ္တရားကို ပစ်ပယ်ရလောက်အောင် ဘုရားသခင်၏ ဝတ်ကိုမပြုသင့်ဟု ယေရှုက ပညတ်ထားခဲ့ပါသည် (လုကာ ၆း၉၊ မသဲ ၁၂း၇)။ ပညတ်တော်၏ပထမကျောက်ပြားပေါ်၌ ရေးသားထားသော ပညတ်ချက်တို့ကို ဒုတိယကျောက်ပြားရှိ ပညတ်ချက်နှင့်ဆန့်ကျင်၍ အဓိပ္ပာယ် မဖွင့်ရပါ။ မိမိ၏အိမ်နီးချင်းနှင့် သူတပါးအပေါ်၌ သနားကြင်နာစိတ်ကင်းမဲ့ရလောက်အောင် စတုတ္ထ မြောက်ပညတ်ချက်ကို အနက်အဓိပ္ပာယ်မဖွင့်ရပါ။

သခင်ယေရှုက လူ့စိတ်နှလုံးအတွေးကို မိမိအလုံးစုံသိတော်မူကြောင်း ထပ်၍ပြသတော်မူခဲ့ ၏ (လုကာ ၆း၈)။ ဘုရားသခင်သာလျှင် လူ၏စိတ်ကိုသိနိုင်တော်မူ၏။ သူတပါး၏စိတ်အတွေးကို သိနိုင်သောသူသည် လူထက်သာလွန်သောသူဖြစ်ပါသည်။ ယေရှုသည် ကျွန်တော်တို့ကဲ့သို့လူဖြစ်ပါ သည်။ သို့သော်လည်း မတူသောအချက်မှာ သူသည်အပြစ်ကင်းစင်တော်မူ၏။ ထို့ပြင် အခြားကျမ်း ချက်တို့အားဖြင့် ယေရှုသည်ဘုရားဖြစ်တော်မူပြီး လူသားလည်းဖြစ်ကြောင်းသိရပါသည်။ သခင်ယေရှု ၏အလုံးစုံသိသောဉာဏ်က ကျွန်ုပ်တို့ကို နှိမ့်ချသောအသက်တာရှိစေပါမည်။ ယေရှုခရစ်တော်သည် ကျွန်ုပ်တို့စိတ်နှလုံးကို သိကျွမ်းတော်မူ၏။

**ဆင်ခြင်ရန်** - သမ္မာတရားအတွက် စိတ်အားထက်သန်ခြင်းသည် သူတပါးအပေါ် ထားရမည့် ချစ်ခြင်းမေတ္တာနှင့်ကိုက်ညီမှုရှိရပါမည်။

**ဆုတောင်းချက်**- အဘဘုရား၊ ကိုယ်တော်၏သမ္မာတရားကို တန်ဖိုးထားရင်း ရန်သူကိုလည်း ချစ်နိုင်ရပါမည်။

အင်္ဂါ၊ နိုဝင်ဘာ (၁၀)

**လုကာ ၇း၁-၁၀**

မသဲ ၈း၅-၁၃

*ပို၍ကြီးမြတ်သောယုံကြည်ခြင်းမရှိ။*

## တပ်မှူး၏ကျွန်၏အနာရောဂါငြိမ်းစေတော်မူခြင်း

လုကာ ၇း၁-၁၀ ထဲတွင် လူနာတဦးအံ့ဖွယ်အနာငြိမ်းခြင်းအမှုကို တွေ့ရပါသည်။ ရောမတပ်မှူးတစ်ဦးက မိမိ၏ကျွန်အတွက်သခင်ယေရှုအားတောင်းလျှောက်သောအခါ အဖြေရခဲ့ပါသည်။ ဤအံ့ဖွယ်အနာငြိမ်းစေခြင်းထက် ပို၍ကြီးမြတ်သောအနာငြိမ်းစေခြင်းအမှုကို ခရစ်ဝင်ကျမ်းထဲတွင် မတွေ့ရပါ။ လူနာကိုမမြင်၊ တို့ထိခြင်းနှင့်ကြည့်ရှုခြင်းမပါဘဲ သခင်ယေရှုက စကားတစ်ခွန်းပြောရုံဖြင့် ကျန်းမာစေတော်မူခဲ့၏။ ယေရှုမိန့်တော်မူ၍ လူနာသည်ကျန်းမာခဲ့ပါသည်။ အမိန့်ပေး၍ ရောဂါထွက်သွားခဲ့၏။ အဘယ်ပရောဖက်၊ တမန်တော်ကမှ ဤနည်းအတိုင်း အံ့ဖွယ်အမှုမပြုခဲ့ကြပါ။ ဘုရားသခင်၏လက်တော်ပင်ဖြစ်ပါသည်။

တပ်မှူး၏သနားကြင်နာခြင်းစိတ်သဘောကို သုံးချက်ဖြင့်တွေ့ရပါသည်။ သူသည်ဖျားနာနေသောမိမိ၏ကျွန်ကို ဂရုစိုက်၍သူကျန်းမာလာစေခြင်းငှါ ဒုက္ခခံခဲ့ပါသည် (လုကာ ၇း၃)။ သူသည်အခြားတပါးအမျိုးသားများကဲ့သို့ ယုဒလူတို့ကိုအမြင်မစောင်းခဲ့ပါ။ ဤအချက်ကို ယုဒခေါင်းဆောင်လူကြီးတို့က သက်သေခံခဲ့ပါသည် (လုကာ ၇း၅)။ သူသည်နှုတ်အားဖြင့်သာမဟုတ်ဘဲ အလုပ်အားဖြင့် ဣသရေလလူတို့ကိုချစ်၍ ကပေရနောင်မြို့ရှိယုဒလူတို့၏ တရားစရပ်ကိုထောက်ပံ့ခဲ့ပါသည်။

ဤတပ်မှူးပြုသောအမှုမှ သင်ခန်းစာယူကြပါစို့။ ကျွန်တော်တို့စပ်ဆိုင်သောသူတို့အပေါ်၌ သနားခြင်းဂရုဏာရှိကြပါစို့။ ကြည့်ရှုခြင်း၊ မစခြင်း၊ ကိုယ်ချင်းစာခြင်းနှင့် ကောင်းမှုပြုခြင်းငှါ မျက်စိ၊ လက်၊ စိတ်နှလုံးနှင့်ဆန္ဒအသင့်ရှိကြပါစို့။ ဝမ်းနည်းသောသူနှင့်အတူ ဝမ်းနည်း၍ ဝမ်းမြောက်သောသူနှင့်အတူ ဝမ်းမြောက်ကြပါစို့ (ရောမ ၁၂း၁၅)။ ဤနည်းဖြင့် ကျွန်ုပ်တို့၏ဘာသာတရားကို လူတို့ထံဖော်ပြ၍ လှုပစေကြပါစို့။ သနားကြင်နာခြင်းသည် လူတိုင်းနားလည်သော ကုသိုလ်ကောင်းမှုဖြစ်ပါသည်။ ဤသည်ကား သခင်ယေရှုခရစ်တော်၏ သဘောသဘာဝအမှုအကျင့်ဖြစ်ပါသည်။ သူသည် သနားကြင်နာခြင်း၊ ဂရုဏာတော်၊ ချစ်ခြင်းမေတ္တာတော်နှင့်ပြည့်စုံတော်မူ၏။ ဤလောက၌ပျော်ရွှင်စွာ အသက်ရှင်ရန်ဤသို့သော သနားကြင်နာခြင်းစိတ်ကို မွေးကြပါစို့။ သနားကြင်နာခြင်းသည် ကောင်းကျိုးကိုဖြစ်စေတတ်၏။ သနားတတ်သောသူသည် မိတ်ဆွေသူငယ်ချင်းကင်းမဲ့သည်ဟူ၍ မရှိပါ။

**ဆင်ခြင်ရန်** - လူတိုင်းအပေါ်၌သနားခြင်းဂရုဏာရှိခြင်းသည် ဘုရားသခင်၏သဘောသဘာဝဖြစ်ပါသည် (လုကာ ၆း၃၂-၃၆)။ ခရစ်ယာန်တို့သည် ခရစ်တော်၌ညီအစ်ကိုယုံကြည်သူတို့ထံ၌သာမက၊ လူအပေါင်းတို့ထံ ကောင်းသောအမှုကိုပြု၍ သနားကြင်နာခြင်းရှိကြရမည်ဖြစ်ပါသည် (ဂလာတိ ၆း၁၀)။ ရန်သူအပေါ်၌ပင် ထိုသို့သနားကြင်နာခြင်းရှိရပါမည် (လုကာ ၆း၃၅)။ ထိုသို့ပြုခြင်းဖြင့် အဆိုးကိုအောင်နိုင်၍ ရန်သူပင်လျှင် မိတ်ဆွေအဖြစ်သို့ပြောင်းလဲနိုင်ပါ၏ (ရောမ ၁၂း၂၀-၂၁)။

**ဆုတောင်းချက်**- သနားကြင်နာခြင်းကင်းမဲ့သောကြောင့် အကျွန်ုပ်ကိုခွင့်လွှတ်တော်မူပါ။ ကယ်တင်ရှင်၏သနားကြင်နာခြင်း၌ ကြီးထွားခြင်းရှိလိုပါ၏။

ဗုဒ္ဓဟူး၊ နိုဝင်ဘာ (၁၁)

**လုကာ ၇း၁၁-၁၇**

၁ ကော ၁၅း၅၀-၅၈

*တဦးတည်းသောသားသည် သေခြင်းမှရှင်ပြန်*
*ထမြောက်စေခြင်းကို ခံခဲ့ရ၏။*

## မုဆိုးမ၏သားရှင်ပြန်ထမြောက်စေတော်မူခြင်း

ဤလောကသို့အပြစ်ယူဆောင်လာသောအရာသည် ဝမ်းနည်းခြင်းပါတကား။ ဤကျမ်းပိုဒ်တွင် မုဆိုးမတစ်ယောက်၏တစ်ဦးတည်းသောသား သေဆုံးခြင်းကိုတွေ့ရပါသည်။ ဤအရာသည် အပြစ်၏အခပင်ဖြစ်ပါသည်။ ဘုရားသခင်က အရာခပ်သိမ်းကို ကောင်းမွန်စွာဖန်ဆင်းတော်မူခဲ့ပါသည် (ကမ္ဘာ ၁း၃၁)။ သို့သော်လည်း ဤလောကသို့အပြစ်ဝင်ရောက်လာပြီး သေခြင်းသည်လည်း ဝင်ရောက်လာခဲ့၏ (ရောမ ၅း၁၂)။ ဤကမ္ဘာလောကသည် ရောဂါဝေဒနာ၊ ဆင်းရဲခြင်းဒုက္ခ၊ ပင်ပန်းခြင်းပြဿနာနှင့်ပြည့်နှက်လျက်ရှိပါသည်။ ဤစကြဝဠာတစ်ခုလုံး၌ရှိသော လူသားတိုင်း ငိုခြင်း၊ မြည်တမ်းခြင်း၊ အမင်္ဂလာနှင့်ကြုံတွေ့ကြရ၏။ ဤအရာအားလုံးသည် အပြစ်ကြောင့်ဖြစ်ပါသည်၊ အပြစ်ကို ကျွန်တော်တို့အလွန်မုန်းတီးသင့်သည်မဟုတ်လော။ ချစ်ရမည့်အစား၊ ဆွဲကိုင်ရမည့်အစား၊ ထိုအပြစ်နှင့်ဆော့ကစားရမည့်အစား ကျွန်တော်တို့သည် အပြစ်ကိုသေလောက်အောင် မုန်းတီးလျက်ဆန့်ကျင်သင့်သည်မဟုတ်ပါလော (ရောမ ၁၂း၉)။

သခင်ယေရှု၏စိတ်နှလုံးသည် သနားကြင်နာခြင်းဖြင့် ပြည့်နှက်ခဲ့ပါ၏။ မစခြင်းငှါ မတောင်းလျှောက်မီ ယေရှုက ငိုနေသောထိုအမေကို စကားပြောတော်မူ၏ (လုကာ ၇း၁၃)။ ယေရှုမိန့်တော်မူသောစကားသည် အမှန်တကယ်ဖြစ်ပျက်ခဲ့ပါသည်။ မုဆိုးမ၏သားသည် ပြန်အသက်ရှင်ခဲ့၏။ မှောင်မိုက်သည်အလင်းသို့၎င်း၊ ဝမ်းနည်းခြင်းသည်လည်း ဝမ်းမြောက်ခြင်းသို့ ပြောင်းလဲခဲ့ပါသည်။

သခင်ယေရှုသည် ပြောင်းလဲတော်မမူ (ဟေဗြဲ ၁၃း၈)။ သူ၏စိတ်နှလုံးသည် သနားကြင်နာခြင်းဖြင့် ပြည့်နှက်လျက်ရှိပါ၏။ ဝေဒနာခံစားသောသူတို့အပေါ်၌ သနားကြင်နာခြင်းရှိတော်မူ၏။ ခရစ်တော်နှင့်နှိုင်းယှဉ်၍ရသောမိတ်ဆွေ၊ နှိမ့်သိမ့်သောသူမရှိနိုင်ပါ။ ခက်ခဲမှောင်မိုက်သောအချိန်၌ ခရစ်တော်ထံ ရှေးဦးစွာချဉ်းကပ်တိုးဝင်ကြပါစို့။ သူသည် ကျွန်ုပ်တို့ကိုငြင်းပယ်မည်မဟုတ်။ ဂရုမစိုက်ဘဲနေမည်မဟုတ်ပါ။ စိတ်နှလုံးကြေကွဲသောသူတို့ကို နှိမ့်သိမ့်အားပေးရန် ညီအစ်ကိုထက်ပို၍ အနီးကပ်ရှိတတ်သောမိတ်ဆွေ၊ သူငယ်ချင်းကောင်းအဖြစ် အသင့်ရှိတော်မူ၏။

သေသောသူကိုပြန်၍ အသက်ရှင်စေတော်မူနိုင်သော ကြီးမြတ်သည့်တန်ခိုး၊ ကျွန်ုပ်တို့သခင်ဘုရား၌ရှိပါသည်။ အလောင်းကို စကားပြောအမိန့်ပေး၍ အသက်ရှင်ခဲ့ပါသည်။ တစ်ခဏချင်းတွင် မျက်စိတစ်မှိတ်အတွင်း၌ နှလုံး၊ အဆုတ်၊ ဦးနှောက်အသိဉာဏ်စသည်တို့သည် ပြန်လည်လှုပ်ရှား၍ မိမိတို့၏တာဝန်ကိုထမ်းဆောင်ခဲ့ကြ၏ (လုကာ ၇း၁၄-၁၅)။

ရှင်ပြန်ထမြောက်ခြင်းရှိကြောင်း သက်သေပင်မဟုတ်လော။ ဤလူတစ်ဦးကို ရှင်ပြန်ထမြောက်စေသောယေရှုက လူအပေါင်းတို့ကို ရှင်ပြန်ထမြောက်စေတော်မူလိမ့်မည် (ယောဟန် ၅း၂၈-၂၉)။ တံပိုးမှုတ်၍ ခရစ်တော်အမိန့်ပေးတော်မူသောအခါ အဘယ်သူမျှငြင်းပယ်နိုင်မည်မဟုတ်ပါ။ ခရစ်တော်ရှေ့၌ တရားစီရင်ခြင်းခံရန် ခန္ဓာကိုယ်ဖြင့်ပေါ်ထွန်းကြပါလိမ့်မည်။

**ဆင်ခြင်ရန်** - ဘုရားသခင်နှင့်တွေ့ရန် ကျွန်တော်အသင့်ရှိပါသလား။

**ဆုတောင်းချက်**- အဘဘုရား၊ နေ့စဉ် ကိုယ်တော်၏စကားကိုနာခံလျက် အသက်ရှင်လိုပါ၏။

ကြာသပတေး၊ နိုဝင်ဘာ (၁၂)
**မသဲ ၁၂း၂၂-၃၇**
လုကာ ၁၁း၁၄-၂၃

*ဖန်ဆင်းရှင်အကျွန်ုပ်တို့၏သခင်ဘုရားသည်*
*အနာရောဂါကို ငြိမ်းစေတော်မူနိုင်၏*

## လူကန်း၊ လူအတစ်ယောက်အားကျန်းမာစေတော်မူခြင်း

ဘာသာတရား၌ကြားနေဟူ၍မရှိနိုင်ပါ (မသဲ ၁၂း၃၀)။ များစွာသောလူတို့သည် ဟိုမရောက်၊ ဒီမရောက် အလယ်အလတ်၌နေလိုကြ၏။ သူတို့သည် အပြစ်သားအများစုကဲ့သို့ ဆိုးသွမ်းသူမဟုတ်၊ သန့်ရှင်းသောသူများလည်း မဟုတ်ကြပါ။ ခရစ်တော်၏သမ္မာတရားကိုသိရှိခံစားကြပါ၏။ သို့သော်လည်း ဝန်မခံလိုကြပါ။ မိမိကိုယ်ကို သိပ်မဆိုးရွားလှဟုထင်မှတ်ကြ၏။ ထို့ပြင် သခင်ယေရှုချမှတ်ထားသောယုံကြည်ခြင်းနှင့်အကျင့်ကိုမူ မယုံကြည်၊ မကျင့်လိုကြပါ။ ခရစ်တော်ဘက်၌ သတ္တိရှိစွာမရပ်တည်သကဲ့သို့ ဆန့်ကျင်ခြင်းလည်းမပြုကြ။ သခင်ယေရှုက ထိုသို့သောအခြေအနေ၌ရှိသောသူတို့၏ အန္တရာယ်ကိုသတိပေးတော်မူခဲ့ပါသည်။ ဘာသာတရားတွင် အုပ်စုနှစ်စု အဖွဲ့နှစ်ဖွဲ့သာလျှင်ရှိပါသည်။ ကျွန်တော်တို့သည် ခရစ်တော်ဘက်၌ပါသလော။ ခရစ်တော်၏အမှုတော်ကိုဆောင်ရွက်နေပါသလား။ ထိုသို့မဟုတ်လျှင် ခရစ်တော်ကိုဆန့်ကျင်ရာရောက်၏။ ကောင်းသောအမှုကို ပြုပါသလား၊ မပြုလျှင်ဆိုးသောအမှုကိုပြုလျက်ရှိ၏။ ဆုံးဖြတ်ချက်အခိုင်အမာမချလျှင် ငြိမ်သက်ခြင်းမရှိနိုင်ပါ။

အသိဉာဏ်ကိုဆန့်ကျင်သောအပြစ်သည် အလွန်ဆိုးရွားလှပါသည်တကား။ သန့်ရှင်းသောဝိညာဉ်ကိုဆန့်ကျင်ခြင်းအမှုအကြောင်း သခင်ယေရှုမိန့်တော်မူချက်အရ ဤအပြစ်သည် ပုံမှန်အပြစ်ဟုထင်ရပါသည်။ ထို့ကြောင့် အပြစ်၌လည်းအဆင့်ဆင့်ရှိသည်ဟု ထင်ရ၏။ အသိဉာဏ်ပိုများသောသူက ဆန့်ကျင်လျှင် အပြစ်ပိုကြီးပါ၏။ သတင်းကောင်းကိုရှင်းလင်းစွာ ကြားနာသောသူက နောင်တမရဘဲ၊ မယုံကြည်ဘဲ နေလျှင်ပို၍အပြစ်ကြီးပါ၏။ ဤတရားကို အခြားကျမ်းပိုဒ်၌လည်း တွေ့ရပါသည် (ဟေဗြဲ ၆း၄-၇၊ ၁၀း၂၆-၂၇)။ ဘုရားတရားကို ကြည်ညိုသောမိမိ၏မယုံကြည်သောသားသမီး သမ္မာတရားကို စွဲကိုင်ဟောပြောသောအသင်းတော်မှ မပြောင်းလဲသောအသင်းသူ၊ အသင်း သားစသည်တို့သည် ဤကမ္ဘာလောက၌ အခက်အခဲဆုံးသောလူများဖြစ်ကြပါသည်။ ဖယောင်းကို ပျော့ပျောင်းစေသောမီးသည် ရွှံ့ကိုမာကြောစေပါ၏။ ဖာရို၊ ရှောလု၊ အာဟပ်နှင့်ယုဒရှင်ကာယုတ်တို့ သည် ရှင်းလင်းသောအသိဉာဏ်ရှိကြသော်လည်း ခရစ်တော်ကို လိုလိုလားလား ငြင်းပယ်ခဲ့ကြ၏။ ဦးနှောက်အသိဉာဏ်အလင်းရှိသော်လည်း စိတ်နှလုံးထဲ၌ သမ္မာတရားကို မုန်းတီးကြ၏။

နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ၊ ကျွန်တော်တို့၏အသိဉာဏ်ကို အသုံးပြုလိုခြင်းငှါ ဘုရားသခင်မစတော်မူပါစေ။ အခွင့်အရေးကို လျစ်လျူမရှုမည်အကြောင်း သတိပြုကြပါစို့။ သိသလောက် လက်တွေ့အသက်ရှင်လျက် သိထားသောသမ္မာတရား၌ ကျင်လည်ကြပါစို့။

**ဆင်ခြင်ရန်** - လူ့အဖွဲ့အစည်း၌ လူတို့သည်တတိယအုပ်စုကို ဖန်တီးဖို့ရန် ကြိုးစားတတ်ကြ၏။ သို့သော်လည်း သမ္မာတရားက အုပ်စုနှစ်စုသာရှိသည်ဟု သတ်မှတ်ထားပါသည်။ အဘယ်အုပ်စု၌ သင်ပါပါသနည်း။

**ဆုတောင်းချက်**- အဘဘုရား၊ ကိုယ်တော်ဘက်၌ ရှင်းရှင်းလင်းလင်း ကျွန်တော်ရပ်တည်လိုပါ၏။

သောကြာ၊ နိုဝင်ဘာ (၁၃)

**မာကု ၄း၃၅-၄၁၊ မသဲ ၈း၂၃-၂၇၊ လုကာ ၈း ၂၂-၂၅**

ဟေဗြဲ ၁၁း၃၂-၃၈

*ကိုယ်တော်သည် ဖန်ဆင်းသော အရာအပေါင်းတို့၏ အရှင်သခင်ဖြစ်တော်မူ၏။*

## လှိုင်းတံပိုးကိုငြိမ်သက်စေတော်မူခြင်း

စစ်မှန်သောကယ်တင်ခြင်း၊ ယုံကြည်ခြင်းသည် အားနည်းခြင်းနှင့် တခါတရံရောယှက်တတ်ပါသည်။ ဤအဖြစ်အပျက်သည် နှိမ့်ချခြင်းကို ဖြစ်စေသော သင်ခန်းစာကိုပေးလျက်ရှိပါ၏။ တပည့်တော်တို့၏ထိပ်လန့်မှုသည် (မာကု ၄း၃၈) ယုံကြည်ခြင်းကင်းမဲ့သောကြောင့် ဖြစ်ပါသည် (မာကု ၄း၄၀)။ ယုံကြည်သူများစွာ၏စိတ်နှလုံးကို ထင်ရှားစွာပြသလျက်ရှိပါ၏။ ယုံကြည်ခြင်းနှင့်ချစ်ခြင်းရှိ၍ ခရစ်တော်နောက်ကိုလိုက်သော်လည်း စစ်ကြောခြင်းကာလတွင် ကြောက်ရွံ့ခြင်းရှိကြပါသည်။ အဘယ်သူသည် "အရှင်ဘုရား ကယ်တင်တော်မူပါ" ဟု ဆုတောင်းလျက်ပင် အမှောင်မိုက်ဆုံးအချိန်၌ ငြိမ်သက်စွာနေနိုင်ပါသနည်း။

"သခင်ဘုရား၊ အကျွန်ုပ်တို့၏ယုံကြည်ခြင်းကို တိုးပွားစေတော်မူပါ" ဟူသော ဆုတောင်းချက်သည် ကျွန်ုပ်တို့နေ့စဉ်တောင်းလျှောက်ရမည့် ဆုတောင်းချက်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ယုံကြည်ခြင်းအားနည်းမှုကို အခက်အခဲဒုက္ခကြုံတွေ့မှသာ ကျွန်ုပ်တော်တို့သိမြင်တတ်၏။ အခက်အခဲ မီးလျှံထဲ၌ပင် မြဲမြံသောယုံကြည်ခြင်းရှိသောသူ ယောဘကဲ့သို့ "ငါ့ကိုသတ်တော်မူလျှင်ပင် ကိုယ်တော်ကိုကိုးစားမြဲကိုးစားမည်" (ယောဘ ၁၃း၁၅) ဟု ဆိုနိုင်သောသူသည် မင်္ဂလာရှိသောသူဖြစ်ပါ၏။

သခင်ဘုရားသည် အနန္တတန်ခိုးရှင်ဖြစ်တော်မူ၏။ လှိုင်းတံပိုးကို မိမိ၏စကားအနည်းငယ်ဖြင့် ငြိမ်သက်စေခဲ့ပါသည် (မာကု ၄း၃၉)။ အရာဝတ္ထုတို့ကပင် သခင်၏အသံကိုကြား၍ နာခံသောကျွန်ကဲ့သို့တိတ်ဆိတ်နေကြ၏။ သခင်ယေရှုနှင့်အတူ မဖြစ်နိုင်သောအမှုဟူ၍ မရှိပါ။ အဘယ်လှိုင်းတံပိုးမှ ကိုယ်တော်အတွက် အလွန်ကြီးမားကြမ်းတမ်းလှသည်ဟူ၍ မရှိပါ။ ကိုယ်တော်မပြောင်းလဲနိုင်လောက်အောင် ရက်စက်ကြမ်းကြုတ်သောသူဟူ၍မရှိပါ။ အဘယ်စိတ်နှလုံးအတွေးကိုမျှ ငြိမ်သက်ခြင်းမပေးနိုင်လောက်အောင် ကောက်ကျစ်စဉ်းလဲသောစိတ်မရှိပါ။ လူသည် မိမိမာနကိုလျှော့ချ၍နှိမ့်ချသော စိတ်နှလုံးဖြင့် ခရစ်တော်ထံတိုးဝင်ဖို့သာ လိုပါ၏။ ခရစ်တော်က ထိုသူ၏စိတ်နှလုံးထဲ၌ အံ့ဖွယ်အမှုပြုပါလိမ့်မည်။ ခရစ်တော်ကွယ်ကာစောင့်ရှောက်ခြင်း၌ မိမိအသက်တာဆက်ကပ်သောသူသည် အဘယ်စိတ်ပျက်အားငယ်ခြင်းကမျှ ဒုက္ခမပေးနိုင်တော့ပါ။ ခရစ်တော်က အန္တရာယ်အကြား၌ စောင့်မတော်မူလိမ့်မည်။ ရန်သူတိုင်းအပေါ်၌ အောင်နိုင်သူဖြစ်ပါလိမ့်မည်။ ဆွေမျိုးတို့၏ဆန့်ကျင်ခြင်း၊ သူတပါး၏ကဲ့ရဲ့ခြင်း၊ ခံရသောသွေးဆောင်မှုကြီးမားပြင်းထန်ခြင်း စသည်တို့သည် ဘာမှမဟုတ်တော့ပါ။ ခရစ်တော်သည် ကျွန်ုပ်တို့ဘက်၌ရပ်တည်ပြီး ကိုယ်တော်နှင့်အတူကျွန်တော်တို့အတူပါရှိခဲ့မည်ဆိုလျှင် ထိုအရာတို့သည်ဘာမှမဟုတ်ပါ။

**ဆင်ခြင်ရန်** - ယုံကြည်ခြင်းသည် ဖြစ်ပျက်သောအရာတို့ကို ကျော်လွန်၍ အသင်းတော်ကောင်းကျိုးအတွက် ထိုအဖြစ်အပျက်တို့ကို ကိုင်တွယ်တော်မူသော ဘုရားသခင်၏လက်တော်ကိုမျှော်လင့်တတ်၏ (ရောမ ၈း၂၈)။

**ဆုတောင်းချက်**- အဘဘုရား၊ အကျွန်ုပ်အသက်တာကို စောင့်ရှောက်တော်မူသောကိုယ်တော်၏အနန္တတန်ခိုးလက်တော်ကြောင့် ကျေးဇူးတင်ပါ၏။

စနေ၊ နိုဝင်ဘာ (၁၄)

**မာကု ၅း၁-၁၃၊ မသဲ ၈း၂၈-၃၂၊ လုကာ ၈း၂၆-၃၃**

၁ ယော ၃း၁-၈

*နတ်ဆိုးတို့သည် ဘုရားသခင်၏ သားတော်ကိုကြောက်ရွံ့ကြ၏။*

## ဂါဒရပြည်၌ရှိသော နတ်ဆိုးစွဲသောသူ

နတ်ဆိုးအပေါ်၌လည်း သခင်ယေရှု၏တန်ခိုးအာဏာသည် စုံလင်ပြည့်စုံခြင်းရှိပါ၏။ ဤအမှုကို နတ်ဆိုး၏ကြွေးကြော်သံ၌တွေ့ရပါသည် (မာကု ၅း၇)။ အမိန့်ပေးခြင်းနှင့် ချက်ချင်းထိုအမိန့်နာခံခြင်း၌ တွေ့ရပါသည် (မာကု ၅း၈)။ နတ်ဆိုးစွဲသောသူ၏ မင်္ဂလာရှိသောပြောင်းလဲမှု၌တွေ့ရပါသည် - ထိုသူသည် အဝတ်အစားဝတ်လျက် ပုံမှန်စိတ်ရှိလျက်ထိုင်နေခဲ့၏ (မာကု ၅း၁၅)။ သခင်ယေရှုခွင့်ပြုတော်မမူလျှင် သူတို့ဘာမှမလုပ်နိုင်ကြောင်း နတ်ဆိုးတို့၏ဖော်ပြဝန်ခံခြင်း၌ သခင်ယေရှု၏တန်ခိုးအာဏာကို တွေ့ရပါသည် (မာကု ၅း၁၂)။ ဤအရာအားလုံးက စာတန်ထက်ပို၍ကြီးမြတ်တော်မူသောသူ ရှိတော်မူကြောင်း ပြသလျက်ရှိ၏။ လူတို့အတွက် စာတန်သည် အင်အားကြီးသော်လည်း ပို၍တန်ခိုးကြီးသော သခင်ယေရှုရှေ့၌ သူသည် အားနည်းသောသူဖြစ်၏။ သူ၏နောက်လိုက်တို့သည် များပြားသော်လည်း သခင်ယေရှု၏ကောင်းကင်တမန်တို့သည် ပို၍များပြားလှပါသည်။ ရှင်ဘုရင်သည် တန်ခိုးဖြင့်ပြည့်စုံလျက်ရှိပါသည် (မသဲ ၂၆း၅၃၊ ဒေ ၈း၄)။

ယနေ့တွေ့ရသောသမ္မာတရားသည် စစ်မှန်သောခရစ်ယာန်အပေါင်းအတွက် စိတ်ချမ်းသာစရာကောင်းလှပါသည်။ ကျွန်တော်တို့သည် အခက်အခဲ၊ ဒုက္ခပြဿနာဖြင့် ပြည့်နှက်နေသော ဤကမ္ဘာလောက၌ နေထိုင်လျက်ရှိပါ၏။ ကျွန်တော်တို့သည် အားနည်းသောသူဖြစ်ကြပါ၏။ ထို့ပြင် အလွန်ကောက်ကျစ်စဉ်းလဲသော၊ အားကြီးသော၊ ဝိညာဉ်ဆိုးစာတန်သည် အနီးအနား၌ လျှောက်သွား လျက်ရှိလေ၏။ သို့သော်လည်း အဆုံးတိုင်အောင် ကယ်တင်တော်မူနိုင်သော အနန္တတန်ခိုးရှင် မိတ်ဆွေယေရှု ကျွန်တော်တို့၌ ရှိသောကြောင့် ဘုရားသခင်ကိုချီးမွမ်းကြပါစို့ (ဟေဗြဲ ၇း၂၅)။ ယေရှု က စာတန်ကိုကားတိုင်၌ အောင်နိုင်ခဲ့ပြီဖြစ်ပါ၏ (ကောလော ၂း၁၅)။ ထို့ပြင် ယုံကြည်သူတို့၏ စိတ်နှလုံး၌လည်း အောင်နိုင်ခြင်းတံခွန်စိုက်တော်မူပြီဖြစ်၍ ယုံကြည်ကိုးစားသောသူတို့အတွက် တောင်းလျှောက်ခြင်းပြုပေးတော်မူ၏။ နောက်ဆုံး၌ ယေရှုသည် ဒုတိယအကြိမ်ကြွလာတော်မူသော အခါ စာတန်ကိုစုံလင်ပြည့်စုံစွာ အောင်နိုင်တော်မူလိမ့်မည်။

ကျွန်တော်တို့သည် စာတန်၏တန်ခိုးမှ ကယ်လွတ်ခြင်းခံရပါသလား။ စာတန်သည် နာမခံသောသူတို့၏စိတ်နှလုံးကို လွှမ်းမိုးအုပ်စိုးလျက်ရှိပါသည် (ဧဖက် ၂း၂-၃)။ ဘုရားမသိသောသူတို့၏ ရှင်ဘုရင်ဖြစ်ပါသည်။ စာတန်၏ ချုပ်နှောင်ခြင်းမှ ကျေးဇူးတော်အားဖြင့် ကျွန်တော်တို့ကယ်လွတ်ခြင်း ခံရပြီးပြီလား။ နေ့စဉ်စာတန်ကို တိုက်ခိုက်၍ ဆန့်ကျင်ခြင်းပြုနေပါသလား။ ဘုရားသခင်၏ စုံလင်သောစစ်ဝတ်တန်ဆာကို ဝတ်ဆင်လျက် စာတန်ကို တိုက်ခိုက်ဆန့်ကျင်ကြပါသလား။

**ဆင်ခြင်ရန်** - ယောဟန်၏သွန်သင်ချက်ကို နှလုံးသွင်းကြပါစို့ (၁ ယော ၄း၄)။ ဘုရားသခင်သည် ရှင်ဘုရင်ဖြစ်တော်မူ၏။

**ဆုတောင်းချက်**- အဘဘုရား၊ စာတန်ကို ဆန့်ကျင်တိုက်လှန်ခြင်းငှါ အကျွန်ုပ်ကိုမစတော်မူပါ။

တနင်္ဂနွေ၊ နိုဝင်ဘာ (၁၅)

**မာကု ၅း၂၄-၃၄၊ မဿဲ ၉း၂၀-၂၂၊ လုကာ ၈း၄၃-၄၈**

တမန် ၄း၈-၁၂

*အကျွန်ုပ်တို့၏သခင်ဘုရား၌ ကြီးမြတ်သော တန်ခိုးရှိတော်မူ၏။*

## သွေးသွန်းအနာစွဲသောမိန်းမကိုအနာပျောက်ကင်းစေတော်မူခြင်း

အပြစ်သည် ဤလောကသို့ဒုက္ခပြဿနာကို ယူဆောင်လာခဲ့ပါသည်။ ဤမိန်းမသည် ကာလရှည်ကြာရောဂါဝေဒနာကို ခံစားနေရပါသည် (မာကု ၅း၂၅)။ ဆေးပညာအတတ်က မကုသ၊ မပျောက်ကင်းစေနိုင်ခဲ့ပါ (မာကု ၅း၂၆)။ နှစ်ပေါင်း ၁၂ နှစ်လုံးလုံး ဤရောဂါနှင့်လုံးထွေးနေရပြီး သက်သာခြင်းမရခဲ့ပါ (သုတ္တံ ၁၂း၁၃)။

အပြစ်ကိုကျွန်တော်တို့ မမုန်းတီးခြင်းသည် အံ့သြစရာကောင်းလှပါသည်။ အပြစ်သည် ဤလောက၏ဒုက္ခဝေဒနာ၊ ရောဂါအကြောင်း၏အရင်းအမြစ်ဖြစ်ပါသည်။ ဘုရားသခင်က လူသားကို ဒုက္ခဝေဒနာခံစားခြင်းငှါ ဖန်ဆင်းတော်မမူခဲ့ပါ။ အပြစ်တရားကသာလျှင် ဤဒုက္ခဝေဒနာရောဂါအပေါင်းကို ယူဆောင်လာခဲ့၏။ ထို့ကြောင့် ဤအပြစ်ကိုသန့်ရှင်းသောမုန်းတီးခြင်းဖြင့် မုန်းပါလော့။

လူတို့သည် ခရစ်တော်ကိုချဉ်းကပ်ကြပါ၏။ သို့သော်လည်း တစ်ယောက်သောသူကသာလျှင် ယုံကြည်ခြင်းဖြင့်တို့ထိပြီး အနာရောဂါငြိမ်းခဲ့ပါသည် (မာကု ၅း၂၄၊ ၂၇)။ များစွာသောလူတို့သည် ယေရှုနောက်ကိုလိုက်ကြသော်လည်း ယေရှုထံမှ ဘာအကျိုးမှမရခဲ့ကြပါ။ ယခုခေတ်၌လည်း များစွာသောလူတို့သည် ဘုရားကျောင်းကိုသွားခဲ့ကြပါ၏။ သို့သော်လည်း အနည်းစုကသာ ယုံကြည်ခြင်းဖြင့် ခရစ်တော်နှင့်ထိတွေ့ပြီး ငြိမ်သက်ခြင်းရခဲ့ကြ၏။

ရောဂါဝေဒနာခံစားလျက် သမားတော်နှင့်ပြသပြီး ပင်ပန်းစွာကုသနေရသော ဤမိန်းမက များစွာသောအပြစ်သားတို့ကို ဖော်ညွှန်းလျက်ရှိပါသည်။ ထိုယောက်ျားမိန်းမတို့သည် မိမိတို့၏ အပြစ်ကိုသိလျက် ခွင့်လွှတ်ခြင်းမခံသေး။ သေဖို့ရန်အသင့်မဖြစ်သေးကြောင်း သိလျက် စိတ်ငြိမ်သက်ခြင်းမရှိဖြစ်ကြပါသည်။ စိတ်ငြိမ်သက်ခြင်းလိုချင်ကြသော်လည်း ဘယ်နေရာ၌ရှာရမည်ကို မသိကြပါ။ များစွာသောမှားယွင်းသည့်ကုသမှုခံကြသော်လည်း အကျိုးမရှိခဲ့ပါ။ လူတို့တီထွင်သော အမျိုးမျိုးသောဘာသာတရား၌ ရှာဖွေကြသော်လည်း စိတ်ငြိမ်သက်ခြင်းမရဘဲ၊ ပင်ပန်းခြင်းသာအဖက်တင်ခဲ့၏။ ဘာတစ်ခုမှအကျိုးမရှိ၊ အချည်းနှီးဖြစ်ခဲ့ပါသည်။

ထိုသို့သောလူအပေါင်းတို့ ယခုကျွန်တော်တို့ဆင်ခြင်လျက်ရှိသော အံ့ဖွယ်အမှုအားဖြင့် စိတ်ငြိမ်သက်ခြင်းရယူကြပါစို့။ အလိုရှိပါလျှင်၊ ရှာဖွေပါလျှင် ကုသနိုင်သောသူရှိကြောင်း သိကြပါစေ။ ဝေဒနာပျောက်ကင်းသက်သာစေရန် ကြိုးပမ်းရှာဖွေစဉ် တံခါးတချပ်ကို မခေါက်ခဲ့ကြပါ။ တောင်းလျှောက်သောသူတိုင်းကို အနာရောဂါပျောက်ကင်းစေတော်မူသော သမားတော်တစ်ပါးထံ သူတို့မသွားရောက်ခဲ့ပါ။ ဤမိန်းမပြုသောအမှုကို ဆင်ခြင်သိမှတ်ကြပါလော့။ နည်းလမ်းကုန်ဆုံးသောအခါ သူသည် ယေရှုထံသွားရောက်ခဲ့ပါသည်။ ထိုနည်းတူ သွား၍ပြုကြပါလော့။

**ဆင်ခြင်ရန်** - ခရစ်တော်မရှိလျှင် မျှော်လင့်ခြင်းမရှိ (ဧဖက် ၂း၁၂)။

**ဆုတောင်းချက်**- အဘဘုရား၊ အကျွန်ုပ်၏ကယ်တင်ရှင်ယေရှုခရစ်တော်ကြောင့် ကျေးဇူးတင်ပါ၏။

တနင်္လာ၊ နိုဝင်ဘာ (၁၆)

**မသဲ ၉း၂၇-၃၄**

ဆာလံ ၁၀၃း၁-၁၄

*အကျွန်ုပ်သည် အထက်က*
*မျက်စိကန်း၍ ယခုမျက်စိမြင်သည်။*

## မျက်ကန်းနှစ်ဦးကို မျက်စိမြင်စေတော်မူခြင်း

ခရစ်တော်၌မြဲမြံသောယုံကြည်ခြင်းကို မမျှော်လင့်သောနေရာ၌ တခါတရံတွေ့ရတတ်ပါသည်။ မျက်ကန်းနှစ်ဦးက သခင်ယေရှုအား "ဒါဝိဒ်၏သားတော်" (မသဲ ၉း၂၇) ဟုကြွေးကြော်လျက်ခေါ်မည်ဟု အဘယ်သူထင်ပါလိမ့်မည်နည်း။ ယေရှုပြုသောအံ့ဖွယ်အမှုကို သူတို့မမြင်တွေ့နိုင်ခဲ့ပါ။ သူတပါးပြောပြချက်ကိုသာ ကြားသိနိုင်ကြ၏။ သူတို့၏မျက်စိသည် ကန်းသော်လည်း သူတို့၏အသိဉာဏ်မျက်စိသည် လင်းလျက်ရှိပါသည်။ ကျမ်းပြုဆရာနှင့် ဖာရိရှဲတို့မမြင်နိုင်သော သမ္မာတရားကို သူတို့မြင်တွေ့ခဲ့ကြ၏။ နာဇရက်မြို့သားယေရှုသည် မေရှိယဖြစ်ကြောင်း သိကြ၏။ သူတို့က ယေရှုသည် သူတို့ကိုကျန်းမာစေနိုင်ကြောင်း ယုံကြည်ခဲ့ကြ၏။

လူတို့၏အခြေအနေကိုကြည့်ပြီး သူသည်ကယ်တင်ခြင်းခံရမည်မဟုတ်ဟု မထင်မှတ်သင့်ပါ။ ကျေးဇူးတော်သည် အခြေအနေ၊ အဖြစ်အပျက်ထက် ပို၍အားကြီးတော်မူ၏။ ဘာသာတရားသည် အပြင်ပန်းအခြေအနေ၌မမူတည်ပါ။ သန့်ရှင်းသောဝိညာဉ်သည် ပညာမတတ်သောဆင်းရဲသောသူတို့ကိုပင် ယုံကြည်ခြင်းပေးလျက် ထိုယုံကြည်ခြင်းကို ကြီးထွားစေနိုင်တော်မူ၏။ သန့်ရှင်းသောဝိညာဉ်တော်ပါရှိတော်မမူလျှင် လူသည် မည်မျှပင်အသိဉာဏ်ရှိစေကာမူ ပျောက်ဆုံးသောသူဖြစ်နိုင်ပါ၏။ ဘွဲ့ရပညာတတ်သည် ယုံကြည်ခြင်းမရှိဖြစ်နေစဉ် ပညာမဲ့ဆင်းရဲသားသည် ယုံကြည်ခြင်းရှိနိုင်ပါသည်။

သခင်ယေရှုသည် ရောဂါဝေဒနာအမျိုးမျိုးကို များစွာမြင်တွေ့ဖူးပါ၏ (မသဲ ၉း၂၇၊ ၃၂၊ ၃၅)။ လူသားတို့ခံစားရသော ရောဂါအမျိုးမျိုးကိုလည်း မြင်တွေ့ခဲ့ပါသည်။ ထိုရောဂါဝေဒနာတို့ကို သခင်ယေရှုက ဂရုမစိုက်၊ မကိုင်တွယ်လိုဘဲမနေခဲ့ပါ။ သခင်ယေရှုမကုသနိုင်လောက်အောင် ကြောက်စရာကောင်းသောရောဂါဟူ၍ မရှိပါ။

ကျွန်တော်တို့အားလုံးသည် အားနည်းသောဇာခန္ဓာကိုယ်ဖြင့် အသက်ရှင်လျက်ရှိကြ၏။ သူတပါးကိုပြုစုစောင့်ရှောက်စဉ် ကျွန်တော်တို့သည်လည်း မည်သို့သောရောဂါဝေဒနာခံစားရမည်ကို မသိကြပါ။ သို့သော်လည်း အဘယ်ရောဂါမဆို ကုသပျောက်ကင်းစေတော်မူနိုင်သော မိတ်ဆွေယေရှုရှိကြောင်း အမှတ်ရကြပါစို့။ မြတ်သောယဇ်ပုရောဟိတ်အကြီးသည် ကျွန်တော်တို့ခံစားရသော ဝေဒနာတို့ကို ကိုယ်ချင်းစာပေးနိုင်တော်မူသောကြောင့် သနားကြင်နာခြင်းရှိတော်မူလိမ့်မည်ဖြစ်၏။

**ဆင်ခြင်ရန်** - မိမိလူတို့သည် မကျန်းမာသောသူတို့ကို သွားရောက်ကြည့်ရှုကြရန် သခင်ယေရှု အလိုရှိတော်မူ၏ (မသဲ ၂၅း၃၉)။ ကျွန်တော်ထိုသို့ပြုပါသလား။

**ဆုတောင်းချက်**- အဘဘုရား၊ လိုအပ်သောသူကို ပြုစုနှစ်သိမ့်ခြင်းငှါ အကျွန်ုပ်ကိုအသုံးပြုတော်မူပါ။

**မာကု ၆း၃၅-၄၆၊ မသဲ ၁၄း၁၃-၂၁၊ လုကာ ၉း၁၀-၁၇**
ထွက် ၁၆း၁-၁၅

*ပျက်ဆီးတတ်သောအစာကို ရှာခြင်းငှါ မကြိုးစားကြနှင့်။*

## လူငါးထောင်ကိုကျွေးမွေးခြင်း

သခင်ယေရှု၏ဘုရားဖြစ်ခြင်းတန်ခိုးကို ပြန်၍တွေ့ရပါသည်။ ငါးထောင်သောလူတို့ကို ငါးနှစ်ကောင်နှင့်မုန့်ငါးလုံးဖြင့် ယေရှုကျွေးမွေးတော်မူခဲ့၏။ ယေရှုက ဤအနည်းငယ်သောအစားအစာကို အသုံးပြု၍ ရောမစစ်သားလောက်များသောလူတို့ကို လုံလောက်စွာကျွေးမွေးခဲ့ပါသည်။ ဤအံ့ဖွယ်အမှုကို အဘယ်သူမှသံသယဝင်စရာမလိုပါ။ လူထုရှေ့၌ လူများအမြင်၌ပြုခြင်းဖြစ်ပါသည်။ အစအဦး၌ ဘာမှအသုံးမပြုဘဲ ဤကမ္ဘာမြေကြီးကို ဖန်ဆင်းတော်မူသောတန်ခိုးတော်ဖြင့် မရှိခဲ့သောအစားအစာကို ရှိစေတော်မူခဲ့၏။ အခြေအနေကို ကြည့်ခြင်းဖြင့် လှည့်စားခြင်းလုံးဝမဖြစ်နိုင်ပါ။ ဆာလောင်နေသောလူငါးထောင်က အမှန်တကယ်မစားရလျှင် အငြင်းပွားလျက် မကျေမနပ်ဖြစ်ခဲ့ကြပါလိမ့်မည်။ ဤအံ့ဖွယ်အမှုသည် အမှန်မဖြစ်ပွားခဲ့လျှင်၊ အကြွင်းအကျန်တောင်း ၁၂ တောင်းကောက်ရကြမည်မဟုတ်ပါ။ ဘုရားသခင်၏ လက်တော်ဖြစ်ပါ၏ (ထွက် ၈း၁၉) ဟူသော အချက်ထက် ပို၍သေချာတိကျသော အဖြေမရှိပါ။ တောထဲ၌ ဣသရေလလူတို့အတွက် မန္နမုန့်ချပေးတော်မူသောလက်တော်က ဤငါးထောင်သောလူ၏ လိုအပ်ချက်ကို ငါးနှစ်ကောင်နှင့်မုန့်ငါးလုံးဖြင့် ဖြည့်ဆည်းပေးတော်မူခဲ့၏။

ဤအံ့ဖွယ်အမှုသည် ခရစ်တော်အတွက်မဖြစ်နိုင်သောအမှုမရှိကြောင်း သက်သေပင်ဖြစ်ပါသည်။ အပြစ်သားကို ကယ်တင်သောအရှင်သည် အနန္တတန်ခိုးရှင်ဖြစ်တော်မူ၏။ မရှိသောအရာကို ရှိစေတော်မူ၏ (ရောမ ၄း၁၇)။ အလိုတော်ရှိလျှင် ဘာမဆိုဖြစ်နိုင်၏။ အမိန့်ပေးတော်မူသောအခါ ဖြစ်လာကြ၏။ မှောင်မိုက်မှအလင်းကိုငှင်း၊ ရှုပ်ထွေးသောအရာမှရှင်းလင်းတိကျမှုကိုငှင်း၊ မရှိသောအရာမှအစားအစာကိုငှင်း၊ ဝမ်းနည်းခြင်းမှ ဝမ်းမြောက်ခြင်းကိုငှင်း၊ အားနည်းခြင်းမှခွန်အားကိုငှင်း၊ ဝမ်းနည်းခြင်းမှဝမ်းမြောက်ခြင်းကိုငှင်း၊ မရှိသောအရာမှအစားအစာကိုငှင်း ဖြစ်ပေါ် စေတော်မူနိုင်၏။ ထို့ကြောင့် ဘုရားသခင်ကိုအစဉ်ချီးမွမ်းကြပါစို့။ ခရစ်တော်၏တန်ခိုးတော်ကို မသိလျှင်၊ ကျွန်တော်တို့သည် လူတို့၏ဆိုးယုတ်မှု၊ လူတို့၏စိတ်နှလုံးကောက်ကျစ်စဉ်းလဲ၍ မာကြောမှုတို့၌ စိတ်ပျက်အားလျော့ခြင်းရှိကြပါလိမ့်မည်။ အဘယ်လူသားသည် ကယ်တင်ခံရပါမည်နည်း။ အဘယ်သူစစ်မှန်သော ခရစ်ယာန်ဖြစ်ပါလိမ့်မည်နည်း။ ဤမေးခွန်းကို ယေရှု၏တန်ခိုးတော်ဘေးဖယ်ထားလျှင် ဘယ်သူမှ မဖြေနိုင်ပါ။ ယေရှုသည် ကောင်းကင်၌ငှင်း၊ မြေကြီးပေါ်၌ငှင်း တန်ခိုးရှိတော်မူ၏။ ကျွန်ုပ်တို့ကို အဆုံးစွန်ထိကယ်တင်ခြင်းငှါ ကောင်းကင်၌ ရှိတော်မူပြီး၊ ကျွန်တော်တို့၌ မျှော်လင့်ခြင်းရှိစေတော်မူ၏။

**ဆင်ခြင်ရန်** - ခရစ်တော်၏တန်ခိုးတော်ကို ကိုးစားယုံကြည်ခြင်းရှိသောအသက်တာဖြင့် ကျွန်တော်အသက်ရှင်နေပါသလား။

**ဆုတောင်းချက်**- အဘဘုရား၊ ယေရှုသည် ဘုရားသခင်၏သားတော်၊ အနန္တတန်ခိုးရှင်ဖြစ်တော်မူသောကြောင့် ကျေးဇူးတင်ပါ၏။

ဗုဒ္ဓဟူး၊ နိုဝင်ဘာ (၁၈)
**ယောဟန် ၆း၁၆-၂၁**
ယောဘ ၂၃း၁-၁၀

*ကိုယ်တော်သည် ဖန်ဆင်းသောအရာတို့၏ အရှင်သခင်ဖြစ်တော်မူ၏။*

# ရေပေါ်၌လမ်းလျှောက်ခြင်း

ဤကျမ်းပိုဒ်တွင် ခရစ်တော်၏တပည့်တော်များ ရင်ဆိုင်ကျော်ဖြတ်ရမည့်စစ်ကြောခြင်းကို သိမှတ်ကြရပါမည်။ တပည့်တော်တို့သည် မိမိတို့၏သခင်မပါဘဲ မြစ်တစ်ဘက်ကမ်းသို့သွားကြရန် ဖြစ်ပါသည်။ ထိုအခါ သူတို့သည်ညအမှောင်၌ လှိုင်းတံပိုး၏ရိုက်ပုတ်ခြင်းအကြား၌ ခရစ်တော်မပါဘဲ သူတို့သာလျှင်ရှိခဲ့ကြပါသည်။ ပြောင်းလဲမှုကြီးတစ်ခုဖြစ်ပါသည်။ လူထုကြား၌အံ့ဖွယ်အမှုကြီးကို တွေ့ခဲ့ရာမှ ယခုအခါ သူတို့သည်အထီးကျန်စွာ အမှောင်ထဲ၌ လှိုင်းတံပိုးဒဏ်ခံလျက် စိုးရိမ်စွာနေရကြ၏။ သို့သော်လည်း ဤအမှုကိုခရစ်တော်သိတော်မူ၏။ ခရစ်တော်ကိုယ်တိုင် သူတို့အကျိုးအတွက် စီမံပြင်ဆင်ခဲ့ခြင်းဖြစ်ပါသည်။

စစ်ကြောခြင်းကို ကျွန်တော်တို့ကစစ်မှန်သောခရစ်ယာန်အပေါင်း ကြုံတွေ့ရမည့်ဝိညာဉ်အစားအစာဖြစ်သည်ကို နားလည်သဘောပေါက်ကြရပါမည်။ ဤစစ်ကြောခြင်းအားဖြင့် မိမိကိုယ်ကို အားနည်းကြောင်း သိလျက် ခံစားရသောကျေးဇူးတော်ကြီးမြတ်မှုကို သိရှိလာကြ၏။ ဆောင်းသည် နွေကဲ့သို့ပင်၊ အပူနှင့်အအေး၊ နေသာခြင်းနှင့်မိုးအုပ်ခြင်း စသည်တို့ကို ဝိညာဉ်အသီးအသီး၌ ရင့်ကျက်ခြင်းငှါ လိုအပ်ပါ၏။ ပုံမှန်အားဖြင့် ထိုအရာတို့ကို ကျွန်တော်တို့မလိုချင်ကြပေ။ ကျွန်တော်တို့သည် ခရစ်တော်နှင့်အတူတကွ သာယာသောရာသီဥတု၌ လေပြေလေညင်းခံရင်း မြစ်ကိုဖြတ်ကျော်လိုကြပါသည်။ သို့သော်လည်း ထိုသို့အမြဲတမ်းမဖြစ်နိုင်ပါ။ "မိမိသန့်ရှင်းခြင်းပါရမီတော်ကို ငါတို့သည် ဆက်ဆံစေခြင်းငှါ "(ဟေဗြဲ ၁၂း၁၀)၊ ဘုရားသခင်က မိမိသားသမီးတို့အပေါ်၌ ထိုနည်းကိုအသုံးပြုတော်မမူ။

တပည့်တော်တို့သည် လှိုင်းဒဏ်ကြား၌ လှော်ခတ်နေကြစဉ် သခင်ယေရှုသည် သူတို့ထံသို့ "ရေပေါ်၌လမ်းလျှောက်လျက် ချဉ်းကပ်တော်မူခဲ့၏" (ယောဟန် ၆း၁၉)။ ကုန်းပေါ်၌သွားသကဲ့သို့ လွယ်ကူစွာသွားရောက်တော်မူခဲ့ပါသည်။ ထိုရေတို့က မြေကြီးကဲ့သို့ယေရှုကို ချီမခဲ့ကြပါသည်။ ထိုမဖြစ်နိုင်သောအရာသည် ခရစ်တော်အတွက်ဖြစ်နိုင်ခဲ့ပါသည်။

အစအဦး၌ ပင်လယ်ကိုဖန်ဆင်းတော်မူသကဲ့သို့ ထိုပင်လယ်ပေါ်၌လည်း လျှောက်ခြင်းသည် သခင်ယေရှုအတွက် ခက်ခဲသောအမှုမဟုတ်ပါ။ သဘာဝတရားကို ဖန်ဆင်းတော်မူသော ဘုရားသခင်အတွက် ထိုသဘာဝတရားအပေါ်၌ အာဏာရှိပြီးထိန်းချုပ်ခြင်းအမှုသည် ခက်ခဲသော အမှုမဟုတ်ပါ။

**ဆင်ခြင်ရန်** - ဤကမ္ဘာလောကကိုဖန်ဆင်းတော်မူသောဘုရားသခင်သည် မိမိလူတို့အား သူတို့ကြုံတွေ့ရသောစစ်ကြောခြင်းအမှု၌ ကွယ်ကာစောင့်ရှောက်နိုင်တော်မူ၏။
**ဆုတောင်းချက်**- အဘဘုရား၊ ကိုယ်တော်သည် အနန္တတန်ခိုးရှင်ဘုရားဖြစ်တော်မူသောကြောင့် ကိုယ်တော့်ကိုချီးမွမ်းပါ၏။

ကြာသပတေး၊ နိုဝင်ဘာ (၁၉)

**မသဲ ၁၅း၂၁-၂၈၊ မာကု ၇း၂၄-၃၀**

လုကာ ၁၈း၁-၈

*ကြိုးစားအားထုတ်၍*
*အစဉ်မပြတ်ဆုတောင်းကြလော့။*

## ခါနာန်အမျိုးသမီးတဦး၏သမီးအား ကျန်းမာစေတော်မူခြင်း

သူတပါးအတွက် ဆုတောင်းခြင်းအမှုကို ကြိုးစားလုပ်ဆောင်ကြပါစို့။ ယခု ကျွန်တော်တို့ ဖတ်နေသော ဤအမျိုးသမီးသည် သခင်ယေရှုထံ တောင်းလျှောက်ခြင်းပြုသော်လည်း ဘာမှရမည် မဟုတ်ဟု ကျွန်တော်တို့အစ၌ ထင်မှတ်ရပါ၏။ ထင်ထားသည့်အတိုင်း သခင်ယေရှု၏တုံ့ပြန်မှုမှာ စိတ်ပျက်စရာကောင်းလှပါ၏ (မသဲ ၁၅း၂၄)။ သို့သော်လည်း သူသည် စိတ်ပျက်အားလျော့ခြင်းမရှိ ခဲ့ပါ။ ဆက်လက်၍ကြိုးစားတောင်းလျှောက်ခဲ့ပါသည်။ အလွန်ပါးနပ်စွာပညာရှိရှိ တင်ပြတောင်း လျှောက်ခဲ့ပါသည်။ ငြင်းပယ်ခြင်းကိုမခံလိုခဲ့ပါ။ ဘာမှမရသည်ထက် ဂရုဏာတော်ဖြင့် အကြွင်း အကျန်လေးများကို ပေးရန်တောင်းလျှောက်ခဲ့၏။ ထိုသို့သန့်ရှင်းသော ကြိုးစားအားထုတ်မှုကြောင့် အောင်မြင်ခဲ့ပါသည်။ နောက်ဆုံးတွင် ဝမ်းမြောက်စရာစကားသူကြားခဲ့ရ၏ (မသဲ ၁၅း၂၈)။

ဆုတောင်းခြင်း၌ကြိုးစားအားထုတ်မှုသည် အလွန်အရေးကြီးလှပါသည်။ ကျွန်တော်တို့ စိတ်နှလုံးသည် စိတ်အားထက်သန်မှုမရှိဘဲ နေတတ်ပြီး ဘုရားသခင်ထံချဉ်းကပ်ခြင်းသည် အသုံး မဝင်ဟုထင်တတ်၏။ ကျွန်တော်တို့လက်သည် ဖြေလျော့၍ လူတို့သည်လည်း အားလျော့တုန့်လှုပ် လာတတ်၏။ စာတန်သည် ဆုမတောင်းခြင်းငှါ ကျွန်ုပ်တို့ကို သွေးဆောင်၍ကြိုးစားအားထုတ်ခြင်း မရှိရန် အမျိုးမျိုးကျွန်ုပ်တို့စိတ်ထဲ၌ သံသယဝင်စေတတ်၏။ အထူးသဖြင့် သူတပါးအတွက် ကျွန်တော်တို့ဆုတောင်းသောအခါ ထိုသို့ပြုတတ်၏။ အနည်းငယ်ဆုတောင်းပေးပြီးနောက် အဖြေမရ သောအခါ ဆုတောင်းပေးသောသူဘဝ၌ ပြောင်းလဲခြင်းမရှိ၊ ဆက်လက်၍အပြစ်၌ကျင်လည်သော အခါ စိတ်ပျက်၍ဆက်မတောင်းလိုဘဲ အရှုံးပေးခြင်းငှါ ကြိုးစားတတ်၏။ နောက်ဆုံးတွင် ကျွန်တော် တို့သည် ထိုသူအတွက်ဆုတောင်းခြင်းကို အကျိုးမရှိဟုထင်တတ်၏။ သို့သော်လည်း ဤမိန်းမသည် စိတ်ပျက်အားငယ်စရာနှင့်ကြုံတွေ့သော်လည်း ဆက်လက်တောင်းလျှောက်၍ အရှုံးမပေးခဲ့ပါ။ နောက်ဆုံးတွင် ဝမ်းမြောက်စွာအိမ်ပြန်ခဲ့ရ၏။ ထိုသာဓကကိုလိုက်လျှောက်ခြင်းငှါ ဆုံးဖြတ်ချက်ချ ကြပါစို့။

မိမိကိုယ်ကိုအတွက် ကျွန်တော်တို့ဆုတောင်းကြပါသလား။ သူတပါးအတွက်လည်း ဆုတောင်းကြပါစို့။ မိမိကိုယ်ကျိုးအတွက်သာ ဆုမတောင်းခြင်းငှါ သတိပြုကြပါစို့။ ကျွန်တော်တို့ ချစ်သောသူအပေါင်းအတွက် ဘုရားသခင်ရှေ့၌ အစဉ်မပြတ်ဆုတောင်းကြပါစို့။ လူဆိုး၊ မယုံကြည်သူနှင့် စိတ်နှလုံးခိုင်မာသောသူအတွက်လည်း ဆုတောင်းကြပါစို့။ သူတို့မယုံကြည်ကြလျှင် လည်း ဆက်လက်၍တစ်နှစ်ပြီးတစ်နှစ် ဆုတောင်းကြပါစို့။ အသက်ရှိသရွေ့သူတပါးအတွက် ဆုတောင်းကြပါစို့။

**ဆင်ခြင်ရန်** - ဘုရားသခင်ရှေ့တော်၌ သင်၏ဆွေမျိုး၊ အိမ်နီးချင်းနှင့်သူငယ်ချင်း ဘယ်လောက်၏အမည်ကို စိတ်အားထက်သန်စွာဆုတောင်းခြင်းဖြင့် ရွတ်ဆိုပါ သနည်း။

**ဆုတောင်းချက်**- အဘဘုရား၊ အကျွန်ုပ်အနီးအနား၌ရှိသောသူတို့အတွက် ကျွန်တော် ဆုမတောင်းသောကြောင့် ခွင့်လွှတ်တော်မူပါ။

သောကြာ၊ နိုဝင်ဘာ (၂၀)

**မာကု ၈း၁-၁၀၊ မသဲ ၁၅း၃၂-၃၉**

ဖိလိ ၄း၁၀-၂၀ *ဆာလောင်သောသူတို့ကိုကျွေးမွေးခြင်း။*

---

## လေးထောင်သောသူကိုအံ့ဖွယ်ကျွေးမွေးခြင်း

သခင်ယေရှု၏ဂရုဏာတော်နှင့်သနားကြင်နာခြင်းသည် ကြီးမြတ်လှပါသည်တကား။ စားစရာမရှိသောလူများကို မြင်တော်မူခဲ့၏။ သူတို့တွင် များစွာသောသူတို့သည် တပည့်ခံချင်သောကြောင့်မဟုတ်။ တစ်ခုခုကိုမြင်လိုသောကြောင့်သာ မိမိနောက်ကို လိုက်လာကြကြောင်း သခင်ယေရှုသိတော်မူ၏။ သို့သော်လည်း သူတို့ဆာလောင်မွတ်သိပ်သောအခါ သနားခြင်းရှိတော်မူ၏ (မာကု ၈း၁-၃)။ ကိုယ်တော်၏သနားကြင်နာခြင်း စိတ်သဘောကိုတွေ့ရပါသည်။ မိမိ၏လူမဟုတ်သော ယုံကြည်ခြင်းမရှိသော၊ ကျေးဇူးမသိတတ်သော၊ ဤလောကီလူသားတို့ကို သနားတော်မူခဲ့၏။ ထိုသူတို့က မသိကြသော်လည်း သူတို့အပေါ်၌သနားခြင်းရှိတော်မူ၏။ သူတို့သည် နောင်တရ၍ မိမိကိုယုံကြည်ကြပါလျှင် ကိုယ်တော်သည်သူတို့ကို ခွင့်လွှတ်၍လက်ခံတော်မူမည်ဖြစ်၏။ ခရစ်တော်၏ချစ်ခြင်းမေတ္တာကို တိုင်းတာခြင်းမပြုရန်သတိထားကြပါစို့။ မိမိကိုယုံကြည်သောမိမိလူတို့ကို ခရစ်တော်ချစ်သည်မှာ သံသယဝင်စရာမလိုပါ။ ထို့ပြင် မကောင်းသောလူတို့အပေါ်၌ပင် ပုံမှန်သနားကြင်နာခြင်းမေတ္တာထားတော်မူ၏။ ကိုယ်တော်၏ချစ်ခြင်းမေတ္တာတော်ကို လူ့ဉာဏ်က လုံးဝမမှီပါ (ဧဖက် ၃း၁၉)။

ယေရှု၏အသက်တာကိုအတုယူကြပါစို့။ လူအပေါင်းတို့အပေါ်၌ ကြင်နာသနားခြင်း၊ ချစ်ခြင်း၊ ကိုယ်ချင်းစာတရားထားကြပါစို့။ ယုံကြည်သူအိမ်သူအိမ်သားတို့အပေါ်၌ပင်မဟုတ်ဘဲ (မသဲ ၅း၄၄၊ ရောမ ၁၂း၂၀) လူအပေါင်းတို့ထံသို့ ကောင်းသောအမှုပြုခြင်းငှါ အသင့်ရှိကြပါစို့။ ခရစ်တော်နှင့်အတူ မဖြစ်နိုင်သောအမှုဟူ၍မရှိပါ။ တပည့်တော်တို့၏မေးခွန်းသည် မေးသင့်သောမေးခွန်းဖြစ်ပါ၏ (မာကု ၈း၄)။ ဤကမ္ဘာမြေကြီးကိုဖန်ဆင်းတော်မူသော လက်တော်မပါလျှင် မည်သို့ဖြစ်နိုင်ပါမည်နည်း။ သို့သော်လည်း အနန္တတန်ခိုးရှင်ယေရှုလက်တော်ထဲတွင် မုန့်ခုနှစ်လုံးနှင့်အနည်းငယ်သောငါးသည် လေးထောင်သောသူအဖို့ လုံလောက်ခဲ့ပါသည်။ ဘုရားသခင်အတွက် အလွန်ခက်ခဲသောအမှုမရှိပါ။ ကျွန်တော်တို့သံသယမဝင်ခြင်းငှါ သတိပြုကြရပါမည်။ ခရစ်တော်သည် မိမိလူတို့၏ ဝိညာဉ်လိုအပ်ချက်ကို ဖြည့်ဆည်းပေးတော်မူနိုင်၏။ မိမိကိုယုံကြည်ကိုးစားသောသူအပေါင်းအတွက် ကိုယ်တော်၌အလုံအလောက်ရှိတော်မူ၏။ မိမိကိုယ်အားနည်း၍ ဘာမှမရှိဟုထင်မှတ်သောယုံကြည်သူများ ယေရှုရှိတော်မူသရွေ့ စိတ်ပျက်အားငယ်ခြင်းမရှိကြပါနှင့်။ ကိုယ်တော်ထံ၌ ယုံကြည်သူ၊ မိမိလူတို့အဖို့ လုံလောက်သောကျေးဇူးဂရုဏာတော်ရှိတော်မူသည်ဖြစ်၍ ဆုတောင်းခြင်းဖြင့် တောင်းလျှောက်သောသူအပေါင်းတို့အား ပေးသနားတော်မူခြင်းငှါ အစဉ်အသင့်ရှိတော်မူ၏ (ကောလော ၁း၁၉)။

**ဆင်ခြင်ရန်** - ကျွန်တော်တို့သည် "ဘုရားသခင်ထံမှအပ ဘယ်သူ့ထံမှမသွားရပါ" ကိုယ်တော်၏တန်ခိုးအာဏာသည် စကြဝဠာနှင့်ဆိုင်သည်ဖြစ်သောကြောင့် (မသဲ ၂၈း၈) ကျွန်ုပ်တို့၏မဖြစ်နိုင်သောအရာတို့သည် ကိုယ်တော်အတွက် ပြဿနာလုံးဝမဟုတ်ပါ။

**ဆုတောင်းချက်**- အဘဘုရား၊ ကိုယ်တော်ကို ယုံကြည်ကိုးစားသောစိတ် အကျွန်ုပ်၌တိုးပွားများပြားစေတော်မူပါ။

စနေ၊ နိုဝင်ဘာ (၂၁)
**မာကု ၈း၂၂-၂၆**
ယောဟန် ၉း၁၃-၃၈

*ယေရှုတဖန်ကြွလာတော်မူအခါ စုံလင်သော အစဉ်ကျန်းမာခြင်းရှိလိမ့်မည်။*

## မက်ဇဲဒမြို့မှမျက်ကန်းကို မျက်စိပွင့်စေတော်မူခြင်း

ဤအံ့ဖွယ်အမှုပြုခြင်း၌ ထူးခြားသောနည်းများ သခင်ယေရှုအသုံးပြုရခြင်းအကြောင်းကို ကျွန်တော်တို့မသိရကြပါ။ မျက်ကန်းသည် အံ့ဖွယ်မျက်စိမြင်ခွင့်ရခဲ့၏။ သခင်ယေရှု၏စကားတ ခွန်း (သို့) လက်ဖြင့်တို့ထိခြင်းသည် ထိုသို့အမြင်အာရုံပြန်ရရန် လုံလောက်ကြောင်းကျွန်တော်တို့ သိထားပါသည်။ သို့သော်လည်း ယေရှုက ဤလူကိုလက်ဖြင့်ဆွဲ၍မြို့ပြင်သို့ခေါ်လျက် သူ့မျက်စိကို တံထွေးနှင့်ထွေးပြီး သူ့အပေါ်မှာ လက်တော်ကိုတင်သည့်တိုင် မျက်စိမြင်ခွင့်မရခဲ့ပေ။ ဤအပြုအမူ တစ်ခုလုံး၏အဓိပ္ပာယ်ကို ကျွန်တော်တို့ရှင်းလင်းစွာ မသိရကြပါ။

သခင်ယေရှုသည် တစုံတခု၏မစခြင်း(သို့) နည်းလမ်းတခုခု၏အကူအညီမလိုအပ်ကြောင်း သိမှတ်ဖို့လိုအပ်ပါသည်။ ဝိညာဉ်ကယ်တင်ခြင်းအမှု၌ ကွဲပြားသောအဖြစ်အပျက်ရှိနိုင်သော်လည်း ပြောင်းလဲစေတော်မူသောသူသည် သန့်ရှင်းသောဝိညာဉ်တော်ပင်ဖြစ်ပါသည်။ ထိုနည်းတူ ခန္ဓာကိုယ် ကျန်းမာစေခြင်းအမှု၌ ဘုရားသခင်ကတခုခုအသုံးပြုနိုင်သော်လည်း ရောဂါပျောက်ကင်းစေခြင်းသည် သူ၏တန်ခိုးအစွမ်းပင်ဖြစ်ပါသည်။ ပြုသောအမှုတိုင်း၌ ဘုရားသခင်သည် အဆုံးစွန်အာဏာရှိတော်မူ၏။ ဤလူသည် တစ်ကြိမ်တည်းဖြင့်မျက်စိမြင်ခွင့်မရခဲ့ပါ။ ဖြည်းဖြည်းချင်းမျက်စိမြင်ခွင့်ကို ယေရှု ပေးတော်မူ၏။ ပထမတွင် တချို့တဝက်မြင်ခဲ့ရပြီး (မာကု ၈း၂၄)၊ ထို့နောက်မှအလုံးစုံမြင်ခွင့်ရခဲ့ပါ သည် (မာကု ၈း၂၅)။ ထို့ကြောင့် ဤအံ့ဖွယ်အမှုသည်အခြားနှင့်မတူ ခြားနားလှပါသည်။

ဤဖြည်းဖြည်းချင်းကောင်းမွန်စေခြင်းသည် ဝိညာဉ်ကယ်တင်ခြင်းပြောင်းလဲစေခြင်းအမှု၌ ဝိညာဉ်တော်ပြုသောအမှုကို ရှင်းလင်းစွာဖော်ပြလျက်ရှိပါ၏။ ကျွန်တော်တို့သည်မျက်ကန်းများဖြစ်၍ မိမိဝိညာဉ်အခြေအနေကို မသိမြင်ကြပါ။ ပြောင်းလဲစေခြင်းသည် အလင်းပေးခြင်း၊ အမှောင်မှအ လင်းသို့၊ မျက်ကန်းမှမျက်စိမြင်ခြင်းသို့ ပြောင်းလဲခြင်းဖြစ်ပါသည်။ အချို့သော ပြောင်းလဲသောသူက သာ ပထမ၌ရှင်းလင်းစွာမြင်တတ်ကြ၏။ များသောအားဖြင့်၊ ယုံကြည်ခြင်းနှင့်ဆိုင်သော သွန်သင် ချက်များ၊ ခရစ်တော်အသက်တာတို့ကို စုံလင်စွာနားမလည်ကြပါ။ ဤအသစ်သောကမ္ဘာမှ အရာများ ကို ချက်ချင်းသဘောမပေါက်နိုင်ကြပါ။ ဝိညာဉ်တော်မှလေးနက်စွာ ဖြည်းဖြည်းချင်း အသိဉာဏ် အလင်းပေး၍ သွန်သင်ခြင်းခံရသောအခါ၌သာ ရင့်ကျက်မှုရှိလာပြီး ရှင်းလင်းစွာမြင်လာတတ်ကြ၏။ ဤတရားကိုသင်ယူရသော၊ နှိမ့်ချသောသူ၊ မိမိကိုယ်ကို မကိုးစားသောသူသည် မင်္ဂလာရှိ၏။

ဤဖြည်းဖြည်းချင်းကောင်းမွန်သက်သာလာခြင်းသည် ရှေ့အနာဂတ်၌ဖြစ်လာမည့်အရာ နှင့်ပတ်သတ်၍ ယုံကြည်သူတို့၏ ယခုလက်ရှိအသိဉာဏ်ကို ပြသောပုံရိပ်လည်းဖြစ်ပါသည်။ ယခု အချိန်၌ရှင်းရှင်းလင်းလင်းမမြင်ရကြပါ။ ထိုအချိန်တွင် ရှင်းလင်းစွာမြင်ရကြလိမ့်မည်။

**ဆင်ခြင်ရန်** - ဖြည်းဖြည်းချင်းဖြစ်စေ၊ ချက်ချင်းဖြစ်စေ အရေးကြီးသည်မှာ အမှန်တကယ် ပြောင်းလဲခြင်းရှိခြင်းပင်ဖြစ်ပါသည်။

**ဆုတောင်းချက်**- အဘဘုရား၊ အကျွန်ုပ်၏ဝိညာဉ်မျက်စိဖွင့်ပေးတော်မူသောကြောင့် ကျေးဇူးတင် ပါ၏။

တနင်္ဂနွေ၊ နိုဝင်ဘာ (၂၂)

**မာကု ၉း၁၄-၂၉၊ မသဲ ၁၇း၁၄-၂၀၊ လုကာ ၉း၃၇-၄၃**

ယောဟန် ၁၅း၁-၅

*နတ်ဆိုးတို့ကို အထင်မသေးပါနှင့်။*

## နတ်ဆိုးစွဲသောသူငယ်ကို ကျန်းမာစေတော်မူခြင်း

ခရစ်တော်၏တပည့်တော်တို့သည် ခရစ်တော်နှင့်အတူရှိတော်မူခြင်းနှင့်မစခြင်းကို လိုအပ်သောသူများဖြစ်ကြပါသည်။ တောင်ပေါ်မှဆင်းကြွလာစဉ် ယေရှု မိမိ၏သိုးစုလေးများ ဒုက္ခရောက်နေသည်ကို မြင်တော်မူ၏။ သူ၏တပည့်တော်ကိုးဦးတို့သည် နတ်ဆိုးစွဲသောသူကို ပျောက်ကင်းအောင် လုပ်နိုင်သောကြောင့် ကျမ်းပြုဆရာတို့၏ကဲ့ရဲ့ခြင်းကို ခံနေရကြ၏။ များစွာသောအံ့ဘွယ်အမှုတို့ကို ပြုခဲ့ကြသော်လည်း ယခုအမှုကိုသူတို့မတတ်နိုင်ကြပါ။ ခရစ်တော်မပါလျှင် သူတို့ဘာမှမလုပ်နိုင်ကြောင်း သင်ခန်းစာရခဲ့ကြပါသည် (ယောဟန် ၁၅း၅)။ ဤသည်ကား အလွန်အကျိုးရှိသောသင်ခန်းစာဖြစ်သော်လည်း ထိုအချိန်၌ခါးသီးလှပါလိမ့်မည်။ ထိုသို့သောသင်ခန်းစာမှ များစွာကျွန်တော်တို့သင်ယူခဲ့ကြပါသည်။ ခရစ်တော်မပါလျှင် ကျွန်တော်တို့ဘာမှမတတ်နိုင်ကြောင်းကို ကျွန်တော်တို့လက်မခံလိုခဲ့ကြပါ။

ဤအကြောင်းတရားကို သမိုင်း၌များစွာတွေ့ရပါသည်။ သတင်းကောင်းဟောပြောခြင်း၌ ကြီးသောအမှုကိုပြု၍ အောင်မြင်ခဲ့သောသူတို့ကိုယ်တိုင်သည်လည်း လုံးဝကျရှုံး၍ အားနည်းလျက် စိတ်ပျက်အားငယ်သောအချိန် ရှိတတ်ပါ၏။ အချို့သည် အချိန်တစ်ခါတည်းဖြင့် အရှုံးပေးတတ်ကြပါသည်။ ထို့ကြောင့် သန့်ရှင်းသော၊ ကောင်းမှုပြုသော ခရစ်ယာန်သည်လည်း ဝါကြွားစရာလုံးဝမရှိပါ။ သူတို့၏ခွန်အားသည် သူတို့အပိုင်မဟုတ်ပါ။ ဘုရားပေးတော်မမူလျှင် သူတို့၌ဘာမှမရှိပါ။ ဝါကြွားခြင်းရှိကြသောအခါ ဘုရားသခင်က ခဏတာပစ်ပယ်ထားခြင်းဖြင့် သူတို့က တန်ခိုးအစွမ်းသည် မိမိတို့မပိုင်ကြောင်း သိလာတတ်ကြ၏။ ဆံပင်ညှပ်ခြင်းခံရသောရှံဆုန်ကဲ့သို့ဖြစ်ကြ၍ သူတို့သည် အခြားသာမာန်လူကဲ့သို့ အားနည်းခြင်းရှိကြ၏။

ဤတပည့်တော်တို့၏မအောင်မြင်ခြင်းမှ နှိမ့်ချခြင်းသင်ခန်းစာယူကြပါစို့။ ခရစ်တော်အတူပါရှိတော်မူခြင်းကျေးဇူးတော်ကို နေ့စဉ် ကျွန်တော်တို့လိုအပ်ကြောင်း သိမှတ်ကြပါစို့။ ခရစ်တော်နှင့်အတူ အရာခပ်သိမ်းကို ကျွန်တော်တို့တတ်နိုင်ပါ၏ (ဖိလိ ၄း၁၃)။ ခရစ်တော်နှင့်အတူရှိတော်မူလျှင် ကြီးမားသော သွေးဆောင်ခြင်းကိုလည်း ကျွန်တော်တို့အောင်နိုင်ပါလိမ့်မည်။ ခရစ်တော်မပါလျှင် အငယ်ဆုံးသော သွေးဆောင်ခြင်းကပင် ကျွန်တော်တို့ကိုလဲကျစေပါလိမ့်မည်။ ထို့ကြောင့် နံနက်တိုင်း ဆုတောင်းသောအခါ ကျွန်တော်တို့ကိုမထားခဲ့ဘဲ အတူပါရှိတော်မူရန် တောင်းလျှောက်ကြရပါမည်။ အကြောင်းမှာ အဘယ်အမှုဖြစ်လာမည်ကို ကျွန်တော်တို့မသိကြပါ။

**ဆင်ခြင်ရန်** - ခရစ်ယာန်အသက်တာ၌ပြုသောအမှုတိုင်းသည် ဇာတိအလိုသို့လိုက်သလော (သို့) ဝိညာဉ်အလိုသို့လိုက်သလော။ ဘုရားသခင်၏မစခြင်းဖြင့်လော (သို့) ဇာတိအလိုဖြင့်ပြုသလောဟူ၍ဖြစ်ပါသည်။ ဇာတိအားဖြင့် စာတန်ကိုရင်ဆိုင်ခြင်းသည် လက်နက်မပါဘဲ ရင်ဆိုင်ခြင်းဖြစ်၍ ရှုံးနိမ့်မှာသေချာပါ၏။ ဝိညာဉ်အားဖြင့် ရင်ဆိုင်ခြင်းသည် ခရစ်တော်အတူပါရှိတော်မူခြင်းပေတည်း။

**ဆုတောင်းချက်**- အဘဘုရား၊ မိမိကိုယ်ကို ကိုးစားခြင်း၊ ဝါကြွားခြင်းအမှုကို ခွင့်လွှတ်တော်မူပါ။ ယေရှုခရစ်တော်မပါလျှင် ကျွန်တော်ဘာမှမလုပ်နိုင်ကြောင်း နှိမ့်ချသောစိတ်နှင့် ဝန်ခံခြင်းငှါ မစတော်မူပါ။

တနင်္လာ၊ နိုဝင်ဘာ (၂၃)
**ယောဟန် ၉း၁-၁၂**
မသဲ ၂၈း၁၈-၂၀

*ကိုယ်တော်သည် ကြီးမြတ်သော သမားတော်ဖြစ်တော်မူ၏။*

## မွေးရာမျက်ကန်းအား မျက်စိမြင်စေတော်မူခြင်း

ခရစ်တော်သည် အမျိုးမျိုးသောအံ့ဘွယ်အမှုပြုခြင်း၌ အမျိုးမျိုးသောအရာကို အသုံးပြုလေ့ရှိပါသည်။ မျက်ကန်းကိုမျက်စိမြင်စေခြင်း၌ မိမိအလိုရှိပါလျှင် အမိန့်ပေးရုံ၊ လက်ဖြင့် ထိရုံဖြင့် ရောဂါပျောက်ကင်းစေတော်မူနိုင်ပါသည်။ သို့သော်လည်း ထိုသို့မပြုခဲ့ပါ။ "မြေပေါ်မှာထွေး၍ တံထွေးနှင့်ရွှံ့လုပ်ပြီးမှ ကန်းသောသူ၏မျက်စိကို ရွှံ့နှင့်လူး၍" (ယောဟန် ၉း၇)ဟု တွေ့ရှိရပါသည်။

ကောင်းကင်နှင့်မြေကြီးကိုဖန်ဆင်းတော်မူသောဘုရားသခင်သည် အမှန်မှာ တစုံတခုသောအရာကို အသုံးပြုရန်မလိုအပ်ပါ။ ထိုနည်းတူ လူတယောက်ကိုကောင်းကြီးပေးခြင်း၌ မိမိနည်းအတိုင်း၊ မိမိအလိုတော်အတိုင်း ပြုတော်မူ၏။ ယခုအမှု၌လည်း ခရစ်တော်၏အနန္တတန်ခိုးတော်ကို တွေ့ရပါသည်။ မဖြစ်နိုင်သောအမှုကို ပြုတော်မူ၏။ ဆေးဝါးမပါဘဲ ကုသပျောက်ကင်းစေတော်မူခဲ့၏။ မွေးရာပါမျက်ကန်းတဦးကို အမှန်မျက်စိမြင်စေတော်မူခဲ့၏။

ဤအံ့ဘွယ်အမှုအားဖြင့် ကျွန်တော်တို့သင်မှာတရားကို ပို၍သိရန်ဖြစ်ပါသည်။ အပြစ်သားတို့၏ ကယ်တင်ရှင်ယေရှုသည် ကောင်းကင်နှင့်မြေကြီးပေါ်၌ အနန္တတန်ခိုးရှိတော်မူကြောင်း ပြသလျက်ရှိ၏ (မသဲ ၂၈း၁၈)။ ပုံမှန်လူသားတဦးက ဤသို့သောအံ့ဘွယ်အမှုကို မပြုနိုင်ပါ။ ဤမျက်ကန်းမျက်စိမြင်ခြင်း၌ ဘုရားသခင်၏လက်တော်ကို ကျွန်တော်တို့မြင်တွေ့ရပါသည်။

ထို့ပြင် ဤအံ့ဘွယ်အမှုအားဖြင့် လူသားတို့အတွက် မျှော်လင့်ခြင်းရှိသေးကြောင်း သိရပါသည်။ ဤသို့သော ကယ်တင်ရှင်ပါလျက်နှင့် ကျွန်တော်တို့အဘယ့်ကြောင့် ကယ်တင်ခြင်းမရဘဲ နေရမည်နည်း။ ကိုယ်တော်မဖယ်ရှားနိုင်သောဝိညာဉ်ရေးရာရောဂါရှိပါသလား။ သခင်ယေရှုသည် အလွန်ဆိုးရွားသော၊ အမှတ်မရှိသောသူ၏ မျက်စိကိုမြင်စေလျက်၊ သူမမြင်ဖူးသောအရာကို မြင်စေတော်မူခဲ့ပါသည်။ ထိုနည်းတူ အလွန်မှောင်မိုက်သောစိတ်နှလုံးသို့ အလင်းကိုစေလွှတ်လျက်၊ ထိုမျက်စိကန်းမှောင်မိုက်မှုကို ဖယ်ရှားပေးတော်မူနိုင်၏။

ကျွန်တော်တို့ကယ်တင်ခြင်းမခံရလျှင်၊ ကျွန်တော်တို့သည်သာ တရားခံဖြစ်ပါ၏။ ကျွန်တော်တို့သာ အလိုရှိ၍တောင်းလျှောက်ပါလျှင် ကျွန်ုပ်တို့ကို ကျန်းမာစေတော်မူနိုင်သောသူသည် ဘုရားသခင်၏လကျာ်ဘက်၌ ထိုင်တော်မူလျက်ရှိပါ၏။ ထို့ကြောင့် အောက်ပါဖော်ပြထားသော ကျမ်းပိုဒ်အတိုင်း မဖြစ်မည်အကြောင်း သတိပြုကြပါစို့။ "အလင်းသည် ဤလောကသို့ဝင်၍၊ လူတို့သည်မကောင်းသောအကျင့်ကိုကျင့်သောကြောင့်၊ အလင်းထက်မှောင်မိုက်ကိုသာ၍နှစ်သက်ကြ၏" (ယောဟန် ၃း၁၉)။ "သင်တို့သည် အသက်ကိုရအောင်ငါ့ထံသို့လာခြင်းငှါ အလိုမရှိကြ" (ယောဟန် ၅း၄၀)။

**ဆင်ခြင်ရန်** - ခရစ်တော်၌ တန်ခိုးအလုံးစုံရှိတော်မူ၏။ သူသည်အရာခပ်သိမ်းတို့၏ အရှင်သခင်ဖြစ်တော်မူ၏။

**ဆုတောင်းချက်**- အဘဘုရား၊ ကိုယ်တော်သည် အနန္တတန်ခိုးရှင်ဘုရားဖြစ်တော်မူသောကြောင့် ကိုယ်တော့်ကိုရိုသေချီးမွမ်းလိုပါ၏။

အင်္ဂါ၊ နိုဝင်ဘာ (၂၄)

**လုကာ ၁၃း၁၀-၁၇**

ဆာလံ ၁၂၂

*ကိုယ်တော်အလိုရှိတော်မူလျှင် အဘယ်ရောဂါမဆို ပျောက်ကင်းစေတော်မူနိုင်၏။*

## နတ်စွဲ၍ရောဂါခံစားနေရသောမိန်းမကို ကျန်းမာစေခြင်း

ဤမိန်းမအတွက် နာမကျန်းဖြစ်ခြင်းသည် ဘုရားသခင်၏အိမ်တော်သို့မသွားခြင်း၏ ဆင်ခြေမဖြစ်ခဲ့ပါ။ ထိုသို့ရောဂါခံစား၍ နာမကျန်းဖြစ်သော်လည်း သူသည်ဘုရားသခင်၏ လူတို့ ဆုံစည်း၍ နှုတ်ကပတ်တော်ကိုနာခံကြသောနေရာသို့ ဥပုသ်နေ့၌သွားရောက်ခဲ့ပါသည်။ အမှန်တကယ် သူသည်ကောင်းကြီးခံစားခဲ့ရ၏။ သူသည် ဝမ်းနည်းစွာလာရောက်ခဲ့သော်လည်း၊ သူသည်ကြီးစွာသောကောင်းကြီးခံစားချက်ဝမ်းမြောက်စွာ အိမ်သို့ပြန်သွားခဲ့ရပါသည်။ ဤရောဂါဝေဒနာခံစားနေရသောယုဒအမျိုးသမီး၏အပြုအမူက ကျန်းမာသန်စွမ်းသောအမည်ခံခရစ်ယာန်တို့ကို အရှက်ရစေသင့်ပါသည်။ ခန္ဓာကိုယ်ကျန်းမာသန်စွမ်းသောများစွာသောသူတို့သည် ဘုရားသခင်၏အိမ်တော်သို့ မသွားရောက်ဘဲဆင်ခြေများစွာပေးတတ်ကြပါသည်။ အချို့သည်လည်း တနင်္ဂနွေနေ့ဘုရားကျောင်းတတ်ရောက်ခြင်းဖြင့် အခြားနေ့များ၌ ဝတ်ပြုခြင်းမလိုတော့ဟု ထင်မှတ်ကြပြန်၏။ ဒါဝိဒ်၏စိတ်သဘောကိုသိမှတ်ကြပါစို့(ဆာလံ ၁၂၂း၁)။ ဤကမ္ဘာလောက၌ တပတ်တစ်ခါ ဘုရားသခင်ဝတ်ပြုခြင်းအစီအစဉ်၊ နာရီအနည်းငယ်တောင် ပျော်ရွှင်စွာမဝတ်ပြု၊ မကိုးကွယ်နိုင်လျှင် လာမည့်ကမ္ဘာ၌ ထာဝရဘုရားသခင်အား ချီးမွမ်းခြင်းကိုမည်သို့ပြုနိုင်ပါမည်နည်း။ များစွာသောလူတို့သည် ဘုရားသခင်၏အမှုတော်ကို မဆောင်ရွက်လိုကြပါ။

သခင်ယေရှု၌ အနန္တတန်ခိုးရှိတော်မူ၏။ ခရစ်တော်နှင့်အတူ မဖြစ်နိုင်သောအမှုဟူ၍မရှိပါ။ ဤအံ့ဖွယ်အမှုသည် အပြစ်ဆိပ်သင့်သောသူအတွက် နိမိတ်သင်္ကေတဖြစ်ပါသည်။ အလွန်မာကြောသောစိတ်ကို ခရစ်တော်ကပျော့ပျောင်းစေတော်မူနိုင်၏။ ကိုယ်ကျိုးရှာသော၊ အပြစ်နှင့်လောကီအမှု၌ ဦးတည်နေသောအလိုဆန္ဒကို သခင်ယေရှုက ချိုးဖြတ်တော်မူနိုင်၏။ သူသည် ဖန်ဆင်း၊ ပြုပြင်၊ ပြောင်းလဲ၊ ဖျက်ဆီး၊ ပြန်ပြင်ခြင်းနှင့်အသက်ပေးခြင်းကို ပြုတော်မူနိုင်၏။ ခရစ်တော်မကုသနိုင်သောရောဂါဟူ၍မရှိပါ။ ခရစ်တော်မကယ်တင်နိုင်သောသူဟူ၍ မရှိကြောင်းသိမှတ်ကြပါစို့။ ထို့ကြောင့် သူတို့အတွက် ဆုတောင်းခြင်းကိုအားမလျော့ဘဲကြိုးစားကြပါစို့။ ယောဘ၏ယုံကြည်ခြင်းမျိုးကျွန်တော်တို့၌ ရှိပါစေသော် (ယောဘ ၄၂း၂)။

သခင်ယေရှုက တရားစရပ်မှူး၏ဝေဖန်မှုကို ရှုတ်ချလျက်၊ ဥပုသ်နေ့စောင့်ခြင်းအမှန်ကို ဖော်ပြတော်မူခဲ့၏ (လုကာ ၁၃း၁၄-၁၅)။ ဥပုသ်နေ့၌ တိရစ္ဆာန်၏လိုအပ်ချက်ကိုဆောင်ရွက်ရပါလျှင်၊ အဘယ့်ကြောင့် လူ၏လိုအပ်ချက်ကိုပို၍ မဆောင်ရွက်ဘဲနေရကြမည်နည်း။ မဖြစ်မနေလိုအပ်သောအမှုနှင့်ဂရုဏာတော်အမှုတို့ကို ဥပုသ်နေ့၌ ဆောင်ရွက်၍ ရပါသည်။ ဥပုသ်နေ့သည် လူကိုဒုက္ခပေးရန်မဟုတ်ဘဲ၊ လူ့အကျိုးအတွက် ချမှတ်ခြင်းဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏လူတို့နှင့်အတူ ဘုရားသခင်ကိုဝတ်ပြုကိုးကွယ်ခြင်းမပြုနိုင်ရန် ဆီးတားခြင်းခံရသောအချိန်ကို ကျွန်တော်မုန်းတီးပါသလား။ အဘယ်ကြောင့်နည်း။

**ဆုတောင်းချက်**- အဘဘုရား၊ ကိုယ်တော်၏အိမ်တော်ကို ကျွန်တော်သတိရလွမ်းဆွတ် တမ်းတလျက်ရှိပါ၏။

ဗုဒ္ဓဟူး၊ နိုဝင်ဘာ (၂၅)
**လုကာ ၁၄း၁-၆**
ဒံ ၆း၁-၅

*ကျွန်ုပ်တို့သခင်ဘုရားသည် ဝိညာဉ်နှင့်ဆိုင်သော အနာရောဂါတို့ကိုလည်း ကုသပျောက်ကင်းစေတော်မူနိုင်၏*

## ရေဖျဉ်းနာစွဲသောသူကိုကျန်းမာစေခြင်း

သခင်ယေရှုသည် မိမိတပည့်တော်မဟုတ်သော သူတို့၏ကျွေးမွေးပြုစုခြင်းကိုလည်း လက်ခံတော်မူခဲ့၏ (လုကာ ၁၄း၁)။ ယေရှုသည် ဖာရိရှဲ၏အိမ်၌မည်သို့ပြုမူခဲ့ပါသနည်း။ ယေရှုက ရှေးဦးစွာ ဥပုသ်နေ့စောင့်ခြင်းအမှန်ကိုဖော်ပြတော်မူခဲ့၏ (လုကာ ၁၄း၁-၆)။ ထို့နောက် စိတ်နှိမ့်ချခြင်းကို ရှင်းပြတော်မူ၍ (လုကာ ၁၄း၇-၁၁)၊ စစ်မှန်သောကျွေးမွေးပြုစုခြင်းအဓိပ္ပာယ်ကို ရှင်းပြလျက် (လုကာ ၁၄း၁၂-၁၄)၊ နောက်ဆုံးတွင်အလွန်ထိရောက်သော သာဓကကိုပေးတော်မူခဲ့၏ (လုကာ ၁၄း၁၅-၂၄)။ ဤအမှုအလုံးစုံကိုပညာရှိစွာ ငြိမ်သက်သောသဘောဖြင့် ပြုတော်မူခဲ့၏။ သခင်ယေရှု၏မိန့်တော်မူချက်တို့သည် သင့်လျော်၍တည်ဆောက်စရာဖြစ်ကြပါသည် (ကောလော ၄း၆)။ သခင်ယေရှု၏ စုံလင်သောအနေအထိုင်၊ အပြုအမူကိုတွေ့ရပါသည်။ ယေရှုသည် မှန်သောအမှုကိုမှန်သောအချိန်၌ မှန်သောနည်းလမ်းဖြင့်ပြုတော်မူ၏။ သခင်ယေရှုသည် မိမိကိုယ်ကိုသိတော်မူ၍ အဘယ်နေရာ၌ ရှိတော်မူသည်ကိုလည်း အစဉ်သိတော်မူ၏။

ခရစ်ယာန်တို့အတွက် လိုက်လျှောက်ရမည့်သာဓကတစ်ခုပင်ဖြစ်ပါသည်။ ခရစ်ယာန်မဟုတ်သောသူတို့အကြား၌ ကျွန်တော်တို့နေသောအခါ ဆုတောင်းခြင်းဖြင့်သတိထား၍ ပြုမူနေထိုင်ကြပါသလား။ ခရစ်တော်အတူပါရှိခြင်းမရှိသောအိမ်သည် ကျွန်တော်တို့အတွက်အိမ်မဟုတ်ပါ။ သို့သော်လည်း မယုံကြည်သူတို့အကြား၌ ကျွန်တော်တို့ရောက်ရှိသောအခါ ကျွန်ုပ်တို့၏အပြုအမူ၊ အနေအထိုင်အားဖြင့် ဘုရားသခင်၏အမှုတော်ကို ဆောင်ရွက်ကြပါစို့။ မေးခွန်းနှစ်ခုမိမိကိုယ်ကို မေးကြပါစို့။ "အကျွန်ုပ်အချိန်များကို ပေါ့ပေါ့တန်တန် လောကီအမှုပြု၍ လောကီဆန်ဆန်အသုံးပြုခဲ့ပါသလား"။ "ခရစ်တော်ထားခဲ့သောသာဓကကို ကျွန်တော်ကြိုးစားလိုက်လျှောက်နေပါသလား"။ ခရစ်တော်နှင့်အတူ ပြုနေသောအမှုတိုင်း၌ ပြဿနာလုံးဝမရှိပါ။

ရန်သူတို့သည် သခင်ယေရှုကို သူ၏စကားအပြုအမူအားဖြင့် စွပ်စွဲဆန့်ကျင်ခြင်းငှါ စောင့်ကြည့်နေကြ၏ (လုကာ ၁၄း၁)။ သို့သော်လည်း ဘာမှမတွေ့ခဲ့ရပါ။ သခင်ယေရှုသည် သူများကိုဘယ်တော့မှဒုက္ခမပေး။ သန့်ရှင်းတော်မူ၍မကောင်းမှုနှင့်ကင်းလွတ်တော်မူ၏။ အလွန်ပြည့်စုံစုံလင်တော်မူသောအသက်တာ ပိုင်ဆိုင်တော်မူသောကြောင့် ရန်လိုနေသောရန်သူတို့ကပင် အပြစ်အနာဆာ တခုတလေမျှပင် မတွေ့ခဲ့ကြရပါ။

ခရစ်တော်၏အစေခံကျွန်တို့သည်လည်းစောင့်ကြည့်ခြင်းခံရကြပါ၏။ တစ်စုံတစ်ခုမှားယွင်းမှုရှိခဲ့လျှင် အပြောအဆို၊ အမူအကျင့်မှားခဲ့ပါလျှင် လူတို့မေ့ကြတော့မည်မဟုတ်ပါ။ ထို့ကြောင့် ဘုရားရှေ့၊ လူရှေ့၌ သန့်ရှင်းသောအသက်တာဖြင့် အသက်ရှင်ကြပါစို့။ ဘုရားသခင်၏ကျေးဇူးတော်အားဖြင့် ထိုသို့ဖြစ်နိုင်ပြီး ဒံယေလ၏အသက်တာကဲ့သို့ ကျွန်တော်တို့နေထိုင်နိုင်ပါ၏ (ဒံ ၆း၅)။

**ဆင်ခြင်ရန်** - ရန်သူတို့သည် ကျွန်ုပ်တို့ကိုဆန့်ကျင်၍စွပ်စွဲခြင်းပြုလျှင်ပင် ထိုစွပ်စွဲချက်တို့ သည် အမှန်မဟုတ်သောကြောင့် သူတို့သာမှုသာပြောသောသူဟု ပေါ်လွင်ခြင်း ငှါ သန့်ရှင်းသောအသက်တာဖြင့် အသက်ရှင်ကြပါစို့ (၁ ပေ ၂း၁၅)။

**ဆုတောင်းချက်**- အဘဘုရား၊ အကျွန်ုပ်အသက်တာသည် သန့်ရှင်းမည်အကြောင်း အစဉ်သတိရှိသောသူဖြစ်လိုပါ၏။

ကြာသပတေး၊ နိုဝင်ဘာ (၂၆)

**လုကာ ၁၇း၁၁-၁၉**

ဆာလံ ၁၃၀

*သင်၏ဝမ်းမြောက်မှုကို*
*အဘယ်အရာနှင့်နှိုင်းယှဉ်၍ ရပါသနည်း*

## နူနာစွဲသောလူဆယ်ဦးကိုသန့်ရှင်းကျန်းမာစေခြင်း

လူတို့သည် အမှန်တကယ်လိုအပ်သောအရာကို ရိုးသားစွာတောင်းလျှောက်တတ်ကြပါသည် (လုကာ ၁၇း၁၃)။ နူနာစွဲလျက် ဒုက္ခဝေဒနာခံစားခြင်းထက် ပို၍ခက်ခဲသောအခြေအနေမရှိဟုထင်ရပါသည်။ သူတို့သည် လူတို့၏ငြင်းပယ်ခြင်းကိုခံရကြ၏။ မိတ်ဆွေသူငယ်ချင်းတို့နှင့်လည်း အဆက်အသွယ်ပျက်ခဲ့ပါသည်။ ဤအနူရောဂါစွဲသောသူတို့ကလည်း မိမိတို့၏အခြေအနေဆိုးကြီးကို သိကြရပါသည်။ သူတို့သည် အဝေး၌ရပ်နေကြသော်လည်း ငြိမ်သက်၍နေကြသည်မဟုတ်။ သူတို့၏ခံစားချက်ကိုရိုးသားစွာဖော်ပြ၍ သက်သာရာရမည့်အခွင့်အရေးကို ကြိုးစားဆုတ်ကိုင်လျက် အော်ဟစ်ခဲ့ကြပါသည်။ ဆုတောင်းခြင်းအတွက် အသိဉာဏ်များစွာ ဤအဖြစ်အပျက်ကပေးလျက်ရှိပါသည်။

အဘယ့်ကြောင့် လူများတို့သည် ဆုမတောင်းဘဲနေကြပါသနည်း။ အချို့သည် ထပ်တလဲလဲဆိုပြီးသားကို ရွတ်ဆိုတတ်ကြပြီး၊ စိတ်ထဲမှအမှန်ဆုမတောင်းကြပါ။ သေတော့မည့်သူသည် အဘယ့်ကြောင့် ကြိုးစားအားထုတ်၍ ဆုမတောင်းပါသနည်း။ အဖြေမှာရိုးရှင်းလှပါ၏။ သူတို့၏အပြစ်ကို မသိကြ။ ဝိညာဉ်နှင့်ဆိုင်သောသူတို့၏ရောဂါကိုမသိကြ။ ငရဲတံခါးဝ၌ ရပ်နေကြသည်ကို မသိခဲ့ကြပါ။ လူသည် သူ့ဝိညာဉ်နှင့်ဆိုင်သောရောဂါကိုသိသောအခါ ဆုတောင်းတတ်လာ၏။ ဤအနူများကဲ့သို့ သူတို့၏လိုအပ်ချက်ကို ဖော်ပြတတ်လာကြပါသည်။

စစ်မှန်သောများစွာသောယုံကြည်သူတို့သည် အဘယ့်ကြောင့် အေးတိအေးစက်ဆုတောင်းကြပါသနည်း။ အဘယ့်ကြောင့် သူတို့၏ဆုတောင်းခြင်းသည် အားနည်း၍မရေမရာဖြစ်ပါသနည်း။ အဖြေသည် ရိုးရှင်းလှပါ၏။ သူတို့၏လိုအပ်မှုကိုကောင်းကောင်းမသိကြသောကြောင့် ဖြစ်ပါသည်။ သူတို့၏အားနည်းမှုနှင့်မတတ်နိုင်မှုကို ကောင်းကောင်းမသိကြသောကြောင့် ဂရုဏာတော်နှင့်ကျေးဇူးတော်ကို စိတ်အားထက်သန်စွာမတောင်းလျှောက်ကြခြင်းဖြစ်ပါသည်။ ဤအချက်တို့ကို မှတ်သားကြပါစို့။

နာခံသောသူထံ မစတော်မူခြင်းရောက်ရှိတတ်၏ (လုကာ ၁၇း၁၄)။ သခင်ယေရှုက သူတို့ကိုလက်ဖြင့်မထိ၊ လမ်းညွှန်ချက်လည်းပေးတော်မမူခဲ့ပါ။ သို့သော်လည်း မိန့်တော်မူသောစကား၌ အနာငြိမ်းခြင်းတန်ခိုးပါဝင်ခဲ့ပါသည်။ ထိုမိန့်တော်မူချက်ကိုနာခံသောအနူတို့ထံ ကျန်းမာခြင်းရောက်ရှိခဲ့ပါသည်။ ဤအမှုက ခရစ်တော်၏စကားတိုင်းကို ကလေးသူငယ်ကဲ့သို့သော ရိုးရှင်းသောစိတ်ထားဖြင့် နာခံခြင်းငှါ ကျွန်ုပ်တို့အား သွန်သင်ခဲ့ပါသည်။ သခင်ယေရှု၏စကားတို့ကို ကြားရသောအခါ ကျွန်တော်တို့သည် မလှုပ်မရပ်ငြိမ်သက်၍ မနေကြရပါ၊ သံသယမဝင်ရပါ။ ချက်ချင်းလိုက်နာဆောင်ရွက်ကြရပါမည် (ယောဟန် ၇း၁၇)။

**ဆင်ခြင်ရန်** - “ကိုယ်တော့်ကိုကျွန်တော်အစဉ်လိုအပ်လျက်ရှိပါ၏” (Hawks)။

**ဆုတောင်းချက်**- အဘဘုရား၊ ကိုယ်တော်အဖို့ အကျွန်ုပ်၏လိုအပ်ချက်ကိုအမှန်သိမြင်ခြင်းငှါ မစတော်မူပါ။

သောကြာ၊ နိုဝင်ဘာ (၂၇)

**မသဲ ၂၀း၂၉-၃၄၊ မာကု ၁၀း၄၆-၅၂၊ လုကာ ၁၈း၃၅-၄၃**

ကမ္ဘာ ၃၂း၂၂-၃၂ *ဝိညာဉ်မျက်ကန်းသည် ပို၍ဆိုးရွားပါသည်*

## ယေရိခေါမြို့အနီး၌ မျက်ကန်းတို့ကိုမျက်စိမြင်စေခြင်း

အခွင့်အရေးတိုင်းကို ကျွန်ုပ်တို့၏စိတ်ဝိညာဉ်အတွက် အကျိုးရှိရှိအသုံးပြုတတ်ခြင်းသည် ပညာရှိခြင်းပင်ဖြစ်ပါသည်။ ဤမျက်ကန်းတို့သည် လမ်းဘေး၌ထိုင်နေခဲ့ကြ၏။ ထိုသို့မထိုင်ခဲ့ကြလျှင် အနာငြိမ်းခြင်းရရှိခဲ့ကြမည်မဟုတ်ပါ။ ယေရှုသည်ယေရိခေါမြို့သို့ နောက်ထပ်မသွားခဲ့တော့ပါ။ ကျေးဇူးတော်ကိုအကျိုးရှိစွာ အသုံးချတတ်ခြင်း၏အရေးကြီးမှုကို လေ့လာကြပါစို့။ ဘုရားသခင်၏ အိမ်တော်၊ နှုတ်ကပတ်တော်၊ ဆုတောင်းခြင်း၊ ဘုရားသခင်၏လူတို့နှင့်မိဿဟာယဖွဲ့ခြင်းကို ကျွန်တော်တို့ဘယ်တော့မှ လျစ်လျူမရှုသင့်ပါ။ ထိုအရာတို့က သန့်ရှင်းသောဝိညာဉ်တော်၏ကျေးဇူး တော်မပါရှိလျှင် ကယ်တင်ခြင်းမပေးနိုင်ပါ။ သို့သော်လည်း ထိုအရာတို့ကိုအသုံးပြုခြင်းဖြင့် ပြောင်းလဲ ခြင်း၊ ကယ်တင်ခြင်းခံရကြ၏။ ထိုအရာတို့သည် ယေရှုရှိရာအရပ်သို့ခေါ်ဆောင်တတ်ကြ၏။ ကျွန်တော်တို့သည် ပျင်းရိစွာစောင့်မနေဘဲ ယေရှုရှိရာအရပ်သို့ချဉ်းကပ်ကြပါစို့။

ခရစ်တော်အား ကြိုးစားရှာဖွေခြင်းအမှု၌ အကျိုးထူးရှိပါ၏။ ဤမျက်ကန်းတို့သည် သခင်ယေရှုနှင့်အတူရှိသော လူထု၏အော်ဟစ်ရှုံ့ချခြင်းကို ခံခဲ့ကြပါသည် (မသဲ ၂၀း၃၁)။ သို့သော် လည်း သူတို့သည် တိတ်ဆိတ်၍မနေခဲ့ကြပါ။ သူတို့၏အကူအညီလိုအပ်မှုကိုသိကြ၏။ ဆီးတားမှုကို ဂရုမစိုက်၊ ပို၍အော်ဟစ်ခဲ့ကြပါသည် (မသဲ ၂၀း၃၁)။ ကျွန်တော်တို့ကယ်တင်ခြင်းရှာဖွေစဉ် ဆန့်ကျင်ခြင်းနှင့်အနှောင့်အယှက်၊ ဆီးတားခြင်းတို့ကြောင့် နောက်မလှည့်ကြရပါ (လုကာ ၁၈း၁)။ ဆုတောင်းလျက် ကျေးဇူးတော်ပလ္လင်တော်သို့ ကြိုးစားချဉ်းကပ်ကြရပါမည် (ကမ္ဘာ ၃၂း၂၆)။ သူငယ်ချင်းဆွေမျိုးတို့က ကျွန်ုပ်တို့၏စိတ်အားထက်သန်မှုကို ကဲ့ရဲ့ခဲ့ကြပါလိမ့်မည်။ သနားကြင်နာ ခြင်းမရှိ၊ အေးတိအေးစက်ဆက်ဆံခြင်းခံရကြပါလိမ့်မည်။ သို့သော်လည်း ဤအရာတို့ကြောင့် မတုန် လှုပ်သင့်ပါ။ အပြစ်လွတ်ခြင်းခံလိုပါလျှင် ကျွန်တော်တို့အရှုံးမပေးဘဲ ရှေ့တိုးကြရပါမည်။

မိမိကိုရှာသောသူတို့အပေါ်၌ သခင်ယေရှုသည်ကျေးဇူးကြီးမားတော်မူ၏ (မသဲ ၂၀း၃၂)။ ယေရှုသည်ရပ်လျက် မျက်ကန်းတို့ကိုခေါ်၍ သူတို့တောင်းလျှောက်သောအရာကို ပေးတော်မူ၏ (မသဲ ၂၀း၃၂-၃၄)။ ဤအမှု၌လူသားအပေါ်ထားရှိသော ခရစ်တော်၏ဂရုဏာတော်ကို တွေ့ရပါ သည်။ သခင်ယေရှုသည် တန်ခိုးကြီးသောကယ်တင်ရှင်ဖြစ်တော်မူသည်သာမက ကျွန်တော်တို့ထင် ထားသည်ထက် များစွာဂရုဏာကြင်နာခြင်း၊ ကျေးဇူးတော်နှင့်ပြည့်စုံတော်မူ၏။ သူ၏ချစ်ခြင်းမေတ္တာ တော်သည် လူ့အသိဉာဏ်ကိုကျော်လွန်၏ (ဧဖက် ၃း၁၉)။ ပေါလုကဲ့သို့ ထိုချစ်ခြင်းမေတ္တာကို ပို၍ သိမည်အကြောင်း ဆုတောင်းကြပါစို့။ ထိုချစ်ခြင်းမေတ္တာတော်ကို ခရစ်ယာန်ဖြစ်ခါစအချိန်၌ လိုအပ် သလို ကျဉ်းသောလမ်းကိုလျှောက်၍ တစ်ခါတစ်ရံလဲကျသောအချိန်၊ စိတ်ဓာတ်ကျသောအချိန်တို့ ၌လည်း လိုအပ်ကြပါ၏။ ဆက်လက်၍ သေခြင်းအရိပ်လွှမ်းမိုးသောချိုင့်၌ လျှောက်သွားစဉ် လိုအပ် ပါလိမ့်မည်။ ခရစ်တော်၏ချစ်ခြင်းမေတ္တာတော်ကို မြဲမြံစွာကျွန်တော်တို့စွဲကိုင်၍ နေ့စဉ်သတိရ စောင့်ထိန်းကြပါစို့။

**ဆင်ခြင်ရန်** - မိမိထံချဉ်းကပ်ခဲ့သောသူကို ခရစ်တော်ကငြင်းပယ်ခဲ့ဖူးပါသလား။

**ဆုတောင်းချက်**- အဘဘုရား၊ ကယ်တင်ရှင်၏ချစ်ခြင်းမေတ္တာကို ကျွန်တော်အစဉ်သတိရအောက် မေ့လိုပါ၏။

စနေ၊ နိုဝင်ဘာ (၂၈)

**ယောဟန် ၁၁း၃၈-၄၄**

၁ ကော ၁၅း၅၀-၅၈

*ယေရှုသည် ရှင်ပြန်ထမြောက်ခြင်းနှင့်*
*အသက်ရှင်ခြင်းဖြစ်တော်မူ၏*

# လာဇရု ရှင်ပြန်ထမြောက်စေတော်မူခြင်း

လာဇရုအား သင်္ချိုင်းထဲမှထမြောက်စေတော်မူစဉ် သခင်ယေရှုမိန့်တော်မူသောစကားတို့ကို ကျွန်တော်တို့မှတ်သားသင့်ပါသည်။ "လာဇရု ထွက်၍လာလော့ဟု ကြီးသောအသံနှင့်ဟစ်ခေါ်တော်မူ၏" (ယောဟန် ၁၁း၄၃) ဟုတွေ့ရပါသည်။ ထိုအသံကြောင့် သင်္ချိုင်းသည် မိမိ၏သားကောင်အသေကောင်ကိုထုတ်ပေးခဲ့ပါသည်။ ချက်ချင်းပင် "သေလွန်သောသူသည် မိမိခြေလက်၌ ပုဆိုးနံငယ်နှင့်ရစ်ပတ်လျက်၊ မျက်နှာကိုလည်း ပုဝါနှင့်စည်းလျက် ထွက်လာ၏" (ယောဟန် ၁၁း၄၄)။

ဤအံ့ဖွယ်အမှု၏ ကြီးမြတ်မှုကို တင်စားဖော်ပြ၍မရပါ။ ဤအမှု၏ကြီးမြတ်မှုကို လူစိတ်က အကုန်အစင်နားလည်သဘောမပေါက်နိုင်ပါ။ နေ့ခင်းအချိန်ကြီး၌ များစွာသောသက်သေတို့ရှေ့၌ လေးရက်တိုင်တိုင် သေနေခဲ့ပြီးသောသူသည် ချက်ချင်းအသက်ရှင်ထမြောက်ခဲ့ပါသည်။ သခင်ယေရှုသည် ဤလောကီအရာတို့အပေါ်၌ အဆုံးစွန်တန်ခိုးအာဏာရှိတော်မူကြောင်း လူထုရှေ့၌သက်သေပြတော်မူ၏။ အသေကောင်၊ ပုပ်နေသောအလောင်းသည် အသက်ပြန်ရှင်လာခဲ့ပါသည်။ ဝိညာဉ်ကမ္ဘာကိုလည်း သခင်ယေရှုအစိုးရတော်မူကြောင်း သက်သေပြတော်မူ၏။ မိမိခန္ဓာကိုယ် အိမ်မှထွက်ခွာလျက် ပရသိသုဘုံ၌ရှိနေသောအသက်ဝိညာဉ်ကို ပြန်ခေါ်၍ခန္ဓာကိုယ်နှင့်တဖန် ပြန်ပေါင်းစပ်စေတော်မူခဲ့၏။ ထိုသို့သော အံ့ဖွယ်အမှုပြုတော်မူသောသူသည် "ခပ်သိမ်းသောအရာတို့ကို အစိုးရတော်မူ၍ ထာဝရမင်္ဂလာရှိတော်မူသောဘုရားသခင်ဖြစ်တော်မူ၏" (ရောမ ၉း၅)။

ကျွန်တော်တို့သည် ဝမ်းမြောက်ငြိမ်သက်ခြင်းရှိကြရပါမည်။ စိတ်ချမ်းသာငြိမ်သက်စရာဟူမူကား အပြစ်သားတို့ကို ကယ်တင်တော်မူသော ချစ်ခြင်းမေတ္တာတော်နှင့်ပြည့်စုံသော ကယ်တင်ရှင်သည် ကောင်းကင်နှင့်မြေကြီး၌ တန်ခိုးအာဏာရှိတော်မူသောသူဖြစ်ခြင်းပေတည်း။ ထို့ပြင် ခရစ်တော်မကယ်တင်နိုင်လောက်အောင် အပြစ်ထဲသို့နက်ရှိုင်းလွန်းသောနေရာ၌ အပြစ်သားတည်ရှိသည်ဟူ၍မရှိပါ။ လာဇရု၏သင်္ချိုင်းဘေး၌ ရပ်ခဲ့သောသူက အဆိုးသွမ်းဆုံးသောလူသားတို့ထံ - "ထွက်လာလော့ . . . ဖြည်၍လွှတ်ကြလော့" (ယောဟန် ၁၁း၄၃-၄၄) ဟု မိန့်တော်မူနိုင်၏။ ထို့ပြင် စိတ်ချမ်းသာစရာအချက်တစ်ခုမှာ ကျွန်တော်တို့သည်လည်း သင်္ချိုင်း၌လဲလျောင်းလျက်ပင် ပြန်၍ရှင်ပြန်ထမြောက်ကြရလိမ့်မည်ဟူသော သေချာသောယုံကြည်ခြင်းရှိကြခြင်းပင် ဖြစ်ပါသည်။ လာဇရုကိုထမြောက်စေတော်မူသောထိုအသံကပင် ကျွန်တော်တို့၏အုတ်ဂူကို တစ်နေ့၌တစစီ ချိုးဖွဲ့စေလျက် ကျွန်ုပ်တို့၏အသက်ဝိညာဉ်နှင့်ခန္ဓာကိုယ်ကို ပြန်လည်ပေါင်းစည်းစေမည်ဖြစ်ပါသည်။ "နောက်ဆုံးသော တံပိုးမှုတ်သောအခါ သေလွန်သောသူတို့သည် မပုပ်နိုင်သောအဖြစ်၌တည်လျက် ထမြောက်၍၊ . . . ပြောင်းလဲခြင်းသို့ရောက်ရကြမည်" (၁ ကော ၁၅း၅၂)။

**ဆင်ခြင်ရန်** - ချစ်သောမိသားစုဝင်တို့၏ ဈာပနသည် နောက်ဆုံးပြီးဆုံးခြင်းမဟုတ်ပါ။ သေသောသူကို ပြန်လည်ရှင်ပြန်ထမြောက်စေမည့် ဘုရားသခင်ရှိတော်မူ၏။

**ဆုတောင်းချက်**- အဘဘုရား၊ အကျွန်ုပ်၌ ပို၍ကောင်းသောဘဝရှိသည်ကို ကောင်းကောင်းသိမှတ် ရင်း အသက်ရှင်လိုပါ၏။

တနင်္ဂနွေ နံနက်၊ နိုဝင်ဘာ (၂၉)

**မာကု ၁၁း၁၂-၁၄၊ ၂၀-၂၆၊ မသဲ ၂၁း၁၈-၂၂**

ဟေဗြဲ ၁၁း၁-၆

*အံ့ဖွယ်အမှုတို့သည် ဘုရားသခင်ပြုသောအမှုဖြစ်ကြ၏*

# အသီးမသီးသော သင်္ဘောသဖန်းပင်ကို ကျိန်တော်မူခြင်း

ဤအဖြစ်အပျက်တစ်ခုလုံးသည် ဝိညာဉ်ရေးရာအမှုကို ရည်ညွှန်းပုံဆောင်ခြင်းဖြစ်ပါသည်။ ခြောက်သွေ့သွားသောသင်္ဘောသဖန်းပင်သည် ယုဒအသင်းတော်ကို ဖော်ပြခဲ့ပါသည်။ တာဝန်ဝတ္တရားအရ ဘာသာတရားကိုင်းရှိုင်းခြင်းဟူသော အရွက်ဖြင့်ပြည့်နေသော်လည်း ဝိညာဉ်အသီးမသီးခဲ့ပါ။ ဤခြောက်သွေ့ခြင်းဖြစ်ပေါ်သောအချိန်၌ ထိုအသင်းတော်သည် စိုးရိမ်စရာအခြေအနေ၌ရှိခဲ့ပါ၏။ ထိုယုဒအသင်းတော်သည် မိမိ၏အခြေအနေမှန်ကို သိမြင်ရသောမျက်စိရှိခဲ့မည်ဆိုလျှင် ဘယ်လောက်ကောင်းခဲ့လိမ့်မည်နည်း။

ဤခြောက်သွေ့သောသင်္ဘောသဖန်းပင်က ဤလောက၌မြင်နိုင်သော ခရစ်တော်၏ဒေသံသရအသင်းတော်တိုင်းထံသို့ စကားပြောလျက်ရှိပါသည်။ စစ်မှန်သောသွန်သင်ချက်နှင့် သန့်ရှင်းသောအသက်တာမရှိသော အမည်ခံခရစ်ယာန်တို့အဖို့ သတိပေးချက်ဖြစ်ပါ၏။ ထိုသတိပေးချက်ကို နှလုံးသွင်းမည်ဆိုလျှင် အလွန်ကောင်းပါလိမ့်မည်။

ထို့ပြင် ဤခြောက်သွေ့သွားသော သင်္ဘောသဖန်းပင်က ဇာတိပကတိခရစ်ယာန်၊ ဟန်ဆောင်သော ခရစ်ယာန်အပေါင်းထံ စကားပြောလျက်ရှိပါ၏။ အသက်ရှင်သယောင်ရှိလျက် အမှန်၌သေနေသောသူအပေါင်းတို့ထံ ဤကျမ်းပိုဒ်ကြည့်မှန်၌ မိမိတို့၏အဖြစ်မှန်ကို သိမြင်ကြပါလျှင် ဘယ်လောက်ကောင်းပါလိမ့်မည်နည်း။ ရေဗတ္တိဇံမင်္ဂလာခံခြင်း၊ ပွဲတော်သုံးဆောင်ခြင်း၊ အသင်းဝင်ဖြစ်ခြင်း စသည့်ခရစ်ယာန်ဖြစ်ခြင်းနှင့်ဆိုင်သော အပြင်ပန်းအမှုတို့က လူကိုမကယ်တင်နိုင်ပါ။ ထိုအရာတို့သည် ဘာမှမဟုတ်၊ အရွက်များသာဖြစ်ကြ၏။ အသီးမပါလျှင် ဘာမှမဟုတ်ပါ။ အာဒံနှင့်ဧဝချုပ်သောသင်္ဘောသဖန်းရွက်ကဲ့သို့ ကျွန်ုပ်တို့၏ဝိညာဉ်ရေးရာ အရှက်တရားများကို အလုံးစုံမြင်တော်မူသောဘုရားသခင်ရှေ့၌ မဖုံးကွယ်ပေးနိုင်ပါ။ အသီးသီးကြရပါမည်။ သို့မဟုတ်လျှင် ထာဝရပျက်ဆီးခြင်းသို့ရောက်မည်ဖြစ်ပါသည်။

သခင်ယေရှုက ယုံကြည်ခြင်း၏အရေးကြီးမှုကို ဖော်ပြခဲ့ပါသည် (မာကု ၁၁း၂၂-၂၄)။ သို့သော်လည်း သူပေးသောဂတိတော်သည် (မာကု ၁၁း၂၄) ဘုရားသခင်၏အလိုတော်အတိုင်း တောင်းလျှောက်သောသူ၊ အပြစ်နှင့်ဆိုင်သောတောင်းလျှောက်မှုမပြုသောသူအဖို့ ဖြစ်ပါသည်။

ခရစ်တော်ကိုယုံကြည်သော နှုတ်ကပတ်တရားတော်ကို ယုံကြည်သောသူတို့အား ဘုရားသခင်၏တန်ခိုးတော်ဖြင့် မစတော်မူခြင်းခံရကြမည်ဟူသော လုံခြုံစိတ်ချမှုသည် ခရစ်ယာန်ဘာသာ၏အောင်မြင်မှုလျှို့ဝှက်ချက်ပင်ဖြစ်ပါသည်။ ကယ်တင်ခြင်းခံရသော ခရစ်ယာန်၏အရင်းအမြစ်ဖြစ်ပါသည်။ ကျွန်တော်တို့သည် ကျေးဇူးတော်၌ကြီးထွားလိုခြင်းရှိကြပါသလား။ ပို၍ ယုံကြည်ခြင်းရှိမည်အကြောင်း နေ့စဉ်ဆုတောင်းကြပါစို့။

**ဆင်ခြင်ရန်** - အပြင်ပန်းသဏ္ဌာန်၌အလွန်လှပခြင်းရှိသော်လည်း အဓိကကျသောအချက်သည် စိတ်နှလုံးပင်ဖြစ်ပါသည်။

**ဆုတောင်းချက်**- အဘဘုရား၊ အကျွန်ုပ်စိတ်နှလုံးသည် ကိုယ်တော်နှစ်သက်သောစိတ်နှလုံးဖြစ်ပါစေသော်။

တနင်္ဂနွေ ညနေ၊ နိုဝင်ဘာ (၂၉)

**ယောဟန် ၁၈း၄-၁၁**

မသဲ ၅း၃၈-၄၈ *နားရွက်ကို ဘုရားသခင်ဖန်ဆင်းပြင်ဆင်ခဲ့ခြင်း ဖြစ်၏*

## မာလခု၏နားရွက်ပြန်လည်တပ်ပေးတော်မူခြင်း

ပေတရု၏စိတ်လိုက်မာန်ပါပြုသောအမှုကို ကျွန်တော်တို့တွေ့ရပါသည်။ ထိုသို့ မဆင်မခြင် ရှေ့နောက်မစဉ်းစားဘဲ ချက်ချင်းပြုသောအမှုကြောင့် စိုးရိမ်ခြင်းရှိခဲ့၏။ တခါတရံအလွန်တက်ကြွသောသူတို့သည် တကယ်ဘုရားတရား၌ ကိုင်းရှိုင်းသောသူမဟုတ်ကြပါ။ ယောဟန်သည် ထားမကိုင်သော်လည်း ယေရှုကိုဘယ်သောအခါမှ မငြင်းပယ်ခဲ့ပါ။ ခရစ်တော်အသေခံရာ ကားတိုင်နား၌ရှိခဲ့ပါ၏။

နားရွက်သည် လုံးဝပျက်ကျသလော (သို့) တွဲလောင်းဖြစ်လျက် နေသလောဟူသောအချက်ကို အတိအကျမပြောနိုင်ပါ။ ဘာပဲဖြစ်ဖြစ် ခန္ဓာကိုယ်ပိုင်းဆိုင်ရာ သခင်ယေရှုပြုတော်မူသော အံ့ဖွယ်အနာငြိမ်းစေခြင်းနောက်ဆုံးအမှုဖြစ်ပါသည်။ လုကာက ယေရှုသည် နားရွက်ကို "လက်တော်နှင့်တို့သဖြင့်" (လုကာ ၂၂း၅၁) ချက်ချင်းအနာပျောက်ကြောင်း ဖော်ပြခဲ့ပါသည်။ ယေရှုသည် မိမိ၏အမှုတော်ဆောင်ခြင်းနောက်ဆုံးအချိန်၌လည်း မိမိရန်သူတို့အပေါ် ကောင်းသောအမှုကို ပြု၍ မိမိ၏ဘုရားဖြစ်ခြင်းတန်ခိုးကို ပြသတော်မူခဲ့၏။ သို့သော်လည်း စိတ်နှလုံးခိုင်မာခြင်းရှိသော ထိုရန်သူတို့သည် အလေးမထားကြပါ။ အံ့ဖွယ်အမှုတစ်ခုတည်းက လူကိုမပြောင်းလဲစေတတ်ပါ။ ဖာရိုဘုရင်ကဲ့သို့ လူ၏စိတ်ကို ပိုမာကြောစေ၍ ပို၍ဆိုးသွမ်းစေတတ်၏။

ပေတရုက မာလခုကိုခေါင်း၌ ချိန်ရွယ်ပြီး အသေသတ်ခုတ်ခဲ့သည်မှာသံသယရှိစရာမလိုပါ။ သို့သော်လည်း မိမိအသက်နှင့်သူငယ်ချင်းတို့၏အသက်ကို အန္တရာယ်ထဲသို့ မကျရောက်စေရန် ဘုရားသခင်ကခွင့်မပြုခဲ့ဟု ထင်မှတ်နိုင်ပါသည်။ ပေတရုသည်မဆင်မခြင်ပြုခဲ့သည်မှာ ထင်ရှားလှပါသည်။ အသိဉာဏ်မပါသော စိတ်အားထက်သန်မှုသည် မိုက်မဲသောအမှုကို ကျူးလွန်တတ်ပြီး နောင်တရရမည့်အမှုကို ဖြစ်စေတတ်၏။

သတင်းကောင်းကို ဇာတိလက်နက်အားဖြင့်၎င်း၊ အတင်းအဓမ္မတိုက်တွန်းခြင်းအားဖြင့်၎င်း ဟောပြောကျယ်ပြန့်စေရမည်မဟုတ်ပါ။ ရှင်မသဲက "ထားကိုကိုင်သောသူရှိသမျှတို့သည် ထားဖြင့်ဆုံးခြင်းသို့ရောက်ကြလိမ့်မည်" (မသဲ ၂၆း၅၂) ဟူသောယေရှုစကားတော်ကို ရေးသားထားပါသည်။ အသင်းတော်သမိုင်းကို ကြည့်ခြင်းဖြင့် ဆုံးမခြင်းနှင့်ခွန်အားပေးချီးမွမ်းခြင်း၏ အရေးပါမှုကို ထင်ရှားစွာတွေ့နိုင်ပါသည်။ အကြမ်းနည်းဖြင့် ဖြေရှင်းခြင်းသည် လက်ခံနိုင်စရာမရှိ။ ထိုသို့ပြုသောသူတို့၏ အပေါ်၌ စီရင်ခြင်းကျရောက်ပါလိမ့်မည်။

**ဆင်ခြင်ရန်** - (မသဲ ၂၆း၅၂ ကိုဖတ်ပါလော့)။

**ဆုတောင်းချက်**- အဘဘုရား၊ ကိုယ်တော်၏နည်းလမ်းကိုသာ အစဉ်အသုံးပြုမည်အကြောင်း မစတော်မူပါ။

တနင်္လာ၊ နိုဝင်ဘာ (၃၀)

**ယောဟန် ၂၁း၁-၁၄**
၁ ကော ၁၅း၃၅-၄၉

*ယုံကြည်ခြင်းဖြင့် သခင်ဘုရားသည် သေခြင်းမှ ရှင်ပြန်ထမြောက်တော်မူကြောင်း ကျွန်တော်တို့သိကြ၏*

## ယေရှုရှင်ပြန်ထမြောက်တော်မူခြင်းနှင့် ကိုယ်ကိုပြတော်မူခြင်း

အခြားနေရာ၌ တွေ့ရသည်အတိုင်း ဤကျမ်းပိုဒ်၌သခင်ယေရှုသည် ခန္ဓာကိုယ်အားဖြင့် ရှင်ပြန်ထမြောက်တော်မူကြောင်း ငြင်းဆန်၍မရသောသက်သေ၊ တချိန်တည်း တနေရာတည်း၌ အရွယ်ရောက်သောလူကြီးခုနှစ်ဦးတို့က မျက်စိဖြင့်တစ်ပြိုင်နက်တည်း မြင်တွေ့ခဲ့ကြကြောင်း သက်သေကိုတွေ့ရပါသည်။ သူသည် ဂါလိလဲအိုင်နား၌ထိုင်လျက် စကားပြောလျက်၊ စားသောက်လျက် နေသည်ကို ကျွန်တော်တို့တွေ့ရ၏။ သူတို့သည် လူစုလူဝေးနှင့်ဝေးရာ ယေရုရှလင်မြို့၏ အုတ်အုတ်ကျပ်ကျပ်အသံမကြားရသောအရပ်၊ ဂါလိလဲအိုင်နား၌ သူတို့တည်းနေကြ၏။ သူတို့က သူတို့အလယ်၌ သုံးနှစ်လုံးလုံး သူ့နောက်လိုက်ခဲ့သောသခင်သည် သူ့လက်၌သံမှိုစွဲရာပါလျက် ထိုင်နေတော်မူ၏။ သူတို့ထဲကတဦးဆိုလျှင် ကားတိုင်၌တင်သတ်စဉ် မျက်စိဖြင့်ကိုယ်တိုင်မြင်တွေ့ခဲ့သောသူဖြစ်ပါသည်။ သေခြင်းမှယေရှုခရစ်တော်ပြန်လည်ထမြောက်တော်မူခဲ့ကြောင်း ပို၍ခိုင်မာသောသက်သေလိုအပ်ပါသေးသလော။ ပေတရုသည် သေချာယုံကြည်ခြင်းရှိ၍ ကျေနပ်ခဲ့ပါသည်။ ကောနေလိထံ မိမိအကြောင်းကို ဤသို့ဆိုခဲ့၏- “သေခြင်းမှထမြောက်တော်မူသည်နောက် ထိုသခင်နှင့်အတူ ငါတို့သည်စားသောက်ရကြ၏” (တမန် ၁၀း၄၁)။ ယနေ့မယုံကြည်သောသူတို့ကို အဘယ်သက်သေအထောက်အထားမျှ မယုံကြည်ခြင်းငှါ ဆုံးဖြတ်ကြသောသူဟုဆိုနိုင်ပါသည်။

သခင်ယေရှုရှင်ပြန်ထမြောက်တော်မူကြောင်း သက်သေများစွာရှိသောကြောင့် ဘုရားသခင်ကို ချီးမွမ်းကြပါစို့။ ခရစ်တော်ရှင်ပြန်ထမြောက်တော်မူခြင်းသည် ခရစ်တော်၏ဘုရားဖြစ်ခြင်း အဓိကသက်သေဖြစ်ပါသည်။ သုံးရက်မြောက်သောနေ့၌ ထမြောက်တော်မမူခဲ့လျှင် မိမိအားမေရှိယအဖြစ်မလက်ခံကြရန်ယုဒလူတို့အား ယေရှုမိန့်တော်မူခဲ့ပါသည်။ ခရစ်တော်ရှင်ပြန်ထမြောက်တော်မူခြင်းသည် ရွေးနုတ်ကယ်တင်ခြင်းအမှုဆောင်ရွက်ခြင်း၏ အထွဋ်အထိပ်ဖြစ်ပါသည်။ မိမိဆောင်ရွက်ရမည့်အမှု ပြီးစီးကြောင်း သက်သေပြတော်မူခြင်းနှင့် ကျွန်ုပ်ကိုယ်စားသေခြင်းကို အောင်မြင်ကြောင်း သခင်ယေရှုသက်သေထူခြင်းဖြစ်ပါသည်။ ခရစ်တော်ရှင်ပြန်ထမြောက်တော်မူခြင်းသည် ဘယ်လိုမှငြင်းပယ်၍မရသောအံ့ဖွယ်အမှုဖြစ်ပါ၏။ လူတို့သည် ဗာလမ်၏မြည်းအကြောင်းနှင့် ယောန၏ငါးဝမ်းဗိုက်ထဲ၌ အသက်ရှင်ခြင်းအကြောင်းကို မယုံနိုင်ဖြစ်၍ ခရစ်တော်သည် ရှင်ပြန်ထမြောက်တော်မမူဟု ကြွေးကြော်ကြလျှင်လည်း ကျွန်တော်တို့တုန်လှုပ်ခြင်းမရှိပါ။ ခရစ်တော်ရှင်ပြန်ထမြောက်တော်မူခြင်းသည် ကျွန်ုပ်တို့အတွက် အာမခံဖြစ်ပါ၏။ သချိုင်းသည် ခေါင်းဖြစ်သောယေရှုခရစ်တော်ကို မချုပ်နှောင်နိုင်ခဲ့သဖြင့် ထိုခေါင်း၏အင်္ဂါအစိတ်အပိုင်းဖြစ်သော ကျွန်ုပ်တို့ကိုလည်း ထိန်းချုပ်ထားနိုင်မည်မဟုတ်ပါ။

**ဆင်ခြင်ရန်** - လုကာ ၁၆း၃၁ က မယုံကြည်ခြင်း၏သဘောသဘာဝကို မည်သို့ဖော်ပြပါသနည်း။

**ဆုတောင်းချက်**- အဘဘုရား၊ အကျွန်ုပ်၏ စိတ်နှလုံးကို ယုံကြည်သောစိတ်နှလုံးအစဉ်ဖြစ်စေတော်မူပါ။

အင်္ဂါ၊ ဒီဇင်ဘာ (၁)

**ယောရှု ၅း၁-၁၂**
ဟေဗြဲ ၃း၁၂-၁၉

*ယေရှုက "လာကြ၊ . . . ငါသည်ချမ်းသာပေးမည်" ဟုပြောသည်*

## ကြွင်းသောသူတို့သည် ပင်ပန်းစွာလှည့်လည်သောသူတို့ကို စောင့်စားကြ၏

ဤလနေ့စဉ်ခွန်အားသည် Charles Spurgeon ရေးသားသော နံနက်နှင့် ညနေခင်းဟူသောသင်ခန်းစာမှ လိုက်လျောညီထွေမှုရှိအောင် ပြင်ဆင်ထားခြင်းဖြစ်သည်။

ကာသရေလအမျိုး၏ငြီးငွေ့ဖွယ်ရာလှည့်လည်မှုမှာ ကုန်ဆုံးခဲ့လေပြီ။ နှစ်ပေါင်းလေးဆယ်ကြာပြီးနောက် သူတို့သည် ကတိထားရာချမ်းသာသော နို့နှင့်ပျားရည်ပြည်သို့ ဝင်ရောက်ခဲ့ကြသည်။ ဒီနှစ်မှာ ချစ်လှစွာသောဤစာဖတ်သူအချို့တို့သည် သူ၏ချမ်းသာထဲသို့ဝင်ရောက်ခွင့် ပေးကောင်းပေးနိုင်၏။ ၎င်းသည် ကျွန်ုပ်တို့၏အနန္တတန်ခိုးရှင်ကယ်တင်ရှင်ကို ယုံကြည်ခြင်းကြောင့် ယုံကြည်သူတိုင်း၏ ရှင်လန်းဖွယ်ရာရွေ့ရေးဖြစ်ပေ၏။ ချမ်းသာထဲ၌ သခင်ဘုရားနှင့်အတူနေခြင်းသည် ဘုရားသခင့်လူတို့အတွက် တက်ကြွရှင်လန်းစရာ မြတ်သောမျှော်လင့်စရာအဖြစ် သီးခြားရှိနေ၏။

သို့သော် ချမ်းသာသုခနှင့်ပြည့်စုံသောတိုင်းပြည်နှင့် ကျွန်ုပ်တို့၏ကြားတွင် ဂျော်ဒန်မြစ်တည်ရှိ၏။ ထိုအတားအဆီးကိုနောက်ဆုံးတွင် ရှင်းလင်းရမည်။ ထိုအရာကို သင်စိတ်ပူပါသလား။ ငါတို့သခင်ဘုရားသည် သေခြင်းတရားထက် ဖျားနာမှုများကို အနိုင်ယူဖို့ရန် အဘယ့်ကြောင့် မစကူညီသနည်း။ ယုံကြည်ခြင်း ကင်းမဲ့သော အတွေးအခေါ်တိုင်းကိုဖယ်ထုတ်ပြီး ဂျော်ဒန်မြစ်တလျှောက်တွင်ရှိသော အရိပ်ချိုင့်ကဲ့သို့ ကျွန်ုပ်တို့သည် သခင်ဘုရားနှင့်အတူ ထာဝရနေရမည့် ရွေ့ရေးကြောင့် အလွန်ရှင်လန်းဝမ်းမြောက်ကြပါစို့။ ထို့နောက် ကျွန်ုပ်တို့သည် မြေကြီးပေါ်၌ရှိသော ဒုက္ခများနှင့်ပင်ပန်းနွမ်းနယ်မှုများကို ဝမ်းမြောက်စွာ နှုတ်ဆက်ခွဲခွာနိုင်ကြမည်။

စာဖတ်သူအများစုအတွက် ကျွန်ုပ်တို့အားလုံးသည် ဘုရားသခင်၏အမှုတော်ဆောင်ရန် ကမ္ဘာပေါ်တွင်နေခြင်းဖြစ်၏။ သို့သော် ကျွန်ုပ်တို့သည် အမှုတော်ကိုဆောင်ရွက်စဉ်တွင် ကောင်းကင်နှင့်ဆိုင်သောချမ်းသာကို မြည်းစမ်းခွင့်ပေးတော်မူ၏။ "ငါတို့မူကား ယုံကြည်သော သူဖြစ်၍ ဘုရားသခင်၏ချမ်းသာထဲသို့ဝင်ကြရ၏" (ဟေဗြဲ ၄း၃)။ ဤနေရာတွင် ရောက်ရှိလာမည့် ချမ်းသာ၏ ပထမပိုင်းကိုကျွန်ုပ်တို့ပိုင်ဆိုင်၏။ ထိုအရာမှာ သန့်ရှင်းသောဝိညာဉ် တော်ကိုယ်တိုင်က ကျွန်ုပ်တို့အမွေတော်၏ ရွေ့ပြေးနိမိတ်ဖြစ်၏။ သူသည် ကျွန်ုပ်တို့အား "အောက် ခြေတွင်စတင်ခဲ့သောဘုန်းတော်" ကိုပေး၏ (Watts)။ ယခုပင်လျှင် ကျွန်ုပ်တို့သည် ကောင်းကင်ဘုံ၏ကောင်းကြီးမင်္ဂလာတို့ကိုပေးသော ကယ်တင်ရှင်ကိုပိုင်ဆိုင်ထားကြ၏။

ကောင်းကင်ဘုံ၌ထွက်ခွာသွားသောသန့်ရှင်းသူတို့သည် ထာဝရလုံခြုံမှုရှိကြသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည်လည်း ခရစ်တော်၌ရှိကြ၏။ ထိုအရပ်တွင် သူတို့သည်ခရစ်တော်နှင့်အတူ ထာဝရအောင်ခြင်း၌ ပျော်မွေ့နေကြသည်။ မြေကြီးပေါ်တွင် ငါတို့သည်သခင်ဘုရား၌ အစဉ်မပြတ်အောင်တတ်၏။ ထိုအရပ်တွင် သူတို့သည် ကိုယ်တော်နှင့်အတူ လူချင်းတွေ့ရ၍ ဆက်ဆံကြ၏။ ဤတွင် သခင်ဘုရားသည် ကျွန်ုပ်တို့နှင့်အတူ နေ့စဉ်သွားလာ၏။ သူသည် မိမိဂတိတော်တွင် အစဉ်သစ္စာရှိ၏ (မဿ ၂၈း ၂၀)။ မိသားစုစိတ်ဓာတ် နှင့် မိဿဟာယဖွဲ့ခြင်းသည် ကောင်းကင်အရပ်၌ရှိသော အရာနှင့်ထပ်တူဖြစ်၏ (Fawcett)။ သူတို့သည် ကောင်းကင်ဘုံ၌ ကယ်တင်ရှင်ကို ထာဝရချီးမွမ်းနေကြ၏။ ငါတို့သည် မြေကြီးပေါ်မှ ထိုမျှမက ပြုသင့်သည် မဟုတ်လော။ ၎င်းသည် ကျွန်ုပ်၏တောကန္တာရတွင် လှည့်လည်ခြင်း၌ ပင်ပန်းမှုကိုလျော့ စေလိမ့်မည်။

**ဆင်ခြင်ရန်** - လူသည် ရှေးခေတ်တွင် ကောင်းကင်တမန်တို့၏အစာကို စားခဲ့သည်နည်းတူ ယခုတွင် အဘယ်ကြောင့်မစားသနည်း။

**ဆုတောင်းချက်**- အဘဘုရား၊ အသက်မုန့်တည်းဟူသော ယေရှုကို နေ့စဉ်ကျွေးမွေးရန် အကျွန်ုပ်အား သနားတော်မူပါ။

ဗုဒ္ဓဟူး၊ ဒီဇင်ဘာ (၂)

**ရှောလမုန် ၁း၁-၇**

ဖိလိ ၄း၄-၉

*ကိုယ်တော်၏မျက်မှောက်တော်၌အစဉ်*
*ဝမ်းမြောက်ခြင်းရှိတော်မူ၏*

## သခင်ဘုရား၌ဝမ်းမြောက်ခြင်း

ကျွန်ုပ်တို့သည်ကိုယ်တော်ရှင်ထံ ဝမ်းမြောက်ရွှင်လန်းရပါမည်။ ဘုရားသခင့်လူမျိုးအားလုံးက "အာမင်" ဟု ပြောကြပါစို့။ ဆာလံဆရာ၏ပျော်ရွှင်သောသီချင်းကို ပွဲတင်ထပ်ကြပါစို့။ "လာကြ၊ ထာဝရဘုရားအားရွှင်လန်းစွာသီချင်းဆိုကြကုန်အံ့။ ငါတို့သည် ကယ်တင်ခြင်းသို့ရောက်ရာကျောက်ကို ကျူးကြွေကြကုန်အံ့" (ဆာလံ ၉၅း၁)။ ဘုရားသခင်၏လူသစ္စာရှိသောသူ၊ ရွေးကောက်တော်မူခြင်းခံရသောငါတို့အနေဖြင့် ငါတို့၏ဝမ်းနည်းပူဆွေးခြင်းကို နေရာပေးကြမည်မဟုတ်ပါ။ သို့သော် ဘုရားသခင်၏နာမတော်အားဖြင့် ယုံကြည်မှုအောင်လံကိုလွင့်ထူကြပါမည်။ မျော်လင့်ချက်မဲ့သူများသည် မိမိတို့၏ဆင်းရဲဒုက္ခများကြောင့် ငြီးတွားငိုကြွေးသော်လည်း ငါတို့သည် နှစ်သိမ့်ခြင်းရှိသမျှတို့၏ ဘုရားသခင်ထာဝရဘုရားအကြောင်းကို ပြောကြားပါမည်။

ထာဝရဝိညာဉ်တော် ကျွန်ုပ်တို့၏ တန်ခိုးကြီးသောနှစ်သိမ့်ရှင်၊ ကျွန်ုပ်တို့သည် ကိုယ်တော်ကျိန်းဝပ်လိုသော ဗိမာန်တော်များဖြစ်ကြ၏။ ကျွန်ုပ်တို့ကယ်တင်ရှင်၏ နာမတော်ကို မြတ်နိုးခြင်းနှင့်ကောင်းကြီးပေးခြင်းမှ ဘယ်သောအခါမှ ဘယ် သောအခါမှကျွန်ုပ်တို့ ရပ်စဲမည်မဟုတ်ပေ။ ကျွန်ုပ်တို့၏သခင်ယေရှုသည် ကျွန်ုပ်တို့နှလုံးသား မွေ့လျော်ရာသရဖူကို ပိုင်ဆိုင်ရပါမည်။ သူ၏မျက်မှောက်တော်၌ စိတ်မသာငြီးတွားခြင်းအားဖြင့် သူ့ကိုရှုတ်ချကြရမည် မဟုတ်ပါ။ သူက "ငါသည်လည်း ကပ်ကမ္ဘာကုန်သည်တိုင်အောင် သင်တို့နှင့်အတူ အစဉ်မပြတ် ရှိသည်" ဟုကတိပြုသည်မဟုတ်လော (မသဲ ၂၈း၂၀)။ သခင်ဘုရားရွေးနုတ်ခံရသော ငါတို့သည် "အစဉ်ဝမ်းမြောက်" ကြရန် မိန့်တော်မူ၏။ ထာဝရချီးမွမ်းထောမနာပြုခြင်းနေ့ ရက်သည် ကြာရှည်စောင့်ဆိုင်းရလိမ့်မည်မဟုတ်ပေ။ ယေရုရှလင်မြို့သစ်တွင် သီဆိုခြင်းမပြုမီ ယခု တွင်အစမ်းလေ့ကျင့်ကြပါစို့။

ကျွန်ုပ်တို့သည် " ကိုယ်တော်၌ဝမ်းမြောက်ကြပါလိမ့်မည်" (ရှောလု ၁း၄)။ ဤမြေကြီးပေါ်တွင်ရှိနေစဉ် သခင်ဘုရား၌ ကျွန်ုပ်တို့၏ဝမ်းမြောက်ခြင်းကို ထိုအရပ်တွက် ကန့်သန့်ထားဖို့လိုသလော။ သူ၏ကျေးဇူးတော်ခံရသော သားတဦးအနေဖြင့် သင်သည်နာဒုပင်နှင့် နံ့သာဆီကုရကုမပင်နှင့် သစ်ကြံပိုးပင်ထက် သခင်ဘုရားသည် ပို၍အဖိုးထိုက်သည်ကို မတွေ့သလော (ရှောလ ၄း၁၃-၁၄)။ သူသည်ယခုတွင် သင့်၏အစဉ်မပြတ်ချီးမြှောက်ခြင်းကို ခံထိုက်သည် မဟုတ်လော။ ကျွန်ုပ်တို့၏သခင်ယေရှု၌ အစဉ်သိမ်းဆည်းထားရန် ထိုက်တန်သောအရာခပ်သိမ်းကို ကျွန်ုပ်တို့ရှာတွေ့ကြ၏။ သူသည် ကောင်းမြတ်ခြင်းတိုင်း၏အရင်းအမြစ်နှင့် ကောင်းကြီးတိုင်း၏အရင်းအမြစ်ဖြစ်၏။ ကိုယ်တော်သည် ကျွန်ုပ်တို့၏ဝေစုအစဉ်အဆက် ဖြစ်တော်မူ၏။ ကိုယ်တော်ထံ၌ ဝမ်းမြောက်ရွှင်လန်းကြပါစို့။

**ဆင်ခြင်ရန်** - ကျွန်ုပ်၏သခင်ထံ၌ ဝမ်းမြောက်ရန်အဘယ့်ကြောင့် ဤမျှခက်ခဲရသနည်း။

**ဆုတောင်းချက်**- အဘဘုရား၊ ကျွန်ုပ်သည် ကိုယ်တော်ထံ၌ အစဉ်ဝမ်းမြောက်နိုင်ဖို့ရန်အတွက် ကိုယ်တော်၏ အဖိုးတန်မှုကိုခံစားတတ်ခြင်းဖြင့် အကျွန်ုပ်ကို ကျေးဇူးပြုတော်မူပါ။

ကြာသပတေး၊ ဒီဇင်ဘာ (၃)

**ဆာလံ ၅၅း၁-၁၇**

ကောလော ၄း၂

ဝိညာဉ်သည် အလိုရှိသော်လည်း ဇာတိသည်အားနည်း၏။

---

## ဆက်လက်ဆုတောင်းကြလော့

ဆုတောင်းခြင်းနှင့်ပတ်သတ်သော ကျမ်းစာအစိတ်အပိုင်းမှာ ဥပမာများကိုဖော်ပြခြင်း၊ ဥပဒေသများကိုပြဋ္ဌာန်းခြင်း (သို့) ဘုရားသခင့်ဂတိတော်များကို ရှင်းလင်းပြသခြင်း စသည်ဖြင့် အလွန်ကျယ်ပြန့်ခြင်းရှိ၏။ သင်၏ကျမ်းစာကိုဖွင့်၍ "ထိုကာလ၌ထာဝရဘုရား၏နာမတော်ကို အမှီပြု၍ ကိုးကွယ်စပြုကြလေ၏" (ကမ္ဘာ ၄း၂၆) ဟူသော အကြောင်းကိုဖတ်လော့။ ကျွန်ုပ်တို့သည် နေရာတိုင်း၌ဆုတောင်းသော အမျိုးသားတို့နှင့်ကြုံတွေ့ရသည်။ ယာကုပ်သည် ယဗ္ဗုတ်မြစ်နားတွင် ရှိနေစဉ် ဘုရားသခင်နှင့်ဆုတောင်းခြင်းအားဖြင့် လုံးထွေးခဲ့၏ (ကမ္ဘာ ၃၂း၂၄-၃၀)။ ဒံယေလသည် တစ်နေ့လျှင်သုံးကြိမ် တံခါးပေါက်ဖွင့်၍ဆုတောင်း၏ (ဒံ ၆း၁၀-၁၁)။ ဣသရေလအမျိုးသားတို့၏ ချိုမြိန်သောဆာလံဆရာဖြစ်သူ ဒါဝိဒ်သည် ထာဝရဘုရားကိုစိတ်နှလုံးအကြွင်းမဲ့ဆုတောင်း၏။ ထို့နောက် တောင်ထိပ်ပေါ်တွင် ဧလိယ(သို့) ပေါလုနှင့်သိလတို့သည် နိမ့်ကျသောထောင်ထဲတွင်ရှိနေကြစဉ် သခင်ဘုရား၏နာမတော်ကို ခေါ်နေခဲ့ကြ၏။

ဘုရားသခင်သည် ကျွန်ုပ်တို့အား ပညတ်များစွာနှင့် ဂတိတော်များစွာတို့ကို ပေးထားသည်။ ၎င်းဆုတောင်းပဋ္ဌနာ၏ မြင့်မြတ်သောအရေးပါမှုနှင့် လိုအပ်ချက်တို့ကို ကျွန်ုပ်တို့အားသင်ပေးခြင်း မဟုတ်လော။ ဤအချက်ကိုသေချာစေပါ။ ဘုရားသခင်သည်သူ၏နှုတ်ကပတ်တော်တွင် မည်သည့်အရာကိုပေါ်လွင်ထင်ရှားစေသည်ဖြစ်စေ ကျွန်ုပ်တို့၏အသက်တာတွင် ပေါ်လွင်ဖို့ရန် ရည်ရွယ်ထား၏။ သူသည်ဆုတောင်းခြင်းအကြောင်း အများအပြားပြောခဲ့မည်ဆိုလျှင် ထိုအရာကို ကျွန်ုပ်တို့ အလွန်လိုအပ်နေသောကြောင့်ဖြစ်၏။ ကျွန်ုပ်တို့၏လက်ရှိဘုရားသခင်ထံတော်မှ အကူအညီလိုအပ်မှုသည် အလွန်ကြီးမားလွန်းသဖြင့် ကျွန်ုပ်တို့သည် ကောင်းကင်သို့မဝင်ရောက်မချင်း ဆုတောင်းခြင်းကို မရပ်ရပေ။ သင်သည် ဆုတောင်းစရာ မရှိသလော။ ထို့နောက် သင်၏ဆင်းရဲနွမ်းပါးမှုကို သင်မသိမည်ကိုငါစိုးရွံ့မိ၏။ သင်သည် ဘုရားသခင်ကိုတောင်းဆိုရန် သနားခြင်းဂရုဏာမရှိသလော။ သင်၏စိတ်ဆင်းရဲမှုကိုဘုရားသခင်ပြသပါစေ။

ဆုတောင်းခြင်းမရှိသောစိတ်ဝိညာဉ်သည် ခရစ်တော်မဲ့သည့် ဝိညာဉ်ဖြစ်သည်။ ဆုတောင်းခြင်းသည် ယုံကြည်သူမွေးကင်းစကလေးငယ်၏ငိုသံ ခရစ်ယာန်စစ်သည်တော်၏ကြွေးကြော်သံ၊ ယေရှု၌အိပ်ပျော်နေသော သေဆုံးသွားသောသန့်ရှင်းသူတို့၏ အော်ဟစ်သံ ဖြစ်သည်။ ၎င်းသည် စစ်မှန်သောယုံကြည်သူတိုင်းအတွက် အသက်ရှူခြင်းဆောင်ပုဒ်၊ နှစ်သိမ့်မှု၊ အင်အားနှင့်ဂုဏ်ပြုစရာတို့ဖြစ်ကြ၏။ သင်သည် ဘုရားသခင်၏သားဖြစ်လျှင် သင့်ဆုတောင်းခြင်း အားဖြင့် မကြာခဏခမည်းတော်၏မျက်နှာကိုရှာပါလိမ့်မည်။ ကျေးဇူးတရား၏ပလ္လင်တော်၌ ကိုယ်တော်နှင့် စကားပြောစဉ်တွင် သန့်ရှင်းခြင်း၊ နှိမ့်ချခြင်း၊ စိတ်ထက်သန်မှုနှင့်စိတ်ရှည်ခြင်းရှိရန် ဆုတောင်းလော့။

**ဆင်ခြင်ရန်** - မခြားမလပ်ဆုတောင်းပါ။ သူသည်အစဉ်မပြတ်ကောင်းကြီးပေးတော်မူ၏။

**ဆုတောင်းချက်**- အဘဘုရား၊ အစဉ်မပြတ်ဆုတောင်းဖို့ ဆန္ဒရှိရန် စိတ်ဆန္ဒကိုပေးသနားတော်မူပါ။

သောကြာ၊ ဒီဇင်ဘာ (၄)
**ယေရှာယ ၄၀း၂၆-၄၁း၄**
၂ ကော ၁၂း၉-၁၀

*သူ၏ကျေးဇူးတော်သည် အကျွန်ုပ်အတွက် လုံလောက်ပါ၏*

# ခွန်အား၏လျှို့ဝှက်ချက်

ကမ္ဘာပေါ်ရှိအရာအားလုံးကို အသစ်ပြုပြင်ရန်လိုအပ်သည်။ အဘယ်ဖန်ဆင်းသောအရာကိုမှ သူ့ဟာသူဆက်လက်မရပ်တည်ကြပါ။ ဂရုစိုက်ခြင်းဖြင့် စီရင်ဖြင်းမပြုကြသော သစ်ပင်တို့ပင်သူတို့၏အသက်ကိုအလုပ်သမားတို့အားဖြင့် မတိုစေခြင်းငါ့ရင်း၊ ကောင်းကင်မှမိုးရွာစေခြင်းနှင့်မြေဆီလွှာ၏ဝှက်ထားသော အာဟာရတို့ဖြင့် အဆက်မပြတ် အသစ်ပြုပြင်ဖို့ရန်လိုအပ်၏။ သစ်ပင်များသည် ရှည်ကြာစွာရှင်သန်နိုင်ကြသော်လည်း သူတို့၏သက်တမ်းသည် တစ်နေ့ကုန်ဆုံးရပေမည်။

လူသား၏အသက်သည် ဘုရားသခင်ထံမှအသစ်ပြုပြင်ခြင်းမရှိဘဲ ကြံ့ကြံ့ခံနိုင်မည်မဟုတ်ပေ။ တစ်နေ့တွင် ကိုယ်ခန္ဓာပျက်ဆီးသွားသောအခါ မမြင်ရသည့်အတွင်းလူ ဖြစ်သောဝိညာဉ်သည် ဘုရား သခင်၏နှုတ်ကပတ်တော်နှင့် ကျွေးမွေးခြင်း အားဖြင့်သော်ငှင်း ဟောကြားသောနှုတ်ကပတ်တော်ကို နားထောင်ခြင်းအားဖြင့်သော်ငှင်း၊ နှုတ်ကပတ်တော်ကိုအစဉ်မပြတ်ဆင်ခြင်နှလုံး သွင်းခြင်းအားဖြင့် သာ ကြံ့ကြံ့ခံနိုင်မည်ဖြစ်သည်။ ဤအရာတို့သည် ဘုရားသခင်ပေးသနားသော ကျေးဇူးတော်၏ နည်းလမ်းများဖြစ်ကြသည်။ ဤနည်းများကိုလျစ်လျူရှုမိလျှင် ကျွန်ုပ်တို့၏ စိတ်ဝိညာဉ်သည် အလွန်ဆင်းရဲနွမ်းပါးလိမ့်မည်။ အသင်းတော် သည် နှစ်ပေါင်းကြာသလောက် ဝိညာဉ်ရေးရာမကြီးထွားဘဲ လျက်အားနည်းပြီးဝပ်တွားနေရခြင်းမှာ အံ့သြစရာမဟုတ်ပေ။

ဘုရားသခင်၏သန့်ရှင်းသူတို့ နိုးကြ လော့။ သင်တို့သည် နှုတ်ကပတ် တရားတော်ကိုလုံ့လဝီရိယာရှိစွာအသုံးပြုခြင်းနှင့် နေ့စဉ်လျှို့ဝှက် ဆုတောင်းခြင်းမပါဘဲ အသစ်ပြန်လည်ပြုပြင်၍သန်မာခြင်းမရရှိနိုင်ပါ။ သင်၏အားနည်းဝေဝါးသော ဝိညာဉ်ရေးအသက်တာသည် ဘုရားသခင်၏လက်ယာတော်မဟုတ်ပေ။ ၎င်းသည် သင်၏လျစ် လျူရှုမှုနှင့် ဂရုမစိုက်မှုပင်ဖြစ်၏။ မြင့်မြတ်သောဝိညာဉ်တော်အားဖြင့် အသစ်ပြုပြင်မွမ်းမံခြင်းမရှိဘဲ သင်သည် ငရဲ၏စော်ကားမှုသော်ငှင်း မငြိမ်သက်သောအတွင်းစိတ်တိုက်ခိုက်မှုများသော်ငှင်း ကောင်းကင်ဘုံ၌ ရှိတော်မူသော အဘထံမှ ဘေးဒုက္ခတို့ကို မရင်ဆိုင်နိုင်ကြပေ။

သစ်ပင်ကလေး၊ လာမည့်လေမုန်တိုင်းကို သင်ခံရပ်နိုင်မည်အကြောင်း သင်၏အမြစ်တို့သည် ကျောက်ပေါ်တွင် ခိုင်မြဲစွာရပ်တည်နေကြသလား။ လှေငယ်လေးရယ်၊ ဘဝ၏မုန်တိုင်းတို့ကိုမြန်မြန်ဆန်ဆန်နှင့် လုံခြုံပြီးတွန်းလှန်နိုင်ပါမည့်အကြောင်း သင်၏ကျောက်ဆူးသည် သင့်ကိုထိန်းသိမ်းထားနိုင်သည့်ကျောက်ကို ဆွဲထားသလား။ ကျွန်ုပ်တို့၏အစွမ်းသည် ကျွန်ုပ်တို့ကိုယ်မှသော်ငှင်း (သို့) မည်သည့်လူသားအရင်းအမြစ်မှသော်ငှင်း ရောက်လာသည်မဟုတ်ဘဲ ဘုရားသခင်ထံမှဖြစ်၏။ ကိုယ်တော်တပါးတည်းသာလျှင် ကျွန်ုပ်တို့၏ခွန်အားနှင့် အသက်ဖြစ်တော်မူ၏။ သူသာလျှင် တစ်ရက်ပြီးတစ်ရက် ကျွန်ုပ်တို့ကိုအသစ်ပြုပြင်ပေးနိုင်၏။

**ဆင်ခြင်ရန်** - ထာဝရဘုရားကိုမျှော်လင့်သောသူတို့မူကား အားပြည့်ကြလိမ့်မည်။
**ဆုတောင်းချက်**- အဘဘုရား၊ အကျွန်ုပ်သည် မိမိကိုယ်ကိုအားကိုးနိုင်မည်ဟု မိုက်မဲစွာတွေးခေါ်မိသည့်အတွက် ခွင့်လွှတ်တော်မူပါ။ အကယ်စင်စစ် ကိုယ်တော်မပါဘဲ ကျွန်ုပ်ဘာမှမတတ်နိုင်ကြောင်းကို ကျွန်ုပ်ဝန်ခံပါ၏။

စနေ၊ ဒီဇင်ဘာ (၅)

**ယေရှာယ ၄၉း၅-၁၂**

ဖေဖက် ၁း၁၅-၂၃

*ခရစ်တော်မရှိလျှင် မျှော်လင့်ချက်မဲ့စွာ အဆုံးသတ်ရ၏*

# ကျွန်ုပ်တို့၏အလုံးစုံသောယေရှုခရစ်တော်

ယေရှုခရစ်သည် ဘုရားသခင်၏အကောင်းဆုံးသော ဆုလက်ဆောင်ဖြစ်၍ ယုံကြည်သူတိုင်း ကိုပေးတော်မူ၏။ စာဖတ်သောမိတ်ဆွေ၊ သင်သည်ကျွန်ုပ်တို့၏ခရစ်တော်ထံမှ ဘယ်အရာကိုသင်ရ ရှိပြီးသည်ကို သင်ခန့်မှန်းနိုင်ပါသလား။ "အကြောင်းမူကား ဘုရားသခင်၏ဇာတိအဖြစ်တော်၏ ပြည့်စုံခြင်းအပေါင်းတို့သည် ခရစ်တော်၌ကိုယ်ထင်ရှား၍ ကျိန်းဝပ်တော်မူ၏" (ကောလော ၂း၉)။ ခဏရပ်နားပြီး စဉ်းစားလော့။ ယုံကြည်သူ သင်နှင့်ကျွန်ုပ်အတွက် ယေရှုအားဖြင့် မခန့်မှန်း၊ မပြောပြ နိုင်သော ကောင်းကြီးမင်္ဂလာများကို ရယူကြသည်။ ကျွန်ုပ်တို့၏ ဗေမာန္တေလဖြစ်သော ခရစ်တော်ပိုင် ဆိုင်သမျှသည် သင်၏ဥစ္စာဖြစ်၏။ မထိုက်တန်ဘဲရသော မျက်နှာသာပေးခြင်းထဲက ဘုရားသခင် သည် ငါတို့သခင်ခရစ်တော်၏ဥစ္စာရှိသမျှကို သင်တို့အစဉ်အမြဲ ပိုင်တော်မူစေခြင်းငှါ ပေးထားတော် မူခဲ့၏။

ဘယ်အရာကိုဆိုလိုကြောင်း စာရင်းပြုစုကြပါစို့။ ကိုယ်တော်၏မဟာတန်ခိုးတော်ကို စဉ်းစား လော့။" ကောင်းကင်ပေါ်၌ရှင်း၊ မြေကြီးပေါ်၌ရှင်း စီရင်ပိုင်သောအခွင့်ရှိ တန်ခိုးရှိသမျှတို့ကို ငါခံ ရပြီ"(မဿဲ ၂၈း၁၈) ဟူ၍သခင်ဘုရားမိန့်တော်မူ၏။ ထိုစွမ်းအားသည် သင့်အား အခက်အခဲများကိုရင်ဆိုင်ဖြေရှင်းနိုင်ရန်သော်ၚင်း ၊သွေးဆောင်မှုကိုကျော်လွှားနိုင်ရန်သော်ၚင်း သင်၏ထာဝရအိမ်တော်ရောက်သည့်တိုင်အောင် ဘုရားသခင်နှင့်အတူလျှောက်လှမ်းရာ၌ တည်မြဲဖို့ရန် သင့်အတွက်ဖြစ်၏။ သူ၏ချစ်ခြင်းမေတ္တာကိုစဉ်းစားလော့။ သူ၏မကုန်နိုင်လောက်သောချစ်ခြင်းမေတ္တာ၊ သမုဒ္ဒရာထဲက သူသည် ကျွန်ုပ်တို့၏ပြင်ဆင်ထားသည့်နှလုံးသားကို ဖြည့်စွက်ပေးပြီး သင်က "ဒါဟာ ငါ့ပိုင်ဆိုင်မှုဘဲ" ဟုပြောကောင်းပြောလိမ့်မည်။ ထိုအခါ သူ၏ချစ်ခြင်းမေတ္တာတော်သည် သင့်ထံမှသင့်ပတ်ဝန်းကျင်ရှိ အခြားသူများထံ စီးဆင်းလိမ့်မည်။

သူ၏တရားမျှတမှုကိုစဉ်းစားလော့။ ထိုကဲ့သို့မြင့်မား၍မြင့်မြတ်သောဂုဏ်ရည်တော်သည် သင့်ဥစ္စာဖြစ်နိုင်မည်လော့။ ၎င်းသည် မဖြစ်နိုင်ပုံပေါက်သော်လည်း သူ၏ကျေးဇူးတော်အားဖြင့် သင်၏ဥစ္စာဖြစ်၏။ အကြောင်းမူကား သူသည်တရားမျှတမှုအား ပဋိညာဉ်ပြုထားသော ဂတိတော်အားလုံးသည် သင့်ကိုသေချာပေါက် လုံခြုံစေလိမ့်မည်။ စုံလင်သောလူသားအဖြစ် ယေရှု၌ရှိသည့်အရာအားလုံးသည် သင့်အတွက်ဖြစ်၏။ သင်၏ကိုယ်စားအနေဖြင့် သူသည် ခမည်းတော်ထံမှလက်ခံမှုကိုရခဲ့၏။

ချစ်သောစာဖတ်သူ၊ ခရစ်တော်ကိုဘုရားသခင်လက်ခံသောအခါ သူသည်သင့်ကို လက်ခံ၏။ ခမည်းတော်သည် သားတော်အပေါ် သားတော်ဟူသောချစ်ခြင်းမေတ္တာကို သင့်အပေါ်တွင် ယခုထားတော်မူ၏။ ခရစ်တော်ပြုတော်မူသော အမှုရှိသမျှတို့သည် သင်နှင့်ကျွန်ုပ်အတွက်ဖြစ်၏။ ကိုယ်တော်၏ပြည့်ဝစုံလင်သော ဖြောင့်မတ်ခြင်းတရားသည် သင့်ဥစ္စာဖြစ်၍ "ကျေးဇူးတော်နှင့်ယုံကြည်ခြင်းအားဖြင့်" (ဖေဖက် ၂း၈) ရရှိ၏။ ကိုယ်တော်သည် ကျွန်ုပ်တို့၏အလုံးစုံဖြစ်တော်မူ၏။

**ဆင်ခြင်ရန်** - အကျွန်ုပ်၏ဘုရားသခင်၊ ကျွန်ုပ်သည် ကိုယ်တော်ဥစ္စာဖြစ်ပါ၏ဟူသော အချက်မှာ အလွန်နိမ့်သိပ်ဖွယ်ရာဖြစ်ပါ၏။ ကယ်တင်ရှင်သည် ကျွန်ုပ်၏ဥစ္စာဖြစ်ကြောင်းကိုသိရခြင်းသည် တကယ့်ကောင်းကြီးမင်္ဂလာဖြစ်၏ (Wesley)။

**ဆုတောင်းချက်**- အဘဘုရား၊ ကိုယ်တော်၏အလွန်ကြီးမားသောချစ်ခြင်းမေတ္တာ၊ စောင့်ရှောက်မှုနှင့် ထောက်ပံ့ပေးမှုအတွက် အထူးကျေးဇူးတင်ပါ၏။

တနင်္ဂနွေ၊ ဒီဇင်ဘာ (၆)

**ယေရှာယ ၄၀း၁-၁၁**

လုကာ ၃း၃-၁၈

*"... ဘုန်းကြီးသောဘုရင်သည်*
*ဝင်ရောက်တော်မူမည်"*

## ထာဝရဘုရား၏လမ်းစရီးတော်ကိုပြင်ဆင်ကြလော့

တော၌ ဗတ္တိဇံဆရာယောဟန်၏ စကားသံသည် သခင်ဘုရားအတွက် လမ်းကိုပြင်ဆင်ကြဖို့ရန် ဖိတ်ခေါ်၏။ လူတို့၏နှလုံးသားတော၌ ယနေ့အဘယ်လမ်းကို ပြင်ဆင်သင့်သနည်း။ ကျွန်ုပ်နှလုံး၏သွေ့ခြောက်သော သဲကန္တာရသဘောသဘာဝကို စဉ်းစားပါရစေ။ ကယ်တင်ရှင်အတွက် လမ်းပွင့်ရန်ဘာလုပ်ရမည်နည်း။

(၁) ချိုင့်တိုင်းကိုမြှင့်ရပါမည်။ ဘုရားသခင့်ရှေ့တော်၌ နိမ့်ကျ၍ မထိုက်တန်သော အတွေးအခေါ်တို့ကို ဖျက်ဆီးရပါမည်။ သံသယနှင့်စိတ်ပျက်အားငယ်မှုတို့ကို ဖယ်ရှားရပါမည်။ တစ်ကိုယ်ကောင်းဆန်ပြီး ဇာတိအလိုဆန္ဒတို့ကို စွန့်ပစ်ရပါမည်။ ဤနက်၍ မှောင်မိုက်သော ချိုင့်ဝှမ်းများတလျှောက်တွင် သခင်ဘုရားအတွက် လှပသောလမ်းကြောင်းတစ်ခု ပြင်ဆင်ပေးဖို့ရန် မြှင့်တင်ရန်လိုအပ်သည်။

(၂) တောင်နှင့်ကုန်းမြင့်ရှိသမျှတို့ကို နိမ့်ကျစေရမည်။ ဘုရင့်အတွက် အဝေးပြေးလမ်းဖောက်ပေးရန်အတွက် မိမိကိုယ်ကိုပြည့်စုံသူဟူ၍ ထောင်လွှားသော စိတ်နှင့် မိမိကိုယ်ကို ဖြောင့်မတ်သည်ဟူ၍ ဝါကြွားသောစိတ်တို့ကို ဖြိုချ၍တန်းညီစေရပါမည်။ ကြီး မြတ်သောဘုရင်သည် မောက်မာသောသူနှင့်ဘဝင်မြင့်သောသူတို့ကို မှတ်တော်မူမည်မဟုတ်ပေ။ သခင်ဘုရားသည် နှိမ့်ချသောသူတို့ကိုအသိအမှတ်ပြု၏။ စိတ်နှလုံးနှောင်တရသောသူတို့ကို တန်းတူ ဆက်ဆံမည်။ သို့သော် စိတ်ထောင်လွှားသောသူတို့မူကား သူ့ထံ၌ ရှုံ့ရှာဖွယ်ဖြစ်ကြ၏။

(၃) ကောက်သောလမ်းတို့ကိုဖြောင့်စေရလိမ့်မည်။ ယိမ်းယိုင်နေသော၊ လှည့်စားတတ်သော စိတ်နှလုံးသည် ဘုရား သခင်အတွက် ရှင်းရှင်းဖြောင့်ဖြောင့် ဖြစ်ရန်လိုအပ်သည်။ သန့်ရှင်းခြင်းသည် ၎င်း၏အမှတ်အသား ဖြစ်စေလော့။ စိတ်နှစ်ခွရှိသောသူများသည် သမ္မာတရား၏ ဘုရားသခင်ထံတွင် သူစိမ်းများဖြစ်ကြ၏။ ငါ့ဝိညာဉ်၊ သတိပြုလော့။ အားလုံးကိုမြင်နိုင်သော ဘုရားသခင်၏ မီးခွက်ရှိသကဲ့သို့ အရာရာ၌ရိုးသား ဖြောင့်မတ်လော့။

(၄) ကြမ်းတမ်းသောနေရာများကို ချောမွေ့စေရမည်။ အပြစ်ဒုစရိုက်၏ဆူးငြောင့်တို့ကို ဖယ်ရှားပစ်၍ပုန်ကန်ခြင်း၏ဆူးပင်အမျိုးမျိုးတို့ကို အမြစ်မှနှုတ်ပစ်ရပါမည်။ သခင်ဘုရားသည် သူ၏အပေါင်းအပါတို့နှင့်အတူ ငါတို့အားဂုဏ်ပြုရန် ကြွလာတော်မူ၏။ သင်၏နှလုံးသားထဲ၌ သူ၏ရွေးနှုတ်ခြင်းကျေးဇူးတော်အားဖြင့် အသင့်ပြင်ဆင်ထားသော အဝေးပြေးလမ်းမကြီးတစ်ခုကို သူတွေ့ရှိပါစေ။ သင့်ဝိညာဉ်၏ ထာဝရကောင်းကြီးမင်္ဂလာထဲသို့ သူလည်းအောင်ပွဲနှင့်သော်၎င်း၊ ဘုန်းတော်နှင့်သော်၎င်း ဝင်ရောက်နိုင်ပါစေ။

**ဆင်ခြင်ရန်** - ကျွန်ုပ်၏စိတ်နှလုံးသည် အဆင်သင့်ပြင်ဆင်ပြီလား။ ရှင်ဘုရင်သည် ကြွလာနေ၏။

**ဆုတောင်းချက်**- အဘဘုရား၊ ကိုယ်တော်သည် ဘုန်းကြီးသောဘုရင်ဖြစ်ပါ၏။ ကျွန်ုပ်၏နှလုံးသားထဲနှင့်အသက်တာထဲသို့ ကိုယ်တော်အားကြိုဆိုရန်နှင့်ဂရုစိုက်ရန် အမြဲရပ်တည်စေတော်မူပါ။

တနင်္လာ၊ ဒီဇင်ဘာ (၇)

**ဆာလံ ၄၂**

၂ ပေ ၃း၁-၁၈ *ကျဆင်းခြင်းသို့ မကြီးထွားပါစေနှင့်*

## ကျေးဇူးတော်နှင့်အသိပညာတို့၌ကြီးပွားကြလော့

"ကျေးဇူးတော်၌ကြီးပွားကြလော့" (၂ ပေ ၃း၁၈)။ ကျေးဇူးတော်တစ်ခုတည်း၌မဟုတ်ဘဲ ခပ်သိမ်းသောကျေးဇူးတော်တို့၌ ကြီးပွားကြရမည်။ ကျေးဇူးတော်တို့အထဲမှ အရေးကြီးဆုံးဖြစ်သော ယုံကြည်ခြင်း၌ကြီးပွားကြလော့။ သင်သည် အရင်ကပြုခဲ့သည်ထက် ခိုင်မြဲစွာ ဘုရားသခင်၏ဂတိတော်များကို ယုံကြည်လော့။ ယုံကြည်ခြင်းသည်တည်ကြည်ခြင်းဖြင့်၎င်း၊ အဆက်မပြတ်အားဖြင့်၎င်း၊ ရိုးရှင်းစွာဖြင့်၎င်းတိုးပွားပါစေ။ ချစ်ခြင်းမေတ္တာ၌လည်း ကြီးထွားကြလော့။ သင်၏ချစ်ခြင်းမေတ္တာသည် တိုးပွားစေရန်သော်၎င်း၊ သာ၍ပြင်းပြရန်သော်၎င်း၊ ပို၍လက်တွေ့ကျရန်သော်၎င်း၊ အတွေးအခေါ် အပြောအဆိုနှင့်လုပ်ဆောင်ချက်တို့၌ လှုပလာဖို့ရန်သော်၎င်း သခင်ဘုရားထံသို့ ဆုတောင်းလော့။

ထိုနည်းတူ နှိမ့်ချခြင်း၌ကြီးထွားလော့။ အနိမ့်ကျဆုံးသောနေရာကိုရှာဖွေလော့။ သင်သည် ဘာမှမဟုတ်ကြောင်းကို သာ၍နားလည်သဘောပေါက်လော့။ သင်သည်နှိမ့်ချခြင်းဘက်သို့ အနိမ့်ပိုင်းတွင်ကြီးထွားလာသည်နှင့်အမျှ ဆုတောင်းခြင်းနှင့်မိဿဟာယဖွဲ့ခြင်းဖြင့် ဘုရားသခင်ထံချဉ်းကပ်၍ အထက်ပိုင်းသို့ ကြီးထွားရန်လည်းရှာဖွေလော့။

သင်၏ဝိညာဉ်ရေးရာတိုးတက်မှုသည် ထိုနေရာတွင် မရပ်ပါစေနှင့်။ ငါတို့၏သခင်နှင့်ကယ်တင်ရှင်ယေရှုခရစ်ကို သိကျွမ်းခြင်း၌တိုးပွားကြလော့။ မိမိကယ်တင်ရှင်၏ အကြောင်းကိုသိကျွမ်းခြင်း၌မကြီးထွားသောသူသည် ကြီးစွာသော ကောင်းကြီးမင်္ဂလာကိုဆုံးရှုံး၏။ သခင်ဘုရားကို သိကျွမ်းခြင်းသည် "ထာဝရအသက်"ဖြစ်၏ (ယောဟန် ၁၇း၃)။ သူ့ကို သိကျွမ်းခြင်း၌တိုးပွားခြင်းသည် စစ်မှန်သောဝမ်းမြောက်ခြင်း၌တိုးပွားခြင်းဖြစ်၏။ ခရစ်တော်၏အကြောင်းကို ပိုမိုသိကျွမ်းဖို့ရန် မတောင့်တသောသူသည် မိမိကိုယ်ကိုဆုတ်ယုတ်စေ၏။ တမန်တော်ပေါလုက "သခင်ယေရှုခရစ်ကို သိသောပညာသည် အဘယ်မျှလောက်မြတ်သည်ကို ထောက်၍ခပ်သိမ်းသောအရာတို့ကို ရှုံးစေသောအရာကဲ့သို့" ရေတွက်၏ (ဖိလိ ၃း၈)။

ချစ်သောစာဖတ်သူ၊ သင်သည် သခင်ယေရှုကိုမည်သို့ချစ်သနည်း။ သင်သည် သူ့အားအမှန်ချစ်လျှင် သင်သည်ချောင်းရေကိုတောင့်တသောသမင်ဒရယ်ကဲ့သို့ဖြစ်လိမ့်မည်။ ထို "စိတ်ဝိညာဉ်ကျေနပ်စရာ" အသိပညာ၏တစ်ငုံစာသည် သင့်အား ပို၍ငတ်မွတ်စေမည်။ သူ၏ချစ်ခြင်းမေတ္တာ၏ ပို၍နက်ရှိုင်းသော အရည်နောက်သို့ သင်တောင့်တနေလိမ့်မည်။ အချစ်စစ်က "ကိုယ်တော်ထံတော်ပါးသို့ သာ၍နီးစေ၊ နီးစေတော်မူပါ" ဟူ၍အမြဲငိုကြွေး၏။ သူ့အား သင်များများသောက်လေ၊ သင်သောက်ချင်လေလေဖြစ်၏။ သူတည်ရှိသောအရပ်၏ အသိပညာမှာ ကောင်းကင်ဘုံဖြစ်၏။ သင်သည် ကြီးထွားနေသလား (သို့) သွားနေသလား။ သင့်အား လက်ဝါးကားတိုင်နားတွင်ထားပြီး အဖိုးတန်သောမေတ္တာစီးဆင်းမှုသည် သင်၏စိတ်နှလုံးကိုအရည်ပျော်စေရန် သခင်ဘုရားထံ ဆုတောင်းလော့။ ထို့နောက် သူသည်သင့်ကိုမည်သို့ကြီးထွားစေတော်မူသည်ကို ကြည့်လော့။

**ဆင်ခြင်ရန်** - ယေရှု၏လက်ဝါးကားတိုင်သို့ အစဉ်မပြတ်ပုံသန်းလျှက်။

**ဆုတောင်းချက်** - အဘဘုရား၊ သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်အားဝိညာဉ်ရေးတွင် ကြီးထွားစေရန်ခွန်အားပေးသနားတော်မူပါ။

အင်္ဂါ၊ ဒီဇင်ဘာ (၈)

**ကမ္ဘာ ၄၂း၁-၈**

ဆာလံ ၁၂၉

*"အို အဖဘုရားသခင်၊ ကျွန်ုပ်ကိုစုံစမ်း၍ ကျွန်ုပ်၏နှလုံးသားကိုသိရှိတော်မူပါ"*

## အို ထာဝရဘုရား ကိုယ်တော်သည်အကျွန်ုပ်အား လုံးလုံးလျားလျားသိတော်မူ၏

ငါတို့သခင်နှင့်ကယ်တင်ရှင်၌ တိုးပွားဖို့ရန်ကြိုးစားစဉ် ကျွန်ုပ်တို့သည်သူ့ကိုအနည်းငယ်သိကျွမ်းခြင်းမရှိမီကပင် သူသည်ကျွန်ုပ်တို့အားကြာမြင့်စွာသိခဲ့သည်ကို ခေတ္တရပ်နားပြီးစဉ်းစားလော့။ "မစုံလင်သေးသောအကျွန်ုပ်၏အလုံးအထွေးကိုလည်း ကိုယ်တော်သည်ကြည့်ရှု၍မြင်တော်မူပြီ။ ထိုအရာတို့ကိုပြုပြင်၍ တစုံတခုမျှမရှိမီကာလတွင် ကိုယ်တော်၏စာရင်း၌အကုန်အစင်မှတ်သားလျက် ရှိကြပါ၏" (ဆာလံ ၁၃၉း၁၆)။ ဤလောက၌ ကျွန်ုပ်တို့နေရာတစ်နေရာမရရှိမီကပင် ကျွန်ုပ်တို့သည် သူ၏နှလုံးသားထဲ၌နေရာတစ်နေရာရခဲ့သည်။ ကျွန်ုပ်တို့သည် သူ၏ရန်သူများဖြစ်ခဲ့ကြစဉ်တွင် သူသည် ကျွန်ုပ်တို့၏ဝမ်းနည်းမှု၊ ရှုံးသွပ်မှုနှင့်ဆိုးသွမ်းမှုများကို မြင်တွေ့ခဲ့၏။ သူသည် ကျွန်ုပ်တို့အားကူညီဖို့ရန် ကြွမလာခဲ့မီတွင် ထိုသို့မျှော်လင့်ချက်မဲ့သူနှင့် အမွေဥစ္စာဆုံးရှုံးသူဖြစ်ကြ၏။

ဤ အချက်တွင် ဘုရားသခင်၏ချစ်ခြင်းမေတ္တာ၏ နက်နဲသောအရာကို ကျွန်ုပ်တို့မြင်တွေ့ရသည်။ ကျွန်ုပ် တို့သည် သူ့ကိုရှာဖို့ရန်မစဉ်းစားမီအချိန်တွင်ပင် ဘုရားသခင်သည် ကျွန်ုပ်တို့၏ လိုအပ်ချက်ကို သိနှင့် နေခဲ့ပြီးဖြစ်သည်။ သူသည် ကျွန်ုပ်တို့ထံသို့ အစဉ်သနားခွင့်လွှတ်ပြီး ကျွန်ုပ်တို့အားမိမိ၏ချစ်မြတ်နိုး သည့် ညီအစ်ကိုများကဲ့သို့ ရှုမြင်၍ကျွန်ုပ်တို့ထံသို့ နူးညံ့ကြင်နာမှုဖြင့် "ကောင်းကင်ဘုံနှင့်ဆိုင်သော ယောသပ်" ကဲ့သို့ ကြွလာတော်မူ၏။ ယာကုပ်၏ဆိုးသောသားများနည်းတူ ကျွန်ုပ်တို့သည် ယောသပ် ကိုမချစ်ဘဲ မုန်းတီးမှုနှင့်အငြိုးသာပေးခဲ့ကြ၏။ သို့တိုင် သူသည်ကျွန်ုပ်တို့ကိုသူ၏အဆုံးမဲ့ ချစ်ခင်မှု ခံစားထိုက်သူအဖြစ် ရှုမြင်၏။ "ဘုရားသခင်သည် သူ၏လူတို့ကိုသိတော်မူ၏" (၂တိ ၂း၁၉) ဟူ သောစကားမှာ ဝေးသောပြည်သို့ထွက်သွား၍ ဝက်စာကျွေးသူအဖြစ်နေရသော အသုံးအဖြုန်းကြီး သောသူတို့နှင့် စားပွဲပေါ်တွင်ထိုင်ခဲ့ကြသော သားများကိုလည်း ဆိုလို၏။ ဖခင်တစ်ဦးသည် မိမိ၏ သားသမီးတို့ကိုသနားသကဲ့သို့ ဘုရားသခင်က ကျွန်ုပ်တို့ကိုသနား၏ (ဆာလံ ၁၀၃း၁၃)။

ကျွန်ုပ်တို့ သည် ဘုရားသခင်အားအကြိမ်ပေါင်းများစွာ ကျူးလွန်မိသော ကြီးလေးသော အပြစ်များကို နားလည် သဘောပေါက်သောအခါ ဘုရားသခင်၏ရွေးနုတ်ခြင်းကိုပို၍ အံ့သြဖွယ်ဖြစ်စေ၏။ ကျွန်ုပ်တို့၏ ပုန်ကန်မှုတွင် ကျွန်ုပ်တို့သည် ဘုရားသခင်ကို ကျွန်ုပ်တို့နှလုံးသားထဲ၏အပြင်ဘက်၌ ပိတ်ထား၍ သူ၏နှစ်သက်ဖွယ်သောစကားများကို ယုံမှားမိကြ၏။ ကျွန်ုပ်တို့သည် သူ့ကိုဆန့်ကျင်ပုန်ကန်ကြ၍ သူ၏မေတ္တာနှင့်ခေါ်ခြင်းကို ငြင်းပယ်ခဲ့ကြသည်။ သို့သော် သူသည် ကျွန်ုပ်တို့ကို ဘယ်တော့မှလက် မလျှော့ခဲ့ဘဲ ကျွန်ုပ်တို့ထံသို့ အလွန်စိတ်ရှည်စွာနှင့် ညင်သာစွာ ရောက်လာ၏။ ဘုရားသခင်သည် ကျွန်ုပ်တို့၏ပျောက်ဆုံးသော အခြေအနေနှင့် ဆိုးရွားသော အခြေအနေတို့မှ ကယ်တင်၍ သူ၏မိသားစု ဝင်အဖြစ်မွေးစားခဲ့ သောကြောင့် ချီးမွမ်းကြလော့။ ယခုတွင် ကျွန်ုပ်တို့သည်သူ့ကိုစတင်လေ့လာခဲ့ကြ သော်လည်း သူသည် ကျွန်ုပ်တို့အား လုံးလုံးသိတော်မူခဲ့၏။ ဘုရားသခင်ကိုအကြိမ်ကြိမ်ချီးမွမ်းလော့။ အကြောင်းမူကား သခင်ဘုရားသည် ငါတို့ကို မသိခဲ့လျှင် ငါတို့သည် ယနေ့ဘယ်နေရာရောက်မည်ကို မသိပေ။ တစ်နေ့ သူပေါ်ထွန်းလာသော အခါတွင် ကျွန်ုပ်တို့၏အမည်များကိုသူဖော်ပြမည်။ ကျွန်ုပ်တို့၏ ဘုရားသခင်သည် ကျွန်ုပ်တို့အကြောင်းကို အလုံးစုံ သိရှိသောကြောင့် ကျေးဇူးချီးမွမ်းလော့။ ထို့နောက် သူသည် ကျွန်ုပ်တို့အကြောင်း ကို ဘယ်သောအခါမျှ မေ့လျော့မည်မဟုတ်ပေ။

**ဆင်ခြင်ရန်** - သခင်ယေရှုကို ယခုပင်သိကျွမ်းရန်ငြင်းဆန်သောသူတို့အား သူကြွလာသော အခါ "သင်တို့ကိုငါအလျှင်းမသိ" ဟူ၍ (မသဲ ၇း၂၃) သခင်ဘုရားမိန့်တော်မူမည်။

**ဆုတောင်းချက်**- အဘဘုရား၊ ကိုယ်တော်ထံမှအကျွန်ုပ်သည် ရှောင်ပုန်း၍မရနိုင်ပေ။ အကျွန်ုပ်၏ အပြစ်များကိုဝန်ခံလျက် ကိုယ်တော့်ထံသို့အစဉ်ချဉ်းကပ်၍ ကိုယ်တော်၏ ခွင့်လွှတ်ခြင်းကို လက်ခံရရှိစေပါ။

ဗုဒ္ဓဟူး၊ ဒီဇင်ဘာ (၉)

**ကမ္ဘာ ၁း၁-၅**

၂ ကော ၆း၁၄-၁၈ "အလင်း၌ကျင်လည်လော့"။

## အလင်းနှင့်မှောင်မိုက်သည် အဘယ်ဆက်သွယ်မှုရှိသနည်း

အလင်းမရှိလျှင် ကျွန်ုပ်တို့သိသည်အတိုင်း ကမ္ဘာပေါ်ရှိ သက်ရှိများသည် မတည်ရှိတော့ပါ။ ပညာရှိသောဘုရင်က "အကယ်စင်စစ်အလင်းသည်ချို၏။ နေရောင်ခြည်ကိုမြင်၍ ပျော်ပါးစရာရှိ၏" (ဒေ ၁၁း၇) ဟူ၍ မိန့်တော်မူခဲ့၏။ သို့သော် ဧဝံဂေလိသတင်းကောင်းဟူသောအလင်းသည် တိုင်းတာ၍မရလောက်အောင် သာ၍တန်ဖိုးကြီး၏။ ထိုတစ်ပါးတည်းကသာ ထာဝရအရာများကို ဖော်ပြ၍ ကျွန်ုပ်တို့ဝိညာဉ်၏လိုအပ်ချက်တို့ကို ပြုစုပေး၏။ သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့အား ဝိညာဉ်ရေးရာအလင်းကိုပေးသောအခါ သားတော်ယေရှုခရစ်၌ဘုရားသခင်၏ဘုန်းတော်ကို ကျွန်ုပ်တို့မြင်တွေ့ရသည်။ ကျွန်ုပ်တို့၏အခြေအနေမှန်တွင် ကျွန်ုပ်တို့သည်အပြစ်ဖြင့် ယိုယွင်း၍ စွန်းထင်းနေသောကြောင့် မျှော်လင့်ချက်မဲ့သောသူ၊ ပျောက်ဆုံးသောသူနှင့် အကူအညီမဲ့သူဖြစ်ကြောင်း မြင်တွေ့ရ၏။ ထို့နောက် ကျွန်ုပ်တို့သည် ဘုရားသခင်ခန့်ထားသောကယ်တင်ရှင်၊ "ကျေးဇူးတော်နှင့်သစ္စာတရားပြည့်ဝသောသူ" (ယော ၁း၁၄) နှင့် "သူ့ကိုကြည့်ရှုသောသူသည် အသက်ရှင်" (ယော ၃း၁၄-၁၆) ကြမည်ကို ကျွန်ုပ်တို့အား ပေးကမ်းထားသည်ကို တွေ့မြင်ရ၏။ ကျွန်ုပ်တို့ကို ကယ်တင်ရှင်သခင်ယေရှုတည်းဟူသော ဤလောက၏အလင်းဆီသို့ ပို့ဆောင်ပေးသော ဧဝံဂေလိတရားအလင်းတော်အတွက် ဘုရားသခင်ကိုကျေးဇူးတင်ပါ၏။

အလင်းနှင့်အတူ ကွဲပြားခြင်းလည်း ရောက်လာ၏။ အလင်းနှင့်မှောင်မိုက်သည် မပေါင်းသင်းနိုင်ကြပေ။ ဖန်ဆင်းရှင်ဘုရားသခင်က သူတို့အား သီးခြားစီရှိနေရန် အစကပင် ထိန်းချုပ်ခဲ့သည်။ ထို့ကြောင့် သူတို့ကိုမရှုပ်ထွေးပါစေနှင့်။ အလင်း၏သားတို့သည် မှောင်မိုက်၏သား တို့နှင့် မပေါင်းရပေ။ သူ၏အကျင့်တို့ဖြစ်စေ၊ အယူဝါဒတို့ဖြစ်စေ၊ လှည့်စားမှုများနှင့်ဖြစ်စေ၊ ကျွန်ုပ်တို့ မသက်ဆိုင်ပေ။ ထိုအလင်း၏သားတို့သည် သမ္မာသတိ သော်၎င်း၊ ရိုးသားမှုနှင့်နိုးကြားမှု သော်၎င်း ရှိထားရပါမည်။ ကျွန်ုပ်တို့သည် သခင်ဘုရား၏အမှုတော်၌ သစ္စာရှိပြီး ရဲရင့်ရပါမည်။ ၎င်းသည် မထင်ရှားသောအရာဖြစ်စေကာမူ၊ ကျွန်ုပ်သည် မှောင်မိုက်၏အလုပ်တို့နှင့်မဆက်ဆံရပါ။

ယေရှုခရစ်၏စစ်မှန်သောအသင်းတော်သည် အယူဝါဒမှောင်မိုက်၍ မှားယွင်းသည့် သွန်သင်ချက်အားလုံးနှင့် ထိုအယူဝါဒတို့ကိုစွဲကိုင်သော အသင်းတော်များနှင့် "ခရစ်ယာန်တို့" ထံမှ ရှင်းရှင်းလင်းလင်းသီးခြားရပ်တည်ခြင်းစည်းမျဉ်းကို လိုက်နာကျင့်သုံးရမည်။ တရားစီရင်ခြင်း၊ လက်တွေ့ပြုမူခြင်း၊ ကြားနာခြင်း၊ သင်ကြားခြင်းနှင့် ပေါင်းသင်းဆက်ဆံခြင်းတို့တွင် ကျွန်ုပ်တို့သည် အမှန်နှင့်အမှား၊ အလင်းနှင့်မှောင်မိုက်ကြားတွင် ဝိညာဉ်ရေးရာပိုင်းခြားသိမြင်ခြင်းကို ကျင့်သုံးရပါမည်။ ကမ္ဘာ၏အစတွင် ဘုရားသခင်သည် ထိုနိယာမကိုချထားခဲ့၏။ ယခုခေတ်ကာလအဆုံးပိုင်းတွင် သူ၏အစေခံဖြစ်သောကျွန်ုပ်တို့သည် ထိုနည်းတူ မပြုသင့်သလော။

**ဆင်ခြင်ရန်** - စစ်မှန်၍သစ္စာစောင့်သောယုံကြည်သူတို့သည် Ecumenical movement နှင့် ၎င်း၏မှောင်မိုက်ထဲတွင် သွားရောက်ချဉ်းကပ်ပါဝင်ကြမည်မဟုတ်ပေ။

**ဆုတောင်းချက်**- အဘဘုရား၊ ကျွန်ုပ်ကို ကိုယ်တော်၏ဖြောင့်တန်း၍ကျဉ်းမြောင်းသောလမ်းသို့ ပို့ဆောင်တော်မူပါ။

**ကမ္ဘာ ၁း၁-၅**
ဇဖက် ၅း၁-၁၄

“အတွင်းပိုင်း၌ရှိသောအလင်းရောင်သည်
လောင်ကျွမ်းပါစေ”

## ဘုရားသခင်သည်သင်၏အလင်းကိုမြင်တော်မူ၏

ဘုရားသခင်သည် အလင်းအတွက်အထူးမျက်လုံးပိုင်ဆိုင်တော်မူ၏။ ဖန်ဆင်းခြင်း၌ “ဘုရားသခင်သည် အလင်းကောင်းသည်ကိုမြင်တော်မူ၏. . .” (ကမ္ဘာ ၁း၄)။ ကျွန်ုပ်တို့၏ အသက်တာပြောင်းလဲခြင်းတွင် ဘုရားသခင်သည် သူ၏အလင်းကို ကျွန်ုပ်တို့အားပေးတော်မူ၏။ ထို့နောက် သူသည် ထူးခြားသောစိတ်ဝင်စားမှုဖြင့် ထိုအလင်းကိုကြည့်တော်မူ၏။ ထိုအလင်းသည် ကိုယ်တော့်လက်ရာတော်ဖြစ်သောကြောင့် ကိုယ်တော်ချစ်မြတ်နိုးခြင်းသာမဟုတ်ဘဲ သူကိုယ်တိုင်နှင့် တူသောကြောင့်ဖြစ်၏- “အကြောင်းမူကား ဘုရားသခင်သည်အလင်းဖြစ်၏” (၁ ယော ၁း၅)။ ဘုရားသခင်၏မျက်လုံးတော်က သင့်ကိုစတင်ခဲ့သောကျေးဇူးတော်အလုပ်ကို နူးညံ့စွာစောင့်ကြည့်နေကြောင်းသိရခြင်းသည် ကောင်းကြီးမင်္ဂလာဖြစ်၏။ ကျွန်ုပ်တို့၏ မြေအိုးတို့၌ ဘုရားသခင်သိုထားသောဘဏ္ဍာတို့ကို ဘယ်တော့မှသူမျက်ခြေမဖျက်ပါ (၂ ကော ၄း၇)။

တခါတရံတွင် ကျွန်ုပ် တို့သည် အလင်းကိုမမြင်နိုင်သော်လည်း ဘုရားသခင်သည် အစဉ်အမြဲမြင်တော်မူ၏။ ထိုအချက် သည် ကျွန်ုပ်တို့မြင်ရခြင်းထက် များစွာသာလွန်၏။ ကျွန်ုပ်သည် ဘုရားသခင်၏လူမျိုးတော်ဖြစ်ကြောင်းကို သိရခြင်းသည် အလွန်ကျေနပ်စရာကောင်းသော်လည်း ထိုထက်မကဘုရားသခင်သည် အကျွန်ုပ်အား သိသည်ဟူသောအချက်မှာ ပို၍အရေးကြီး၏။ ထိုအချက်တွင် ကျွန်ုပ်သည်လုံခြုံမှု ရှိ၏။ “. . . ဘုရားသခင်သည် မိမိလူတို့ကို သိကျွမ်းတော်မူ၏. . .” (၂ တိ ၂း၁၉)။ ချစ်သော ဘုရားသခင်၏သား၊ သင်သည် မွေးရာပါဖြစ်သော အချို့သောအပြစ်ကြောင့် ငြိုးတွားမြည်တမ်းပြီး သင်၏မှောင်မိုက်ကြောင့် ငိုကြွေးပူဆွေး ကောင်းပူဆွေးနေလိမ့်မည်။ သို့သော်လည်း ဘုရားသခင်သည် သင်၏နှလုံး၌ရှိသောအလင်းကို မြင်တော်မူ၏။ အဘယ်ကြောင့်ဆိုသော် ထိုအလင်းကိုထိုအရပ်၌ သူထားခြင်းဖြစ်၏။ သင်၏ ဝိညာဉ်သည် မိုးတိမ်များနှင့်အမှောင်ထုအားလုံးသည် သင်၏အလင်းကို ဘုရားသခင်၏ နှစ်သက်ဖွယ်ရာ မျက်စိမှ ဖုံးကွယ်မထားနိုင်ပါ။ သင်၏ခံစားချက်များပေါ်တွင် ထ၍ အားယူလော့။ ယေရှုကိုသာ စေ့စေ့ကြည့်ရှုလော့ (ဟေဗြဲ ၁၂း၂)။

သင်သည် မျှော်လင့်ချက်ကုန်၍ စိတ်ပျက်အားငယ်ခြင်းတို့၌ ကျရှုံးနိုင်သော်လည်း သင်၏ ဝိညာဉ်သည် သခင်ဘုရားကိုတောင့်တ၍ သူဆောင်ရွက်ပြီးခဲ့သောအမှု၌ နေလျှင် ဘုရားသခင်သည် ထိုအလင်းကိုမြင်တော်မူ၏။ သူသည် ထိုအရာကိုမြင်ရုံသာမက သင့်အထဲ၌လည်း ထိုအရာကို စောင့်ရှောက်တော်မူ၏။ မိမိတို့ကိုယ်ကို ဂရုစိုက်၍စောင့်ကြည့်ပြီးနောက် မိမိတို့၏အစွမ်းအစ ကင်းမဲ့မှုကို ခံစားနေသောသူတို့အတွက် ဤသည်မှာအဖိုးတန်သောအကြံဖြစ်၏။ ထိုကဲ့သို့သော အချိန်တွင် ကယ်တင်ရှင်ကိုမျှော်ကိုးလော့။ သူ၏ကျေးဇူးတော်အားဖြင့် ထိန်းသိမ်းထားသောအလင်းသည် တစ်နေ့တွင်မွန်းတည့်အချိန်၏ခမ်းနား ထည်ဝါခြင်းကဲ့သို့ ထွန်းလင်း၍ ဘုန်းအာနုဘော်နှင့်ပြည့်စုံကြလိမ့်မည်။ သင့်အထဲ၌ရှိသော သူ၏ အလင်းသည် ထာဝရနေ့ရက်၏ အာရုံဦးဖြစ်သည်။ သင်တို့တွင် ကောင်းသောအမှုကိုပြုစပြုတော်မူသောဘုရားသခင်သည် ထိုနေ့တိုင်အောင် ထိုအရာကို ပြီးစီးစေတော်မူမည် (ဖိလိ ၁း၆)။

**ဆင်ခြင်ရန်** - ကျွန်ုပ်တို့၏သခင်ဘုရားက “သူတပါးတို့သည် သင်တို့၏ကောင်းသောအကျင့်ကို မြင်၍ ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဘဂုဏ်တော်ကို ချီးမွမ်းစေခြင်းငှါ သူတပါးရှေ့၌ သင်တို့အလင်းကိုလင်းစေကြလော့” ဟု မိန့်တော်မူ၏ (မသဲ ၅း၁၆) ။

**ဆုတောင်းချက်**- အဘဘုရား၊ ကျွန်ုပ်အသက်တာအားဖြင့် ကိုယ်တော်သည် ဘုန်းတော်ထင်ရှားစေပါမည်အကြောင်း ကိုယ်တော့်အတွက် ကျွန်ုပ်ကိုတောက်ပစေပါ။

သောကြာ၊ ဒီဇင်ဘာ (၁၁)

**ဆာလံ ၂၇**

၁ ပေ ၅း၆-၁၁

*"အရာရာ၌ ဆုတောင်းခြင်းနှင့် အသနားခံခြင်းအားဖြင့်"*

## သူသည်ကျွန်ုပ်ကိုဂရုစိုက်၏

သူသည် ကျွန်ုပ်ကိုဂရုစိုက်၏ဟူ၍ သင်ပြောနိုင်သောအခါ ထိုအရာသည် ဝမ်းနည်းပူဆွေးခြင်းကို သက်သာစေသောနည်းလမ်းတစ်ခုဖြစ်၏။ ခရစ်ယာန်တို့ ဂရုစိုက်ခြင်းတည်းဟူသော အရာကို အမြဲဝတ်ဆင်ခြင်းအားဖြင့် သင်၏ဘာသာတရားကိုရှုံ့ချခြင်းမပြုပါနှင့်။ ထမ်းရွက်ရသောဝန်ကို သင်၏သခင်၌ချထားလော့။ သင်သည် အချို့ဖိနှိပ်နေသောအလေးချိန်အောက်တွင် တန်လှုပ်နေ၏။ ထိုအရာသည် ဘုရားသခင်အတွက်တွင်မူ ချိန်ခွင်၌ရှိသောသေးငယ်သည့်ဖုန်မှုန့်ကဲ့သို့ဖြစ်၏။ သင်၏အနည်းငယ်သောခွန်အား၌ အဘယ်ကြောင့်ရုန်းကန်နေသနည်း။ ဤအရာထက် ဘယ်အရာမှ ချိုမြိန်ခြင်းမရှိပေ -

*"ဘုရားသခင်လက်ျာတော်၌ မတုန်မလှုပ်ဘဲနေ့လျက်*
*လဲလျောင်း၍ သူ၏ အလိုတော်ကိုသာ သိလော့"*

အိုး ဆင်းရဲဒုက္ခရောက်နေသောကလေး သည်းခံလော့။ ဘုရားသခင်သည် သူ၏ထောက်ပံ့ခြင်းကို သင့်အပေါ်၌ရုပ်သိမ်းသွားခြင်းမဟုတ်ပေ။ စာငှက်ကိုကျွေးသောသူသည် သင်၏လိုအပ်ချက်များကိုလည်း ထောက်ပံ့ပေးလိမ့်မည်။ စိတ်ပျက်ခြင်းထဲတွင် အရှုံးမခံပါနှင့်။ သူ့ထံ၌မျှော်လင့်စရာရှိ၏။ ယုံကြည်ခြင်းဟူသောသူ၏သင်္ဘော၌ ဒုက္ခပင်လယ်ကို ရွက်လွှင့်လော့။ သင်္ဘောထဲ၌ ခရစ်တော်နှင့်အတူရှိလျှင် မုန်တိုင်းထဲတွင်သင်ပြုံးရွှင်နိုင်မည်။ ငြိမ်သက်ခြင်းရှိပါစေဟု လေနှင့်လှိုင်းတံပိုးကို သခင်ဘုရားအမိန့်ပေးခဲ့သည်ကို ကြားယောင်လော့ (မာကု ၄း၃၉)။ သင်တို့ကို သတိနှင့်ကြည့်ရှုတော်မူသောကြောင့် သင်တို့၏အမှုမှန်သမျှကို သူ့ထံ၌အပ်နှံလော့။

သင်သည် သူ၏မိသားစုဝင်ဖြစ်ကြောင်းကို သတိရလော့။ သူသည် သင်၏အနာကိုစည်း၍ သင်၏ကြေမွသောနှလုံးသားကိုပျောက်ကင်းစေတော်မူမည်။ သင်၏ဒုက္ခဆင်းရဲကြောင့် သူ့ကျေးဇူးတော်ကို ဘယ်သောအခါမှ သံသယမဖြစ်ပါနှင့်။ သူသည် သင့်ကိုပျော်ရွှင်မှု၌သာမက ဒုက္ခထဲတွင်လည်း ချစ်သည်ကိုယုံကြည်လော့။ သူသည်ပြောင်းလဲခြင်းမရှိပေ။ သင်၏ဝန်ထုပ်ဝန်ပိုး၌ အဘယ့်ကြောင့် ရုန်းကန်ကြ သနည်း။ သင့်အတွက် လိုအပ်သောအရာများကို ထောက်ပံ့ပေးသော ဘုရားသခင်ထံ၌ ချန်ထားလော့။ သူသည် သင့်အားအေးချမ်းငြိမ်သက်သော အသက်တာအား ပေးမည် မပေးမည်ကိုစောင့်မျှော်လော့။

ဘုရားသခင်သည် သင့်ကိုဂရုစိုက်တော်မူ၏။ သို့ဖြစ်လျှင် သင်သည်အဘယ်ကြောင့် စိုးရိမ်ခြင်းနှင့် ပြည့်နှက်နေသနည်း။ သင့်ခန္ဓာကိုယ်အတွက်သာမဟုတ်ဘဲ ဝိညာဉ်အတွက် ဘုရားသခင်ကို ကိုးစားနိုင်သလော။ သူသည်သင့်ဝန်ထုပ်ကို ထမ်းဖို့ရန် ဘယ်သောအခါမှ ငြင်းဆန်သည်မဟုတ်။ သူသည် ထိုဝန်ထုပ်အလေးချိန်အောက်၌ မောပန်းနွမ်းနယ်ခြင်းမရှိ။ ချစ်လှစွာသောစာဖတ်သူ၊ စိုးရိမ်ပူပန်မှုနှင့်အနီးသို့လာလော့။ သင်၏စိုးရိမ်ပူပန်မှုများအားလုံးကို ကျွန်ုပ်တို့၏ကျေးဇူးတော်ဖြင့်ပြည့်သော ဘုရားသခင်၏လက်တော်သို့အပ်နှံပါ။

**ဆင်ခြင်ရန်** - စာငှက်ကို ဂရုစိုက်သောသူသည် အကျွန်ုပ်ကိုလည်း အမှန်ဂရုစိုက်လိမ့်မည်။

**ဆုတောင်းချက်**- အဘဘုရား၊ ကိုယ်တော်ထံ၌ရှိသော ကျွန်ုပ်၏ယုံကြည်ခြင်းအားနည်းမှုကို ခွင့်လွှတ်တော်မူပါ။ ကျွန်ုပ်သည်ဝန်ထုပ်ဝန်ပိုးနှင့်အတူ ကိုယ်တော့်ထံ ပြေးပါလိမ့်မည်။

စနေ၊ ဒီဇင်ဘာ (၁၂)

**ယေဇ ၃၃း၂၀-၂၂**

ဟေဗြဲ ၁၂း၅-၁၁

"ကြည့်ရှုလော့။ ထာဝရဘုရား၏လက်တော်သည် မကယ်တင်နိုင်လောက်အောင် တိုတော်မမူ"

## ထာဝရဘုရား၏လက်တော်

သခင်ဘုရား၏လက်တော်သည် ကောင်းပေ၏။ ဆုံးမခြင်း (သို့) ခိုင်ခံ့စေခြင်းလက်တော်ပင်ဖြစ်စေ၊ သူ၏လက်တော်သည် အစဉ်အမြဲကောင်းကြီးမင်္ဂလာလက်တော်ဖြစ်သည်။ တခါတရံတွင် သူသည် ညာဘက်တွင်ကြိမ်လုံးနှင့်အတူ လည်ပတ်၏။ ကျွန်ုပ်သည်စိတ်ဓာတ်ကျသောသူ (သို့) ပုန်ကန်သောသူ မဖြစ်ပါစေနှင့်။ သို့သော် ကျွန်ုပ်သည် "ထိုနောက်မှငြိမ်သက်ခြင်းနှင့်စပ်ဆိုင်သော ဖြောင့်မတ်ခြင်းအကျိုးကိုခံရလိမ့်မည်. . ." (ဟေဗြဲ ၁၂း၁၁) ကိုသိ၍ အမြတ်အစွန်းရရှိဖို့ရန် ကြိုးပမ်းသောသူနှင့် တတ်ကြွစွာနာခံသောသူဖြစ်ပါရစေ။

တခါတရံတွင် သခင်ဘုရား၏လက်တော်သည် ကျွန်ုပ်တို့၏စိတ်ဝိညာဉ်ကိုခိုင်ခံ့စေပြီး ထာဝရအရာများကိုဦးတည်၍ စိတ်ဓာတ်ကိုမြှင့်တင်ရန်လာ၏။ ကျွန်ုပ်နှင့်ဆက်ဆံရာ၌ သူ၏ကျေးဇူးပြုတတ်သောလက်တော်အား ခံစားပါရစေ။ ဘုရားသခင်၏တည်ရှိခြင်းနှင့် ဝိညာဉ်တော်ဖြင့် ကျိန်းဝပ်ခြင်းက ကျွန်ုပ်တို့ဝိညာဉ်ကို လင်းယုန်တောင်ပံများကဲ့သို့ ကောင်းကင်သို့ သယ်ဆောင်၍ ကျွန်ုပ်တို့အားကောင်းကင်နှင့်ဆိုင်သော ဝမ်းမြောက်ခြင်းနှင့်ပြည့်ဝစေပြီး မြေကြီးပေါ်တွင်ခံရသော ဝမ်းနည်းပူဆွေးခြင်းတို့ကို ပယ်ဖျက်ပေး၏။ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် မမြင်ရသောအရာသည် ပေါ်ထွက်လာ၍ ကျွန်ုပ်တို့အပေါ်၌အုပ်စိုးသော မြင်နိုင်သော အရာတို့ကို ကျရှုံးစေ၏။ လိုအပ်နေသောသူ၏သိုးတို့အတွက် သိုးထိန်းကြီး၏ လက်တော်သည် အလွန်ကောင်းပါသည်တကား။

ကျွန်ုပ်တို့၏တိတ်ဆိတ်သောအချိန်ကာလသည် သခင်ဘုရားနှင့်အတူချိုမြိန်သောဆက်ဆံမှုဖြစ်သည့် သန့်ရှင်းမြင့်မြတ်သောအချိန်ကာလဖြစ်ပါစေ။ ယခုအချိန်တွင်ပင် ကျွန်ုပ်သည်နက်ရှိုင်းသောလိုအပ်မှုများကို ခံစားနေရသည်။ ထိုအရာတို့မှာ - ကျွန်ုပ်၏သနားခြင်းသည် လျော့ကျလာ၏။ ကျွန်ုပ်၏အကျင့်ပျက်ချစားမှုသည် ပြင်းထန်၏။ ကျွန်ုပ်၏ယုံကြည်ခြင်းသည် အားနည်း၏။ ကျွန်ုပ်၏ ကိုးကွယ်ဆည်းကပ်မှုသည် အေးစက်လာ၏။ ကျွန်ုပ်အပေါ်၌ သူ၏အနာရောဂါပျောက်ကင်းစေသောလက်တော်ကို ကျွန်ုပ်လိုအပ်ပေ၏။ ကမ္ဘာကြီးကိုဖန်ဆင်းခဲ့သော ဘုန်းကျက်သရေရှိသောလက်တော်သည် ကျွန်ုပ်၏စိတ်ကို ပြန်လည်ဖန်တီးနိုင်သည်။ ကမ္ဘာမြေကြီးကိုထောက်မထားသော အနန္တတန်ခိုးရှင်၏လက်တော်သည် ကျွန်ုပ်၏ညိုးနွမ်းနေသောဝိညာဉ်ကို ထောက်မပေးနိုင်၏။ ကျွန်ုပ်ကယ်တင်ရှင်၏လက်တော်သည် ၎င်းကိုသာ၍လုပ်ဆောင်ပေးလိမ့်မည်။

သူ၏ချစ်ခြင်းမေတ္တာတော်သည် ငါ့ကိုဦးဆောင်လမ်းပြသည့်အခိုက်အတန့်ကို အဘယ့်ကြောင့်ကျွန်ုပ်မခံစားသင့်သနည်း။ ငါ့ဝိညာဉ်၊ လာ၍ကိုယ်တော်ကိုသာ ကြည့်ရှုလော့။ စိုးရိမ်ခြင်းရှိသမျှတို့ကို ရှပ်စဲလော့။ ရှင်ပြန်ထမြောက်သောသခင်ဘုရားကို ကြည့်ရှုလော့။ သူသည် ထာဝရရှင်တော်မူ၏။ ထို့နောက် သင်၏လက်ကို သံချောင်းဖြင့်ရိုက်ထားသောသူ၏ လက်တော်ထဲသို့ ထိုးသွင်းလော့။ "ငြိမ်သက်ခြင်းကိုသင်တို့၌ငါထားခဲ့၏။ ငါ၏ငြိမ်သက်ခြင်းကို သင်တို့အား ငါပေး၏. . ." (ယောဟန် ၁၄း၂၇) ဟူသောသခင်ယေရှု၏စကားကို နားဆင်လော့။ "ထာဝရအသက်ကိုလည်း ငါပေး၏။ ထိုသိုးတို့သည် ပျက်ဆီးခြင်းနှင့်အစဉ်မပြတ်ကင်းလွတ်ကြလိမ့်မည်။ အဘယ်သူမျှ ထိုသိုးတို့ကိုငါ့လက်မှ မနှုတ်မယူရာ" (ယောဟန် ၁၀း၂၈)။

**ဆင်ခြင်ရန်** - ကျွန်ုပ်၏အချိန်သည် ဘုရားသခင်၏လက်တော်တွင်ရှိကြောင်းကို အမှန်ယုံကြည်ပါသလား။

**ဆုတောင်းချက်**- အဘဘုရား၊ ပတ်ဝန်းကျင်၌ရှိသောအကျင့်ပျက် ချစားမှုများမှ ကင်းဝေးစေ၍ ကျွန်ုပ်အပေါ်၌ကျရောက်သောကိုယ်တော်၏လက်တော်ကို မြင်တွေ့ရန် ကောင်းကင်သို့သာ မျှော်ကြည့်ဖို့ရန် ကျွန်ုပ်၏မျက်စိကိုလမ်းညွှန်တော်မူပါ။

တနင်္ဂနွေ၊ ဒီဇင်ဘာ (၁၃)

**ဆာလံ ၁၁၀**

ဖိလိ ၁း၂၁-၃၀

*ခရစ်တော်၌သေခြင်းသည် အကျိုးအမြတ်ဖြစ်၏*

## အသက်ရှင်ခြင်းသည်ခရစ်တော်ဖြစ်၏

ယုံကြည်သူသည် ခရစ်တော်နှင့်အတူအမြဲတမ်းအသက်မရှင်ခဲ့ကြပါ။ သန့်ရှင်းသောဝိညာဉ်တော်ဘုရားသည် ယုံကြည်သူတို့၏အပြစ်ကိုဖော်ပြပြီး ကယ်တင်ရှင်၏အပြစ်ဖြေစရာအသွေးတော်အား ကိုးစားဖို့ရန်ခေါ်ဆောင်လာပြီး ခရစ်တော်၏အသစ်သောအသက်တာကို ရရှိပိုင်ဆိုင်မှသာ ထိုသို့သူစတင်ခဲ့၏။ ထိုအသစ်သောမွေးဖွားခြင်း၏အခိုက်အတန့်၌ ထိုသူသည်အတူစတင်အသက်ရှင်လာ၏။ ဤအရာသည်ဘုရားသခင်၏စစ်မှန်သောသားသမီးတိုင်း ကြုံတွေ့ရသောသက်သေဖြစ်သည်။ ၎င်းကိုသင်ကြုံတွေ့သလား။

ယုံကြည်သူများအတွက်ယေရှုသည် အဖိုးထိုက်သောအရာ အားလုံး၏အထက်တွင်ရှိ၏။ သူသည် အလွန်အဖိုးထိုက်သောပုလဲ (မသဲ၁၃း၄၆) တစ်သောင်းတွင် အကြီးမြတ်ဆုံး (ရှောလမုန် ၅း၁၀) နှင့် ငါတို့ဝိညာဉ်၏ချစ်သူနှင့်ငါတို့ကို ရွေးနှုတ်သောဘုရားသခင် ဖြစ်တော်မူ၏။ ကျွန်ုပ်တို့၏အသစ်သောအသက်တာသည် သူ့ထံမှလာ၍ သူပိုင်ဆိုင်ထားသောကြောင့် သူ့ဘုန်းတော်အတွက် အသက်ရှင်ရပါမည်။ ကျွန်ုပ်တို့အပေါ်ထားသည့် သူ၏ဖော်ပြ၍မရသော မေတ္တာနှင့်ထိုက်တန်သည့်အရာမရှိပေ။ တမန်တော်ရှင်ပေါလုသည် ထိုအရာကိုအပြည့်အဝယုံကြည်ပြီး ကျွန်ုပ်တို့ပြောသင့်သည့်အရာမှာ - “ငါအသက်ရှင်သည်အရာမှာ ခရစ်တော်ဖြစ်၏။ သေလျှင်မူကား သာ၍အကျိုးရှိ၏” (ဖိလိ ၁း၂၁)။

ပေါလု၏စကားသည် လူအများထင်သည်ထက်ပို၍ အဓိပ္ပာယ်ရှိ၏။ သူတို့ကပေါလုအသက်၏ ရည်ရွယ်ချက်ပန်းတိုင်သည် ညွှန်ပြကြ၏။ ထိုသို့မဟုတ် ပေ။ ပေါလု၏အသက်တာသည် ယေရှုပင်ဖြစ်၏။ ယေရှုသည် အသက်၊ စစ်မှန်သောဘုရားသခင်နှင့် ထာဝရအသက်ဖြစ်တော်မူ၏ (ယော ၁၄း၆၊ ၁ ယော ၅း၂၀)။ ရှေးသန့်ရှင်းသူတပါး၏အဆိုအရ သူသည်စားသောက်ခဲ့၍ ထာဝရအသက်သို့အိပ်စက်ခဲ့၏ - “ယေရှုသည် သူ၏အသက်ရှူမှု၊ သူ့ဝိညာဉ်၏ဝိညာဉ်၊ သူ့နှလုံးသား၏နှလုံးသား၊ သူ့အသက်တာ၏အသက်” ဖြစ်ခဲ့၏။ ဤအရာမှာ လုံးလုံးပြောင်းလဲသော ခရစ်ယာန်တဦး၏သာမာန် အသက်တာဖြစ်သည်။

ချစ်သောစာဖတ်သူ၊ သင်၏အသက်ရှင်ခြင်းသည် ခရစ်တော်ဖြစ်၏ဟူ၍ ရိုးသားစွာပြောနိုင်သလော။ သင်၏စီးပွားရေးလုပ်ငန်း (သို့) အလုပ်အကိုင်အခွင့်အလမ်း၌ သူ့အတွက် သင်လုပ်ပေးနေပါသလား။ ဤနိယာမ (နည်းလမ်း) ကို အတိုင်းအတာတစ်ခုအထိ လိုက်နာကြသူများသာရှိ၏။ သို့သော် ဘုရားသခင်သည်ပေါလုကဲ့သို့ ခရစ်တော်၌ လုံးလုံးလျားလျားအသက်ရှင်မည့်သူများကို ရှာဖွေ၏။ ဤအရာတစ်ခုတည်းသည် စစ်မှန်သောခရစ်ယာန်အသက်တာဖြစ်၏။ အားနည်းသော၊ နွေးရုံသာရှိသော၊ စိတ်နှလုံးထပ်ဝက်သာဖြစ်သော “ခရစ်ယာန်အသက်တာ” နှင့် ဝေးဝေး၌နေလော့။

**ဆင်ခြင်ရန်** - ငါသည် အဘယ်သူအတွက် အသက်ရှင်နေသနည်း။

**ဆုတောင်းချက်**- အဘဘုရား၊ ကျွန်ုပ်၏အသက်တာကိုကိုယ်တော်ထံသို့အပ်နှံ၏။ ကိုယ်တော်နှင့်သာအသက်ရှင်မည်အကြောင်း ဂတိပေးတော်မူ၏။ ကိုယ်တော်အတွက် သွားဖို့ဆန္ဒရှိရန်နှင့် သေဖို့ပင်လျှင် အဆင်သင့်ဖြစ်စေပါ။ ခပ်သိမ်းသောအရာတို့သည် ဘုန်းတော်ကိုပြကြပါစေ။ အာမင်။

# အောင်နိုင်သူထက်သာသူ

ကျွန်ုပ်တို့သည် ခွင့်လွှတ်ခြင်းရဖို့ခရစ်တော်ထံသို့ သွားကြပြီး ငါတို့၏အပြစ်များကို တိုက်ခိုက်ဖို့ရန် တန်ခိုးကိုပညတ်တော်၌ မကြာခဏရှာဖွေတတ်ကြ၏။ ထို့ကြောင့် ရှင်ပေါလုက ကျွန်ုပ်တို့အား ဂလာတိ ၃း၁-၃ တွင်ဆုံးမထား၏။

ခရစ်တော်၏လက်ဝါးကပ်တိုင်တော်သို့ သင်၏ အပြစ်များကိုယူဆောင်သွားလော့။ အကြောင်းမူကား လူဟောင်းသည်ထိုနေရာတွင်သာ တင်သတ် နိုင်၏။ ကျွန်ုပ်တို့သည်ယေရှုနှင့်အတူ ကားတိုင်၌အသေသတ်ခြင်းခံရ၏။

အပြစ်တရားကို တိုက်လှန် ရန် တစ်ခုတည်းသောလက်နက်မှာ ယေရှု၏နံဘေးကို ထိုးဖောက်သော လှံဖြစ်သည်။ ဥပမာပေးရ မည်ဆိုလျှင် သင်သည်ဒေါသစိတ်ကိုအနိုင်ယူချင်လျှင် သင်ဘာလုပ်သနည်း။ ထိုအရာနှင့်အတူ သခင်ယေရှုထံသို့ မှန်သောလမ်းဖြင့်သွားဖို့ရန် ဘယ်သော အခါမျှ သင်မကြိုးစားခဲ့ကြောင်း အလွန် ဖြစ်နိုင်၏။

အဘယ်သို့ ကျွန်ုပ်ကယ်တင်ခြင်းခံသနည်း။ ကျွန်ုပ်သည်အရှိအတိုင်း ယေရှုထံသို့လာခဲ့ပြီး ကျွန်ုပ်အားကယ်တင်ရန် သူ့ကိုယုံကြည်ကိုးစားခဲ့၏။ ထိုနည်းတူ ကျွန်ုပ်၏ဒေါသအမြတ်ကိုသတ်ရ ပါမည်။ ထိုအရာသည် အမြတ်ဒေါသကိုအမြဲသတ်နိုင်ဖို့ရန် ကျွန်ုပ်အတွက်တစ်ခုတည်းသော နည်းလမ်းဖြစ်၏။ ကျွန်ုပ်သည်၎င်းနှင့်အတူ လက်ဝါးကပ်တိုင်သို့သွားပြီး ယေရှုအား “သခင်၊ ကျွန်ုပ် ကို ထိုအရာမှကယ်နှုတ်တော်မူမည်ဟု ယုံကြည်ပါ၏” ဟူ၍ပြောရပါမည်။ ထိုအရာသည် ၎င်းကို သေစေနိုင်သောတစ်ခုတည်းသောနည်းလမ်းဖြစ်သည်။

သင်သည်လောဘကြီးသလား။ လောကကြီး က သင့်အားလွှမ်းမိုးနေသည်ဟူ၍ သင်ခံစား ပါသလား။ သင်နှစ်သက်သရွေ့ ဤမကောင်းမှုကိုခုခံ တွန်းလှန်နိုင်သော်လည်း ၎င်းသည် သင့်အား ဒုက္ခပေးတတ်သောအပြစ်ဖြစ်လျှင် သင်သည် ယေရှု ၏အသွေးတော်မှလွဲ၍ အခြားသော နည်းလမ်းဖြင့် ဘယ်သောအခါမျှ ကယ်တင်ခံရလိမ့်မည်မဟုတ်ပေ။

၎င်းကိုခရစ်တော်ထံသို့ယူဆောင်လာလော့။ သခင်၊ ကိုယ်တော်၏နာမသည် ယေရှုဖြစ်၍ ကိုယ်တော်ကိုကိုးစားပါ၏။ အကြောင်းမူကား ကိုယ်တော်သည် ကိုယ်တော်၏လူတို့အားသူတို့၏အပြစ် တို့မှကယ်တင်ခဲ့သည်။ သခင်ဘုရား၊ ဤအရာသည်ကျွန်ုပ်အပြစ်များမှ တစ်ခုဖြစ်၍ ၎င်း၏အထဲမှ ကျွန်ုပ်အားကယ်တင်တော်မူပါ။

အထုံးအဖွဲ့တော်များသည် ခရစ်တော်မရှိလျှင် အချည်းနှီးသာဖြစ်၍ ကိုယ်အင်္ဂါဖျား နာခြင်းကို သက်ရောက်စေသော အကြောင်းအရင်းသာဖြစ်၏။

သင်တို့သည် သင်တို့အားချစ်သော သခင်ဘုရားအားဖြင့် အောင်နိုင်သူဖြစ်ရပါမည်။

**ဆင်ခြင်ရန်** - ကျွန်ုပ်၏အပြစ်များကိုဆန့်ကျင်လျက် ရှုံးနိမ့်သောတိုက်ပွဲကို အဘယ့်ကြောင့် ကျွန်ုပ်တိုက်ခိုက်နေဆဲဖြစ်သနည်း။

**ဆုတောင်းချက်**- အဘဘုရား၊ ကျွန်ုပ်သည်သန့်ရှင်းခြင်း၌တိုးပွား၍ ကျွန်ုပ်၏သခင်နှင့် ကယ်တင် ရှင်ယေရှုခရစ်၏နာမတော်ကို ချီးမြှောက်နိုင်ရန်သော်၎င်း၊ ကျွန်ုပ်သည် ခရစ်တော်နှင့်အတူ အပြစ်တို့အားအောင်နိုင်သောသူထက် ပိုသောသူဖြစ်မည် အလိုငှါသော်၎င်း၊ ကျွန်ုပ်၏အားနည်းချက်တိုင်း ကြီးလေးသော (သို့) သေးငယ် သော အပြစ်ရှိသမျှတို့နှင့်အတူ ကိုယ်တော်ထံတော်သို့ ဆက်လက်လာပါရစေ။

အင်္ဂါ၊ ဒီဇင်ဘာ (၁၅)

**ထွက် ၂၈း၁၆-၃၈**

ယောဟန် ၄း၂၁-၂၄

*"ငါသည်သန့်ရှင်းသောသူဖြစ်သောကြောင့်
သင်တို့သည်သန့်ရှင်းခြင်းရှိကြလော့"*

## ဘုရားသခင်အားဝိညာဉ်နှင့်ရင်း၊ သမ္မာတရားနှင့်ရင်း ကိုးကွယ်လော့

တည်ကြည်လေးနက်သောဆုတောင်းခြင်းနှင့်အတူ ယနေ့ကိုစတင်ကြပါစို့။ အဘဘုရား၊ "သန့်ရှင်းသောအရာများ၏အပြစ်" ကို မြင်တွေ့နိုင်ဖို့ရန် ကျွန်ုပ်၏မျက်စိကိုဖွင့်တော်မူပါ။ ဤထူးဆန်းပြီးဝမ်းနည်းဖွယ်ရာမြင်ကွင်းကို အနီးကပ်ကြည့်ရှုခြင်းသည် ကျွန်ုပ်တို့အတွက် အလွန်နိမ့်ကျသောအရာနှင့် အကျိုးရှိသောအရာဖြစ်သည်။ ကျွန်ုပ်တို့၏လူထုဝတ်ပြုကိုးကွယ်ခြင်း၏ အပြစ်များဖြစ်သည့် ဟန်ဆောင်လျှို့ဝှက်မှု၊ သေသောထုံးတမ်းစဉ်လာ၊ နွေးရုံမျှသာရှိမှု၊ လေးစားကြည်ညိုမှုမရှိခြင်း၊ လှည့်စားသောနှလုံးသားနှင့် ဘုရားသခင်ကိုမလေးမစားပြုခြင်းတို့သည် "သန့်ရှင်းသောအရာများ၏အပြစ်ကို စာရင်းပြုစုထားခြင်းဖြစ်သည်။

သို့သော် ၎င်းသည်အားလုံးမဟုတ်ပါ။ သခင်ဘုရားအတွက် အမှုထမ်းရာတွင် ဟန်ဆောင်မှု၊ တစ်ကိုယ်ကောင်းဆန်မှု၊ ဂရုမစိုက်မှု၊ ပေါ့ဆမှု၊ ပျင်းရိမှုနှင့် မယုံကြည်မှုတို့ကို ဆက်လက်ဆင်ခြင် လော့။ ကျွန်ုပ်တို့၏အဦးဆုံးဖြစ်ပျက်ပုံ၌ပင် ညစ်ညူးမှုအစုလိုက် အပြုံလိုက်ရှိခဲ့သည်တကား။ ကျွန်ုပ် တို့၏ကိုယ်ပိုင်သီးသန့်ကိုးကွယ်မှုတွင် သူတို့၏စိတ်လုံးလုံး မဆက်ကပ်မှု၊ အေးစက်မှု၊ လျစ်လျူရှုမှု၊ အိပ်စက်မှုနှင့် အချည်းနှီးဖြစ်မှုတို့သည် ရွံ့စရာကောင်း၍ ဘုရားသခင်လက်မခံနိုင်သောအရာဖြစ် သည်။ အချို့သောဘုရားကျောင်းတက်ရောက်သူ ကျွန်ုပ်ကိုယ်တိုင်သော်၎င်း ၊အချို့ပရိသတ် များက သော်၎င်း "သန့်ရှင်းသောအရာများ" ထဲတွင် မိမိတို့၏အတွေ့အကြုံတို့ကို ထပ်မံဖြည့်စွက်ကြ၏။

ခရစ်ယာန်အချို့တို့နှင့်အတူ ကိုးကွယ်ရသည့်စိတ်ခံစားမှုသည် ပျင်းရိစရာဥယျာဉ်နှင့် အလွန် ဆင်တူ၏။ ကြည့်ရှုလော့။ ငါ့ဥယျာဉ်ထဲ ဖုံးအုပ်နေသော အန္တရာယ်ပေး သည့်ပေါင်းပင်များကို တွေ့ရ ခြင်းမှာ စိတ်မကောင်းစရာဖြစ်သည်။ "ဟုတ်ကဲ့၊ သင်၏အိမ်နီးချင်း ကိုမကြည့်မိရန် သတိပြုလော့။ ချစ်ခြင်းမေတ္တာကဲ့သို့ပင် အိမ်မှအစပြုကြပါစို့"။ သန့်ရှင်းသော ဝိညာဉ်တော်၏အကူအညီဖြင့် သန့်ရှင်း သောစေ့ဆော်မှုနှင့် ဘုရားသခင်ပေးသောဆန္ဒတို့နှင့်အတူ သခင်ဘုရားရှေ့တော်သို့ ချဉ်းကပ်၍ ဂရုဏာအတွက် တောင်းလျှောက်ကြပါစို့။ အပြစ်၏ အန္တရာယ် ပေးသောပေါင်းပင်ရှိသမျှကိုကျွန်ုပ် တို့သည် သခင်ဘုရားထံသို့ဝန်ချတောင်းပန်ခဲ့သည်အတိုင်း ဖယ်ရှားရပါမည်။

ယဇ်ပုရောဟိတ်မင်းသည် သန့်ရှင်းသောအများ၏အပြစ်ကိုခံယူသောအခါ သူ၏ခေါင်းပေါ်တွင် "ထာဝရဘုရားထံ သန့် ရှင်းခြင်" ဟူသောစကားလုံးများကို ဝတ်ဆင်ထား သည့်အချက်ကြောင့် ကျွန်ုပ်တို့နှစ်သိမ့်မှုရခဲ့သည်။ ငါတို့သခင်ယေရှုခရစ်သည် ငါတို့အပြစ်များ ကိုသယ်ဆောင်နေစဉ်၌ပင် သူသည်ငါတို့၏မသန့်ရှင်း ခြင်းကိုမဟုတ်ဘဲ သူ၏သန့်ရှင်းခြင်း ကိုခမည်းတော်၏ရှေ့မှောက်တွင် ဖော်ပြခဲ့သည်။ ကျွန်ုပ်တို့၏ ယဇ်ပုရောဟိတ်မင်းအား ယုံကြည်ခြင်း မျက်စိဖြင့်ကြည့်ရှုရန် ကျေးဇူးတော်ခံရပါသည်တကား။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် နံဝိညာဉ်ဖြစ်သောကြောင့် အဘယ်လူ၏လှည့်ဖြားခြင်းနှင့် ပျက်ရယ်ပြုခြင်းကိုခံတော်မမူနိုင်ပါ။

**ဆုတောင်းချက်**- အဘဘုရား၊ ကျွန်ုပ်၏မသန့်ရှင်းသောအသက်တာကို ခွင့်လွှတ်တော်မူပါ။ ကိုယ်တော်ကိုကိုးကွယ်ရန်နှင့် ကိုယ်တော်အတွက်အမှန်တကယ်နှစ်သက်ဖွယ်ကောင်း၍ ကိုယ်တော်ဘုန်းတော်အား ထင်ရှားစေသောအသက်တာဖြင့် အသက်ရှင်ရန်ပြုပြင်တော်မူပါ။

ဗုဒ္ဓဟူး၊ ဒီဇင်ဘာ (၁၆)

**ဟေရှာ ၆၃း၁**

ရောမ ၁း၁၆-၃၂ *ကျွန်ုပ်တို့၏သခင်သည် အကြွင်းမဲ့ကယ်တင်တော်မူ၏*

## ကယ်တင်ရန်အစွမ်းသတ္တိ

"ကယ်တင်ခြင်းသို့ရောက်ရန်" (ဟေရှာ ၆၃း၁) ဟူသောစကားလုံးအားဖြင့် ကျွန်ုပ်တို့သည် ကယ်တင်ခြင်း၏မဟာလုပ်ငန်းအလုံးစုံကို အဦးဆုံးသန့်ရှင်းသောစိတ်ဆန္ဒမှ စုံလင်သောသန့်ရှင်းခြင်းသို့ ကယ်တင်ကြောင်းကိုနားလည်ထားကြ၏။ သခင်ယေရှုခရစ်တော်သည် နောင်တရသူတို့ကိုသာ "ကယ်တင်ရန်ခွန်အားကြီး" သည်မဟုတ်ဘဲ၊ လူသားတို့ကိုနောင်တရစေနိုင်၏။ သူသည် ယုံကြည်သောသူတို့အား ကောင်းကင်ဘုံသို့ပို့ဆောင်လိမ့်မည်။ သို့သော် သူသည်လူတို့အား အသစ်သောနှလုံးသားကိုပေးစွမ်းရန်နှင့် သူတို့အထဲ၌ယုံကြည်ခြင်းရှိရန် စွမ်းဆောင်နိုင်၏။ သန့်ရှင်းခြင်းကိုမုန်းသောသူသည် သန့်ရှင်းခြင်းကိုချစ်ဖို့ရန်နှင့် မထိမဲ့မြင်ပြုသောသူသည်သူ့ရှေ့၌ ဒူးထောက်ဖို့ရန်စွမ်းဆောင်နိုင်၏။ ကျွန်ုပ်တို့၏သခင်သည် ကယ်တင်ရန်သော်၎င်း၊ လျှင်မြန်စွာသန့်ရှင်းခြင်းသို့ရောက်စေရန်သော်၎င်း၊ တတ်စွမ်းနိုင်၏။

သူပြီးစီးထားသောအလုပ်တို့၌ သူ၏တန်ခိုးတော်ကို ကျွန်ုပ် တို့ မြင်တွေ့ရ၏။ ယုံကြည်သူတစ်ဦး၏ဘဝသည် တန်ခိုးကြီးသောဘုရားသခင်ဖြစ်ပေါ်စေသော အံ့ဘွယ်အမှုများထဲက တစ်ခုဖြစ်သည်။ သူသည်မိမိ၏လူတို့ကို သန့်ရှင်းစေနိုင်ပြီး ဆက်လက်သန့်ရှင်း ရန်ထိန်းသိမ်းနိုင်တော်မူ၏။ သူသည်မိမိလူတို့အား ကောင်းကင်ဘုံ၌ သူတို့၏ထာဝရကယ်တင်ခြင်း သို့ ရောက်သည်တိုင်အောင် ဆက်လက်ကာကွယ်စောင့်ရှောက်မည်။ ခရစ်တော်၏အားကြီးသော တန်ခိုးတော်သည် လူတဦးအားယုံကြည်သူဖြစ်စေ၍ ထို့နောက်တွင်သူ့ကိုယ်ကို ကျွေးမွေးရန်ထားရစ် ခြင်းမရှိပေ။ သို့သော် "သင်တို့တွင်ကောင်းသောအမှုကို ပြုစပြုတော်မူသောသူသည် ယေရှုခရစ်၏ နေ့ရက်တိုင်အောင် ပြီးစီးလျက်ပြုတော်မူမည်ဟု ငါသဘောကျ၏" (ဖိလိ ၁း၆)။ ကျွန်ုပ်တို့၏ကယ် တင်ရှင်သည် ကယ်တင်ရန်တန်ခိုးကြီးပါ၏။

ဤအချက်ကိုဆင်ခြင်လော့။ သူသည်သေသောဝိညာဉ် ထဲသို့ အသက်ကို ထည့်သွင်းထားသည်။ သူသည် ဘုရားသခင်တည်ရှိမှုကို ထိန်းသိမ်းထား၏။ သူသည် အားလျော့စေသော အပြစ်တိုင်းကို ဆန့်ကျင်တွန်းလှန်နိုင်ဖို့ရန် ၎င်းကိုဆက်လက်ခွန်အားပေး၏။ သူသည် ၎င်းကိုကျေးဇူးတော်နှင့်သန့်ရှင်းခြင်း၌ နောက်ဆုံးတွင်ကမ္ဘာမြေမှလွတ်မြောက်၍ ဘုန်းအသ ရေနှင့်စုံလင်စေခြင်းခံရသည့်တိုင်အောင် ကြီးထွားစေ၏။ ကျွန်ုပ်တို့သခင်သည် ဤအရာအားလုံးထက် ပို၍ပင် လုပ်နိုင်သောတန်ခိုးတော်ရှိ၏။

တစ်စုံတစ်ဦးအတွက် သင်ဆုတောင်းသလော။ ဘာမှဖြစ်လာ ပုံမရသောကြောင့် စိတ်ဓာတ်မကျပါနှင့်။ ဘယ်တော့မှအရှုံးမပေးပါနှင့်။ ကျွန်ုပ်တို့၏သခင်သည် ကယ်တင်ရန်တတ်စွမ်းနိုင်၏။ သူ၏တန်ခိုးကြီးသောလက်တော်ကို ဆုပ်ကိုင်ထားလော့။ သင်၏ပြဿ နာက သင့်ကိုဒုက္ခပေးပါသလား။ မစိုးရိမ်နှင့်။သူ၏ကျေးဇူးတော်သည် သင့်အဖို့လောက်ပေ၏။ ကျွန်ုပ် တို့၏သခင်သည် အစပြုရန် (သို့) ဆက်လက်ဆောင်ရွက်ရန် (သို့) နောက်ဆုံးသောစုံလင်ခြင်းသို့ ပို့ဆောင်ရန်ဖြစ်စေ "ကယ်တင်ရန်တတ်စွမ်းနိုင်"သောသူဖြစ်၏။ သူ၏တန်ခိုးတော်ကို အကောင်းဆုံး သက်သေပြဖို့ရန်မှာ သူသည်သင့်အားကယ်တင်ခဲ့သောအချက်ဖြစ်၏။ ထို့ပြင် သူသည်များစွာသော သူတို့ကို ကယ်တင်ရန်တန်ခိုးရှိသည်။

**ဆင်ခြင်ရန်** - သခင်ဘုရားအတွက် အလွန်ခက်ခဲသောအရာတစ်စုံတစ်ခုရှိပါသလား။

**ဆုတောင်းချက်**- အဘဘုရား၊ ကိုယ်တော်သည် အနန္တတန်ခိုးရှင်ဘုရားဖြစ်သောကြောင့် ကိုယ်တော့်ကိုအကျွန်ုပ်ယုံကြည်စိတ်ချခြင်းကို ဘယ်တော့မှသံသယမဖြစ်ပါစေနှင့်။

**ယေရမိ ၃၁း၂၇-၃၄**
ဟေဗြဲ ၈း၁၀-၁၃

*“ဧမာနွေလ - ငါတို့နှင့်အတူ ရှိတော်မူသောဘုရားသခင်”*

# ငါသည်သင်တို့၏ဘုရားသခင်ဖြစ်မည်

ခရစ်ယာန်၊ သင်အမြဲမျှော်လင့်သောအရာရှိသမျှတို့ထက်သာ၍ ကျေနပ်စရာကောင်းသည့်အရာတစ်ခုရှိသည်။ ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရား မိန့်တော်မူသောၤအချက်ကို တဖန်တွေးဆလော့။ “. . . ငါ၏ပညတ်တရားကို သူတို့အတွင်းထဲသို့သွင်းမည်။ သူတို့နှလုံးပေါ်မှာ ရေးထားမည်။ ငါသည် သူတို့၏ဘုရားဖြစ်၍ သူတို့သည်လည်း ငါ၏လူဖြစ်ကြလိမ့်မည် (ယေရမိ ၃၁း၃၃)။ ဤအရာမှာ အတွေးအခေါ် (သို့) ဆန္ဒတို့ထက်များစွာသာလွန်သောအရာ၊ သူ့လူတို့ထံသို့ ဘုရားသခင်၏ကတိတော်ဖြစ်သည်။ ဆာလံဆရာဒါဝိဒ်က “. . . ငါ့ခွက်ဖလားသည် လျှံလျက်ရှိပါ၏” (ဆာလံ ၂၃း၅) ဟူ၍ပြောဆိုခဲ့သောအရာမျိုးဖြစ်၏။

ခရစ်တော်၌ကျွန်ုပ်တို့သည် အရာခပ်သိမ်း ကို ပိုင်ဆိုင်ကြ၏။ ကျွန်ုပ်တို့၏ အနှစ်သက်ဆုံးဆန္ဒနှင့်အမြင့်မားဆုံးဆန္ဒတို့ကို သခင်ဘုရားဖြည့်ဆည်း ပေးလိမ့်မည်။ ဘုရားသခင်၏ အတိုင်းမသိများပြားလှသောကြွယ်ဝမှုသည် ကျွန်ုပ်တို့၏ခွက်ဖလားကို ဖြည့်၍လျှံနေအောင် ဖြည့်စွက်ပေးခြင်းကြောင့် လျှံလျက်ရှိပါ၏။ ထို့နောက် သူက “ငါသည်သင်တို့၏ ဘုရားသခင် ဖြစ်မည်” ဟုပြော၏။ သင့်ကိုယ်သင် ဤသို့မေးကြည့်လော့။ သခင်ဘုရားကို ကျွန်ုပ် ပိုင်ဆိုင်သောအခါ ကျွန်ုပ်အတွက်ပြည့်စုံခြင်းရှိပါသလော။ ဘုရားသခင်မှအပ အခြားသောအရာတစ် ခုခုကို ကျွန်ုပ်လိုချင်ပါသလား။ ကျန်သောအရာအားလုံးဆုံးရှုံးလျှင် သူ၏ခပ်သိမ်းသောအရာ၌ လုံလောက်မှုက ကျွန်ုပ်အားကျေနပ်စေရန် လုံလောက်မှုမရှိသလော။

လာပါ သူငယ်ချင်း၊ ဤနေရာတွင် ဘုရားသခင်၏ဂတိတော်၌ ကောင်းကင်ဘုံအတွက် ဆီလျော်သော တေးဂီတရှိ၏။ အကြောင်း မူကား သူသည်ကောင်းကင်ဘုံကိုဖန်ဆင်းသောသူဖြစ်၏။ သူ၏ဂတိတော်နှင့်နှိုင်းယှဉ်၍ရသော တေးဂီတမျိုးမရှိပါ။ “ငါသည် သင်တို့၏ဘုရားသခင်ဖြစ်မည်”၊ သင်အလိုရှိသောအရာကို သုခ ပင်လယ်၊ စစ်မှန်သောကြည်နူးမှုနှင့် အဆုံးမဲ့သမုဒ္ဒရာဟူ၍ခေါ်လော့။ သင်သည် ဘုရားသခင်၏ ကောင်းကြီးမင်္ဂလာကိုနှစ်ပေါင်းတစ်သောင်းကျော်ပြီးလျှင်တောင်မှ ကုန်ခမ်းစေနိုင်မည်မဟုတ်ပေ။ ထိုထာဝရနေ့၌ သခင်ဘုရား၏ လှပသောဘုန်းတော်ကိုမြင်ရလိမ့်မည်။ ထို့နောက် နှစ်ပေါင်းများစွာကာလပတ်လုံး သူ၏ဗိမာန်တော်ကိုသင်သည် စုံစမ်းမေးမြန်းလိမ့်မည် (ဆာလံ ၂၇း၄)။

ဘုရားသခင်၏ဂတိတော်များထဲမှ “ငါသည် သင်တို့၏ဘုရားသခင်ဖြစ်လိမ့်မည်” ဟူသော အရာမှာ အပြောင်မြောက်ဆုံးလက်ရာဖြစ်၏။ ၎င်း၏အချို့သော မျှော်လင့်ချက်သည် ကောင်းကင် ဘုံအား မြေကြီးပေါ်သို့သယ်ဆောင်လာသည်။ ဤဂတိတော်၏အလင်း၌ နေ့စဉ်အသက် ရှင်လျှောက် လှမ်းလော့။ ကျွန်ုပ်တို့၏အနာဂတ်ကို ကမ္ဘာမြေကြီးပေါ်တွင် ကြိုတင်အစီအစဉ်မချသင့် တော့ပေ။ ကောင်းကင်နိုင်ငံသားများ၊ ဘုရင့်သားသမီးများကဲ့သို့ နေထိုင်ကြပြီး ပြော၍မရနိုင်သော ဝမ်းမြောက်ခြင်းဖြင့်ဝမ်းမြောက်လော့။ သူသည် ကျွန်ုပ်တို့၏ဘုရားသခင်ဖြစ်၍ ကျွန်ုပ်တို့သည်လည်း သူ၏လူမျိုး ဖြစ်ကြလိမ့်မည်။

**ဆင်ခြင်ရန်** - ဘုရားသခင်က “ငါသည် သင်တို့၏ဘုရားသခင်ဖြစ်မည်” ဟုဆို၏။ ဤအရာက ကျွန်ုပ်အတွက် ဘာအဓိပ္ပာယ်ရှိသနည်း။

**ဆုတောင်းချက်**- အဘဘုရား၊ ကိုယ်တော်ဂတိတော်ပေးခဲ့ပြီးသော ထိုနေ့ရက်သည် မကြာမီ ရောက်လာစေပါ။

သောကြာ၊ ဒီဇင်ဘာ (၁၈)

**ဆာလံ ၁၀၀**

၁ ကော ၁၅း ၅၈

*“ကောင်းသောသခင်သည် ကောင်းသောအစေခံတို့ကို ရှာဖွေသည်”*

## ဝမ်းမြောက်သောစိတ်နှင့်ဘုရားသခင်ကိုအစေခံလော့

ဘုရားသခင့်အမှုတော်၌ ပျော်မွေ့ခြင်းသည် ဘုရားသခင်ကိုလက်ခံမှု၏ အမှတ်လက္ခဏာဖြစ်သည်။ ဝမ်းနည်းဖွယ်ရာမျက်နှာဖြင့် ဘုရားသခင်ကိုအစေခံသောသူတို့သည် ဘုရားသခင်ကို အမှန်တကယ်အစေခံခြင်းမဟုတ်ပါ။ သူတို့သည် ဂါရဝပြုခြင်းကို ပြသကြသော်လည်း အသက်တာ၌ လိုက်ပါခြင်းမရှိပေ။ ကျွန်ုပ်တို့၏ဘုရားသခင်က သူ၏ပလ္လင်တော်ကို ကျေးဇူးပြုရန်အဘယ်ကျွန်ကိုမျှ မတောင်းဆိုပါ။ သူသည် ချစ်ခြင်းမေတ္တာ၏သခင်ဖြစ်၍ သူ၏အစေခံကျွန်အားလုံးတို့သည် ဝမ်းမြောက်ခြင်းဝတ်လုံကို ဝတ်ဆင်၍သူ့ရှေ့တော်မှောက်တွင် ပေါ်လာကြလိမ့်မည်။ ကောင်းကင်တမန်တို့သည် ညည်းတွားခြင်းကိုမပြုဘဲ သီချင်းများဖြင့်ကိုယ်တော်အား အစေခံကြ၏။

သင်သည် သခင်ဘုရားကိုမည်သို့အစေခံသနည်း။ ပင်ကိုယ်စိတ်ဖြင့် ဝမ်းမြောက်ခြင်းမရှိသောလုပ်ငန်းသည် အကျိုးမဲ့သောလုပ်ဆောင်မှုဖြစ်၏။ သခင်ဘုရားသည် စိတ်နှလုံးကို ကြည့်ရှုတော်မူသောကြောင့် ကျွန်ုပ်တို့သည် ချစ်ခြင်းမေတ္တာကြောင့်မဟုတ်ဘဲ အတင်းအဓမ္မ (သို့) အခြားဆွဲဆောင်စရာကြောင့် သာ အစေခံကြလျှင် ကျွန်ုပ်တို့၏ဆက်ကပ်မှုကို သူငြင်းပယ်လိမ့်မည်။ ဝမ်းမြောက်ရွှင်လန်းစွာ အမှု ဆောင်ခြင်းသည် နှလုံးသားဝန်ဆောင်မှုဖြစ်ပြီး သခင်ဘုရား နှစ်သက်တော်မူသောအမှုဖြစ်သည်။ ရိုးသားသောသူတို့နှင့်ဝမ်းမြောက်သောစိတ်ဖြင့် အစေခံသောသူတို့ကို သခင်ဘုရားသိတော်မူ၏။

သခင်ဘုရား၌ တိုက်ရမည့်တိုက်ပွဲများရှိ၏။ လူတစ်ဦးသည် စစ်မြေပြင်မှအဝေးသို့ ပြေးလျှင် သူသည် မျိုးချစ်စိတ်မရှိသူဖြစ်သည်။ သို့သော် ပြုံးရွှင်သောမျက်နှာနှင့် စူးရှသောမျက်လုံးနှင့်တိုက်ပွဲထဲသို့ ချီတက်သောသူသည် သူ၏မျိုးချစ်စိတ်ကို သက်သေပြခြင်းထက်ပိုသော စစ်ပွဲသီချင်းကို သီဆိုခြင်း ဖြစ်သည်။ ရွှင်လန်းခြင်းသည် လူတစ်ဦး၏ခွန်အားကို နှစ်ဆတိုးစေ၏။ “. . . သင်၏ခွန်အားသည် ထာဝရဘုရား၏ဝမ်းမြောက်ခြင်းအကြောင်း ဖြစ်သတည်း” (နေဟမိ ၈း၁၀)။ ရွှင်လန်းမှုသည် အခက် အခဲများစွာကိုဖယ်ရှားပေးသူဖြစ်၏။ ၎င်းသည် ဘီးအတွက် ဆီဖြစ်၍ ပင်ပန်းခြင်းနှင့်နွမ်းလျခြင်း အတွက် ပရုပ်ဆီဖြစ်တော်မူ၏။ ရွှင်လန်း ခြင်းနှင့်အတူ “အရာရာတိုင်း၌ဆုတောင်းပဌနာပြုသောအား ဖြင့် . . . ” (ဖိလိ ၄း၆) ကျွန်ုပ်တို့၏လေးလံသောအလုပ်များကို ပေါ့ပါးလာစေ၏။

ဘုရားသခင်၏အမှုတော်တွင် ရွှင်လန်းမှုရှိသောသူသည် သူ၏အတွင်းစိတ်နာခံမှုကို သက်သေပြ၏။ သူသည်အမှုတော်ထမ်းဆောင်စဉ်တွင် သီဆိုသောအရာမှာ -

*“ကိုယ်တော်၏ ပညတ်တော်လမ်း၌ အကျွန်ုပ်ကို*
*လျှောက်လှမ်းစေပါ။ ထိုအရာသည် နှစ်သက်ဖွယ်*
*ကောင်းသော ကောင်းကင်လမ်းဖြစ်ပေ၏”*

ချစ်သောစာဖတ်သူ၊ သင်သည်သခင်ဘုရားကို အဘယ်သို့အစေခံသနည်း။ ဝမ်းနည်းခြင်းသို့မဟုတ် ဝမ်းမြောက်ခြင်းနှင့် အစေခံသလော။ ထာဝရဘုရား၏ဝမ်းမြောက်ခြင်းသည် သင်တို့၏ခွန်အားဖြစ် သည်ကို သတိရလော့။ ကျွန်ုပ်တို့သည် ကောင်းသောသခင်ကိုအစေခံကြ၏။

**ဆင်ခြင်ရန်** - အစေခံရန်အချိန်သည် ယခုပင်ဖြစ်၏။

**ဆုတောင်းချက်**- အဘဘုရား၊ အကျွန်ုပ်သည် ကိုယ်တော်အား အတင်းအကြပ်စေခိုင်းမှုကြောင့် မဟုတ်ဘဲ ချစ်ခြင်းနှင့်ကျေးဇူးသိတတ်ခြင်းမှ ပေါ်ထွက်လာသောနှလုံးသားဖြင့် အစေခံစေတော်မူပါ။

စနေ၊ ဒီဇင်ဘာ (၁၉)

**ဆာလံ ၂၃**

၂ တိ ၄း၁-၈

*"... ငါ၏ဆုသည် ငါနှင့်အတူရှိ၏..."*

## ဖြောင့်မတ်ခြင်း၏သရဖူ

ယုံကြည်သူအချို့သည် သံသယနှင့်မလိုအပ်သောစိုးရိမ်မှုများဖြင့် နေထိုင်ကြသည်။ "ကောင်းကင်ဘုံကိုဘယ်တော့မှမဝင်ရောက်မည်ကို ငါစိုးရိမ်၏" ထိုအရာမှာ သင်စဉ်းစားနေသော အရာမဟုတ်လော။ မစိုးရိမ်နှင့်၊ ဘုရားသခင်၏လူအားလုံးသည် ထိုနေရာသို့ဝင်ရကြမည်။ သေခါနီး သန့်ရှင်းသူတစ်ဦးက "ငါအိမ်ပြန်ဖို့ရန် စိုးရိမ်ခြင်းမရှိပေ၊ ငါရှေ့မှာအရာအားလုံးကို ငါစေလွှတ်ပြီး ပြီ။ ဘုရားသခင်၏လက်ချောင်းသည် ငါ့တံခါး၏ တံခါးကျင်(သော့အိမ်) ပေါ်တွင်ရှိ၍ ဝင်ရောက်ဖို့ ရန် ငါအသင့်ဖြစ်သည်။ ဘုရားသခင်၏ဂတိတော်တို့၌ ရှိသော ထိုကဲ့သို့ရိုးရှင်းခိုင်မာသော ယုံကြည်မှုအတွက် ဘုရားသခင်ကိုချီးမွမ်းကြလော့။

သူ့သူငယ်ချင်းတစ်ဦးက သေခါနီးလူအား "မင်းရဲ့အမွေ ကို သင်လွဲသွားမည်ကို စိုးရိမ်ခြင်း မရှိဘူးလား" ဟုမေး၏။ သေခါနီးလူက "မစိုးရိမ်ပါ" ဟု ပြန်ဖြေ၏။ ကောင်းကင်တမန်ဂါဗြေလ မဝတ်ဆင်နိုင်သောသရဖူသည် ကောင်းကင်ဘုံ၌ရှိ၏။ ထိုသရဖူသည် ငါ့ဦးခေါင်းမှလွဲ၍ အခြားသော လူတို့၏ဦးခေါင်း၌ကိုက်ညီမှုမရှိပါ။ တမန်တော်ပေါလုနှင့် မကိုက်ညီသောရာဇပလ္လင်တစ်ခုရှိ၏။ ၎င်းမှာ ကျွန်ုပ်အတွက်ဖြစ်၍ ကျွန်ုပ်ပိုင်ဆိုင်ရလိမ့်မည်။

အို ခရစ်ယာန်၊ သင်၏အမွေဥစ္စာသည် လုံခြုံစိတ်ချရ၍ သင့်အတွက်သီးသန့်ဖယ်ထား လျက်ရှိ၏ (၁ ပေ ၁း၄)။ တကယ်ဝမ်းမြောက်စရာကောင်းလိုက်လေခြင်း၊ "သို့သော် ၎င်းကိုကျွန်ုပ် ဆုံးရှုံးနိုင်ပါသလား"၊ လုံးဝမရနိုင်ပါ။ ဘုရားသခင်၏သားသည် ၎င်းကိုမဆုံးရှုံးနိုင်ပေ။ ကျွန်ုပ်တို့ သည် "နောက်ဆုံးသောကာလ၌ ထင်ရှားစေခြင်းငှါ ပြင်ဆင်သောကယ်တင်ခြင်းသို့ရောက်စေမည့်အ ကြောင်း ယုံကြည်ခြင်းအားဖြင့် ဘုရားသခင်၏တန်ခိုးတော်သည် စောင့်ရှောက်တော်မူသော သင်တို့ အဖို့ ကောင်းကင်ဘုံ၌သိုထားလျက်ရှိသော အမွေတည်း" (၁ ပေ ၁း၅)။ ဘုရားသခင်၏စကားတော် သည် မကျရှုံးနိုင်ပါ။ ထိုစကားတော်ကိုယုံကြည်ကိုးစား၍ရ၏။ ထို့ကြောင့် "... သင်တို့သည် အထူးထူးအပြားပြားသောစုံစမ်းနှောင့်ယှက်ခြင်းကို ခံရသောအကြောင်းရှိလျှင် ... ယခုခဏခံရ ... သော်လည်း ရွှင်လန်းကြလော့" (၁ ပေ ၁း၆)။

ချစ်သောစာဖတ်သူ၊ သင်သည်မိမိအပြစ်တို့ကို နောင်တရ၍ တစ်ခုခုမဟုတ်ဘဲ သခင်ယေရှု ခရစ်တော်ကိုသာယုံကြည်လျှင် သင်သည်ခမည်းတော်၏သားဖြစ်၏။ ကောင်းကင်ဘုံ၌နေစရာအခန်း တစ်ခုသည် သင့်အတွက်ချန်ထားလျက်ရှိ၏။ ဖြောင့်မတ်ခြင်းသရဖူကိုလည်း သင့်အတွက်ချထား လျက် ရှိသည်။ သင်၏အမွေဥစ္စာကို အဘယ်သူမျှမလုမယူနိုင်ပါ။ အသွေးတော်အားဖြင့် ဝယ်ခြင်းခံ ရသောယုံကြည်သူတိုင်းသည် မိမိတို့ဝေစုကိုပိုင်ဆိုင်ရလိမ့်မည်။ သခင်ဘုရားသည် ထိုအရာကို စောင့်ကြည့်ပေးလိမ့်မည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏ရွေးကောက်ထားသောသူတို့သည် အတူတကွစုဝေးကြသောအခါ ကောင်းကင်ဘုံ၌လစ်လပ်သောရာဇပလ္လင်များရှိကြလိမ့်မည်မဟုတ်ပေ။

**ဆုတောင်းချက်**- အဘဘုရား၊ ကျွန်ုပ်အတွက် ပြင်ဆင်ပေးထားသည့်အမွေဥစ္စာအတွက် ကျေးဇူး တင်ပါ၏။ ဤမြေကြီးပေါ်တွင်ရှိသောကျွန်ုပ်အသက်တာကို ကောင်းကင်နိုင်ငံ တော်သားကဲ့သို့ အသက်ရှင်စေတော်မူပါ။

တနင်္ဂနွေ၊ ဒီဇင်ဘာ (၂၀)

**ယောဘ ၁၉း၂၅-၂၇**

၁ ယော ၃း၁-၃ *ဘုရားသခင်၏ဂတိတော်တို့သည် ဟုတ်မှန်၏*

## ငါ့ကိုယ်ခန္ဓာအားဖြင့် ဘုရားသခင်ကိုငါမြင်ရမည်

ယောဘသည် ယုံကြည်သူများရှင်ပြန်ထမြောက်ခြင်းကို ကြိုတင်မြင်နိုင်ခွင့်ပေးခြင်းခံရသည်။ ဘုရားသခင်အပေါ် သူ၏ယုံကြည်ခြင်းကိုပြင်းထန်စွာစမ်းသပ်ခံရနေစဉ် သန့်ရှင်းသောဝိညာဉ်တော်က သူ့အားနှစ်သိမ့်မှုဆိုင်ရာ ပရောဖက်ပြုချက်စကားများကို ပြောဆိုနိုင်စေခဲ့သည်။ သူသည် စုံလင်သောအာမခံချက်ဖြင့် ပြောခဲ့သည်မှာ ". . . သော်လည်း . . . ငါ့ကိုယ်ခန္ဓာအားဖြင့် ဘုရားသခင်ကိုမြင်ရလိမ့်မည်. . . " (ယောဘ ၁၉း၂၆)။ ထိုအရာသည် ကောင်းကင်ဘုံ၏ရလဒ်နှင့် အနှစ်သာရဖြစ်သော ယုံကြည်သူအားလုံး၏ဝမ်းမြောက်ခြင်းနှင့် မျှော်လင့်ခြင်းဖြစ်သည်။

ယခုတွင်မူကား သူတို့သည် ဘုရားသခင်အား ပြဋ္ဌာန်းထားသည့်စည်းမျဉ်းဖြစ်သော ယုံကြည်ခြင်းအားဖြင့် မြင်ရကြ၏။ သူတို့ သည်ဘုရားသခင်အား မိဿဟာယဖွဲ့ခြင်းနှင့် ဆုတောင်းခြင်းအားဖြင့် မြင်တွေ့ရကြ၏။ သို့သော် ကောင်းကင်ဘုံတွင်သူတို့သည် ဘုရားသခင်အဖြစ်တော်အတိုင်း မျက်နှာချင်းဆိုင်မြင်တွေ့ကြလိမ့်မည်။ ထို့နောက် သူတို့သည် သူတို့၏ကယ်တင်ရှင်သခင်ကဲ့သို့ စုံလင်သောသူဖြစ်ကြသောကြောင့် သူတို့၏ဝမ်းမြောက်ခြင်းသည် စုံလင်လိမ့်မည်။ ". . . ကိုယ်တော် သည် ထင်ရှားပေါ်ထွန်းတော်မူ သောအခါ ငါတို့သည် ကိုယ်တော်နှင့်တူကြလတ္တံ့. . . " (၁ ယော ၃း၂) ဟူသောအချက်သည် ဂတိတော်ဖြစ်၏။

ကျွန်ုပ်တို့သည် "သူနှင့်တူကြလိမ့်မည်"၊ ငါတို့ ထိုထက်ပိုလိုချင်သလော။ သူ့ကိုလည်း မြင်တွေ့ကြရအုံးမည်။ အဘယ်အရာကိုကျွန်ုပ်တို့ထပ်၍ လိုချင်သနည်း။ အထူးသဖြင့် ကျွန်ုပ်တို့သည် ဤနောက်ဆုံးသောနေ့ရက်များတွင် နေထိုင်ကြသော ယုံကြည်သူများဖြစ်သည်နှင့်အမျှ ယုံကြည်သူတို့၏ ဤမင်္ဂလာရှိသောမျှော်လင့်ချက်မှာ ကျွန်ုပ်တို့အတွက်ဖြစ်၏။ ငါတို့အပေါ်၌ သေခြင်းတရားကို ခံစရာမလိုဘဲ ပြောင်းလဲခြင်းခံရ၍ ချီဆောင်ခံရခြင်းတည်းဟူသော အံ့ဖွယ်အကောင်းဆုံးသောအဖြစ် အပျက်ကျရောက်တွေ့ကြုံနိုင်၏ (၁ သက် ၄း၁၆-၁၇)။

ထိုမျှော်လင့်ချက်ဖြင့် ကျွန်ုပ်တို့သည် ပေါလုနှင့်အတူ "ငါတို့အား ပေါ်ထွန်းလတ္တံ့သော ဘုန်းတော်ကိုထောက်သောယခုမျက်မှောက်ကာလ ၌ခံရသော ဆင်းရဲဒုက္ခကို ပမာဏမပြုထိုက်ဟု ငါသဘောရှိ၏" (ရောမ ၈း၁၈) ဟူ၍ပြောဆိုနိုင်ကြ ၏။ ထိုအရာကို ယောဘသည် ယုံကြည်ခြင်းအားဖြင့်မြင်ခဲ့၏။ ဒါဝိဒ်ကလည်း "အကျွန်ုပ်မူကား ဖြောင့်မတ်၍ မျက်နှာတော်ကို ဖူးမြင်ရပါလိမ့်မည်။ နိုးသောအခါ ပုံသဏ္ဌာန်တော်အားဖြင့် အကျွန်ုပ် အလို ပြည့်စုံရပါလိမ့်မည်" (ဆာလံ ၁၇း၁၅) ဟုပြောဆို၏။ ဘုရားသခင်၏လူမျိုးတော်တို့ရှေ့တွင် ဘုန်းအသရေရှိပါ၏။ ကျွန်ုပ်တို့သည် ဘုရားသခင်ကိုမြင်ရကြလိမ့်မည်။ ထိုအချိန်ရောက်သည့်တိုင် အောင် ဘုရားသခင်၏ အမှုတော်ကို ဆောင်ရွက်ကြပါစို့။

**ဆင်ခြင်ရန်** - ". . . ငါ့ကိုယ်ခန္ဓာအားဖြင့် ဘုရားသခင်ကိုမြင်ရလိမ့်မည်" (ယောဘ ၁၉း၂၆)။ ယောဘယုံကြည်သကဲ့သို့ ကျွန်ုပ်ယုံကြည်ပါသလား။

**ဆုတောင်းချက်**- အဘဘုရား၊ ကိုယ်တော်၏ အံ့ဖွယ်ဂတိတော်များအပေါ် ကျွန်ုပ်၏ယုံကြည်ခြင်းကို တိုးပွားစေတော်မူပါ။

တနင်္လာ၊ ဒီဇင်ဘာ (၂၁)

**ဆာလံ ၁**

လုကာ ၈း၄-၁၈ *ဘုရားသခင်အတွက် နေ့စဉ် အသီးများသီးကြလော့*

## မျိုးစေ့နှင့်မြေဆီလွှာ

ငါ့ဝိညာဉ်၊ ဘုရားသခင်၏နှုတ်ကပတ်တော်အလင်းအားဖြင့် သင့်ကိုယ်သင် ယနေ့နံနက်တွင် ဆန်းစစ်လော့။ သင်သည်ဝမ်းမြောက်သောစိတ်နှင့် နှုတ်ကပတ်တော်ကိုခံယူပြီ။ သင်၏ခံစားချက်တို့သည် နိုးကြားခဲ့ပြီး အသက်ပါသော ခံစားမှုတို့ဖန်တီးခဲ့ပြီ။ သို့သော်၊ နှုတ်ကပတ်တော်ကိုနားဖြင့်လက်ခံခြင်းသည် အရာတစ်ခုဖြစ်ပြီး၊ သင်၏စိတ်ဝိညာဉ်ထဲသို့ ယေရှုကို လက်ခံခြင်းသည် လုံးဝခြားနားသောအရာဖြစ်သည်ကို သတိရလော့။ အပေါ်ယံခံစားချက်သည် စိတ်နှလုံး၏အတွင်းနှလုံးခိုင်မာခြင်းနှင့် မကြာခဏဆက်စပ်မှုရှိ၍ နှုတ်ကပတ်တော်၏အသက်ပါသောခံစားမှုသည် အမြဲကြာရှည်ခံသောအရာတစ်ခုမဟုတ်ပေ။

မြေဆီလွှာအနည်းအကျဉ်းသာရှိ၍ ကျောက်ပေါသောအရပ်တွင် ကျရောက်သောမျိုးစေ့သည် အမြစ်တွယ်သော်လည်း အောက်ပိုင်းသို့ကြီးထွားမှုမဖြစ်နိုင်ပေ။ အပင်ကိုယ်တိုင်အချိန်အတန်ကြာ အပေါ်သို့တွန်းပို့သော်လည်း အမြစ်ကိုထောက်ပံ့ရန် အစိုဓာတ် မရှိသောကြောင့်ညိုးနွမ်းခြောက်သွေ့သွားသည်။ ငါအတွင်းပိုင်းအသက်မရှင်ဘဲ ဇာတိပကတိ၌ လုပ သောပြသမှုကိုလုပ်ဆောင်နေသလား။ ခိုင်မာသောကြီးထွားမှုသည် အထက်နှင့်အောက်သို့ နှစ်ခုစလုံး ကြီးထွားမှုဖြစ်သည်။ ပြင်ပတွင်ဘုရားတရားကိုင်းရှိုင်းမှုသည် အတွင်းပိုင်း၌သစ္စာရှိခြင်းနှင့် သခင် ဘုရားကိုချစ်ခြင်း၌အမြစ်တွယ်နေရမည်။

"ခရစ်ယာန်တစ်ဦး၏အပြင်ပန်း" သည် ဘုရားသခင်၏ကျေးဇူးတော်ဖြင့် ပျော့ပျောင်းစေခြင်းခံရသောနှလုံးသား၏ရလဒ်ဖြစ်၍ ဝိညာဉ်ရေးရာကြီးထွားမှုအတွက် ကောင်းသောမြေသြဇာကိုထုတ်ပေးရပါမည်။ မာသောနှလုံးသား၊ ကျောက်ပေါသောနှလုံးသား၊ မကြေမွသောနှလုံးသား၊ မသန့်ရှင်းသောနှလုံးသားသည် ဘုရားသခင်၏နှုတ်ကပတ်တော်မျိုးစေ့အတွက် ရှင်သန်ကြီးထွားဖို့ရန် မသင့်တော်ပါ။ လျှင်မြန်စွာကြီးထွားလာသည့်အပြင်ဘက်ပိုင်း ဘုရားတရားကိုင်းရှိုင်းမှုသည် သန့်ရှင်းသောဝိညာဉ်တော်၏အတွင်းပိုင်း၌ နက်ရှိုင်းသောအလုပ်နှင့်သက်ဆိုင်၏။

ဘုရားသခင့်နှုတ် ကပတ်တော်၏ကောင်းသောမျိုးစေ့သည် နှလုံးသားထဲ၌ သန့်ရှင်းသောဝိညာဉ်တော်က အားဖြည့်ပေး မှသာ ရှင်သန်ခိုင်မြဲ၍ နောက်ဆုံးတွင် အသီးသီးနိုင်၏။ ဘုရားသခင်၏မြင့်မြတ်သောဝိညာဉ်တော် သာလျှင် ကြီးထွားမှုအတွက် "စိတ်နှလုံး၏မြေဆီလွှာ" ကို လက်ခံခြင်း၊ စိုစွတ်စေခြင်းနှင့် အာဟာရ ဖြစ်စေနိုင်၏။ သူ၏အဆက်မပြတ် ရေလောင်း ခြင်းနှင့်ဓာတ်မြေသြဇာသာလျှင် အပင်ကိုရေရှည် တည်တံ့စေနိုင်ပြီး စမ်းသပ်မှုနှင့် သွေးဆောင်မှုအပူရှိန်ကိုဒင်း (သို့) လှောင်ပြောင်ခြင်းနှင့်ညှင်းပန်း နှိပ်စက်ခြင်း၏မုန်တိုင်းများကိုဒင်း ခံနိုင်ရည်ရှိစေ ၏။ ကောင်းသောမျိုးစေ့သည် ကောင်းသောမြေဆီ လွှာ၏အထောက်အပံ့လိုအပ်သည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏နှုတ်ကပတ်တော်ကို ကျွန်ုပ်ကြားရသောအခါ (သို့) ဖတ်ရသောအခါ ကျွန်ုပ်၏ခေါင်းထဲနှင့်နှလုံးသားထဲတွင် ဘာရောက်ရှိသွားသနည်း။

**ဆုတောင်းချက်**- အိုကောင်းကင်ဘုံ၌ရှိတော်မူသော မျိုးစေ့ကြဲသူ၊ အကျွန်ုပ်ကို ထွန်တော်မူပြီးနောက် အမှန်တရားကိုကျွန်ုပ်ထံသို့ စိုက်ပျိုးတော်မူပါ။ အကျွန်ုပ်သည် များစွာသောစပါးရိတ်သိမ်းခြင်းကို ကိုယ်တော်အတွက် ထွက်ရှိပါစေသော်။

အင်္ဂါ၊ ဒီဇင်ဘာ (၂၂)
**တရား ၃၃:၂၆-၂၇**
လုကာ ၂၂:၂၄-၃၄

*သခင်ယေရှုဘုရားသည် ကျွန်ုပ်တို့အတွက် အမြဲတမ်းဆုတောင်းပေး၏*

# ကျွန်ုပ်တို့၏ကြီးမြတ်သောကြားဝင်ဖြန်ဖြေသူ

ကျွန်ုပ်တို့အတွက် ကယ်တင်ရှင်၏ဘယ်တော့မှမရပ်နားဘဲ ကြားဝင်ဖြန်ဖြေခြင်းကို တွေးတောခြင်းမှာ အလွန်အားတက်စရာကောင်းပေ၏။ ကျွန်ုပ်တို့ဆုတောင်းသောအခါ ကျွန်ုပ်တို့အတွက် ထောက်ခံပြောဆိုပေး၏။ ကျွန်ုပ်တို့ဆုမတောင်းသောအခါ သူသည်ကျွန်ုပ်တို့အား မမေ့လျော့ဘဲ ကျွန်ုပ်တို့၏အမှုကို ဆက်လက်ထောက်ခံပေးနေ၏။ ကျွန်ုပ်တို့၏အဆုံးစွန် လုံခြုံမှုမှာ သူ၏အမြဲအလေးထားသောအမှုဖြစ်သည်။ အကြောင်းမူကား "ထို့ကြောင့် အကြင်သူတို့သည် ယေရှုအားဖြင့် ဘုရားသခင့်အထံတော်သို့ချဉ်းကပ်ကြ၏။ ထိုသူတို့၏အမှုကို ကိုယ်တော်သည် စောင့်လျက် ကာလအစဉ်အသက်ရှင်သောကြောင့် သူတို့ကိုအစဉ်ကယ်တင်ခြင်းငှါ တတ်နိုင်တော်မူ၏" (ဟေဗြဲ ၇:၂၅)။

ဤအကြောင်းအရာသည် အထီးကျန်မှုခံစားရသူ၊ လျစ်လျူရှုမှုခံရသူ (သို့) အလွန်စိတ်ဓာတ်ကျမှု ခံစားရသူဖြစ်ကြသည့် ဒုက္ခဆင်းရဲ (သို့) ရုန်းကန်မှုခံစားရသော သန့်ရှင်းသူတို့အား နှစ်သိမ့်ကူညီပေး ဖို့ရန်အတွက် မကြာခဏဟောပြောဖို့ လိုအပ်သော သခင်ဘုရား ၏ အမှုတော်ကဏ္ဍတစ်ခုဖြစ်သည်။ ရှင်ပေတရုအား သခင်ယေရှုမိန့်ကြားခဲ့ သောစကားတော်ကို စဉ်းစားလော့ - "တဖန်၊ သခင်ဘုရားက ရှိမုန်၊ ရှိမုန်၊ ဂျုံဆန်ကို ဆန်ခါနှင့် ချသကဲ့သို့ စာတန် သည်သင်တို့ကို ချရမည်အကြောင်း အခွင့်တောင်းသည်ဖြစ်၍" (လုကာ ၂၂:၃၁)။ ဤအရာမှာ မာရ်နတ်၏မကြာမီကျရောက်တော့မည့် ပြင်းထန်စွာတိုက်ခိုက်မှုအတွက် သတိပေး ချက်ဖြစ်သည်။ သို့သော် သခင်ယေရှုက "သင်၏ယုံကြည် သောစိတ် မပျက်စေခြင်းငှါ ငါသည် သင့်အဖို့ ဆုတောင်း လေပြီ" (လုကာ ၂၂:၃၂) ဟူ၍ဆက်လက် မိန့်ဆိုခဲ့သည်။

ဟာလေလုယ၊ သူ၏အသနားခံဆုတောင်းပေးခြင်းအားဖြင့် ကျွန်ုပ်တို့ကို မမြင်ရသောအန္တရာယ်များနှင့် တိုက်ခိုက်မှုများမှအကာအကွယ်ပေးသော ကယ်တင်ရှင်ပါတကား။ ယခုတွင် ကျွန်ုပ်တို့သခင်သည် အမြင့်ဆုံးသောဘုရား၏လက်ျာတော်ဘက်၌ ထိုင်နေလျက် ငါတို့၏ယုံကြည်ခြင်းသည် မပျက်စေဖို့ရန်အတွက် မစ၍ ငါတို့၏အမှုကိစ္စတို့ကို ရပ်နားခြင်းမရှိဘဲ ကြားဝင်အသနားခံပေးတော်မူ၏။ သူသည် အေးအေးဆေးဆေးအနားမယူဘဲ နေ့စဉ်ညစဉ် ကျွန်ုပ်တို့အတွက် သည်းခံပြီး ခမည်းတော်ဘုရားထံတော်သို့ ကျွန်ုပ်တို့၏အမှုကိစ္စကို အသနားခံပေး၏။

ရှင်ပေတရု၏အမှုတွင် ကျွန်ုပ်တို့ကယ်တင်ရှင်၏ စာတန်အား တားဆီးခြင်းကို မြင်တွေ့ရသည်။ သူသည် ကောက်ကျစ်သော ရန်သူ၏အလိုဆန္ဒကို အတက်ပါမကျန် ရှင်းပစ်ရမည်။ ဤနှစ်များတလျှောက် သင်၏ ယုံကြည်ခြင်းကို မည်သို့ထိန်းသိမ်းပေးထားသည်ကို မအံ့သြသလော။ သူသည် ငါတို့အတွက် ကြားဝင်အသနားခံရန် အသက်ရှင်နေထိုင်ခဲ့သည့် ကျွန်ုပ်တို့၏ကြီးမြတ်သော ကြားဝင်ဖြန်ဖြေသူဖြစ်သည်။

**ဆင်ခြင်ရန်** - ကျွန်ုပ်တွင် ကြီးမြတ်သောကြားဝင်ဖြန်ဖြေသူရှိ၏။
**ဆုတောင်းချက်**- အဘဘုရား၊ သခင်ယေရှုသည် မမြင်ရသောရန်သူများအား ဆန့်ကျင်လျက် သူတို့၏မကောင်းသောအကြံအစည်များကို ပျက်ပြားစေ၍ သူတို့၏ ထောင်ချောက်များကို ထိရောက်မှုမရှိအောင်လုပ်ပေး၍ ကျွန်ုပ်တို့၏အမှုကိစ္စတို့ကို လျှောက်လဲပေးသောကြောင့် ကိုယ်တော့်ကိုကျေးဇူးတင်ပါ၏။

ဗုဒ္ဓဟူး၊ ဒီဇင်ဘာ (၂၃)

**ဆာလံ ၁၁၆**

၁ ကော ၃း၁၆-၂၃ *ကျွန်ုပ်တို့သည် ကိုယ့်ကိုကိုယ်မပိုင်ပါ*

# သင်တို့ကိုခရစ်တော်ပိုင်၏

ယနေ့ တမန်တော်ရှင်ပေါလုက ကျွန်ုပ်တို့အား ". . . သင်တို့သည် ခရစ်တော်အဖို့ဖြစ်၏ . . ." (၁ ကော ၃း၂၃) ဟူ၍သတိပေး၏။ ကျွန်ုပ်တို့သည် ကိုယ့်ကိုကိုယ်မပိုင်ကြပေ။ ကျွန်ုပ်တို့ကို ကျွန်ုပ်တို့၏ကြီးမြတ်သော ဘုရားသခင်နှင့်သခင်ယေရှုခရစ်တော်က ပိုင်တော်မူ၏။

ကျွန်ုပ်တို့ကို အဖိုးအခပေးခြင်းဖြင့် ဘုရားသခင်ပိုင်၏။ အကြောင်းမူကား ခမည်းတော်သည် ကျွန်ုပ်တို့အား သူ၏ သားတော်ကို ပေးတော်မူ၏။ ကျွန်ုပ်တို့၏ရွေးနှုတ်ကယ်တင်ခြင်းဖို့ ကာရာနီကုန်း ၌ရှိသော လက်ဝါး ကားတိုင်ပေါ် ပေးဆောင်ခဲ့သောအသွေးတော်အားဖြင့် ကျွန်ုပ်တို့ကိုသူပိုင်၏။ အကြောင်းမူကား ကျွန်ုပ်တို့သည် မိမိကိုယ်ကိုသူ့ထံ၌ ဆက်ကပ်အပ်နှံကြ၏။ ဆက်စပ်မှုဖြင့် ကျွန်ုပ်တို့ကိုသူပိုင်၏။ အကြောင်းမူကား ကျွန်ုပ်တို့ကို သူ၏နာမတော်ကိုသယ်ပိုး၍ သူ၏ညီအစ်ကို များနှင့် တွဲဖက်အမွေခံ များဖြစ်စေ၏။

ချစ်သောစာဖတ်သူ၊ သင်သည် သခင်ခရစ်တော်ပိုင်ဆိုင်ကြောင်းကို ကမ္ဘာကြီးကိုပြသနိုင်ရန် ကြိုးစားအားထုတ်လော့။ အပြစ်ပြုရန်သွေးဆောင်ခံရသောအခါ "ဤကြီးလေးသောအပြစ်ကို ငါမလုပ်နိုင်ပေ။ အဘယ်ကြောင့်ဆိုသော် ငါသည် ခရစ်တော်အဖို့ဖြစ်၏" ဟူ၍ ပြန်ဖြေကြလော့။ စည်းစိမ်ဥစ္စာသည် သင်ရှေ့မှာရှိသောအခါ ထိုအရာသည်အပြစ်ပြုခြင်းကြောင့် ရရှိနိုင်မည်ဆိုလျှင် မထိပါနှင့်။ ခိုင်မြဲစွာရပ်လော့။ သင်သည်ခရစ်တော်အဖို့ဖြစ်၏။ သင့်ပတ်လည်၌ ဘာမှမလုပ်ဘဲ ပျင်းရိသောသူများ ရှိနိုင်၏။ သင့်ကိုယ်သင် ဤသို့ပြောလော့။ "မဟုတ်ဘူး၊ ငါသည် ငါ့သခင်၏လုပ်ငန်းကို လုပ်ဆောင်ရပါမည်။ အဘယ့်ကြောင့်ဆိုသော် ငါ့ကိုခရစ်တော်ပိုင်ဆိုင်၏"၊ ခရစ်တော်အတွက် ဆက်လက်အမှုဆောင်ရွက်လော့။

လောကီပျော်မွေ့ခြင်းနှင့်ဆိုင်သော သီချင်းများက သင့်အားဖိတ်ခေါ်သောအခါ သင်တုန့်ပြန်ရမည်မှာ - "မင်းရဲ့ Pop နှင့် Rock ၊ မင်းရဲ့ Disco နှင့် Karaokes တို့က ငါ့ကိုမဆွဲဆောင်နိုင်ပါ။ ငါသည်ခရစ်တော်နှင့်ဆိုင်၏" ဟူ၍ဖြစ်သည်။ သခင်ဘုရားအတွက် လုပ်စရာအများကြီးရှိ၏။ ခရစ်တော်၏အမှုတော်က သင့်ကိုခေါ်သောအခါ ကိုယ်ကိုကိုယ် ချက်ချင်းဆက်ကပ်လိုက်ပါ။ ဘုရားသခင်သည် သင့်ကိုကြီးပွားစေခဲ့လိုအပ်သောအရာတို့ကိုပေး၏။ အဘယ်ကြောင့်ဆိုသော် သင့်ကိုခရစ်တော်ပိုင်ဆိုင်၏။ သင်သည်မိန့်ခွန်းပြောရာတွင်ငှင်း၊ အပြုအမူတွင်ငှင်း၊ စကားပြောဆိုရာတွင်ငှင်း၊ အသက်ရှင်ပုံတွင်ငှင်း သင့်သခင်ဘုရားအတွက် မှန်ကန်ပါစေ။ သင့်ကိုသူပိုင်တော်မူ၏။

သင့်အကြောင်းအရာအားလုံးသည် ကောင်းကင်ဘုံနှင့်သက်ဆိုင်ပါစေ။ သင့်ကို တွေ့မြင်သောသူရှိသမျှတို့က သင်သည် လောကီသားမဟုတ်ဘဲ ခရစ်တော်ပိုင်ဆိုင်ထားသော သူဖြစ်ကြောင်းကို သိကြပါစေ။ ကြင်နာမှုနှင့်ကိုယ်ကျိုးမငဲ့သောမေတ္တာ၏ လုပ်ရပ်များဖြင့်သော်ငှင်း၊ သူ၏သန့်ရှင်းမြင့်မြတ်သောမျက်နှာတော်ကို ဆောင်ကြဉ်းခြင်းအားဖြင့်သော်ငှင်း၊ ကျွန်ုပ်တို့သည် ခရစ်တော်ပိုင်ဆိုင်သောလူများဖြစ်ကြသည်ကို ကျွန်ုပ်တို့အားတွေ့သောသူအားလုံးမြင်တွေ့နိုင်ပါစေ။

**ဆင်ခြင်ရန်** - ကျွန်ုပ်သည် လောကတွေ့ရှိသော်လည်း၊ လောကသားတကယ်မဟုတ်သလား။

**ဆုတောင်းချက်**- သခင်ဘုရား၊ ကိုယ်တော်အတွက် အစဉ်အမြဲသစ္စာရှိသူဖြစ်ရန် စောင့်ထိန်းတော်မူပါ။

ကြာသပတေး၊ ဒီဇင်ဘာ (၂၄)
**ယောဘ ၃၆း၁-၃**
မသဲ ၅း၁၃-၁၈ *လူသားအားလုံးကို သင်၏အလင်းကိုပေးလော့*

## တောင်ကုန်းပေါ်တွင် တည်သောမြို့

ခရစ်ယာန်တို့သည် ကိုယ့်သီလကို လူအများရှေ့၌ (သို့) မိမိတို့၏စိတ်အားထက်သန်မှုကို သူတပါးသတိပြုရန်မဆွဲဆောင်သင့်ပါ။ ထိုနည်းတူ၊ သူတပါးကောင်းကျိုးအတွက် ကျွန်ုပ်တို့အား ဘုရားသခင်ပေးထားသော အရာများကို ဖုံးကွယ်ခြင်းသည် အပြစ်ဖြစ်၏။ "တောင်ပေါ်တွင် တည်သောမြို့" (မသဲ ၅း၁၄) ဖြစ်ကြလော့။ "မီးအိမ်ထဲ၌ထွန်းသောမီး" ဖြစ်ကြလော့ (မသဲ ၅း၁၅)။ ကျွန်ုပ်တို့၏အလင်းကို အနီးနှင့်အဝေးမှမြင်နိုင်ကြပါစေ။

အငြိမ်းစားဘဝနှင့် မထင်မရှားနေရသည့် အရပ်ဒေသရှိသော်လည်း ဖုံးအုပ်ခြင်းငါ ယုံကြည်သူအနေဖြင့် ဤအကြောင်းပြချက်တို့ကို အသုံးမပြုသင့်ပေ။ ကျွန်ုပ်တို့အတွင်း၌ အဖိုးတန်သောအမှန်တရားများကို ဖုံးကွယ်ထားခြင်းသည် အခြားသူများကို အပြစ်ပြုခြင်းနှင့် ဘုရားသခင်ကိုပြစ်မှားခြင်းဖြစ်သည်။ ကြောက်ရွံ့သောစိတ်သဘောထားနှင့် အနားယူလိုသောသဘောသည် သင်၏အလင်းကိုမှေးမှိန်စေ၍ သင့်အားအသင်းတော်၌ အသုံးမရသောသူမဖြစ်စေနှင့်။

ငါတို့သခင်ဘုရားသည် သင်တို့ကြောင့်ရှက်ကြောက်ခြင်းမရှိပေ။ သို့ဖြစ်လျှင် သင်၏ရှက်ကြောက်ခြင်းသည် သင်၏သက်သေဖြစ်သည့်နှုတ်ခမ်းများကို အဘယ်ကြောင့် ပိတ်ပင်သနည်း။ သင်၌ကျယ်လောင်သောအသံမရှိလျှင်ပင် သေးငယ်သောအသံကိုအသုံးပြုပါ။ သင်သည် တရားဟောစင်မြင့်၌ရပ်၍ (သို့) လူအုပ်နှင့်ရင်ဆိုင်တွေ့ရမည်မဟုတ်သော်လည်း ပေတရု၊ ယောဟန်တို့နှင့်အတူ "... ငါ၌ရွှေ၊ ငွေမရှိ၊ ရှိသည့်အရာကိုသင့်အားပေးမည်..." (တမန် ၃း၆) ဟူ၍ ပြောလော့။

သင်သည် တောင်ထိပ်သို့မတတ်နိုင် (သို့) တရားဟောရန် အချိုးကြီးမားသော တရားဟောစင်မြင့်သို့ မတက်နိုင်လျှင် ရှာခါရေတွင်းရှိ ရှမာရိအမျိုးသမီးကဲ့သို့ ဆင်းရဲသောသူများထံသို့သွားလော့ (ယော ၄း၄-၁၄)။ သင်၏ကယ်တင်ရှင်အတွက် စကားပြောဆိုရန် သင်၏နေအိမ်(သို့) အလုပ်ခွင်တို့၌ အခွင့် အလမ်းများစွာရှိသည်။ သခင်ဘုရားသည်အသက်ရေကို သင့်အားပေးတော်မူသည် မဟုတ်လော။ အခြားသူများကိုလည်း သောက်ဖို့ပေးလော့။

သင်ကူညီနိုင်မည့်အကူအညီ လိုအပ်သူ များအတွက် စဉ်းစားပြီး ဆုတောင်းပေးလော့။ သင်၏ပါရမီကိုမဝှက်ထားပါနှင့်။ ပညာရှိစွာနှင့် လုံ့လဝီရိယရှိစွာ ကုန်သွယ်ပြီး သင့်သခင်ထံသို့ ကောင်းသောအကျိုးကို ယူဆောင်လော့။ ဘုရားသခင် အတွက် စကားပြောဆိုရာတွင် သင့်ကိုယ်သင် လန့်စားစေပါ။ သန့်ရှင်းသူတို့ကို အားပေးပါ။ အပြစ်သားတို့ကို ကောင်းကြီးပေးပါ။ ကယ်တင်ရှင်ကို ဂုဏ်ပြုပါ။ တောင်ကုန်းပေါ်တွင်တည်သည့် ဘုရားသခင်၏မြို့ ဖြစ်လော့။

**ဆင်ခြင်ရန်** - ယနေ့တွင် ကျွန်ုပ်သည်သခင်ဘုရားအတွက် စကားတစ်ခွန်းပြောနိုင်သလော။
**ဆုတောင်းချက်**- အဘဘုရား၊ ကိုယ်တော်၏ဘုန်းတော်အဖို့ ကျွန်ုပ်၏လျှာကိုဖြည်ပါ။

သောကြာ၊ ဒီဇင်ဘာ (၂၅)

**၂ ရာ ၂၀း၃၁-၃၇**
မသဲ ၇း၂၁-၂၇

*အောင်မြင်ခြင်းသည်*
*သခင်ဘုရားထံတော်မှ ဖြစ်လာ၏*

## သင်ပြုသောအမှုတို့ကို ဘုရားသခင်ဖျက်တော်မူပြီ

ရှောလမုန်၏သင်္ဘောများ ဘေးကင်းလုံခြုံစွာပြန်လာခဲ့သော်လည်း ယောရှဖတ်၏သင်္ဘောများမှာ ဘယ်တော့မှရွှေပြည်တော်သို့ မရောက်ခဲ့ပါ။ တူညီသောစီးပွားရေးလုပ်ငန်းနှင့် တူညီသောကဏ္ဍာ၌ပင် တစ်ခုကိုမျက်နှာသာပေးပြီး အခြားတစ်ခုကိုစိတ်ပျက်စေ၏။ သို့သော် ကြီးမြတ်သောအုပ်ချုပ်သူသည် အစဉ်အမြဲကောင်းမြတ်ပြီး ဉာဏ်ပညာနှင့်ပြည့်စုံနေဆဲဖြစ်၏။ သူသည်လူတိုင်းအတွက် တရားမျှတတော်မူ၏။ ထို့ကြောင့် ကျွန်ုပ်တို့သည်ကျိုးပဲ့သောသင်္ဘောများနှင့် ကြွယ်ဝချမ်းသာသူများအတွက်လည်း သခင်ဘုရားကိုကောင်းကြီးပေးပါစေ။ ကျွန်ုပ်တို့သည် သူတပါး၏အောင်မြင်ခြင်းကို မနာလိုဖြစ်ခြင်း (သို့) ကျွန်ုပ်တို့၏ဆုံးရှုံးမှုအတွက် ညည်းငြူဖို့ရန်မဟုတ်ပေ။ အကျွန်ုပ်တို့၏ ကံကြမ္မာသည်မည်သို့ပင်ဖြစ်စေ ကျွန်ုပ်တို့၏အစီအစဉ်များသည် စိတ်ပျက်စရာအဖြစ်အဆုံးသတ်ခဲ့ကြပြီးသော်လည်း သခင်ဘုရားရှေ့တော်၌ ကျွန်ုပ်တို့သည်အဖိုးတန်သောသူဖြစ်ကြပါစို့။

ယခုတွင် ယောရှဖတ်သည် အဘယ့်ကြောင့် ကျရှုံးသနည်းဟူ၍သင်အံ့သြပေလိမ့်မည်။ ဤမေးခွန်း၏အဖြေသည် ဘုရား သခင်လူတို့ ဒုက္ခဆင်းရဲခံရခြင်းများစွာထဲမှ လျှို့ဝှက်ချက်ကိုကာမိထား၏။ ယောရှဖတ်သည် အပြစ်ပြု သောမိသားစုနှင့်အတူ မဟာမိတ်ဖွဲ့ခဲ့လေပြီ။ ဘုရားသခင်သည်သူ့ထံသို့ ပရောဖက်တပါးကို စေလွှတ် ခဲ့ပြီး သတိပေးခဲ့သည်မှာ "မင်းကြီးသည် အာခရိနှင့်ပေါင်းဖက်သောကြောင့် ထာဝရဘုရားသည် မင်းကြီးပြုသောအမှုကို ဖျက်တော်မူပြီ. . . " (၂ ရာ ၂၀း၃၇) ဟူ၍ဖြစ်၏။ ယောရှဖတ်သည် ဘုရား သခင်၏ဆုံးမခြင်းကို သတိပြုမိဟန်ရှိ၏။ အကြောင်းမှာ ဓမ္မရာဇဝင်တတိယစောင် ၂၂း၄၉ တွင် ယောရှဖတ်က သူ၏အစေခံတို့ကို ဆိုးသွမ်းသောဘုရင်နှင့်အတူ သင်္ဘောတို့ဖြင့်အတူတကွ ရွက်လွှင့်ဖို့ရန် ငြင်းဆန်ခြင်းကို ဖော်ပြထား၏။

ယနေ့တွင် ဘုရားသခင်သည် ကျွန်ုပ်တို့အတွက် အဘယ်သင်ခန်းစာရှိသနည်း။ ယောရှဖတ်၏မနာခံမှုသည် မယုံကြည်သူများနှင့်အတူတကွ မညီမျှသောထမ်းပိုးကို ထမ်းခြင်းအားရှောင်ကြဉ်ရန် ဘုရားသခင်၏လူတို့အား လေးနက်သောသတိပေးခြင်းပင်ဖြစ် သည် ( ၂ ကော ၆း၁၄-၁၈)။ စိတ်သောကရောက်စရာဘဝသည် များသောအားဖြင့်မယုံကြည်သူများနှင့် လက်ထက်ထိမ်းမြားခြင်း၊ စီးပွားရေးမိတ်ဖက်ပြုခြင်း (သို့) အခြားသူတို့၏ကိုယ်ပိုင်ကြံစည်မှုများတွင် ပါဝင်သူများ၌ဖြစ်တတ်၏။ သခင်ယေရှုအပေါ် ၌ ထားရှိသောကျွန်ုပ်တို့၏မေတ္တာနှင့် သစ္စာရှိမှုသည် သူ့အားလုံးလုံးလိုက်လျှောက်နိုင်စေ၍ သန့်ရှင်းခြင်း၊ ဘေးကင်းခြင်း၊ မညစ်ညူးခြင်းဖြစ်စေပြီး အပြစ်သားတို့ထံမှကင်းကွာစေပါစေသော်။ ဤအရာကို ခက်ခဲသည်ဟုထင်ပါသလား။ ထိုသို့မဟုတ်လျှင် လုပ်ရမည်မှာ ယောရှဖတ်သွားသောလမ်းကိုလိုက်ခြင်းဖြစ်ပြီး အဆုံးတွင်သင့်အား ဝမ်းနည်းစွာပြောရမည့်အရာမှာ "သင်ပြုသောအမှုတို့ကို ဘုရားသခင်ဖျက်တော်မူပြီ" ဟူ၍ဖြစ်မည်။

**ဆင်ခြင်ရန်** - သူတပါး၏အမှားများမှ သင်ယူခြင်းသည်အကုန်အကျနည်းပြီး နာကျင်မှုနည်းသည်။

**ဆုတောင်းချက်**- အဘဘုရား၊ သူတပါးထံမှ သင်ယူရန်ကျွန်ုပ်ကိုစိတ်နှိမ့်ချခြင်းနှင့် ဉာဏ်ပညာပေးသနားတော်မူပါ။

**၄ ရာ ၆း၁၇**

မသဲ ၁၇း၂၄-၂၇



## အံ့ဖွယ်အမှုကို ပြုတော်မူသောကျွန်ုပ်တို့၏ဘုရားသခင်

ပုဆိန်သည် ယောဒန်ရေနက်ထဲသို့ လုံးဝပျောက်ကွယ်မည်ဟု ထင်မှတ်ရပါသည်။ ထိုပုဆိန်သည် ငှါးခဲ့သောဥစ္စာလည်းဖြစ်၏။ ဧလိရှဲ၏ပရောဖက်အဖွဲ့၏ ဂုဏ်သိက္ခာ၊ ဘုရားသခင်၏ နာမတော်ဘုန်းအသရေနှင့်ဆိုင်သော အမှုဖြစ်ပါသည်။ "လူတို့၏အခက်အခဲအကျပ်အတည်းသည် ဘုရားသခင်အဖို့ အခွင့်ကောင်းဖြစ်ပါသည်" (Flavel)။ ဘုရားသခင်သည် အရာခပ်သိမ်းကိုဖန်ဆင်းတော်မူ၍ အုပ်စိုးတော်မူသောသခင်ဖြစ်တော်မူ၏။ ထိုဘုရားကသာလျှင် ဆွဲငင်မှုနိယာမနှင့်ဆန့်ကျင်သောအမှု၊ သံပုဆိန်ကိုပေါလောပေါ်စေနိုင်၏။ သခင်ယေရှု၏စကားကို သတိရအောက်မေ့ကြပါစို့ - "ဘုရားသခင်သည် ခပ်သိမ်းသောအမှုတို့ကို တတ်နိုင်တော်မူသည်" (မာကု ၁၀း၂၇)။

ခရစ်ယာန်တဦးသည် မိမိမတတ်နိုင်သောအမှုနှင့် ကြုံတွေ့ခဲ့ရ၏။ သို့သော်လည်း ဘုရားသခင်ကိုယုံကြည်သောစိတ်ဖြင့် ကြိုးစားရင်ဆိုင်ခဲ့ပါသည်။ ထိုအခါ ဘုရားသခင်က အံ့ဖွယ်အမှုပြုလျက်၊ "ပုဆိန်သည် ပေါလောနေ၏" (၄ ရာ ၆း၆)။ အခြားတဦးသည် ငွေကြေးအကျပ်အတည်းနှင့်ကြုံတွေ့ခဲ့ရ၏။ မိတ်ဆွေတို့က မကူညီခဲ့ကြပါ။ သို့သော်လည်း ယုံကြည်ခြင်းဖြင့်ဘုရားသခင်ထံ မစတော်မူခြင်း တောင်းလျှောက်သောအခါ၊ ပြဿနာသည် ပြောင်းပြန်ဖြစ်ခဲ့ပါသည်။ "ပုဆိန်သည် ပေါလောနေ၏"။

တတိယဥပမာကား၊ ဆိုးသွမ်းမိုက်မဲမှုအကြောင်းပင် ဖြစ်ပါသည်။ သွန်သင်ဆုံးမလျက် သတိပေး၍ဆုတောင်းပေးနေသော်လည်း အရာမရောက်ခဲ့ပါ။ လူကောင်းအာဒံသည် အလွန်အားကြီး လျက် ရှိ၏။ ထိုခိုင်မာသောစိတ်နှလုံးသည်လူကိုချုပ်ထားလျက်ရှိ၏။ သို့သော်လည်း စိတ်အားထက် သန်စွာ ကြိုးစားဆုတောင်းခြင်းပြုသောအခါ မင်္ဂလာရှိသောအဖြေသည် ဘုရားသခင်ထံမှရောက်လာ ၏။ ခိုင်မာသောစိတ်နှလုံးသည် ပျော့ပျောင်းခဲ့ပါသည်။ "ပုဆိန်သည် ပေါလောနေ၏"။

ချစ်သောစာဖတ်သူ၊ အဘယ်လေးသောဝန်က သင့်ကိုဖိလျက်ရှိပါသနည်း။ ဘုရားသခင်ထံ ထိုဝန်ထုပ်ကိုယူဆောင်လာပါလော့။ မသိမ်းထားပါနှင့်။ ဘုရားသခင်သည် မိမိသန့်ရှင်းသူတို့ကို မစတော်မူလို၏။ ကောင်းကင်ဗိုလ်ခြေထာဝရဘုရားကို ယုံကြည်ခြင်းရှိပါလော့။ ယေရှု၏နာမတော်ဖြင့် ဆုတောင်းပါ။ ဘုရားသခင်၏အံ့ဖွယ်တန်ခိုးကို သင်မြင်ရပါလိမ့်မည်။ ယုံကြည်ခြင်းဖြင့် ဘုရားသခင်ထံ၌ ချဉ်းကပ်လျက်၊ ဘုရားသခင်၏ဘုန်းတော်အတွက် "ပုဆိန်သည်ပေါလောနေသည်"ကို အသစ်တဖန်မြင်တွေ့ပါလော့။ ကျွန်ုပ်တို့၏ဘုရားသခင်သည် အံ့ဖွယ်အမှုကိုပြုတော်မူသောဘုရားဖြစ်တော်မူ၏။

**ဆင်ခြင်ရန်** - "ဘုရားသခင်တတ်နိုင်တော်မမူသော အမှုမရှိ" (လုကာ ၁း၃၇)။

**ဆုတောင်းချက်**- အဘဘုရား၊ အံ့ဖွယ်အမှုပြုတော်မူသောဘုရားကို ကျွန်တော်အမှန်မြင်တွေ့လိုပါ၏။

တနင်္ဂနွေ၊ ဒီဇင်ဘာ (၂၇)

**ဆာလံ ၃**

မသဲ ၁၄း၂၂-၃၃ *လိုသည်ထက်ပို၍ ဆုတောင်းသည်ဟူ၍မရှိနိုင်ပါ*

## ထာဝရဘုရားထံ ကျွန်တော်အော်ဟစ်တောင်းလျှောက်ပါ၏

ဘုရားသခင်၏ အစေခံကျွန်တို့အဖို့ ဒုက္ခရောက်သောအချိန်သည် ဆုတောင်းရသောအချိန်ဖြစ်ပါသည်။ ပေတရုသည် ကြိုးစားလျှောက်လှမ်းစဉ် ဆုတောင်းဖို့သတိမရခဲ့ပါ။ သို့သော်လည်း၊ နစ်မြုပ်လုနီးပါးဖြစ်၍ ဒုက္ခရောက်သောအခါ ဘုရားသခင်ထံဟစ်အော်ခဲ့ပါသည်။ ခန္ဓာကိုယ်ဝိညာဉ်နာမကျန်းဖြစ်၍ စိတ်ပူပန်သောအခါ ကျွန်တော်တို့သည်အလိုလိုဆုတောင်းတတ်ကြ၏။ အမဲလိုက်ခြင်းခံရသောဝံပုလွေသည် ပုန်းခိုခြင်းငှါ မိမိတွင်းထဲသို့၎င်း၊ ငှက်သည် သစ်ပင်အကြားသို့၎င်း ပြေးဝင်တတ်ကြ၏။ ထိုနည်းတူ စစ်ကြောခြင်းခံရသောယုံကြည်သူသည် ကျေးဇူးတော်ပလ္လင်တော်သို့ တိုးဝင်တတ်ကြ၏။ ထိုအရပ်သည် အဘယ်ဒုက္ခလှိုင်းလုံးမုန်တိုင်းကမှ မနှောင့်ယှက်နိုင်ပါ။ လုံခြုံနားခိုရာဖြစ်ပါသည်။

တိုသောဆုတောင်းချက်သည်ပင် လုံလောက်ခြင်းရှိ၏။ ပေတရု၏ဆုတောင်းချက်သည် စကားလုံးသုံးလုံးသာဖြစ်ပါသည်။ သို့သော်လည်း လုံလောက်ခြင်းရှိပါ၏။ အကျိုးရှိသောဆုတောင်းချက်၏ လျှို့ဝှက်ချက်သည် အရှည်အတိုပေါ်၌မမူတည်။ စိတ်အားထက်သန်မှုပေါ်၌မူတည်၏။ လိုအပ်မှုအမှန်သိခြင်းသည် အကျိုးထူးကိုဖြစ်စေသော ဆရာဖြစ်ပါသည်။ ကျွန်ုပ်တို့၏ဆုတောင်းခြင်းသည် ကြွားဝါခြင်းအကြီးနည်း၍ နှိမ့်ချခြင်းအတောင်ပံများသော ဆုတောင်းဖြစ်လျှင် ပို၍ကောင်းပါသည်။ အဓိပ္ပာယ်မရှိမြွက်ဆိုခြင်းသည် ဖွဲကဲ့သို့ဖြစ်ပါသည်။ သေးငယ်သောသံလိုက်အိမ်မြှောင်၌ကြီးစွာသောအကျိုးရှိပါ၏။ ရှည်လျားသောဆုတောင်းခြင်းအစား လိုအပ်သောဆုတောင်းခြင်းကိုပေတရုကဲ့သို့ သုံးလုံးတည်းဖြင့် တောင်း၍ရပါသည်။ ထပ်ခါထပ်ခါမြွက်ဆိုခြင်းကို မပြုမိစေရန် သတိပြုကြပါစို့။ လောကီလူတို့သည် ထိုသို့ပြုလျှင် ဘုရားသခင်အဖြေပေးတော်မူသည်ဟုထင်ကြ၏။ ထိုသို့မဟုတ်ပါ (မသဲ ၆း၇)။

ကျွန်ုပ်တို့အကျပ်အတည်းသည် ဘုရားသခင်အတွက်အခွင့်ကောင်းဖြစ်တော်မူ၏။ ကျွန်ုပ်တို့၏အော်ဟစ်ဆုတောင်းသံကို ယေရှုသည်ကြားတော်မူ၍ အမှုပြုတော်မူတတ်၏။ "ထာဝရဘုရားသည် ပဋိနာပြုသောသူအပေါင်း၊ သစ္စာနှင့်တကွပဋိနာပြုသောသူအပေါင်းတို့၏ အနီးအပါး၌ရှိတော်မူ၏။ ကြောက်ရွံ့သောသူတို့၏အလိုကို ပြည့်စုံစေတော်မူ၏။ ထိုသူတို့၏အော်ဟစ်ခြင်းကိုကြား၍ ကယ်တင်တော်မူ၏" (ဆာလံ ၁၄၅း၁၈-၁၉)။ ဆင်းရဲဒုက္ခပင်လယ်ထဲ၌ သင်ကျလုနီးပါးဖြစ်သလား။ အလုပ်၏ဖိစီးမှုမုန်တိုင်းကို သင်ခံနေရပါသလား။ ထိုဒုက္ခမုန်တိုင်း လှိုင်းတံပိုးကိုမကြည့်ဘဲ ဘုရားသခင်ကိုကြည့်တော်မူပါလော။ ကိုယ်တော်သည် အနီးအနား၌ရှိတော်မူ၏။ အော်ဟစ်တောင်း လျှောက်ခြင်းပြုလော။ အမှန်မစတော်မူလိမ့်မည်။ ကယ်တင်ခြင်းသည် ဘုရားသခင်အပိုင်ဖြစ်တော်မူ ၏။

**ဆင်ခြင်ရန်** - စိတ်နှလုံးအကြွင်းမဲ့ ကျွန်တော်ဆုတောင်းပါသလား။

**ဆုတောင်းချက်**- အဘဘုရား၊ အချိန်ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ အစဉ်ဆုတောင်းမည် အကြောင်း မစတော်မူပါ။

တနင်္လာ၊ ဒီဇင်ဘာ (၂၈)

**၂ ရာ ၇း၁၈-၁၉**

၂ ကော ၁း၂၀-၂၂

*"မိန့်တော်မူသည်အတိုင်း ပြုတော်မူပါ"*

## ဘုရားသခင်၏ဂတိတော်တို့သည် ဟုတ်မှန်၏၊ အာမင်ဟူ၍ဖြစ်သတည်း

ဘုရားသခင်၏ဂတိတော်သည် အကျိုးမရှိပစ်ပယ်ခြင်းငှါ ဘယ်တော့မှရည်ရွယ်ထားခြင်းမဟုတ်ပါ။ ကျွန်ုပ်တို့ကောင်းကျိုးအတွက် ဘုရားသခင်ခွင့်ပြုတော်မူခြင်းဖြစ်ပါသည်။ ရွှေကို တန်ဖိုးရှိစွာသွန်းလုပ်သကဲ့သို့ ဘုရားသခင်သည်မိမိပြုသောဂတိတော်များအား လူတို့ကယုံကြည်စိတ်ချခြင်းရှိသောအခါ ဝမ်းမြောက်ခြင်းရှိတော်မူ၏။ "မိန့်တော်မူသည်အတိုင်း ပြုတော်မူပါ" ဟု သားသမီးတို့ဝန်ခံသောအခါ ဘုရားသခင်ဝမ်းမြောက်ခြင်းရှိတော်မူ၏ (၂ ရာ ၇း၂၅)။ ဘုရားသခင်၏ ဂတိတော်ကိုကျွန်တော်တို့ဝန်ခံခြင်းပြုသောအခါ၊ ကျွန်တော်တို့သည် ဘုရားသခင်၏ ဘုန်းတော်ကိုထင်ရှားစေပါ၏။

ဂတိတော်အတိုင်း ကြွယ်ဝချမ်းသာခြင်းကို သင့်အားပေးတော်မူသောကြောင့် ဘုရားသခင်သည် ပို၍ဆင်းရဲလာမည်ဟု သင်ထင်ပါသလား။ သို့မဟုတ်၊ သန့်ရှင်းခြင်းကို သင့်အားဝေမျှခြင်းဖြင့် သူ၏သန့်ရှင်းခြင်းလျော့သွားမည်ဟု သင်ထင်ပါသလား။ သင့်၏အပြစ်တို့ကို ဆေးကြောပေးတော်မူခြင်းကြောင့် သူ၏သန့်ရှင်းခြင်းလျော့နည်းသွားမည်ဟု ထင်ပါသလား။ ထိုသို့ဖြစ်နိုင်ပါသလော။ "ထာဝရဘုရားမိန့်တော်မူသည်ကား၊ လာကြ။ တရားစီရင်ကြကုန်အံ့။ သင်တို့အပြစ်သည် နီသောအဆင်းရှိသော်လည်း၊ မိုယ်းပွင့်ကဲ့သို့ဖြူလိမ့်မည်။ ကတ္တီပါနီနှင့်အမျှ နီသော်လည်း၊ သိုးမွေးကဲ့သို့ဖြစ်လိမ့်မည်" (ဟေရှာ ၁း၁၈)။ ချစ်သောစာဖတ်သူ၊ ဘုရားသခင်၏စကားကို ယုံကြည်ခြင်းရှိပါလော။ ဘုရားသခင်သည် သစ္စာရှိတော်မူပြီး၊ ဖြောင့်မတ်မှန်ကန်တော်မူ၏။

ဘုရားသခင်၏ ခွင့်လွှတ်ခြင်းဂတိတော်ကို ယုံကြည်ခြင်းဖြင့်စွဲကိုင်ထားပါ။ "ဤဂတိတော်သည် တကယ်ဖြစ်နိုင်ပါမည်လော"ဟုဆိုလျက် တွေဝေမနေပါနှင့်။ ကျေးဇူးတော်ပလ္လင်တော်သို့ ချဉ်းကပ်လျက်၊ "ဘုရားသခင်၊ ကိုယ်တော်မိန့်တော်မူသည်အတိုင်း ပြုတော်မူပါ" ဟု ဆိုပါလော့။ ထိုအခါ ဘုရားသခင်ဝမ်းမြောက်ခြင်းရှိပါလိမ့်မည်။ သံသယဝင်လျှင်၊ ဂတိတော်ကိုလျစ်လျူရှုလျှင် ဘုရားသခင်၏ဂုဏ်တော်ရှုတ်ချရာ ရောက်၏။ သို့သော်လည်း၊ ကျေးဇူးတော်ပလ္လင်သို့ ချဉ်းကပ်ပြီး၊ "ဘုရားသခင်၊ ကိုယ်တော်၏ဂတိတော်ကိုကျွန်တော်ထိုက်တန်ခြင်းမရှိပါ။ သို့သော်လည်း ကိုယ်တော်မိန့်တော်မူခဲ့ပြီဖြစ်၏"ဟု ဆုတောင်းသောအခါ၊ ဘုရားသခင်ပြည့်စုံစေတော်မူမည်ဖြစ်ပါသည်။

ဘုရားသခင်သည် ဘဏ္ဍာစိုးကဲ့သို့ဖြစ်တော်မူ၏။ ကျွန်တော်တို့တောင်းလျှောက်သမျှအတိုင်း ပေးတော်မူခြင်းငှါ အသင့်ရှိတော်မူ၏။ ကျွန်တော်တို့လိုအပ်သောအရာများအား ဂတိတော်အတိုင်းတောင်းလျှောက်သောအခါ ဘုရားသခင်ငြိုငြင်ခြင်းရှိမည်ဟု မထင်ပါနှင့်။ ကျွန်တော်တို့တောင်းလျှောက်သံကို ဘုရားသခင်ပို၍ကြားလိုပါ၏။ တောင်းလျှောက်သောအရာကို ပေးတော်မူခြင်းငှါ အသင့်ရှိတော်မူ၏။ ဂတိတော်ကိုပြည့်စုံစေခြင်းငှါ ဘုရားသခင်သည် မောပန်ခြင်းရှိတော်မမူ၊ ခရစ်တော်၌ ထိုဂတိတော်တို့သည် ဟုတ်မှန်၏။ အာမင်ဟူ၍ဖြစ်သတည်း။

**ဆင်ခြင်ရန်** - နေမင်းကြီးသည် ထွန်းလင်းတောက်ပခြင်း၌ မောပန်းသည်ဟူ၍မရှိပါ။

**ဆုတောင်းချက်**- အဘဘုရား၊ ကိုယ်တော်၏ဂတိတော်များကို ယုံကြည်ခြင်းဖြင့် ဝမ်းမြောက်စွာကျွန်တော်လက်ခံမည်အကြောင်း မစတော်မူပါ။

အင်္ဂါ၊ ဒီဇင်ဘာ (၂၉)

**ဆာလံ ၁၀၉း၁-၄၊ ၂၁-၃၁**

မသဲ ၇း၇-၁၁



## အကျွန်ုပ်သည် ပဋ္ဌနာပြုလျက်နေပါ၏

မုသားပြောသောလျှာတို့သည် ဒါဝိဒ်၏ဂုဏ်သိက္ခာကို ဖျက်ဆီးခြင်းငှါ ကြိုးစားခဲ့သော်လည်း၊ ဒါဝိဒ်သည် မိမိကိုယ်ကိုကာကွယ်ပြောဆိုခြင်း မပြုခဲ့ပါ။ ထိုအမှုကို ဘုရားသခင်ထံဆက်ကပ်ခဲ့ပါသည်။ ဆုတောင်းခြင်းသည် လူတို့၏မုန်းတီးမုသားပြောခြင်းစကားတို့ကို တုန့်ပြန်ရန် အကောင်းဆုံးလက်နက် ဖြစ်ပါသည်။ ဆာလံဆရာသည် မိမိ၏စိတ်နှလုံးအကြွင်းမဲ့ဆက်ကပ်လျက် ပဋ္ဌနာပြုလျက်နေခဲ့ပါ သည် (ဆာလံ ၁၀၉း၄)။ အပြန်ခရီး၌ ယာကုပ်သည် ဆုတောင်းခြင်းဖြင့် ကြိုးစားအားထုတ်ခဲ့ပါသည်။ ကျွန်တော်တို့သည်လည်း ထိုကဲ့သို့ကျေးဇူးတော်ပလ္လင်ရှေ့၌ပြုကြရပါမည်။

ဆုတောင်းခြင်း၌ အရေးကြီးသောအချက်ဟူမူကား စိတ်အားထက်သန်စွာကြိုးစားအားထုတ် ခြင်းဖြစ်ပါသည်။ များစွာသောကျွန်ုပ်တို့၏ ဆုတောင်းချက်သည် အကျိုးမရှိတတ်၏။ အကြောင်းမှာ စိတ်အားထက်သန်မှုမပါဝင်သော ကြောင့်ဖြစ်ပါသည်။ မိမိကိုယ်ကိုဆန်းစစ်ကြပါစို့။ ကျွန်တော်တို့ ဆုတောင်းသောအခါ ကျွန်တော်တို့၏ စိတ်နှလုံးသည် ထိုသို့သောကြိုးစား အားထုတ်မှုပြင်းပြသော ဆန္ဒနှင့် ဘုရားသခင်အပေါ် ချစ်ခြင်းများ ရှိပါသလား။

"အမြောက်ပစ်သကဲ့သို့ စိတ်အားထက်သန်သောဆုတောင်းခြင်းက ကောင်းကင်တံခါးကို ဖွင့်စေတတ်၏" ဟု ဆိုရိုးစကားရှိပါသည်။ ကျွန်တော်တို့ဆုတောင်းသောအခါ စိတ်အနှောင့်အယှက်များစွာနှင့် တောင်းတတ်ကြ၏။ အာရုံစူးစိုက်မှုမရှိဘဲ ဟိုယိမ်းဒီယိမ်းတောင်းတတ်ကြ၏။ ထိုသို့သောဆုတောင်းခြင်းသည် ကျွန်ုပ်တို့ကိုထိခိုက်တတ်သည်။ ဘုရားသခင်ကိုလျစ်လျူရှုရာရောက်တတ်၏။

ဆုတောင်းပဋ္ဌနာပြုလျက်နေခြင်းဆိုသည်မှာ စိတ်အားထက်သန်စွာအစဉ်ကြိုးစားဆုတောင်းခြင်းကိုဆိုလိုပါသည်။ ဒါဝိဒ်သည် တစ်ကြိမ်သာဆုတောင်းပြီး ဆက်လက်မတောင်းဘဲနေသည်မဟုတ်ပါ။ ကောင်းကင်မှကောင်းကြီးမခံရမချင်း အစဉ်ဆုတောင်းခဲ့ပါသည်။ ဆုတောင်းခြင်းသည်တစ်ခါတစ်ရံပြုရမည့်အရာမဟုတ်ဘဲ အစဉ်မပြတ်ပြုရမည့်အမှုဖြစ်ပါသည်။ ကျေးဇူးတော်ပလ္လင်ရှေ့တော်၌ အစဉ်အချိန်ကုန်ဆုံးစေရကြပါမည်။ သခင်ဘုရား၊ ဆုတောင်းခြင်းငှါ သွန်သင်တော်မူပါ။

**ဆင်ခြင်ရန်** - ရည်ရွယ်ချက်မရှိဆုတောင်းခြင်းသည် လက်၌အရုပ်ကိုကိုင်ပြီးဆော့လျက်ရှင်ဘုရင်ထံတစ်ခုခုတောင်းနေသကဲ့သို့ ဖြစ်ပါသည်။

**ဆုတောင်းချက်**- အဘဘုရား၊ ဆုတောင်းခြင်း၌ စိတ်အားထက်သန်စွာအစဉ်ကြိုးစားအားထုတ်မည်အကြောင်း သွန်သင်တော်မူပါ။

ဗုဒ္ဓဟူး၊ ဒီဇင်ဘာ (၃၀)

**ဟောရှာ ၄၁း၁-၁၄**

ဟေဗြဲ ၁၃း၁-၈

*"ဘုရားသခင်သည် ငါတို့ဘက်၌ရှိတော်မူလျှင်*
*အဘယ်သူသည် ငါတို့တဘက်၌နေနိုင်မည်နည်း"*

## ထာဝရဘုရားသည် အကျွန်ုပ်ကိုမစတော်မူသောသူဖြစ်၏

ဘုရားသခင်က သင်နှင့်ကျွန်ုပ်အတွက် လုံခြုံစိတ်ချမှုကိုဖြစ်စေသောစကား မိန့်တော်မူ၏။ ဘုရားသခင်က "ငါသည်သင့်ကိုစောင့်မမည်" (ဟောရှာ ၄၁း၁၀) ဟုမိန့်တော်မူ၏။ ဘုရားသခင်အတွက် အလွန်ခက်ခဲသောအမှုရှိပါသလား။ ပြုတော်မူခဲ့သောအမှုကို ဆင်ခြင်သောအခါ ဘုရားသခင်ထံမှ ဤသို့သောအဖြေကို ကျွန်တော်တို့ရရှိခဲ့ကြ၏- "ငါ၏အသွေးတော်ဖြင့် သင့်ကိုရွေးဝယ်ခဲ့သည်မဟုတ်လော။ သင့်အဖို့ ငါအသေခံပြီမဟုတ်လော၊ ထိုသို့ကြီးမြတ်သောအမှုကိုပြုပြီဆိုလျှင် ထိုထက်သေးငယ်သောအမှုကို မပြုနိုင်သလော" ဟူ၍ဖြစ်ပါသည်။ တမန်တော်ပေါလုက ထိုသို့ဆိုခဲ့ပါသည် - "မိမိသားတော်အရင်းကိုမနှမြောဘဲ ငါတို့ရှိသမျှအဖို့အလိုငှါ စွန့်တော်မူသောသူသည် သားတော်နှင့်တကွ ခပ်သိမ်းသောအရာတို့ကိုငါတို့အားမပေးဘဲ အဘယ်သို့နေတော်မူမည်နည်း" (ရောမ ၈း၃၂)။ ကျွန်ုပ်တို့ကိုမစတော်မူခြင်းငှါ မလှုပ်ရှားဘဲနေတော်မူမည်မဟုတ်ပါ။

ဘုရားသခင်သည် မိမိ၏ကြီးမြတ်တော်မူသော ချစ်ခြင်းမေတ္တာစိတ်နှလုံးအားဖြင့် ကျွန်ုပ်တို့ကို မစတော်မူ၏။ ဤကမ္ဘာမတည်မရှိမီ ကျွန်ုပ်တို့ကိုရွေးကောက်တော်မူ၏။ မိမိ၏ပဋိညာဉ်တော်ထဲ၌ ကျွန်ုပ်တို့ကိုပါဝင်စေတော်မူ၏။ ကျွန်ုပ်တို့အတွက် သားတော်သည်မိမိ၏ဘုန်းစည်းစိမ်ကို ထားခဲ့ပြီး ကြွလာတော်မူခဲ့၏။ ကျွန်ုပ်တို့အတွက် အသက်ပေးတော်မူ၏။ ထိုအမှုအပေါင်းကို ပြုတော်မူသည်ဖြစ်၍ ကျွန်ုပ်တို့ကိုအမှန်မစတော်မူလိမ့်မည်။ များစွာသောမစခြင်း ကျွန်တော်တို့လိုအပ်လျှင်ပင် ငြင်းပယ်တော်မူမည်မဟုတ်ပါ။ ကျွန်ုပ်တို့လိုအပ်မှုသည် ဘုရားသခင်ပေးတော်မူနိုင်သည့်အရာနှင့် နှိုင်းယှဉ်လျှင် အလွန်သေးငယ်လွန်းလှပါသည်။ ဘုရားသခင်အတွက် အလွန်ခက်ခဲသောအမှုဟူ၍မရှိပါ။ အို ယုံကြည်အားနည်းသောသူ၊ စိုးရိမ်ခြင်းမရှိပါနှင့်။ သင်စိုးရိမ်ခြင်းရှိသောအချိန်တိုင်း၌ ကိုယ်တော်၏ချစ်ခြင်းမေတ္တာစကားဖြစ်သော - "သင့်ကိုငါမစတော်မူမည်" ဟူသောစကားကို အစဉ်သတိရပါလော့။

ကျွန်ုပ်တို့ကိုမစတော်မူသောသူကို ဆင်ခြင်ကြည့်ပါလော့ - "သင့်ကိုပြုစုစေခြင်းငှါ ဘုန်းအာနုဘော်နှင့်ပြည့်စုံလျက် မိုးကောင်းကင်ကိုစီးတော်မူသော ယေရှုရုန်အမျိုး၏ ဘုရားသခင်နှင့်တူသောသူမရှိ။ ရှေးဦးစွာသောဘုရားသခင်သည် သင့်ခိုလှုံရာဖြစ်ပြီး နိစ္စထာဝရလက်ရုံးတော်ဖြင့် သင့်ကိုထောက်မတော်မူ၏။ ရန်သူတို့ကို သင့်ရှေ့မှနှင်ထုတ်၍ သူတို့ကိုဖျက်ဆီးသောအခွင့်ပေးတော်မူမည်" (တရား ၃၃း၂၆-၂၇)။ အို ငါ့ဝိညာဉ်၊ ဤစကားသည် လုံလောက်သည်မဟုတ်လော။ စကြဝဠာတစ်ခုလုံးကို အစိုးရသောထာဝရဘုရား၏ အနန္တတန်ခိုးတော်အပြင် သင်ဘာလိုအပ်သေးသနည်း။ သူသည် ဖန်ဆင်းရှင်ဘုရားဖြစ်တော်မူ၏။ ထာဝရဘုရားသည် "မောတော်မူခြင်း၊ ပင်ပန်းတော်မူခြင်း၊ စစ်၍မကုန်နိုင်သောဉာဏ်နှင့်ပြည့်စုံတော်မူ၏" (ဟောရှာ ၄၀း၂၈)။ ထိုဘုရားသည် "သင့်ကိုငါမစတော်မူမည်" ဟုမိန့်တော်မူသောဘုရားဖြစ်ပါသည်။ ယုံကြည်ခြင်းဖြင့် "ထာဝရဘုရားသည် ငါ့ကိုမစတော်မူသည်" (ဟေဗြဲ ၁၃း၆) ဟုဆိုပါလော့။

**ဆင်ခြင်ရန်** - အကျွန်ုပ်ဘုရားအတွက် အလွန်ခက်ခဲသောအမှုရှိပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်သည် အကျွန်ုပ်ကိုမစတော်မူသောဘုရားဖြစ်ကြောင်း သိလျက် အစဉ်သဖြင့် ကိုယ်တော့်ကိုရှေးဦးစွာရှာဖွေချဉ်းကပ်ပါမည်။

ကြာသပတေး၊ ဒီဇင်ဘာ (၃၁)

**ဒံ ၉း၂၅-၂၇**

ရောမ ၅း၈-၁၂၊ ၁၉-၂၁

*"ကယ်တင်ခြင်းသည်*
*ဘုရားသခင်အပိုင်ဖြစ်တော်မူ၏"*

## ခရစ်တော်သာလျှင် ကျွန်ုပ်တို့အတွက်အသေခံတော်မူ၏

ကိုယ်တော်၏နာမတော်သည် ဘုန်းကြီးတော်မူစေသတည်း။ "ထိုသခင်၏နာမတော်မှတပါး ငါတို့ကိုကယ်တင်နိုင်သော နာမတစ်ခုတစ်စုံမျှ ကောင်းကင်အောက်လူတို့တွင်မပေါ်မရှိ" (တမန် ၄း၁၂)။

ကိုယ်တော်၌အပြစ်တစုံတရာရှိတော်မမူ၊ မူလအပြစ်သော်ငင်း၊ ပြုသောအပြစ်သော်ငင်း ရှိတော်မမူ။ ထို့ကြောင့် သေခြင်းကသခင်ယေရှုအပေါ်၌ အဘယ်တန်ခိုးမျှမရှိနိုင်ပါ။ အဘယ်သူကမျှ သခင်ယေရှု၏အသက်ကိုမယူနိုင်။ အတင်းအဓမ္မလည်းယူ၍မရပါ။ ကျွန်ုပ်တို့၏ ကောင်းသောသိုးထိန်းက "ကိုယ်အလိုအလျောက် ငါစွန့်၏" (ယောဟန် ၁၀း၁၈) ဟုမိန့်တော်မူ၏။ "ဤချစ်ခြင်းမေတ္တာ ထက်သာ၍မြတ်သောမေတ္တာသည် အဘယ်သူ၌မျှ မရှိ" (ယောဟန် ၁၅း၁၃)။

ဤအမှု၌ ဘုရားသခင်၏ချစ်ခြင်းမေတ္တာထင်ရှားပေါ်လွင်ခြင်းရှိ၏။ ဘုရားသခင်က ကျွန်ုပ်တို့၏အပြစ်ဖြေစရာအဖို့ မိမိ၏သားတော်ကို စေလွှတ်တော်မူခြင်းအမှု၌ချစ်ခြင်းမေတ္တာထင်ရှားခဲ့ပါသည် (၁ ယော ၄း၁၀)။ လူသည် အပြစ်ပြု၍ဖန်ဆင်းရှင်သည်ဝေဒနာခံစားရ၏။ အပြစ်ကိုကျွန်တော်တို့က ပြုခဲ့ပြီး အပြစ်ဖြေခြင်းအမှုကိုခရစ်တော်၌တွေ့ရ၏။ ကျွန်ုပ်တို့၏အပြစ်ကို ဘယ်အရာကမျှ မဖယ်ရှားနိုင်ပါ။ မြစ်ရေကဲ့သို့သောမျက်ရည်၊ များစွာသောယဇ်ပူဇော်ခြင်း၊ တစ်သက်လုံးအမှုတော်ဆောင်ခြင်းစသည်တို့က မဖယ်ရှားနိုင်။ ယေရှု၏အသွေးတော်ကသာလျှင် ဖယ်ရှားပေးနိုင်တော်မူ၏။

ကာရာနီတောင်ကုန်းပေါ်၌ယေရှုသည် ကျွန်ုပ်တို့အတွက် အသေခံတော်မူခဲ့ပြီး အပြစ်ကြောင့်ဖြစ်ပေါ်လာသော အမျက်တော်ကိုထာဝရဖယ်ရှားတော်မူခဲ့၏။ ဤအမှု၌ဘုရားသခင်၏ဉာဏ်တော်ကိုတွေ့ရ၏ - လူသားအတွက်ဘုရားသခင်ကိုယ်စားခံတော်မူခြင်း တစ်ကြိမ်တည်းဖြင့် ထာဝရအတွက် အပြစ်ဖြေခြင်းအမှု ပြုတော်မူခြင်း၌ တွေ့ရ၏။ အပြစ်လွှတ်ခြင်းအတွက် လူ၏ကြိုးစားမှုတစုံတရာမျှ ထိရောက်ခြင်းမရှိပါ။ ဘုရားသခင်၏သိုးသငယ်က အပြစ်ကြွေးကိုစုံလင်စွာ သယ်ပေးတော်မူခဲ့ပြီး ကားတိုင်ပေါ်၌သခင်ယေရှုက "အမှုပြီးပြီ" (ယောဟန် ၁၉း၃၀) ဟုမိန့်တော်မူခဲ့၏။

ချစ်သောစာဖတ်သူ၊ သင့်ကိုယ်စား ကယ်တင်ရှင်က အသွေးသွန်းတော်မူသည်ကို သင်တွေ့ပါသလား။ သင်၏အပြစ်အလုံးစုံကို သင့်ကိုယ်စားထမ်းရွက်သယ်ဆောင်ခဲ့သော ဘုရားသခင်၏သားတော်ယေရှုကို သင်ကြည့်ပါလော့။ ဘယ်သူ့ကိုမှမကြည့်ပါနှင့်။ ယဇ်ပုရောဟိတ် (သို့) သင်းအုပ်ဆရာ (သို့) မာရိ (သို့) အဘယ်ရုပ်တုကိုမျှ မကြည့်ပါနှင့်။ ယေရှုကိုသာကြည့်ပါလော့။ သင့်အဖို့ အဘယ်သူမျှ အသေခံကြသည်မဟုတ်ပါ။ ကျွန်ုပ်တို့၏ဘုရားကယ်တင်ရှင်ယေရှုခရစ်တော်သာလျှင် သင့်အဖို့ အသေခံတော်မူ၏။

**ဆင်ခြင်ရန်** - "မြေကြီးစွန်းသားအပေါင်းတို့၊ ငါ့ကိုမျှော်ကြည့်၍ ကယ်တင်ခြင်းကျေးဇူးကို ခံကြလော့။ ငါသည်ဘုရားသခင်ဖြစ်၏။ ငါမှတပါး အခြားသောဘုရားမရှိ" (ဟေရှာ ၄၅း၂၂) ဟု ဘုရားသခင်မိန့်တော်မူ၏။

**ဆုတောင်းချက်**- အဘဘုရား၊ ယေရှုကိုကျွန်တော်ယုံကြည်ပါ၏။ သူသည် အကျွန်ုပ်၏ ကယ်တင်ရှင်သခင်ဖြစ်တော်မူ၏။